www.burmeseclassic.com

## တက်တိုး

# ကမ္ဘာကျော်ဝတ္ထုတိုများ(၁)

www.burmeseclassic.com

www.burmeseclassic.com

ဝါမိုးအောင်စာပေ စာအုပ်အမှတ် (၉)

# ကမ္ဘာကျော်ဝတ္ထုတိုများ (၁)

## တက်တိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**အဖုံးပန်းချီ**
စိုင်းတိုး
❑

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
❑

**အတွင်းပုံနှိပ်သူ**
ဒေါ်ကြည်သန်း (၀၁၉၂၆)
ရှမဝပုံနှိပ်တိုက်
အမှတ်(၁)၊ ဗိုလ်ရာညွန့်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
❑

**ထုတ်ဝေသူ**
ဦးလှဌေး (၀၁၁၈၁)
လှဌေးစာပေ
အမှတ်(၂၅)၊ ၁၂၆-လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့

**စာမူခွင့်ပြုချက်အမှတ်** ၁၃/၉၅(၁)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၂၀၁/၉၅(၅)
❑

**ပုံနှိပ်ခြင်း**
၁၉၉၅-ခုနှစ်၊ မေလ
ဒုတိယအကြိမ်
❑

**အုပ်ရေ**
၅၀၀
❑

**တန်ဖိုး**
၈၀ ကျပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

စာမျက်နှာ


၁။ အောင်ဗိမာန် ၁
(ဂျာမန်စာရေးဆရာကြီး အဲရစ်မရီယာ ရီမာ့စ်)
၂။ နှင်းဝေဝေ ၅၀
(ရုရှားစာရေးဆရာကြီး ပေါ့စတော့စကီး)
၃။ ရေတောင်းသံ ၇၂
(ယူဂိုဆလေးဗီးယား စာရေးဆရာကြီး အီဗိုအင်ဒရစ်)
၄။ တစ်ဖက်သတ်မင်္ဂလာဆောင် ၉၅
(တရုတ်စာရေးဆရာကြီး ယမ်းချင်ရှင်)
၅။ ပုလဲ ၁၀၃
(ဂျပန်စာရေးဆရာ ယူကီယိုမိရှိမား)
၆။ အလောင်းအစား ၁၂၃
(ရုရှားစာရေးဆရာကြီး အင်တန်ချက်ကော့ဗ်)
၇။ မျိုးချစ်ပြည့်တန်ဆာ ၁၄၂
(ပြင်သစ်စာရေးဆရာ ဂီးဒီမောပါဆွန်း)
၈။ မေတ္တာပြုံးပန်း ၁၇၀
(ဆွီဒင်စာရေးဆရာကြီး အက်ဆမ်လ်မွန်းသီး)
၉။ ခေါင်းလောင်း ၁၈၇
(ယူဂိုဆလေးဗီးယားစာရေးဆရာ ဂျိုးဇက်ကောဆော)
၁၀။ တစ်ညတစ်ဘဝ ၂၀၁
(အိုင်ယာလန် ဝတ္ထုရေးဆရာကြီး ရှွန်းအိုဖောလင်း)
၁၁။ အကြင်နာနည်းလှတယ် ၂၂၆
(အိန္ဒိယစာရေးဆရာ ဘာဘာနီ-ဘတ္တာချာချီ)

စာမျက်နှာ

၁၂။ ချုံကြိုတ်သမား ၂၃၆
(တရုတ်စာရေးဆရာကြီး ယမ်းချင်ရှင်)
၁၃။ ရုရှားစာရေးဆရာသုံးယောက် ၂၄၆
(ဗလက်ဒီမီးယားဗိုဂိုမိုလော့ဗ်)
၁၄။ မြတ်တဲ့မေတ္တာ ၂၅၆
(ဟန်ဂေရီစာရေးဆရာကြီး တီဗောဒဲရီ)
၁၅။ ချောင်းမြွေး ၂၈၃
(အမေရိကန်ဝတ္ထုရေးဆရာကြီး အားစလင်းကော်ဒွယ်)
၁၆။ မျောက်မကလေး ၃၀၄
(ရုရှားစာရေးဆရာကြီး မိုက်ကယ်လ်ဇော့ရှ်ချန်းကို:)


www.burmeseclassic.com

www.burmeseclassic.com

# အောင်ဗိမာန်

(ဂျာမန်စာရေးဆရာကြီး အဲရစ် မရီယာ ရီမာ့ခ် ရေးသော The Arch Of Triumph ဝတ္ထု၏ အကျဉ်းချုပ်ကို မြန်မာပြန်သည်။)

ပထမတော့ မချစ်၊ နောက်မှသာ အချစ်ကြီး ချစ်တော့သည်။ အချစ်ဆိုသည်မှာ များသောအားဖြင့် အစကတည်းက ပေါ်လာသည် မဟုတ်။ နောက်မှ တဖြည်းဖြည်းနှင့် ထုထည်ရှိလာသည်သာတည်း။

ရာဗစ်သည် ဂျိုးကို အစက ချစ်ဖို့ဝေးစွ၊ သဘောကျလှသည်ဟုပင် မဆိုနိုင်ခဲ့ချေ။ သူသည် ဂျိုးကို သန်းခေါင်ကျော်လောက်တွင် စိန့်မြစ်ကမ်းပါး၌ ပထမတွေ့လေသည်။ ကောင်မကလေးက ရေထဲဆင်း၍ သေမည်အပြုတွင် ရာဗစ်က ဆယ်လိုက်ရသည်။ သည်လို ကောင်မလေးမျိုး ရေထဲဆင်းသေ



www.burmeseclassic.com

www.burmeseclassic.com


သည်မှာ မထူးဆန်းလှ။ သည်လို မိုးတစိမ့်စိမ့် အဏာလ ညအခါမျိုးတွင် ရည်းစားပျက် ရည်းစားသေ အချစ်နှင့် ပန်းမသင့်သူ၊ စိတ်နုသည့် မျိုးဆညာတို့သည် စိန့်မြစ်ရေပြင် ကျယ်ထဲသို့ ခုန်၍ တမလွန်ဘဝသို့ ကူးကြသည်မှာ ခါပေါင်း များစွာ ရှိလေပြီ။

ရာဗစ်က ဂျူးကို သနားသဖြင့် ဆယ်ဆယ်လိုက်သည်။ သတ္တဝါတစ်ဦးအသက်မှာ ပျက်လွယ်နိုင်သည်နှင့်အမျှ ဖြစ်ခဲ့လှသဖြင့် အရှကတာတရား ရှေ့ထား၍ ဆယ်လိုက်ခြင်း ဖြစ်သည်။ ရာဗစ်၏အလုပ်မှာ အသက်များကို ဆယ်ဆယ်ရသော ဆရာဝန်အလုပ် ဖြစ်ရကား သူ့ရှေ့တွင် အသက်တစ်ချောင်း အရမ်းမဲ့ပျက်ပြုန်းသွားမည်ဆိုလျှင် သူ့ဝါသနာက မထယ်ဘဲ မနေနိုင်အောင် တိုက်တွန်းလေ့ရှိသည်။

သူသည် ဂျူးကို ဟိုတယ်ဆိုင် တစ်ဆိုင်သို့ ခေါ်သွား၍ ဂျူး၏ ဖြူရော်ရော် မျက်နှာကလေး သွေးရောင် ဖြာလှာသည့်တိုင်အောင် အရက်ချို တိုက်လိုက်လေသည်။ ထို့နောက် ဂျူးကို သူ့အခန်းသို့ ခေါ်ခဲ့သည်။ ထိုညတွင် ဂျူးသည် ရာဗစ်၏ အိပ်ရာပေါ်တွင် အိပ်၍ ရာဗစ်မှာကား ညဉ့်တစ်ပိုင်းကို ပက်လက်ကုလားထိုင်ပေါ်တွင်ငိုက်မျဉ်း၍ ကျန်တစ်ပိုင်းကို ဒေါက်တာဗားဘား၏ ဆေးရုံတွင် အရေးအလွန်ကြီးသော ခွဲစိတ်မှုများကို ကူလုပ်ပေးခြင်းဖြင့် ကုန်လွန်စေလေသည်။

ဂျူးကို သူ့အိပ်ရာတွင် တစ်ညသိပ်၍ အသက်ကို လုံးဝ ဆယ်လိုက်ခြင်းသည် ရာဗစ်အဖို့ ကိစ္စပြီးမြောက် အဆုံးသို့



ရောက်ပြီဟု ဆိုအပ်ပေသည်။ ရာဗစ်ကဲ့သို့သူမျိုးတွင် ဆရာဝန်အတတ်ကို ချစ်မြတ်နိုးသည့်အတတ်ကြောင်း၊ သူ့နှလုံးအိမ်ကို အမုန်းတ လုံးဝသိမ်းကြုံး ပိုင်ဆိုင်နေပြီ ဖြစ်သောကြောင့် တစ်ကြောင်း၊ အချစ်ဆိုသည့် စိတ်ကလေး မွေးမြူရန် အခွင့်အလမ်း မသာလှချေ။ သူ၌ကား အမုန်းဓာတ် ပိုကဲလျက် ရှိလေတော့သည်။

သူ မုန်းသည်မှာ လူတစ်ယောက်ဖြစ်သည်။ ထိုသူ့မျက်နှာကို သူအစွဲကြီးစွဲနေတော့သည်။ ထိုမျက်နှာသည်ကား ဂျာမနီ မျက်နှာ ဖြစ်သည်။ ယုတ်မာရက်စက်သော အသွင်ကို ဆောင်လျက်ရှိသည်။ ထိုမျက်နှာရှင်အား 'ဟပ်'မည်သော ဂျာမနီ စစ်ဗိုလ်တစ်ဦး ဖြစ်သည်။

သူ ထိုဂျာမန်ကို မည်သည့် အကြောင်းကြောင့် မုန်းရသနည်း။ နောက်ကြောင်းကို ပြန်ရသော် အိမ်တစ်အိမ်၌ ရာဗစ်၏ ချစ်လှစွာသောဇနီးသည် သူ့ဘေးနားတွင် အသက်ပျောက်လျက် သနားစရာ လဲနေရှာသည်။ သေရသည့် အကြောင်းကား ထို 'ဟပ်'ဆိုသည့် သတ္တဝါနှင့် သူ့လက်ပါးစေ စစ်သားများ၏ ရိုက်နှက်သောဒဏ်ချက်ကြောင့် ဖြစ်သည်။ ရာဗစ်သည် ဟပ်တို့က သူ့အား မနှိပ်စက်မီ သူ့ဇနီး 'ဆစ်ဗီ'ကို ရိုက်၍ သတ်လိုက်သည့်အတွက် တစ်နည်းအားဖြင့် ဝမ်းမြောက်မိသည်။ အကယ်၍သာ ဆစ်ဗီ မသေသေးဘဲ သူ့အား နှိပ်စက်သည်ကို မြင်တွေ့သွားရပါမူ ပရိဒေဝမီး လောင်ကျွမ်းချေဦးတော့မည်၊ သူ့ကို ကြိမ်နှင့် ဝါးဖယ်ပေး တေသည်ကို ဆစ်ဗီ မမြင်ရသည်မှာ ကုသိုလ်ကောင်းပေစွ။


www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ကောင် နှင့်မိတ်ဆွေတွေ ထွက်ပြေးကြတယ် ပေါ့လေ၊ ဘယ်လိုထွက်ပြေးကြသလဲဟင်၊ ဘယ်ပြည်ကို ပြေးကြသလဲ။ ဆွီဇာလန်ပြည်ကိုလားဟင်၊ ဘယ်လမ်းက ပြေးသလဲ။, ပြော စမ်း.... ပြော... ပြော....'ဟု အသံပြာကြီးနှင့်ပြောတာ သူ့ ကျောပေါ်တွင် ကြိမ်စကြာဖြန့်လိုက်သည်မှာ သွေးများ ဖြာ လျက်.... ဖြာလျက်....

သူ့အဖို့ကား သေကာမရောက် သက်မပျောက် ဟုခုသူသည် အသက်နှင့်ကိုယ် အိုးစားမကွဲသည် မှန်စေကာမူလည်း တစ် ပြည်သို့ ပြေးလာခဲ့ရသဖြင့် နိုင်ငံခြားသား လက်မှတ် မရှိ၍ အနေအထိုင် ကြပ်တည်းလှတော့သည်။ သူသည် မြင်သစ် ပြည်သို့ စစ်ပြေးအဖြစ်နှင့် ခေါင်းမဖော်ဝံ့ဘဲ မထင်မရှား နေရလေသောကြောင့် မြင်သစ် ဆရာဝန်ကျော်ကြီးများဖြစ် သော ဗားဘား၊ ဒီပယ်လီမိုင်စသည်တို့ မတွေ့ရဲသည့် ခွဲစိတ်မှု များကို အံ့မခန်း ဆောင်ရွက်နိုင်သော်ငြားလည်း ထိုဆရာဝန် ကြီးများအား ပေးသမျှနှင့် ရောင့်ရဲနေရလေတော့သည်။ ရသမျှ ကလေးကို သုံးစားအား 'အောင်ပိမာန်ကြီး'ခေါ် မြင်သစ် များ ဂျာမန်တို့အား တစ်ရံရောအခါက စေ်နိုင်ဖူးသည့် အထိမ်းအမှတ်အဖြစ် ဆောက်လုပ်ထားသောလမ်းကို ခွလျက် ရှိသည့် ပေါင်းကူးကြီးအနီးတွင် ယောင်လည်လည်နှင့် နောင် အရေးလှမည့် အချက်ကိုသာ မှန်းမျှော်နေရလေတော့သည်။

သူလိုစစ်ပြေး အခြေမတည် အနေမကျ ဖော်ကွာလေးက ဂျုံးကဲ့သို့ မိမိကိုယ်ကိုသေကြောင်းကြံသော သူငယ်မလေးနှင့်





ပတ်သက်၍ အမှုအပေါက်တွေ့မိပါမှ သူသာလျှင် ဒုက္ခတွေ့ ချေတော့မည်။

ဂျုံး၏ ဒုက္ခကို သူသည် နံနက်စောစောခွင်မှင် သိလေပြီ။ သူငယ်မလေးက ပြန်ပြော၍ အလုံးစုံသိရလေသည်။ သူငယ်မ လေးကို အသည်းစွဲ ချစ်သူယာစ်ဦးသည် ဗာဒန် ဟိုတယ်တွင် တည်းခိုနေရာ သူငယ်မကလေးက သူ့ကို မချစ်ဘူး၊ အတူ မနေလိုဘူးဟု ပြောမိသောကြောင့် ရောဂါဖြစ်လာသည်ကို ဆရာဝန် အခေါ်မခံဘဲ.... သေပွဲဝင်လိုက်လေသည်။

ဤကိစ္စကို ဆက်ရှင်းအောင် ကြိုးစားရပေမည်။ ဂျုံး၏ ချစ်သူ သေဆုံးသည်မှာ သေးရိုး သားရိုးဖြစ်ကြောင်း ရှင်း လင်းမှ ဂျုံးအမှုမဖြစ်ဘဲ နေမည်၊ ရာဗစ်အဖို့လည်း ပုလိပ် အမေးအမြန်းခံရန်မှ လွတ်ကင်းလိမ့်မည်။ ပုလိပ် အမေး အမြန်းခံရန်မှ လွတ်ကင်းရန် သူ့ဖို့ အလွန်အရေးကြီး လှသည်။

ရာဗစ်သည် ဂျုံး၏ ပစ္စည်းများကို မီလန် ဟိုတယ်သို့ ပြောင်းပေးလိုက်လေသည်။ ဟိုတယ် တည်းခိုခန်းတွင် ဂျုံးကို ထားခဲ့ပြီး ထွက်လာကတည်းက သူသည် ဂျုံးကို နောက် တစ်ဖန်တွေ့ဖို့ မလိုတော့ဟု စိတ်ပိုင်းဖြတ်ခဲ့လေသည်။

သို့ရာတွင် အကြောင်းအကုန် ရေစက်ဆုံ၍ ဖြစ်ပေမည်။ ဂျုံးနှင့် အဆက်မပြတ်ဘဲ ရှိရချေသေးသည်၊ အဆက်မပြတ်ရ ပုံကား ဤသို့တည်း၊ ဂျုံးက ရာဗစ်ထံသို့ ခရစ်မယ်တော် မာရီ၏ သစ်သားရုပ်တုတစ်ခုကို ပို့လိုက်ခြင်းပင် ဖြစ်လေ သည်။ သူ့အသက်ကို ကယ်ဆယ်သဖြင့် ကျေးဇူးမမေ့ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖော်မြူလိုက်သော လက်ဆောင်ကလေး ဖြစ်သည်။ ရာဗစ်သည် ဂျုံးထံမှ ဤသို့ လက်ဆောင်ရလိမ့်မည်ဟု မမျှော်လင့်ခဲ့ချေ။

ဂျုံးမှာ တစ်ကောင်ကြွက်၊ ရာဗစ်မှာလည်း တစ်ကောင်ကြွက်၊ သူတို့နှစ်ယောက် အဖြစ်ချင်း တူလှသည်။ ရာဗစ်သည် ဂျုံးနှင့် အဆက်ဖြတ်မည်ဟု အားခဲတိုင်း ဂျုံးကဲ့သို့ ဒွေးယံမကလေးနှင့်တွေ့ဆုံ၍ စကား စမြည်ပြောရခြင်းသည်သာ သူ၏ ဥတစ်လုံး တစ်ကောင်ကြွက် ဘဝ၏ ငြီးငွေ့ဖွယ်ကို ဖြိုဖျက်ရာ ကျသည်ဟု တွေးမိလေသည်။ နောက်ဆုံး၌ ဂျုံးကို ပြန်တွေ့ လိုသော သဘောနှင့် မီလန်ဟိုတယ်သို့ ရောက်ခဲ့ ရပြန်လေ သည်။

ဟိုတယ်တွင် ဂျုံးတစ်ယောက်တည်း အဖော်မရှိ မျှင်းရီရီ ကြောင်တက်တက်နှင့် နေသည်ကို တွေ့ရလေသည်။ ထိုညသည် ကား သူတို့နှစ်ယောက် ပထမတွေ့ကြသည့် ညကဲ့သို့ မိုးတဖြိုင် ဖြိုင် ရွာနေလေသည်။

ရာဗစ်သည် ဂျုံးကိုအပြင်သို့ခေါ်ပြီးလျှင် အခြားဟိုတယ် ဆိုင်များတွင် အစား အသောက်များ ကျွေးမွေး၍ ဂျုံး၏ ညှိုးငယ်သော မျက်နှာကလေးကို ရွှင်ပျအောင် ကြိုးစားလေ သည်။

'ရှင် ကျွန်မအတွက်အတော်ဒုက္ခခံတယ်နော်' သူ့နှုတ်ခမ်း ကလေးကို ဖြင်၍ ဂျုံးက ပြောလေသည်။

'ကိုယ်တစ်ယောက်တည်း မစားတတ်လို့ မင်းကိုခေါ်တာ ပါ'ဟု ရာဗစ်က ပြန်ပြောလိုက်လေသည်။



ရာဗစ်သည် ဂျုံးကို အစွဲကြီးစွဲမိမည်ကို စိုးလှသဖြင့် ဂျုံး အကြောင်းကို ခရေစေ့တွင်းကျ မေးမြန်း၍သာ နေလေ သည်။ ဂျုံးမှာ စာချေသည်မကလေးဖြစ်သည်။ သီချင်းဆိုတတ် သည် ဆိုသည့် အကြောင်းများကို သိရလေသည်။ ရာဗစ်သည် 'ရှာရဇတ်'ဟိုတယ်က လူများကို သိလေသည်။ သူ့မိတ်ဆွေ 'မိုရှီဆို' ထိုဟိုတယ်မှာ အလုပ်လုပ်သည်။ နက်ဖြန်ပင် ဂျုံးကို ခေါ်သွားပြီးလျှင် သီချင်း ဆိုပြစေပါမှ အလုပ်ရနိုင်စရာ အကြောင်း ရှိသည်။ ရာဗစ်သည် ဂျုံးကိုကျွေးမွေးပြီးနောက် သူ့ အခန်းရှိသော မီလန်ဟိုတယ်သို့ပြန်ပို့ပြီးလျှင် သူတည်းခို ရာ ဟိုတယ်သို့ ပြန်လေသည်။

ဂျုံးကို ပြန်ပို့ရာတွင် မိုးရွာပြန်လေသည်။ ဂျုံးသွား လေရာ မိုးလိုက်၍ ရွာလေသည်။ မိုးနှင့် ဂျုံးတို့ ဆဟာဇာတ ဖြစ်ကြဟန် ရှိတော့သည်။

ရာဗစ်ကပို့ပြီး ပြန်ထွက်လာ၍ တစ်ပြမျှ မရောက်သေးခင် မိုးသည်းလာသဖြင့် အနီးရှိတိုက်တစ်လုံး၏ ဆင်ဝင်အောက် တွင် ဝင်၍ခိုနေလေသည်။ ထိုအခိုက် ဂျုံးသည် သူ့အနားသာ ဖြစ်သွားလေသည်။ ဂျုံးမှန်း သိ၍ လှမ်းခေါ်လိုက်သည်။ ရာဗစ်က မိုးရွာထဲမှာ ဘာကြောင့် လျှောက်နေရသနည်းဟု မေးသောအခါ ဂျုံးက သူ့ အခန်းမှောင်မည်းမည်းတွင် တစ် ယောက်တည်း အိပ်ရမှာ ကြောက်သဖြင့် တစ်ညလုံး လမ်း လျှောက်နေမည်ဟုကြံကာ ထွက်လာကြောင်းပြောပြလေသည် ဂျုံးမျက်နှာမှာ ကြောက်စိတ်ကြောင့် ပျက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျုံး၏မျက်နှာကို ကြည့်ပြီးလျှင် ရာဗစ်က ဂျုံးကို လှမ်းဆွဲပြီးလျှင် 'လာ...လာ' ဟု ခေါ်သွားလေသည်။

သူ့အခန်းတွင် တစ်ည တင်မံသိပ်ရလေတော့သည်။ ဂျုံးသည် ရာဗစ်အား သူ့အကြောင်းကို စုံစုံလင်လင် ပြန်ပြောလေသည်။ သူ ဇင်းနစ်မြို့တွင် ကချေသည်အဖြစ်နှင့် နေစဉ် ထိုသူက သူ့ကိုချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့ဖြစ်ကြောင်း၊ သူတို့ နှစ်ယောက် ပဲရစ်မြို့သို့ ရောက်သောအခါ သူက ထိုသူနှင့် မပေါင်းသင်းလိုကြောင်း ပြောရာ ထိုသူက မပေါင်းရလျှင် သူ ဖြစ်နေသော ရောဂါနှင့်ပင် အသေ ခံလိုက်တော့မည်။ ဆရာဝန်အကူမခံဟု ဆိုကာ ဇွတ်အတင်း သေလိုက်ကြောင်း တို့ကို ပြောပြလေသည်။

'ရာဗစ်ရယ်၊ ကျွန်မတော့ သည်လူသေတာ အပြစ်မတင်း ဖြစ်နေတော့ အိပ်လို့တောင် မပျော်နိုင်ဘူးရှင်၊ လူသတ်တဲ့ လူလို ဖြစ်နေတယ်' ဟု ဂျုံးက ပြောလေသည်။ ဂျုံး၏ အသည်းမှာ မှောင်ထဲတွင် သေးငယ်နူးညံ့သော ပိုးကြိုး ကလေးဖြင့် သစ်ကိုင်းတစ်ခုကို ရစ်ပတ် ချည်နှောင်သလို ရာဗစ်အား သံယောဇဉ်ကြိုးအဖြစ် ရစ်ပတ်လေတော့သည်။

'ရှင် ကျွန်မအကြောင်းကို နားထောင်ချင်ယောင် ဆောင် နေတာကိုပဲကျေးဇူးတင်လှပါပြီ၊ ဘယ်သူမှ ကျွန်မအကြောင်း ကို ဆုံးအောင် အပြောမခံခဲ့ကြဘူးရှင်' ဟု ဂျုံးက ခတ်ငေါ့ ငေါ့အလေးနှင့် သနားစရာ ပြောပေသည်။

ရာဗစ်သည် ဂျုံးအမူကို စိုရင်ချက်ချသော တရားသူကြီး သဖွယ် မျက်မှောင်ကုတ်၍ အတန်ကြာ ငေးနေပြီးနောက်





'သည်လူသေတာ မင်းကြောင့် မဟုတ်ပါဘူး၊ မင်းမှာ အာ ပြစ်မှုမှ မရှိဘူး' ဟု ဆိုပေသည်။

ဂျုံးက ရာဗစ်၏ စီရင်ချက်ကို လက်မခံချေ။ 'ဟုတ်ပါ တယ်၊ ကျွန်မ အပြစ်ပါ၊ တကယ်လို့သာ ကျွန်မက သူ့အချစ် ကို လက်ခံလိုက်ရင် သူ ဘယ်သေပါမလဲ ရှင်ရယ်....'

ရာဗစ်သည် ဂျုံးကိုမည်သို့မျှ ပြန်မပြောတော့ချေ။ သူသည် ထိုကိစ္စကို မတွေးတော့ဘဲ အခြားကိစ္စတစ်ခုကို နက်နက်နဲနဲ တွေးနေလေသည်။ ထိုအခြားကိစ္စမှာကား အခြားမဟုတ်၊ ဂျုံးကို ထိန်းသိမ်းစောင့်ရှောက်ရေးပင် ဖြစ်သည်။ သူသည် ဂျုံးကို ရှောင်ခဲ့သည်။ သို့သော် ဂျုံးနှင့်ခွဲခွာမရနိုင်သကဲ့သို့ ဖြစ်သည်။ ဂျုံးတာဝန်သည် သူ့အပေါ်သို့ ရောက်မှန်းမသိ ရောက်ရလေပြီ။ ထိုတာဝန်မှာ ယခင်ကသာ ရောက်ရှိလာလျှင် သူ့အဖို့ ကြီးလေးလှသည်ဟု မှတ်ယူမည် မဟုတ်ချေ။ ယခု ၌ကား ထိုတာဝန်ထက် ကြီးသောတာဝန်ကို ထမ်းဆောင်ရ မည်ဖြစ်သောကြောင့် စိုးရိမ်ခက်ခဲလာတော့သည်။ အရေးကြီး သော တာဝန်ကား အခြားမဟုတ်၊ သူသည် မနေ့ကပင် 'ဟပ်' ကို ပဲရစ်မြို့တွင် မြင်လိုက်ရသည်။ ဟပ်အပေါ်တွင် လက်စား ချေဖို့ကား အရေးကြီးသော တာဝန်ဖြစ်လေသည်။ ထိုတာဝန် ကို ထမ်းဆောင်ရာတွင် သူ့အသက်ကို သူအစိုးမရနိုင်ချေ။ သူ သေသွားလျှင် ဂျုံးကို စောင့်ရှောက်ရမည့် ဝတ္တရားကို အဘယ်သို့ ဆောင်ရွက်ရပါမည်နည်း။

ထိုမှအပလည်း အခြား အကြောင်းများ ပေါ်ပေါက် လာချေသေးသည်။ လွန်ခဲ့သည့် နှစ်ရက်လောက် ကနေသော



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကို ပုလိပ်တို့ ဝင်ရောက်ရှာဖွေကြလေသည်။ ဟိုတယ်ပိုင်ရှင် အဒေါ်ကြီး၏ လိမ္မာပါးနပ်မှုကြောင့် မည်သူကိုမျှ မဖမ်းမိသော်လည်း ပုလိပ်များ ဝင်ရောက်ရှာဖွေသည်ဆိုသော အချက်ကြောင့်၊ ဟိုတယ်တွင် တည်းခိုနေသူတို့မှာ ကျီးလန့်စာစား ဖြစ်နေကြတော့သည်။

ထိုအတောအတွင်း ရာဗစ် ထံသို့ ဆွန်နာဟောင်း ကိတ် ရောက်လာလေသည်။ ကိတ်ရောဂါမှ ပျောက်သေးသဖြင့် သူ့ထံသို့လာ၍ ကုသပေးရန် တောင်းပန်လေသည်။

ကိတ်သည် အမေရိကန် အမျိုးသမီးတစ်ဦး ဖြစ်သည်။ ချမ်းသာသော မိဘများ ဘက်တွင် နေပြီး၊ ဥရောပတိုက်သား တစ်ယောက်နှင့် အိမ်ထောင် ကျလေသည်။ စစ် မဖြစ်မီက ရာဗစ်သည် ကိတ်ကို ဆေးဝါး ကုသ ပေးဖူးလေသည်။ ထိုအခါကစ၍ သူတို့နှစ်ဦး ခင်မင်လာကြသည်။ နောက် စစ်ဖြစ်သည့်အခါ လူချင်းကွဲသွားကြလေသည်။

ခုတစ်ဖန် ပြန်တွေ့ကြရာ ကိတ်သည် ရာဗစ်ကိုမြင်လိုက်လျှင် အားတားသော မျက်နှာနှင့် ကြည့်နေလေသည်။

'ရာဗစ်ရယ်.... ပြန်တွေ့ရတာ သိပ် ဝမ်းသာတာပဲ' ဟု ကိတ်က ဟိုတယ်ထဲ၌ဖြစ်သော်လည်း သူနှင့် ရာဗစ် ဆိတ်ကွယ်ရာ အရပ်တွင် တွေ့ကြရသည့်နှယ် ဖက်လန်းတဆန်း ပြောလေသည်။ 'ကျွန်မယောက်ျားကို အစက လူအေး လူရိုးလို့ အောက်မေ့နေတာ၊ စစ်လဲဖြစ်ပါရော့....။ သူလဲ ဟစ်တလာ မုန်တိုင်းတပ်သားဖြစ်ပါလေရောရှင်၊ အရင်က နူးနူးညံ့ညံ့နဲ့ ပြောရ ဆိုရာမှာ အလွန်ယဉ်ကျေးရည်မွန်သလောက် မုန်တိုင်း



တပ်သား ဖြစ်တာနဲ့ တစ်ပြိုင်နက် အော်လိုက် ဟောက်လိုက် ဆဲလိုက် လုပ်တော့တာပဲ ရာဗစ်ရယ်....'

ကိတ်က စကားကို အဆက်မပြတ်သေးဘဲ ပြောမည်ဟန်ရှိ အပြင်တွင် ဟိုတယ်မီးများ မှိတ်လိုက်ပြီးလျှင် ဟိုကျွန်း အဆိုတော်အသစ် ဂျူး ထွက်လာ၍ သီချင်းဆိုလေသည်။

ရာဗစ်သည် ကိတ်ကို အလွန်ပင် ခင်မင်လေသည်။ ကိတ် တောင်းပန်သည့်အတိုင်း သူ့ရောဂါကိုကုပေးရန် ဒေါက်တာ ဗားဘား၏ ဆေးရုံ၌ ခွဲစိတ်ရာ ကိတ်တွင် ကုရ၍မရနိုင်သော သားအိမ်ကင်ဆာရောဂါ ရှိမှန်းသိရလေတော့သည်။ ရာဗစ်သည် ထိုအကြောင်းကို သိရတည်းက စိတ်မချမ်းသာ ဖြစ်ရလေသည်။ ကိတ်မှာ သူ့အခင်မင်ဆုံး မိတ်ဆွေတစ်ဦး ဖြစ်သဖြင့် ထိုသို့ ဖြစ်ရလေခြင်းဟု စိတ်တွင်းက ရေရွတ် ညည်းညူမိလေသည်။

စိတ်တွင်းက သာ ညည်းနိုင်အားတော့သည်။ ဖွင့်ပြောရမှာ အလွန်ခက်လှတော့တောင်း၊ ကိတ် သိသွားလျှင် မည်သို့ ဖြေမည်နည်း။ ရာဗစ်သည် ထိုအချက်ကို ပျော်တပြုံးပြုံးနှင့် သခါ ဖုထင်တတ်ရှာသော ကိတ်အား အသို့လျှင် ပြော၍ ဖြစ်ပါအံ့နည်း။

* *

နွေဦးရာသီ ရောက်ခဲ့ပြီ၊ စစ်ရိပ်စစ်ငွေ့များလည်း ဆမ္ဘာ့အရှေ့ပိုင်းသို့ သမ်းကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးန်သည် ဟိုတယ်တွင် အဆိုတော် အလုပ်နှင့် နေရာ ထကျ ဖြစ်နေလေပြီး အဆိုကောင်းရှိသာမက ရုပ်ရည်ချောမော သဖြင့် ဟိုတယ်လာသူ အပေါင်း၏ အသည်းစွဲ ဖြစ်နေလေ သည်။ ယင်းသို့ ပိုးပန်းသူ ပေါများစေကာမူလည်း ဂျိုးန်သည် ရာဗစ်ကိုသာ စွဲမက်လေသည်။ ရာဗစ်အား ဟိုတယ်သို့ရောက် လာလျှင် ဂျိုးန်သည် ရာဗစ်တစ်ဦးတည်း အတွက်ဟု သဘော ထားကာ တေးဆိုလေသည်။ သီချင်းဆိုပြီးနောက် ရာဗစ်၏ စားပွဲသို့သာသွား၍ ရာဗစ်နှင့်အတူ အရက်သောက်၊ စီးကရက် ဖွာလေသည်။

တစ်ညသ၌ကား ရာဗစ်သည် ရှေးဖြစ်ဟောင်းကို အောက်မေ့ သဖြင့် ဂျိုးန်အား 'အောင်ဗိမာန်ကြီး' အနီးရှိ ဟိုတယ်ကလေး သို့ ခေါ်သွားလေသည်။ သူနှင့် ဂျိုးန်တို့ စ၍ တွေ့စဉ်က သွားသည့် ထိုဟိုတယ်ကလေး၌ပင် ဂျိုးန်အား အရက်ဝယ်၍ တိုက်ပွဲလေသည်။ ထိုစဉ်က ဂျိုးန်၏ ဖြူရော်ရော် မျက်နှာ ကလေးမှာ အရက်တန်ခိုးကြောင့် သွေးရောင် ဖြာလာခဲ့လေ သည်။ အခုအကြိမ်၌ကား၊ ရာဗစ်က ပို၍ သွေးရောင်ဖြာ လာတော့သည်။ ထိုမျှ မကသေး၊ ရာဗစ်၏ သွေးကြောများ သည် သွက်လက် ဖောင်းကြွလာလေသည်။

ဟိုတယ်ကလေးက ထွက်လာသည်နှင့် တစ်မြို့နက် မိုးရွာ လေသည်။ ဂျိုးန်သွားလေရာ မိုးလိုက်၍ ရွာလေသည်။ ဂျိုးန်နှင့် ရာဗစ်တို့၏ အချစ်ဇာတ်လမ်းတွင် ဇာတ်ခေါင်းဆောင်သည် ကား မိုးပင် ဖြစ်ပေသည်။





ရာဗစ်သည် ဂျိုးန်ကို သိမ်းကြုံး၍ ဖက်ပြီးလျှင် နမ်းတာရှည် ကြီး နမ်းလိုက်လေသည်။ ဂျိုးန်အဖို့ကား....ထိုအချိန် ထိုအခါ သည် အောင်ကြောင်းမင်္ဂလာ ဖြာဖြာနှင့် ပြည့်စုံပေသည်။ အသည်းထိုသို့သော ရာဗစ်၏ အချစ်အိုး ပေါက်ကွဲမှုကို စောင့် မျှော်ခဲ့လေသည်။

ထိုည၌ ရာဗစ်၏ အခန်းတွင် သူတို့နှစ်ယောက် အချစ်ရေ ယဉ်ကြော၌ မျောနေကြလေသည်။ ရာဗစ်သည် ဒုက္ခရောက် နေသော စစ်ပြေးတစ်ဦးမှာ အချစ်နှင့် မသက်ဆိုင်ဟူသော ဝါဒကို လက်လွှတ် လိုက်လေတော့သည်။

နောက်ဆုံးည၌လည်း ဂျိုးန်ရောက်လာပြန်လေသည်။ ဂျိုးန် သည် ရာဗစ် ထွက်ပြေးမည်စိုးလှ၍ သူ့အခန်းသို့ရောက်လာ ရတော့သည်။ ရာဗစ်သည် ဂျိုးန်ကို ပွေ့ဖက်ရင်း 'ဂျိုးန်ရယ်၊ သည်ညဟာ ဒုတိယညပဲနော်' ဟု ဆိုလေသည်။

'ဒုတိယညလို့ မဆိုပါနဲ့ မောင်ရယ်...၊ ပထမညလို့ချည်း အောက်မေ့စမ်းပါ၊ ဒုတိယညဆိုရင် နောက်ဆုံးည ခွဲကြ ရတော့မယ့်ည ဖြစ်သွားမှာ စိုးလွန်းလို့ပါကွယ်' ဟု ဂျိုးန်က သနားစဖွယ် ပြောလေသည်။

ထိုညမှာ ဒုတိယညဖြစ်၏။ သို့သော် နောက်ဆုံးည မဟုတ်ချေ။ ရာဗစ်သည် သူ့မိတ်ဆွေ မိုရိုဆိုး ကျေးဇူးကြောင့် ရန်သူ များ မမြင်တွေ့ရအောင် အေးချမ်းစွာ နေခဲ့ရလေသည်။ သို့ သော် သူ့အခန်း မှောင်မှောင်ထဲတွင် ရှေးဖြစ်ရှေးဟောင်း ကို တွေး၍ တဆွေးဆွေးဖြင့် ဖြစ်နေလေတော့သည်။ သူ တည်းခိုသောဟိုတယ်တွင် သူ့လို စစ်ပြေးများလည်း ရှိသေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်ညတွင် 'ရုပါပို'ဆိုသူ တစ်ဦးသည် သူ့အိပ်ခန်းထဲမှ အလန့်တကြား ယစ်အော်၍ ထွက်ပြေးလာရာ အခြားသူများက လန့်၍ ထွက်ကြည့်ပြီးလျှင် သူ့ကိုမေးရာ 'ရုပါပို'က နာဇီများ သူ့လက်သည်းကို ခွာသည်ဟု အိပ်မက်မက်သောကြောင့် လန့်၍ပြေးကြောင်း ပြောရှာလေသည်။ သူ့ခမျာမှာ ရှေးက ခံစားခဲ့ရသည့် ဒုက္ခအထွေထွေကို စိတ်တွင်စွဲနေသဖြင့် ရန်သူကင်းမဲ့ရာသို့ ရောက်နေသော်လည်း အိပ်မက် မက်တာ ကြောက်စိတ်ပွားခဲ့ရလေတော့သည်။

နောက်တစ်ယောက်ကမူ သူ့ကို ဂျာမန်နာဇီတို့ ရှေ့ရှုလိုက်သလို လိုက်နေသည်ဟု ထင်တာ ရူးကြောင်ကြောင် ဖြစ်နေရှာလေသည်။

ထိုသို့ သနားဖွယ် စစ်ပြေးများအလယ်တွင် ရာဗစ်သည် 'ဟပ်'တား ရူးလည်းမရူး၊ အိပ်မက်လည်း မမက်။ သို့သော 'ဟပ်'က ရိုက်သတ်လိုက်သဖြင့် သူ့မျက်စိအောက်တွင် သေရရှာသော သူ့ဇနီး၏ မျက်နှာကိုသာ အမြဲတစေ မြင်ယောင်ယောင် ဖြစ်လေသည်။ သူ့ဇနီးအတွက် လက်စားချေရေးသည်သာ သူ့အဖို့ အလွန်ကြီးလေးသော တာဝန် ဖြစ်နေချေသည် တကား။

ထိုတာဝန်ကြီးက တစ်ဖက်၊ ချစ်စရာ၊ သနားစရာ၊ စုံမက်စရာ ဂျူးက တစ်ဖက်။

* * *





နောက်တစ်နေ့တွင် ကိတ်သည် အထော်အတန် ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းလေသည်။ ထိုနေ့သည် နေဇာလေးအာသာ သွေးကြွစရာအခါမျိုး ဖြစ်သည်။ လောကကြီးမှာ လူ့ဘဝ၌ နေရ၊ ပျော်ရ၊ အချစ်ခံရလျှင် အကောင်းဆုံး အခါမျိုးပေတည်း။ ထိုနေ့၌ ရာဗစ်သည် ကိတ် ဆေးရုံမှ ဆင်းလာသဖြင့် ကိတ်ထံသို့ သွားရောက် တွေ့ဆုံလေသည်။

အချစ်ခေတ်မြူးချိန်တွင် ကိတ်သည်လည်း ချစ်ရန်အသင့်ဆိုသည့် အပြုအမူမျိုးနှင့် ရာဗစ်ကို တွေ့ဆုံလေသည်။ 'ရာဗစ်ရယ်၊ ကိတ်ဖြင့် ရှင်နဲ့ သွားရတာ ဘာတလေးတစ်ခုမှ စိုးရိမ်ကြောင့်ကြ မရှိပါဘူး၊ ဪ...ဒါနဲ့ ဆရာကြီးရဲ့၊ ကျွန်မ တလေးများ ရနိုင်ပါဦးမလားဟင်....'

ရာဗစ်သည် ကိတ်၏ မဦးမစပ် အမေးကို မဖြေနိုင်ဘဲ အံ့အားသင့်ယောင်ယောင် ဖြစ်သွားလေသည်။ မျက်နှာပျက်ရန် မသင့်၊ ပြုံးနှင့်လေမှ ဖြစ်တော့မည်ဟု အောက်မေ့တာ ရာဗစ်က ပြုံးစိစိနှင့် 'ရတော့ ရနိုင်ပါလိမ့်မယ်၊ ကြာတော့ ကြာလိမ့်မယ်'ဟု ဖြေလေသည်။

'အို....ဘယ်လောက်ကြာကြာပေါ့လေ။ ကြာတာ အရေးမကြီးပါဘူး။ ကျွန်မတော့ဖြင့် သားမွှတ်မွှတ် မယားမွှတ်မွှတ် ပေါင်းမယ့် လင်ကိုယူပြီး အိုးအိမ် အခြေကျကျနဲ့ နေချင်လှပါပြီ။ ကျွန်မ အမေရိကကို ပြန်ပြီး အိမ်ထောင်ပြုမယ်၊ ပထမတော့ အီတလီကို ခဏ သွားလိုက်ဦးမယ်၊ အီတလီမှာ နေပြီး၊ အားဓာလေး ပြည့်ပြည့်တင်းတင်း ဖြစ် လာတော့ အမေရိကကို သွားမယ်'


www.burmeseclassic.com

www.burmeseclassic.com



ကိုတ်၏ စိတ်အားထက်သန်မှုသည်ကား ကောင်းလှပေစွ။ သို့သော် ရာဗစ်သည် ကိုတ်၌ ကုရ၍ လုံးဝမရနိုင်သော ရောဂါစွဲနေကြောင်း သိရ၍ ဤအိမ်ထောင်မှုကိစ္စတွင် ဩဇာ ဒါနမပေးလိုက်ချေ။ ကိုတ်မျှမှာ သူ့ ရောဂါအခြေအနေကို မသိရှာ၍ သာ လင်သားအကြောင်း ပြောနိုင်ရောတော့သည်။ သူက ဤကိစ္စကို အားပေး အားမြှောက်ပြုပါလျှင် သူ့ ခင်မင်ရင်းစွဲ မိတ်ဆွေတစ်ယောက်ကို သေစေဟုသော အမိန့် ချမှတ်လိုက်သည်နှင့် တူချေမည်။ သူသည် ကိုတ်အား မည်သို့မျှမပြောဘဲ နှင့် အချိန်တန်လျှင် ပြန်လာခဲ့လေသည်။

သူသည် ကိုတ်အကြောင်းကိုတွေး၍ စိတ်မကောင်း ဖြစ်နေလေသည်။ စိတ်ပြေလက်ပျောက် ဂျူးနှင့် တွဲဖက်၍ လေပြည်လေညင်းခံရင်း လမ်းလျှောက်လေသည်။ ဂျူးမှာလည်း နဂိုအတိုင်း ပျော်ပျော်ပါးပါး စကားဖောင်လာခဲ့လေသည်။ သို့ပင်ဖြစ်ငြားလည်း ကိုတ်အကြောင်းကို မေ့ပျောက်သွားစေရန် မစွမ်းသာချေ။

ဂျူးသည် လက်တွင် ပန်းတွေ တစ်ပွေ့ကြီးနှင့် ပြုံးရွှင်ကြည်လင်သော မျက်နှာထားလေးနှင့် ရာဗစ်အနီးတွင် တဖြည်းဖြည်း လျှောက်လိုက်လာလေသည်။ သူသည် ပြုံးရာမှ အကြောင်းမဲ့ သက်သက်သို့ပင် ရုတ်ခြည်း မျက်နှာလေး ညိုသွားကာ 'ရာဗစ်ရယ်.... ရှင်ဟာ ကျွန်မအသက်ပါ၊ ကျွန်မ ရှင့်ကို သိပ်ချစ်တာပဲနော်....' ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် မျက်ရည်ရွှဲလာသည်။





ရာဗစ်သည် ဂျူး ဘာကြောင့် မျက်ရည်ရွှဲလာသည်ကို မတွေးတတ်ချေ။ သို့ရာတွင် ဉာဏ်ရွှင်နှင့် 'ချစ်တယ်ဆိုတာ အိုအောင်မင်းအောင် ပေါင်းသင်းတာကို ဆိုလိုတာကွယ့်' ဟု ရာဗစ်က ပြောလေသည်။

''ဟုတ်တယ်မလေ.... ချစ်တယ်ဆိုတာ ချစ်သူနဲ့ကွဲပြီး နေလို့ မဖြစ်တာမျိုးပေါ့၊ ရာဗစ်ရယ်၊ ဂျူးတော့ ရာဗစ်ကိုချစ်တယ်၊ သည့်ချစ် နည်းမျိုးအတိုင်း ချစ်ပါတယ်ကွယ်၊ ဂျူးတော့ မောင့်ကို ချစ်ရတာ သိပ်ဝမ်းသာတာပဲ.... မောင်လဲ ဝမ်းသာ မယ်လို့ အောက်မေ့တာပဲ၊ ဒါပေမယ့် မောင်ကဖြင့် ဟိုတယ်က ထွက်လာတာတည်းက စကားတစ်လုံးမျှမပြောဘူး၊ ဘာဖြစ်နေတာလဲလို့'

ရာဗစ်သည် ဂျူးကို စူးစူးစိုက်စိုက်ကြည့်ပြီးလျှင် 'ဂျူး.... မင်း အရင်က ခဏခဏချစ်ဖူးသလား.... နောက်ဆုံးချစ်တာ ဘယ်တုန်းကလဲ' ဟု တည်ကြည်စွာ မေးလိုက်လေသည်။

ဂျူးသည် ထိုမေးခွန်းကိုဖြေရန် အတန်ကြာ စဉ်းစားနေလေသည်။ အဖြေမှန်ပေးရန် ရည်ရွယ်ချက်ရှိကြောင်း ထင်ရှားပေသည်။ 'နောက်ဆုံးချစ်တာ လွန်ခဲ့တဲ့နှစ်နှစ်ကပဲ၊ ဒါပေမယ့် သည်အချစ်ဟာ မကြာလှပါဘူး၊ အဲဒီလူက တယ်ပြီး ငွတ်ကျလှတယ်။ ကျွန်မက သူ့ကို မချစ်တော့ဘူးဆိုတာ သူ မသိဘူး၊ ဖွင့်ပြောလို့တောင် မယုံဘူး''

''ဒါကတော့ဟုတ်တာပေါ့၊ ကိုယ့်ကို မချစ်တော့မှန်းသိဖို့ အခက်သားကလား' ဟု ရာဗစ်က ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးနောက် ခြေလှမ်းခပ်ကျဲကျဲ ခပ်သွက်သွက် လှမ်းလေသည်။

ဂျုံးသည် ရာဗစ်ကို မီအောင် အပြေးကလေးလိုက်ရင်း 'မောင်ကိုတော့ ဂျုံး အမြဲပဲချစ်မယ်၊ မောင်က တခြားလူတွေနဲ့ မတူဘူး.....၊ အခု ဂျုံးတို့တွေကြုံရတာလဲ တခြားအဖြစ်အပျက်နဲ့မှ မတူပဲကိုး၊ ကြည့် ဒါနဲ့... မောင် အခု ဘာတွေးနေတာလဲ' ဟု စိုးရိမ်ကြီးစွာဖြင့် မေးလေသည်။

'အို...ဘာတွေးရမှာလဲကွာ၊ မင်းဟာ အင်မတန်ကြောက်စရာကောင်းတဲ့ မိန်းမပါကလားလို့ တွေးနေရတာပေါ့' ဟု ရာဗစ်က ပြောင်ပြောင်ကြီး ပြောလိုက်လေသည်။

'ဟာ... ကျွန်မ ကြောက်စရာမကောင်းလှပါဘူး' ဟု ဂျုံးက နှုတ်ခမ်းစူ၍ ပြောလိုက်လေသည်။

'အေး....အေး....ငါးကောင်တော့ ဟင်တာပေါ့...၊ မင်း အဲသည်လို ဟင်တာပဲ ကြောက်စရာကောင်းတဲ့ အချက် တစ်ခုပေါ့၊ သိလား' ဟု ပြောလိုက်လေသည်။

* * *

ထိုနေ့ညနေ၌ပင် ရာဗစ်သည် ဂျာမန်စစ်ဗိုလ် ဟာ်နှင့် တွေ့လေသည်။ ဤအကြိမ်လည်း အမှတ်တမဲ့ တွေ့လိုက်ခြင်း ဖြစ်သည်။ ရုတ်တရက် ရန်သူမျက်နှာဆိုးကြီးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထို ရန်သူ့ မျက်နှာသည် မော်တော်ကား တသီတတန်းကြီးကြားထဲတွင် မျက်ခြည်ပြတ်သွားလေသည်။ ရာဗစ်





သည် ထိုမျက်နှာကြီးကို မြင်လိုက်သောအခါ လောကကြီးတစ်ခုလုံးကို မေ့သွားလေတော့သည်။ ဟိုတယ်ကြီး တစ်ခုလုံးပင် သူ့မျက်စိထဲမှ ပျောက်သွားသကဲ့သို့ ဖြစ်လေသည်။ လေးလေးနက်နက် သိဆိုသော ချစ်တေးသံမှာလည်း သူ့သောတအာရုံမှ ပျောက်ကွယ် သွားလေတော့သည်။

သူသည် ဟာ်၏နောက်သို့လိုက်သွားသော်လည်း မျက်ခြည်ပြတ်သွားပြီဖြစ်ရာ တွေ့ရန် ခဲယဉ်းလှတော့သည်။ မတွေ့၍ ဟိုတယ်သို့ ပြန်လာပြီးလျှင် သူ့သေနတ်ကို အိတ်ထဲသို့ ပြန်ထည့်လိုက်လေသည်။ သူ့မျက်နှာမှာ သူရူးမျက်နှာကဲ့သို့ ကြောင်တောင်တောင် ဖြစ်နေလေသည်။ ရာဗစ်မိတ်ဆွေ မိုရိုဆိုသည် သူ့အနီးသို့ ရောက်လာပြီးလျှင် ရာဗစ်ကို ဖျောင်းဖျလေသည်။ 'သူငယ်ချင်းရေ...၊ သည်ဂျာမန်ကောင် သည်မြို့ပေါ်မှာ ရှိနေသမျှတော့ တွေ့လိမ့်ချည်း နေမှာပါကွယ်။ သည်တော့ တွေ့တိုင်း အရမ်းမလုပ်နဲ့၊ အခွင့်အခါကောင်းကို စောင့်လုပ် သိလား၊ ကိုယ် ထွက်ပြေးနိုင်မယ့် အချိန်နဲ့နေရာရမှ လုပ်နော်၊ အဲဒါ သတိထားစမ်းပါကွာ'

'အို...ဘောရစ်ရာ မပူပါနဲ့ကွာ' ဟု ရာဗစ်က ဘောရစ်မိုရိုဆိုကို ပြော၍ ထွက်သွားလေသည်။

ယင်းသို့ နောက်တစ်ဖန် ထပ်၍လိုက်ရာ အေးစင်ဗိမာန်ကြီးအနီးလည်း ရောက်သည်။ ဈေးရိပ်ဘာသို့လည်း ရောက်သည်။ အနီးအနား လမ်းများလည်း စုံခဲ့လေပြီ။ တွေ့ရာလူ၏မျက်နှာကို သေချာစွာ ကြည့်သော်လည်း ထိုမျက်နှာဆိုးကြီးကို မတွေ့ရတော့ချေ။ အနီးရှိ ဟိုတယ်ကလေးထဲသို့ ဝင်၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဟပ်–ကို မတွေ့ချေ။ သို့နှင့် တစ်ညတွင် ကုန်ခဲ့လေသည်။ နွေနက်လင်းခါနီးကျမှ သူ့ ဒေါသ အရှိန်မြေသွားလေသည်။ ဒေါသပြေပျောက်သွားသည်နှင့် တစ်ပြိုင်နက် သူ့ကိုယ်သူ ကြည့်လိုက်ရာ သူသည် ဂျူး၏ အခန်းလှေကားသို့ တက်နေသည်ကို တွေ့ရလေတော့သည်။

ဂျူးသည် အိပ်ရာထဲ၌မင် ရှိလေသေးသည်။ သူ့ အခန်းထဲသို့ ဝင်လာသည်နှင့် တစ်ပြိုင်နက် အိပ်ရာမှ ခုန်၍ထပြီးလျှင် သူ့ ရင်ခွင်ထဲသို့ အတင်း ဝင်တိုးလေတော့သည်။ သူကလည်း ဂျူးကို တင်းကျပ်စွာ ဖက်ထားပြီးလျှင် မဆုံးနိုင်သော နမ်းတာရှည်မျိုးနှင့် နမ်းလိုက်လေတော့သည်။

ဂျူးကို ချစ်ခြင်းနှင့် ဟပ်ကို မုန်းခြင်းကား တခြားစီ ဖြစ်သည်။ ဟပ်ကို မုန်း၍ သတ်ရန်တာဝန်ရှိသော်လည်း ဂျူးကို ချစ်နိုင်ခွင့် ရှိပေသေးသည် မဟုတ်တုံလော....။ အတိတ်ကာလ အချစ်ကြွေးကို ဆပ်ရန် ဟပ်ကို သတ်ရမည်ဖြစ်ရာ၊ ယခု ပစ္စုပ္ပန်ကာလသည် အချစ်အသစ်နှင့် မည်သို့မျှ မသက်ဆိုင်ချေ။ အတိတ်၏ အနာဖေးမှာ ဂျူးကဲ့သို့ လန်းဆတ်သော အချစ်ပဒေသာကလေးကို ကူးစက်ဖျက်ဆီးရန် မသင့်ချေ။ မဖျက်ဆီးစေရဟု ရာဗစ်က ပိုင်းဖြတ်လိုက်လေသည်။ ဂျူးသည် သူ့ ကိုတွေ့တိုင်း အလွန်းအမင်း ပျော်ရွှင် ကျေနပ်ကြောင်း မျက်နှာထားကလေးက ပြနေသည်။ ထိုအချစ်မျိုးကို တွန်းလှန်ခြင်းပယ်ရန် သူ မစွမ်းသာချေ။

'အခု ပြန်လာတာ ဂျူးကို ချစ်လို့ပေါ့....လား' ဟု ဂျူးက ရာဗစ်ကို လေသံကလေးနှင့် မေးလေသည်။





ရာဗစ်သည် ဂျူး၏ ပြောင်လက်သော မျက်လုံးများကို စိုက်၍ကြည့်ရင်း 'ဂျူးရယ်.... အချစ်မရှိတဲ့လူဟာ အသက်မရှိတဲ့လူနဲ့ အတူတူပေါ့ကွယ်၊ လေထဲမှာလွင့်နေတဲ့ စက္ကူစတသေးလို ဖြစ်နေတော့မှာပေါ့' ဟု ပြန်ပြောလေသည်။

'သည်လိုဆိုတော့ သိပ်ဝမ်းသာတာပဲ မောင်ရယ်၊ ဒါဖြင့်လဲ သည်အရပ်က ခွာကြစို့ရဲ၊ သည်မှာနေရတာ သိပ်စိတ်ညစ်တာပဲ၊ လွတ်ရာ ကင်းရာမှာ လွတ်လွတ်ကင်းကင်း ချစ်ကြရအောင်နော်'

ရာဗစ်သည် ချစ်စိတ်သမ်းနေသောဂျူးကို ကြည့်၍ သနားပြုံး ပြုံးလေသည်။ 'သွားတာပေါ့ကွယ်၊ သည်မြေ သည်မိုးက လွတ်အောင် အဝေးကို ပြေးကြတာပေါ့လေ....၊ မင်းသွားလေရာ မိုးလိုက်လို့ရွာဆိုသလိုဖြစ်နေခဲ့တယ်၊ သည်တစ်ခါတော့ မိုးနဲ့လဲ ဝေးရာပေါ့၊ တို့တစ်တွေရဲ့ အတိတ်ဘီလူးကြီး ဘေးကလဲ ဝေးရာပေါ့လေ'

'ဟုတ်တယ်၊ တစ်ဖြစ်လဲ နေကြရအောင်နော်၊ မောင်နဲ့ ဂျူးတို့ မသေနိုင်ကြသေးဘူး၊ အသက်ရှည်ရှည် နေကြဦးစို့၊ အိုအောင်မင်းအောင် ပေါင်းကြဦးစို့၊ ဟုတ်လား....မောင်'

'အင်း.... တို့မသေနိုင်ပါဘူး၊ ခေတ်ဆိုးကြီးသာ သေမှာပါ....' ဟု ရာဗစ်က ညည်းညူသံဖြင့် တိုးတိုး ပြောလိုက်လေသည်။

ရာဗစ်သည် ဂျူးနှင့်အတူ အင်တီဘီမြို့သို့သွား၍ နေလိုလှသော်လည်း စရိတ်စက ငွေကြေးမရှိချေ၊ သို့သော် မျှော်လင့်ချက် ရှိပေသေးသည်။ သူသည် လာဗယ်အမည်ရှိသော ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ပါ အရာရောက်သော မြင်သစ် နိုင်ငံရေးသမားကြီးကို ဝမ်း ဗိုက်ခွဲ၍ ကုပေးရန် ရှိလေသည်။

ဆရာဝန်ကို ရွေးအပေးသမျှယူခဲ့သော်လည်း လာဗယ်ကို ကုရသည့် အခါအတွက် အထူးတလည် တောင်းလေသည်။ ငွေ နှစ်သောင်းတောင်းသဖြင့် ဆရာဝန်ကြီး ပယ်လီဘွိုင်ကေ စိတ် ဆိုးသော်လည်း မပေး မဖြစ် သော ကြောင့် ပေးလေသည်။ လာဗယ်သည် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်ကြီး ဖြစ် သည်။ ယခု ထိုပုဂ္ဂိုလ်ကြီးသည် သေအံ့ဆဲဆဲဖြစ်နေ၍ ရာဗင် တစ်ဦးတည်းသာလျှင် အယ်ဆယ် နိုင်ပေမည်။ ထို့ကြောင့် ငွေနှစ်သောင်းကို မကန့်ကွက်နိုင်တော့ချေ။

ငွေရလေပြီ။ ချစ်သူနှစ်ဦး လွတ်ရာကျွတ်ရာသို့ သွားရုံသာ ရှိတော့သည်။ သို့သော် ဝတ္တုရားတလေး အတန်ငယ်ရှိနေသေး သည်။ ကိတ်အား မိန်းမှာ ဘူတာရုံသို့ လိုက်ပို့ ရမည်ဦးမည်။ ကိတ်မှာ သူ့ ရောဂါအကြောင်း လည်း သူမသိ၊ ရာဗင် အကြောင်းလည်း မရိပ်မိချေ။

ရာဗင်သည် ကိတ်ကိုမကြည့်ဘဲခေါင်းညိတ်လေသည်။ ကိတ် အခုသွားနေရမယ့်နေရာဟာဖလောရင့်မြို့မဟုတ်လား၊ အဲသည် မြို့မှာ ဖော်လာ ဆိုတဲ့ ဆရာဝန်ကြီး တစ် ယောက် ရှိတယ်၊ အဲသည် ဆရာဝန်ကြီးဟာ အ တော် တော် တယ်။ သူ့ဆီကို ကျုပ်စာရေးလိုက်မယ်၊ ကိတ် နေထိုင်မကောင်းရင် စောင့် ရှောက်လိုက်ပါလို့ ရေးလိုက်မယ်။ လိုလိုမယ်မယ်ပေါ့ဗျာ....၊ အစိုးရိမ်ကြီးမိလို့ ပြောတာပါ။ ကျုပ်လဲ အစိုးရိမ်ကြီးလို့ အတိုးကြီးဖြစ်နေပြီ ထင်ပါရဲ့’





ကိတ်သည် သဘောကျလွန်းလှ၍ ဟက်ဟက်ပက်ပက် ရယ် မောလေသည်။

‘ရာဗင်ရယ်.... ရှင်လိုလူမျိုး ဘယ်တော့မှ အတိုးကြီးမဖြစ် ပါဘူး၊ အသက်ကြီးပေမယ့်ပျိုနေမှာပါ၊ စိတ်သာချစိတ်သာချ’ ဟု ဆိုကာ ‘ကဲ....သွားဦးမယ်....နော်’ ဟု နှုတ်ဆက်၍ ဘူတာ ရုံထဲသို့ဝင်သွားလေသည်။

ရာဗင်သည် ကိတ်ကိုကြည့်၍ သနားနေလေသည်။ သူ့ ခမျာ သူ့ရောဂါကြောင့် အသက်တိုမည်ကို မသိရှာချေ၊ သခင်္ချိုင်းကို မမြင်ရ၍သာ ပျော်နိုင်အားတော့သည်။ သူ ထံမှ ဘူတာရုံထဲ သို့ ယခုဝင်သွားခြင်းသည် စင်စစ်အားဖြင့် သေရွာသို့ခြေလှမ်း သည်နှင့်မခြား ဖြစ်လေတော့သည်။ ရာဗင်သည် သက်ပြင်းချ ပြီးလျှင် လှည့်၍ထွက်လာလေသည်။

* * *

အင်တာဘီမြို့၌ကား နေသာလျက်ရှိသည်၊ နေရောင်ကြောင့် လောကတစ်ခုလုံး သာယာလျက်ရှိရာ ရာဗင်သည်လည်း အတိတ်လောကကို မေ့ပစ်လိုက်လေသည်။ ဟပ် မျက်နှာဆိုး ကြီးရှိသော အတိတ်လောက၊ ငွေနှစ်သောင်း တောင်းလိုက်၍ စိတ်ဆိုးသော ဒေါက်တာ ပယ်လီဘွိုင်ရှိသော အတိတ် လောက၊ ရောဂါကြောင့် မကြာမီ သေဆုံးရတော့မည်ကို မသိရှာသောကိတ်၊ ရှိသော အတိတ် လောက၊ ဟိုတယ်တွင် ဂျာမန်နာဇီတို့ အနှိပ်စက်ခံခဲ့ရ၍ အိပ်မက်ထဲတွင် အယောင်



www.burmeseclassic.com

www.burmeseclassic.com



နေရှာသော ဒုက္ခိတသူရူးများရှိသော အတိတ်လောက၊ ထိုထို အတိတ်လောကတို့သည် ရာဗစ်အား မနှောင့်မယှက်ဘဲ ပျောက်ပျက်၍သာ နေလေတော့သည်။

ဂျူးအဖို့ မည်မျှရှင်ကြည့်နေသည်ကိုသိလိုမါမူ၊ ရာဗစ်နှင့် ယှဉ်တွဲ၍ ပြာလဲ့သော ပင်လယ်ပြင်ကို စီး၍ ကြည့်နိုင်သော သင်္ဘောဆောင်ကြီးပေါ်တွင် လဲ့အိပ်နေစဉ် ပြုံးရွှင်သော မျက်နှာပေးကလေးကို ကြည့်ရှုသာရှိသည်။ ဂျူးသည် အပျော်ကြီး ပျော်နေလေသည်။ တစ်ခါတစ်ရံ ရာဗစ်က ပြန်လည်ပြီး လျှင် တစ်ကိုယ်တည်းနေချင်သည်ဟု ဆိုလိုက်သည့်အခါ၌ပင် ဂျူးသည် သင်္ဘောပြင်ကြီးတွင် ခုန်ပေါက်မြူးတူး၍ တွေ့ရာ လူနှင့် အသိဖွဲ့လေတော့သည်။ ထိုသို့ အသိဖြစ်သူများထဲတွင် စတင့်အမည်ရှိသော အင်္ဂလိပ်တစ်ယောက်နှင့် နူဂျင့်အမည် ရှိသော အမေရိကန် တစ်ယောက်တို့ ပါဝင်လေသည်။

တွေ့ရာလူနှင့် အသိဖွဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ဂျူးက ရာဗစ်အား ရှင်းလင်းပြသည်မှာ 'နို့....သည်လိုပေါ့၊ တွေ့တဲ့ ကြုံတဲ့အခါ အသိဖွဲ့လိုက်တာပေါ့။ ဒါတွေက အပေါ်ယံကိစ္စ ပါ၊ဂျူးတို့အဝဏ ဒုက္ခနဲ့ချည်း တွေ့ရတယ်မဟုတ်လား၊ အစာ ငတ်တာရယ်၊စစ်ရယ်၊ဒုက္ခရယ်၊ချစ်သူနဲ့ကွေကွင်းရတာရယ်....၊ အို....ဒုက္ခတွေချည်း တွေ့ရတာ၊ အခုလို အခွင့်ကြုံတဲ့အခါ ကလေးမှာ ပျော်ချင် ပါးချင်တာပေါ့လေ....၊ ဘာမှတော့ စိတ်ထဲမှာ စွဲလမ်းလို့ မဟုတ်ဘူးပေါ့၊ ပျော်ရုံပါးရုံပါ'

ရာဗစ်သည် ဂျူးကို ပျော်ပျော်ပါးပါးနှင့် စိတ်တိုင်းကျ သုံးနိုင်အောင်၊ စားနိုင်အောင်၊ ငွေရလမ်း ရှာလေသည်။





ထိုငွေရလမ်းကား ဖဲဝိုင်းပင်ဖြစ်သည်။ သူသည် ဖဲသမားစင်စစ် မဟုတ်စေကာမူ၊ ကုသိုလ်ကောင်းနေသဖြင့် ဝိုင်းတိုင်းနိုင် လေသည်။ ဖဲနိုင်သော ငွေကြေးဖြင့် ထင်တိုင်း သုံးစွဲနိုင်လေ သည်။

တစ်ညသ၌ ဖဲရိုက်နေစဉ်၊ သူသည် ဂျူးအား စတင့်နှင့် နူဂျင့်တို့ လက်တွဲ၍ လာသည်ကို မြင်လိုက်ရလေသည်။ ထိုသို့ မြင်လိုက်ရလျှင် ရာဗစ်သည် ချက်ချင်း ငွေရှင်း၍ ဖဲဝိုင်းမှ စိတ်ဆိုးဆိုးနှင့် ထွက်သွားလေသည်။

ရာဗစ်သည် မော်တော်ကားပေါ်သို့ရောက်လျှင် မီးကို ဖွင့်လိုက်စဉ်တွင် ဂျူးသည် နောက်မှပြေးလိုက်၍ မောမော ပန်းပန်းနှင့် ရောက်လာလေသည်။

'ရာဗစ်....ဘယ်သွားမလို့လဲ၊ ဂျူးကိုပစ်သွားမလို့လား'ဟု မေးလိုက်ရာ၊ ရာဗစ်က မျက်နှာတည်ကြီးနှင့် 'ဘယ်မှမသွား ဘူး၊ အလကား ရှောက်မောင်းမလို့' ဟု ဆိုသည်။

'ဒါဖြင့် ကျွန်မလဲ လိုက်မယ်' ဟု ဆိုကာ ရာဗစ် အနီးသို့ ဝင်၍ထိုင်ပြီးလျှင် တစ်ချက်မျှ နမ်းလိုက်လေသည်။

'စိတ်မဆိုးပါနဲ့မောင်ရယ်....၊ဒီနေရာကိုဒီတစ်ခါပဲ ရောက် ဖူးပါသေးတယ်ကွယ်' ဟု ချော့လေသည်။

ရာဗစ်သည် ကားကို အမြန်မောင်းလေသည်။ ကားသည် တောင်ကြားလမ်းတစ်လျှောက်တွင် ငှက်တစ်ကောင် အနိမ့်ပျံ သကဲ့သို့ တစီစီ ပြေးလေသည်။

ရာဗစ်သည် ဂျူးဘက်သို့ လှည့်၍ 'ကြောက်သလား' ဟု မေးလိုက်ရာ ဂျူးက ခေါင်းခါလျက် 'မောင်းသာမောင်း၊



www.burmeseclassic.com

www.burmeseclassic.com



မိုးပြီးမောင်းစမ်းပါဦး၊ ဂျူးမကြောက်ပါဘူး မောင်ရယ်….၊ မောင့်ကို သိပ်ချစ်တာပဲကွယ်၊ မုဲရစ်ကိုလဲ မပြန်ကြပါနဲ့စို့နော်…. ဟု ဆိုလေသည်။

သူတို့သည် လမ်းဘေး ဟိုတယ်ဆိုင်ကလေးတစ်ဆိုင်ရှေ့တွင် ကားရပ်ပြီးလျှင် ဆိုင်ထဲသို့ဝင်၍ စားသောက်ကြလေသည်။ ဆိုင်ထဲတွင် စားသောက်နေကြသောသူတို့သည် မြင်သစ် စစ်ထဲ ဝင်မဝင်ကို တစ်ယောက်တစ်ပေါက် ပြောနေကြလေသည်။ ‘အို…. ဂျာမန်ကောင်တွေ မာဂျီနိုးခံတပ်နား မသီရဲပါဘူး’ ဟု သူတို့က ပြောနေကြလေသည်။

ဂျူးမှာမူ စစ်အကြောင်းကိုနားမထောင်ဘဲ အချစ်ကိုသာ အာရုံပြု၍ ရာဗစ်၏လက်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားပြီးလျှင် ‘ရာဗစ်ရယ်…. ဂျူးကို လက်ထပ်ပါတော့၊ သားတွေ- သမီးတွေနဲ့ အိမ်နဲ့ ဥယျာဉ်နဲ့ နေကြရအောင်နော်….၊ ဒီလိုပေါင်းသင်းပြီး…. နောက် ပန္နစ် နှစ်ဆယ်လောက်ရှိတော့မှ မောင်က ဂျူးကို လှတယ်ပဲထင်နော်၊ ဂျူးကလဲ မောင် အိမ်ပြန်မရောက်တဲ့ ညများမှာ မအိပ်ဘဲ စောင့်နေမယ်နော်…. ဟုတ်လား’ ဟု တွတ်တီးတွတ်တာ ပြောနေလေသည်။

ရာဗစ်သည် ဂျူး၏ ချစ်အားသန်မှုကို မဖျက်ဆီးလိုသော်လည်း မဖြစ်နိုင်ကြောင်း သိ၍ ဘာယာ ညင်းပျောင်းသောလေသံဖြင့် ပြန်ပြောလေသည်။ ‘ဂျူးရယ်၊ ဒီလိုအဖြစ်မျိုးဟာ တို့အဖို့တော့ အိပ်မက်ထဲမှာပဲဖြစ်နိုင်တော့မယ်…. ကိုယ်က ဖွင့်မပြောချင်လို့ မပြောခဲ့ဘူး၊ တကယ်ဆိုတော့ မင်းကို မယူနိုင်ဘူးကွယ့်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာ ခရီးသွား





လက်မှတ်လဲ မရှိဘူး၊ သက်သက်မဲ့ စစ်ပြေးတစ်ယောက်ပဲကွယ့်….၊ ဒီ…. ပြင်သစ်ပြည်ကြီးမှာ နေတာဟာ စစ်စစ်အားဖြင့် ဥပဒေအရ မနေရဘဲ နေနေတာ၊ ဒီတော့ အစိုးရတွေက ကိုယ့်ကိုမိသွားရင် ပြည်နှင်ဒဏ်ပေးမှာ အမှန်ပဲ’

‘ပြည်နှင်ဒဏ်….ဟုတ်လား၊ မောင့်ကို သူတို့က ပြင်သစ်က နှင်ထုတ်ကြမယ်လား၊ ဟင်…. ဒါဖြင့်လဲ ဒုက္ခပါပဲ၊ ဂျူးနဲ့ မောင်တို့အချစ်ဟာ မျော်လင့်ချက် ကင်းနေတာပေါ့နော်’ ဟု ပြောရင်းပင် ဂျူး၏မျက်နှာပေါ်တွင် မျက်ရည်ပေါက်ကြီးများ ကျလာလေသည်။

ရာဗစ်သည် ဂျူးကိုကြည့်ရင်း အနားလာလေသည်။ ‘အို…. စကားစပ်မိလို့ ပြောတာပါကွာ၊ ဒီလောက်လဲ စိတ်ညစ်မနေပါနဲ့၊ ကိုယ်ပြန်လာပါ့မယ်၊ နယ်ခြားအကြောင်း ကောင်းကောင်း သိနေတော့ ကူးလာဖို့ လွယ်ပါတယ်၊ ပြီးတော့လဲ အခု ဒီပြည်ထဲရောက်နေတာ နှစ်နှစ်ရှိပြီး အစိုးရက အနှောင့်အယှက်မပေးသေးပါဘူး’ ဟုဆိုကာ နှစ်သိမ့်စေလေသည်။

‘အို…. မောင်ရယ်….၊ အခုချက်ချင်းပဲ ဒီဒုက္ခတွေပျောက်သွားမယ်ဆိုရင်လေ…. သိပ်ကောင်းမှာပဲ’

‘ဒုက္ခတွေတော့ ပြည့်လို့ပေါ့ကွယ်၊ ဒါတွေကို ဖျောက်ဖျက်ပစ်ဖို့လဲ မဖြစ်နိုင်တော့ဟာ၊ အထူး ပူပန်မနေပါနဲ့တော့လေ၊ ကိုယ်ကတော့ မင်းကို အချစ်ပဲ ပေးနိုင်စွမ်းတယ်၊ အခု လက်ဝင်းပဲ ချစ်လက်ဆောင် ပေးနိုင်စွမ်းပါတယ်၊ နောင်ကို ဘာဖြစ်မယ် ဘယ်သိမလဲလေ။ အဲဒီတော့ အခု ချစ်ပေတော့၊ နောင်တော့သာ နောင်အခ‌ကျောက်ပေါ့’



www.burmeseclassic.com

www.burmeseclassic.com

'ဒီ ချစ်လက်ဆောင်ကိုပဲ လိုချင်တာပါ... မောင်ရယ်' ဟု ပြောကာ ဂျူးသည် စားပွဲထိုးပေးလာသောအရက်ကို မော့လိုက်လေသည်။

ရာဗစ်သည် ဂျူးကို နောင်အတွက် အာမမခံနိုင်ကြောင်း ပြောစဉ်အ စိတ်ထဲတွင် မည်သို့မျှ ရှိ၍မဟုတ်၊ စကားအဖြစ်သာ ပြောခြင်း ဖြစ်သည်။ သို့သော် သူ့စကားမှာ အနာဂတ်ကို မြင်၍ ပြောသည့်စကားကဲ့သို့ ဖြစ်လေတော့သည်။ နောက်သုံးလေးရက် ကြာသောအခါတွင် ရာဗစ်သည် ဂျူး မွေးနေ့အတွက် လက်ဆောင်ပေးရန်၊ ကိတ်မုန့်တစ်လုံးဝယ်ရန် မုန့်ဆိုင်တစ်ဆိုင်ထဲသို့ ဝင်သွားစဉ် အနီးရှိ အဆောက်အအုံတစ်ခုကို မြင်နေသော အလုပ်သမားတစ်ယောက်သည် အဆောက်အအုံမှ တုတ်ကြီးတစ်ချောင်းပြုတ်ကျ၍ သေလေသည်။ အနီးဝင် ဖြတ်သွားသော မိန်းမကြီးတစ်ယောက်မှာ အတော်ပင်ထိခိုက်သွားလေသည်။ အနီးအနားတွင် ဆရာဝန်တစ်ဦးတစ်ယောက်မျှမရှိ၍ ရာဗစ်က မလွှဲမရှောင်သာသောကြောင့် ဝင်၍ ကုသပေးရလေသည်။

ပုလိပ်လာ၍ စစ်ဆေးသောအခါ ရာဗစ်သည် အမည်လွှဲ၍ ပြောလိုက်လေသည်။ သို့ရာတွင် အမည်လွှဲ ပြောလိုက်ရုံနှင့် ဒုက္ခမငြိမ်းချေ။ နေမဝင်မီပင်လျှင် ပုလိပ်အ သူ့ကို လာ၍ ခေါ်သွားလေသည်။ သူတွေ့ဆုံရမည့်ဝန်ကြီးကား အခြားသူ မဟုတ်၊ သူ ဝမ်းခွဲ၍ ကုလိုက်ရသော လာဗယ်ပင် ဖြစ်သည်။ သူသည် ဂျူးထံသို့ မိုရှိဆိုမှုတစ်ဆင့် အကြောင်းကြား၍





ဂျူးအား ပဲရစ်မြို့သို့ အမြန်ဆုံး ပြန်သွားရန် မှာလိုက်လေသည်။ သူ့အဖို့ကား ကံအတိုင်းသာ ဖြစ်တော့မည်ဟု အောက်မေ့လိုက်ရသည်။

ကံအကြောင်းတား... မဆောင်းလှချေ။ သူ ဆေးကုပေးလိုက်သော ဝန်ကြီးလာဗယ်သည် သူ့ကို မသက်ညှာဘဲ ပြည်နှင်ဒဏ် ပေးလေသည်။ 'ပြန်ဝင်လာရင်၊ ထောင်ဒဏ် ခြောက်လ' ဟု လာဗယ်က ရာဗစ်အား နှုတ်ဆက်သည့် အနေနှင့် ပြောလိုက်သေးသည်။

ရာဗစ်အား နယ်ခြားသို့ ခေါ်ဆောင်သွားသည့် အရာရှိသည် ဝန်ကြီးထက် စာရှုဏာတရားရှိပေသေးသည်။ သူသည် ရာဗစ်အား နယ်ခြားစခန်းမှနေ၍ ဂျူးကို တယ်လီဖုန်းနှင့် လှမ်း၍ စကားပြောခွင့်ပေးလေသည်။

'ဂျူး... အခု ကိုယ့်ကို ပြည်နှင်ဒဏ်ပေးပြီ၊ ဒါပေမယ့် မပူနဲ့၊ ကိုယ် ပြန်လာခဲ့မယ်' ဟု ရာဗစ်က တယ်လီဖုန်းနှင့် လှမ်းပြောသည်။

''နို့... မောင့်ကို ဖမ်းလိမ့်မယ် ထင်မိသားပဲကွယ်၊ ဒါပေမယ့် မောင် ဒီလိုသွားရင် ဂျူး ဘယ်လိုနေရမလဲဟင်...၊ မောင် နောက်တစ်ခါပြန်လာရင်လဲ သူတို့က တစ်ခါထပ်ဖမ်းဦးမှာပဲ' ဟု ငိုသံပါနှင့်ပြောသော ဂျူး၏အသံကို ကြားရပြီးလျှင်၊ တယ်လီဖုန်းကို ပြန်ချခါနီးတွင် 'မောင်ရေ... မောင်နဲ့မခွဲဘူး၊ လိုက်ခဲ့မယ်၊ မောင်... ပြန်လာခဲ့နော်— ပြန်လာခဲ့ပါမောင်ရယ်' ဟု အော်ပြောသံ ကြားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းကို ချလိုက်ပြီးနောက်၊ နယ်ခြားစခန်းမှ ထွက်ခွာရသော ရာဇစ်၏နားထဲတွင် ဂျူး၏အသံကိုသာ ကြားနေရလေတော့သည်။

* * *

ဖော်ကွာဝေး ဘဝနှင့် နေရသည့် အချိန်မှာ ကုန်နိုင်ခဲလှချေသည်။ တစ်မိနစ်နှင့်တစ်မိနစ် ကုန်လွန်ခဲလှသကဲ့သို့ ဖြစ်၍၊ ရာဇစ်ကို တနုံ့နုံ့ ကနွဲ့နွဲ့နှင့် နှံ့နေသည်နှင့် တူလေတော့သည်။ သူနေသော ဆီဗာလန်မြည့်ထဲသို့ ပြင်သစ်သတင်းစာအချို့ ဝင်လာသည်။ ကမ္ဘာ့အရေးမှာ စိတ်မအေးဖွယ်ဖြစ်ရာ၊ တစ်နေ့တခြား အခြေအနေ ဆိုးရွားလာရာမှ နေ့ဥက်ဆိုး၌ သတင်းစာများသည် မျက်နှာဖုံးတွင် စာလုံးကြီးများဖြင့် 'ချက်ကိုစလိုဗေကီးယားပြည်ကို ဟစ်တလာက သိမ်းလိုက်ပြီ' ဟူသော ခေါင်းစဉ် တပ်လိုက်ကြလေတော့သည်။

စစ်မိုးကြီးသည် ထစ်ချုန်းရုံသာ မဟုတ်တော့ဘဲ၊ မစ်ချတ်သောအသံ ဖြစ်လေပြီအားဖြင့် ရာဇစ်သည် ပြင်သစ်ပြည်ထဲသို့ ပြန်ဝင်ရန် ကြိုးစားပါသော်လည်း မအောင်မြင်ခဲ့ချေ၊ အနှောင့်အယှက်နှင့်သာ ကြုံတွေ့လေတော့သည်။ စစ်ဖြစ်လာသဖြင့် ရှေးအကဲ့သို့ နယ်ခြားကို ဖြတ်ကူးရန် မလွယ်ကူတော့ချေ။ ကြပ်ကြပ်မမ၊ စောင့်ရှောက်လျက် ရှိလေသည်။ သို့ရာတွင် ရာဇစ်သည် အကြောင်းသင့် အခွင့်သာသဖြင့် ပဲရစ်မြို့သို့





ရောက်လာပြန်ပြီးလျှင် သူနှင့် ဂျူးတို့ နေခဲ့ဖူးသော မီလန်ဟိုတယ်ရှေ့သို့ပင် ရောက်နေလေပြီ။

ဟိုတယ်စောင့်က သူ့ကို မှတ်မိလေသည်။ 'ဂျူး တစ်ယောက်တော့ မရှိတော့။ ချက်ချင်းပဲ ဟိုတယ်က ထွက်သွားတယ်၊ ခင်ဗျား မသိဘူးလား ဗျ' ဟု ဟိုတယ်စောင့်က ဆီး၍ ပြောလေသည်။ 'ဂျူးက နောက်ပြောင်းသည့်နေရာ လိပ်စာ ပေးထားခဲ့သလား' ဟု မေးရာ ဟိုတယ်စောင့်က မည်သို့မျှ မမှာကြားခဲ့ပါ ဟု ဆိုလေသည်။

ဂျူးကို ရှာ၍မတွေ့လျှင် မိတ်ဆွေဟောင်း မိုရှီဆိုကို ရှာဦးတော့မည်။ မိုရှီဆိုမှာကား ယခုဟိုတယ်တွင်ပင် ရှိနေသေးသည်။ သူ့ကို မြင်လျှင် မိုရှီဆိုသည် ဝမ်းသာအားရနှင့် နှုတ်ဆက်လေသည်။ ရာဇစ်သည် ဂျူးအကြောင်းကို ချက်ချင်းမေးမည် ဟု အားခဲထားသော်လည်း ဟိုတယ်ဆိုင်းဘုတ်တွင် အဆိုတော်၏ အမည်မှာ ဂျူးမဟုတ်တော့ဘဲ အခြားတစ်ဦး၏အမည် ဖြစ်နေသောကြောင့် ဂျူးအကြောင်းကို ရုတ်တရက် မမေးဘဲ နေရလေသည်။

'ဘောရစ်ရေ... မင်းတို့ဟိုတယ်မှာလဲ လူတယ်များလှသကွာ' ဟု ရာဇစ်က မိုရှီဆိုကို ပြောလိုက်လေသည်။

'အေးကွာ...ဂျာမန်တွေချည်းပါပဲကွာ၊ ငါဖြင့် ဂျာမန်တွေ ပြင်သစ်ကို ဒီလောက်များများ လာတာ မတွေ့ဖူးသေးပါဘူး၊ ဒီကောင်တွေ ပြင်သစ်စကားတော့ မှတ်နေတာပဲ ဆရာ၊ ပြီးတော့လဲ ပိုက်ဆံသုံးရာမှာ ရက်ရောပါကွာ၊ သူ့တို့ သူပဲဖြစ်ဖြစ် အရက်သောက်ချင်ရင် သောက်နိုင်တယ်၊ သူတို့အ



www.burmeseclassic.com

www.burmeseclassic.com



ငွေထုတ်ပေးတယ်ကွ’ဟု မိုရိုဆိုက ပြောပြီးလျှင် မျက်နှာ ထားတည်တည်နှင့် ‘ဖော ….အပိုတွေ မေးမေးမနေနဲ့ မြန်မြန် မေးစမ်း၊ မင်းမေးချင်တာ ငါသိပါတယ်ကွာ’ဟု ဆိုလေ သည်။

‘သိရင်လဲ ပြောစမ်းကွာ၊ အခု သူဘယ်မှာလဲ’

‘ငါလဲမသိဘူးကွ၊ သူ့ကို မမြင်မတွေ့ရတာ အတော် ကြာသွားပြီ။ ဟိုတုန်းကတော့ မင်းအကြောင်းကို ငါ့ကို အမြဲ လာမေးတယ်….’

အရင်ကမေးတယ်၊ အခုမမေးတော့ဘူး….ယခုမမေးသည် မှာ သူ့ကို ဂျုံးက ဂရုမစိုက်သောကြောင့် ဖြစ်တန်ရာသည်။ သူ့အဖို့ ဂျုံးသည် ဆုံးလေပြီ။ အချစ်တံခါး ပိတ်လေပြီ။ မြည်ဖုံးကားချလေပြီ။

ရာဗစ်သည် ဒေါက်တာဗားဘား ဆေးရုံတွင် ဝင်၍ အလုပ် လုပ်ပြန်လေသည်။ ဒေါက်တာဗားဘားထံမှ ကိတ် သည် ပဲရစ်မြို့သို့ ပြန်ရောက်နေကြောင်း ကြားသိရလေသည်။ သူသည် ကိတ်ကိုလိုက်၍ ရှာလေသည်။ သူတည်းတတ်သည့် ဟိုတယ်၌ပင် တွေ့၍ သူတို့နှစ်ယောက် ပန်းခြံထဲတွင်ထွက်၍ လေညင်းခံကြလေသည်။ ပန်းခြံထဲတွင် ရေကန်ငယ်တစ်ခု သည်။ ရေသည် မှန်သဖွယ် ကြည်လင်နေလေသည်။ ဝမ်းဘဲ တို့လည်း ရေကူးရင်း လူများ ပစ်ပေးသော ပေါင်မုန့်ပဲ ကလေးများကို ကောက်၍ စားနေကြလေသည်။

‘ဒီလို စစ်မဖြစ်သေးတဲ့ တိုင်းပြည်မှာနေရတာ ကုသိုလ် နေ့ ရာဗစ်ရယ်၊ ဂျာမနီနဲ့ အီတလီမှာနေပြီး အခုလို ပြင်သ





မှာ နေရတာ အတော် စိတ်ချမ်းသာစရာပဲနော်၊ ငါနှင့်မထဲ အမေရိကပြန်မယ်၊ အခုချက်ချင်းတော့ မဟုတ်သေးပါဘူး’

‘ပဲရစ်မြို့ဟာ နွေအခါမှာ အတော်ပူတယ်’ဟု ရာဗစ်အ ကိတ်ကို မကြည့်ဘဲ ပြောလေသည်။

‘တစ်နှစ်တုန်းကတော့ သိပ်မပူလှပါကလား၊ ဩော်…. ဒါနဲ့ ကျွန်မ အမေရိကပြန်တဲ့အခါ ရာဗစ်လိုက်စေချင်တယ်၊ ကျွန်မဖြင့် အခုကတည်းက ကိုတင်ပြီး ရာဗစ်ဖို့ သင်္ဘော လက်မှတ်ဝယ်ထားတယ်။ အခုချက်ချင်း လိုက်မယ်မလိုက်ဘူး မပြောနဲ့ဦးလေ။ ဖြည်းဖြည်းပေါ့၊ ရှာရာဇာဒီတိုတယ်မှာ ဘာဖြစ်ကြသလဲ’

‘ဘာမှ မဖြစ်ပါဘူး၊ လူတွေသိပ်များတာ တစ်ခုပါပဲ’ဟု ရာဗစ်က ခပ်လေးလေး ပြောလိုက်လေသည်။

‘အင်း….လူတွေဟာ မသေခင်ကလေးမှာ တစ်နိုင်လောက် စည်းစိမ်ခံကြတာပဲနော်၊ ဒေါက်တာ ဖေဘလာ ကျွန်မဆီကို လာပြီး စမ်းသပ်ကြည့်ဆေးတယ်။ ရာဗစ်တလဲကွယ်…. ကျွန်မကို ဘာလို့ အစက ဖွင့်မပြောသလဲ။ ပြောလိုက်တော့ ဘာဖြစ် မှာမို့လို့လဲ။ ကျွန်မသေရမှာ မကြောက်ပါဘူး၊ ဒီဆေးစက် တော့၊သတ္တိရှိပါတယ်’ဟု ကိတ်သည် သူ့ရောဂါအကြောင်း ကို ဖွင့်မပြောသဖြင့် ရာဗစ်အား အပြစ်တင်ရင်း လက်ထဲမှ ပေါင်မုန့်ပဲ့ကလေးများကို ဝမ်းဘဲများဆီသို့ ပစ်၍ နေလေ သည်။

ရာဗစ်သည် သစ်ခါရကို မြင်သော်ငြားလည်း ကြောင်ရ မှန်းမသိ၊ အသက်ရှင်သမျှကလေး ပျော်ပျော်နေလိုက်မယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



အားခနေရှာသော ကိုတ်ကို စိတ်ထဲက ချီးကျူးမိလေသည်။ ချီးကျူးရင်းပင် သနားစိတ် ဝင်လာရလေတော့သည်။

*　　*　　*

တစ်ညနေ ဂျူးသည် ဟိုတယ်သို့ ပြန်လာလေသည်။ ရှေးက ကဲ့သို့ အဆိုတော် ဆင်းရဲသားမလေး အဖြစ်နှင့် မဟုတ်တော့ချေ။ သူသည် အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ကာ စတင့်နှင့်တွဲ၍ လာလေသည်။ ရာဗစ်သည် သူတို့စားပွဲသို့ စိုက်၍ ကြည့်နေသဖြင့် ဂျူးသည် မျက်နှာလွှဲနေရလေတော့သည်။

အတန်ကြာမှ ဂျူးသည် စတင့်ကို ထားခဲ့ပြီးလျှင် ရာဗစ်ထံသို့ လာလေသည်။ 'ပြန်ရောက်လာပြီလား၊ ဂျူးလဲစာမရေး၊ မောဓိလဲစာမရေးဘဲ နေလိုက်ကြတာနော်၊ မောင်ပြန်လာမယ်ဆိုတဲ့ အကြောင်းကို ဂျူးဆီ စာရေးသေးသလား' ဟု သူက ရောက်တတ်ရာရာ ပြောသည်ကို ချစ်သည်းနာသော ရာဗစ် ဣန္ဒြေနှင့် ကြည့်နေပြီးလျှင် 'ကဲ…ပြန်ပါတော့ ဂျူး၊ မင်းမိတ်ဆွေက သူ့စားပွဲမှာ စောင့်နေတယ်' ဟု ဆိုလေသည်။

'အို…မောင်ကလဲ အထင်လွဲပြန်ပြီ၊ မောင်ထင်သလိုမဟုတ်ပါဘူးဆိုနေမှပဲ၊ စင်စစ်တော့ ဒါ မောင့်အပြစ်ပဲ' ဟု ဂျူးက အားမလို အားမရ ပြောနေစဉ်ပင်၊ ရာဗစ်သည် စားပွဲမှ ထ၍ ထွက်သွားလေသည်။





ဂျူးသည် ရာဗစ်အခန်းသို့ မိုးမလင်းမီကလေးတွင်ရောက်သွားလေသည်။ ဂျူး၏ မျက်နှာသည် သောက ရောက်နေကြောင်း ထင်ရှားစေလေသည်။ ရာဗစ်သည် မည်သို့မျှမပြောဘဲ ဂျူးတို့ ပွေ့ဖက် နမ်းရှုံ့လေတော့သည်။

'ပြင်သစ်ပြည်ကို ပြန်ရောက်တာတည်းက သည်လိုလုပ်ဖို့ဟာကွာ' ဟု ခေါင်းမော့၍ ဆိုလေသည်။

'ဟုတ်တယ်…ဟုက်တယ်၊ သည်လိုလုပ်ဖို့ပါပဲ ရာဗစ်ရယ်၊ ဒါနဲ့ ဂျူးကို ခွဲခွာနေရတဲ့ အတောအတွင်း ဘာလုပ်သလဲလို့မှ မမေးတော့ဘူးလား' ဟု မေးလိုက်ရာ ရာဗစ်က အသံညင်းညင်းနှင့် 'အိုကွယ် … ပြီးတာပြီးပါစေတော့ပေါ့၊ ရှေးအကြောင်းပြောနေဖို့ မလိုပါဘူး' ဟု ပြော၍ နှစ်သိမ့်လိုက်လေသည်။

ဂျူးသည် ရာဗစ်၏ ခွင့်လွှတ်သံကို ကြားရသောအခါ ကျေနပ်သွားပြီးလျှင် အိပ်ရာပေါ်တွင် စင်းစင်းအိပ်နေလေသည်။ ရာဗစ်သည် ဂျူးအပေါ်မှ ငုံ့၍ နမ်းလေသည်။

'မောင်…ဂျူးကို သတိမရဘူးလားဟင်'

'ရတာပေါ့ကွ'

'မောင့်အသံကလေးကို မကြားရတာကြာလှပြီနော်၊ အခုမှပဲ ကြားရတော့တယ်'

ယင်းသို့ တွေ့ကြပြီးနောက် ဂျူးသည် သုံးရက်မျှ ဟိုတယ်သို့လည်းမလာ၊ ရာဗစ်အခန်းသို့လည်း မရောက်ခဲ့ချေ၊ ရာဗစ်သည် သူနေရာအိမ်ကြီးကို စုံစမ်း၍ ဒေါသနှင့် သွားလေသည်။ ဂျူးက သူ့ရက်ရက်စက်စက် ပြောသည်ကို စိတ်မနှော



www.burmeseclassic.com

www.burmeseclassic.com



စိတ်မှဆိုးတဲ့ 'မောင့်ကိုပဲ ချစ်ပါတယ်၊ ဒါပေမယ့် ခဏတော့ စောင့်ဦးပေါ့ မောင်ရယ်၊ စတင့်လဲ ဂျူးကို ချစ်နေတော့ ချက်ချင်းခွဲခဲ့လို့ မဖြစ်သေးလို့ပါ၊ သူက သူ့ကိုယူပါတဲ့—'ရာဗစ်အဖို့ စောင့်ရန်သာ ရှိတော့သည်။

* * *

နောက်မကြာမီပင်လျှင် ရာဗစ်သည် ဖွဲ့ကေးဟိုတယ်တွင် ဟပ်၏ မျက်နှာဆိုးကြီးကို မြင်တွေ့ရပြန်လေသည်။

ဖွဲ့ကေးဟိုတယ်သို့ ရာဗစ်က ကိတ်ကို ခေါ်၍ နောက်ဆုံး နှုတ်ဆက်သည့်အနေနှင့် အရက်တိုက်ရန် သွားလေသည်၊ ကိတ်သည် နောက်နေ့နံနက် သုံးနာရီတွင် သင်္ဘောနှင့် အမေရိကန်ပြည်သို့ ပြန်မည်ဖြစ်သည်။ ကိတ်သည် သူ့တည်းခိုခန်းသို့ ပြန်၍ အထုပ်အပိုး ထုပ်ပိုးနေလေသည်။ သူက ကိတ်ကို သင်္ဘောသို့လိုက်ပို့ရန် စောင့်နေခိုက်တွင် ဟပ်ကို တွေ့လေသည်၊ ဟပ်မှာ သူနှင့် ခဲတစ်ပစ်လောက်၌ရှိသော စားပွဲတွင် ထိုင်နေလေသည်။

ဟပ်ကို မြင်လိုက်လျှင်ပင် ရာဗစ်သည် တစ်ကိုယ်လုံးတုန်နေလေသည်။ လူသည် ဟိုတယ်တံခါးဝ အနီးရှိ စားပွဲတွင် ထိုင်၍ ဟပ်အပြန်ကို စောင့်နေလေသည်။ သူထိုင်နေသော နေရာမှာ ဝရန်တာနှင့် မလှမ်းမကမ်းဖြစ်လေသည်။ သူသည် အမှတ်မဲ့ နေရာမှ ဝရန်တာတွင် ဂျူးနှင့် စတင့်တို့ ထိုင်နေကြောင်း သိရလေသည်။





သူသည် ထိုအခိုက်တွင် ဂျူးကိုမတွေ့လိုး၊ သူ့၌ အရေးကြီးသောကိစ္စရှိနေလေသည်။ သို့ပါလျက်နှင့် သူသည် ဂျူးကို တွေ့ရတော့သည်။ ဂျူးသည် သူ့အနီးသို့လာ၍ ရပ်ပြီးလျှင် 'ရာဗစ် ရှင့်ကို မတွေ့ရတာ နှစ်ပတ်ရှိသွားပြီ'

ရာဗစ်သည် ဂျူးကိုကြည့်၍ 'ကိုယ့်မှာ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေတယ်....၊ ဒါကြောင့်မို့ ခဏလောက် တခြားသွားစမ်းပါကွယ်'ဟု တောင်းပန်လေသည်။

ဂျူးသည် ရှုံ့မဲ့သောမျက်နှာနှင့် 'သွားနိုင်ပါဘူးရှင်၊ ရပ်ပြီး ကြည့်နေပါဦးမယ်၊ ရှင်စောင့်နေတဲ့ကောင်မ ဘယ်လောက်လှသလဲဆိုတာ ကြည့်ရဦးမယ်'ဟု ဆိုလေသည်။

ရာဗစ်သည် စိတ်ရှုပ်ဟန်ဖြင့် 'အို....မိန်းမ မဟုတ်ပါဘူးကွာ'ဟု ပြောလိုက်စဉ်တွင် ဟပ်သည် ထိုင်ရာမှထ၍ လာလေသည်။ ရာဗစ်သည် ဂျူးကို သူ့အနီးတွင် ရပ်၍စကား မပြောမနေစေလို၊ သို့ရာတွင် ဂျူးမှာ အကြောင်း မသိ၍ ရပ်၍ပြောနေလေသည်။ 'ရာဗစ်ရယ်....ဂျူးဖြင့် သိပ်စိတ်ညစ်တာပဲ၊ စတင့်ကလဲ မခွဲနိုင်ဘူးတဲ့၊ ခွဲရရင် သူ့ကိုယ်သူ သေနတ်နဲ့ ပစ်သတ်လိုက်မယ်လို့ ခြိမ်းခြောက်နေတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ မကြာခင်ဘဲ သူနဲ့ခွဲပြီး ပြန်လာခဲ့ပါမယ်၊ အမယ်....သည်က ပြောတာကိုတောင်မှ နားမထောင်တော့ဘူးကို'

ဂျူးသည် သူ့စကားကို နားမထောင်ဘဲ ခပ်လှမ်းလှမ်းကို စိုက်ကြည့်နေသောရာဗစ်ကို ဒေါသဖြစ်တာ ဆောင့်ဆောင့် ထွက်သွားလေသည်။ ရာဗစ်သည် သူထွက်သွားမှန်းပင် မသိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချေ၏။ ဟပ်သည် သူ့ဆီသို့လာ၍ သူ့ကို ကျော်သွားမည် ပြုပြီးမှ ပြန်လှည့်၍ သူ့စားပွဲတွင် ထိုင်ရန် ဟန်ပြင်လေ သည်။

'ထိုင်ခွင့်ပြုပါဗျာ၊ ဘယ်စားပွဲမှလဲ မအားဘူး' ဟု ဟပ်အား မျက်နှာ အောက်သိုးသိုးနှင့် ပြောလေသည်။ စားပွဲအားများ စွာရှိသည်။ သက်သက်ရမယ်ရှာခြင်း ဖြစ်သည်။ ရာဗစ်သည် တစ်လုံးမှ ပြန်မပြောဘဲ ခေါင်းကို မသိမသာ ညိတ်လိုက်ခလေ သည်။ ဟပ်သည် ထိုင်မိသည်နှင့်တစ်ပြိုင်နက် 'ခင်ဗျားကျုပ်ကို ဟိုတယ်ထဲမှာစာတည်းက မြင်ပါတယ်၊ မြင်လိုက်ရင်ပဲ ခင်ဗျား ကိုမှတ်မိတာပဲ' ဟု ဆိုခလေသည်။

မှတ်မိသည်ဆိုသည်။ ရာဗစ်သည် စားပွဲကို ဟပ်အာက်သို့ တွန်း၍ ထွက်ပြေးရန် ဟန်ပြင်လေသည်။ ထိုအခိုက် တွင် ဟပ်က ပြုံးဖြီးဖြီးလုပ်တာ....

'ဒီအမာရွတ်ကြောင့် မှတ်မိတာဗျ၊ ဒီအမာရွတ် ဟာ ဂျာမန်ကျောင်းသားတပ် အမှတ်တံဆိပ်ပဲ၊ ဒါကို မြင်တော့ ခင်ဗျား ဂျာမန်တစ်ယောက်ပဲဆိုတာ သိတာပေါ့၊ ခင်ဗျား ဒီမြို့ရောက်နေတာ ကြာပြီလား၊ ကျုပ်နာမည်ကတော့ ဖွန် ဟပ်ပဲဗျ' ဟု ဆိုလိုက်လေသည်။

'ကျုပ်နာမည်ကတော့ ဖွန်ဟွန်းပဲ' ဟု ရာဗစ်က ပြန်ပြော လေသည်။ ဟပ်က သူ့ကို မှတ်မိဟန်မတူ၊ ဟပ်ကဲ့သို့သော လူသတ်သမားသည် လူပေါင်းများစွာကို သတ်ဖြတ်လာခဲ့ သဖြင့်၊ သူ့ဇနီး ဆီဗီကိုသတ်သည်ကို မှတ်မိတော့မည် မဟုတ်





ချေ။ မမှတ်မိလျှင် ကောင်းသည်။ ဟပ်နှင့်ပေါင်း၍ အယုံ သွင်းပြီးမှ သတ်မည်ဟု အကြံဖြစ်လေသည်။

ဟပ်က ရာဗစ်ထံသို့လာသည်မှာ ရိုးရိုးကြောင့် မဟုတ်၊ ဂျူးကိုမြင်လိုက်သောကြောင့်ဖြစ်သည်။ သည် ဟိုရီ စွာန်မှာ ရာဂုမ္ဘက္ကတဖြစ်သည်။ ရာဗစ်ကလည်း သူ့အကြိုက်ကိုလိုက်၍ ထိုအသွင်ယ်မလေးနှင့်တွေ့ရအောင် ဆိုပေးပါမည်ဟု ထတိပေး လိုက်လေသည်။ ဟပ်သည် ဂျာမနီပြည်သို့ ခေတ္တပြန်ဦးမည် ဖြစ်ရာ ဂျာမနီပြည်မှ ပြန်လာသောအခါ ထိုအသွင်ယ်မလေး ထံသို့ လိုက်ပို့၍ မိတ်ဖွဲ့ပေးမည်ဟု ပြောပြီးလျှင်၊ သူသည် လိပ်စာကိုလိမ်၍ ပေးလိုက်သည့်တိုင်.... သူ့ကိုယ်သူ ထိုသို့ အပ်နှင့်မိတ်ဖွဲ့ရသည်မှာ အိပ်မက်များ ဖြစ်လေရော့သလား တပင် အောက်မေ့မိလေသည်။

'ကျုပ် နှစ်ဆယ့်ရှစ်ရက်နေ့တော့ လာခဲ့မယ်၊ ကဲ.... သွား ဦးမယ်' ဟု ဟပ်ကနှုတ်ဆက်၍ ထွက်သွားပြီးမှ ရာဗစ်သည် နှစ်ဆယ့်ရှစ်ရက်နေ့အထိ လက်စားချေရေးကို ရွှေ့ပြောင်း ထိုက်ရမည်ကို တွေးရင်း သူ့အခန်းသို့ ပြန်လေသည်။

သူသည် ဟပ်ကို ဟိုတယ်၌ပင် သေနတ်နှင့် ပစ်မသတ်မိ အောင် အတော်ပင်ချုပ်တည်းရလေသည်။ ဟိုတယ်မှာ မသတ် ဖြစ်လျှင် ဟပ် ဂျာမနီသို့အပြန် မီးရထား ခရီးသွားရိုက်တွင် ချောင်း၍ မပစ်ဖြစ်အောင် အတော်ပင် ကြိုးစားရလေသည်။ သူသည် သူ့မိတ်ဆွေမိုရိုဆို၏ သတိပေးစကားကို သတိရလျက် ရှိလေသည်။

'မပြေးနိုင်ဘဲနဲ့ မပစ်လေနဲ့' ဆိုသည့်စကား....



www.burmeseclassic.com

www.burmeseclassic.com



ရာဇစ်သည် ဟဲဝ် မြန်အလာတွင်တွေ့အောင် သူ့လိပ်စာ အဖြစ်ပေးလိုက်သော ဟိုတယ်တွင် ဟွန်းဖွန်းအမည်နှင့် အခန်းငှားထားလေသည်။ ထို့နောက် သူသည် နှစ်ဆယ့်ရှစ်ရက်နေ့တိုင်အောင် စောင့်နေလေသည်။ စောင့်ရသည်မှာ စိတ်မရှည်စရာဖြစ်တော့သည်။ ထိုအခိုက်ဟစ်တလာ၏ညာလုံးကို သတင်းစာများက ခေါင်းစဉ်တပ်ကြလေသည်။ ညာလုံးအား....

'ဟစ်တလာအား ဥရောပတိုက်တွင် နယ်သစ်လိုချင်စိတ် မရှိဟု ဆိုခြင်း'

'အောင်မိမာန်'ကြီး အနီးတွင် ဗဲရစ်မြို့သူ မြို့သားတို့သည် စားသောက်ကာ ပျော်ပါးကာနေ၍ အချိန်ဖြုန်းနေကြလေသည်။ ရာဇစ်သည် ထိုသူတို့၏ အမူအရာကို ကြည့်၍ ရှုံ့မှုလာလေသည်။ သူတို့သည် ပျော်ရမည့်အချိန် မဟုတ်ခိုက်တွင် ပျော်နိုင်အားကြတော့သည်။ မသိသား ဆိုးရွားလှချေသည်။ မသိ၍လော၊ သိလျက်နှင့် ဟန်လုပ်၍ပျော်နေကြလေသလော။

ပဲရစ်မြို့ကြီးသည် နဂိုအတိုင်းပင် ရှိလေသည်။ ရာဇစ်အဖို့အား ကိတ်ထွက်ခွာသွားသည့် အချက်တစ်ခုသာ ထူးခြားလေတော့သည်။ သူသည် ကိတ်ကို 'နော်မန်ဒီ' သင်္ဘောကြီးနှင့် ထွက်ခွာသွားစေသည်။ သူလည်း ထွက်သွားနိုင်သည်။ ကိတ်က စရိတ်စကသာမက သူ့အချစ်ကိုပါ ပေးလေသည်။ ကိတ်သည် အမေရိကသို့ သွားရာတွင် ပေါလမ်းကိုသွားသည်နှင့် တူလှတော့သည်။ သူ့ကိုလည်း ခေါ်သေးသည်။ သူမလိုက်လို၊ မလိုက်နိုင်....။





တစ်နေ့၌ ဂျုံးသည် မိုရိုဆိုမှတစ်ဆင့် သူ့ကိုခေါ်လိုက်သည်။ အရေးကြီးသည့် ကိစ္စ ရှိသည်ဆို၍ သူ သွားရသည်။ ဂျုံး၏ ခမ်းနားသော အခန်းသို့ရောက်သောအခါမှ 'မတွေ့ရတာကြာလို့ တွေ့ချင်လို့ ခေါ်တာယ်' ဟု သူ့ကိုညာ၍ ခေါ်မှန်း သိတော့သည်။

'ရာဇစ်၊ ရှင် ကျွန်မကို သည်လိုပစ်ထားလို့မဖြစ်ဘူး၊ သူတစ်နေရာမှာ အရက်တွေ သောက်ပြီး စောင့်နေတယ်' ဟု ဂျုံးက ဆိုလေသည်။ သူဆိုသည်မှာ စတင့် ဖြစ်သည်။

ရာဇစ်သည် ဂျုံးက လိမ်၍ခေါ်သည်ကို ဒေါသဖြစ်သဖြင့် 'ကျုပ်ကို ဘာဖြစ်လို့ ခေါ်တာလဲ' ဟု ခပ်ငေါက်ငေါက် မေးလိုက်လေသည်။

'ဘာလို့ခေါ်ရမှာလဲ ရာဇစ်ရယ်၊ ကျွန်မဖြင့် မကြံတတ်အောင် ဖြစ်နေတာဘဲ၊ မောင့်ကိုသာချစ်လို့ မောင်နဲ့ နေချင်ပေမယ့် အကြပ်အတည်း တွေ့နေတယ်'

ရာဇစ်သည် မျက်နှာထားတည်တည်ကြီးနှင့် 'ကျုပ် ဘယ်နှယ်မှ မတတ်နိုင်ဘူး ဂျုံး၊ မင်းက စောင့်ခိုင်းလို့ စောင့်ခဲ့ပြီ မဟုတ်လား၊ နောက်တော်တော်ကြာတော့ မင်းငါ့ကို မေ့သွားမှာပဲ' ဟု ပြောလေသည်။

'မောင့်ကို ဘယ်တော့မှ မမေ့ပါဘူး၊ တစ်သက်လုံးပဲ မောင့်ကိုချစ်မှာပါ၊ သေသည်အထိချစ်မယ်သိလား၊ ကျွန်မကို ပစ်မထားပနဲ့ မောင်ရယ်' ဟု တောင်းပန်လေသည်။

ရာဇစ်အား ခေါင်းယမ်း၍ 'မဖြစ်နိုင်ဘူးဂျုံး၊ ကျုပ်သည်မှာ မနေနိုင်ဘူး၊ ကျုပ်နောက်တစ်ခါ သည်နေရာကို လာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ မင်းလဲကျုပ်ဆီကိုမလာနဲ့တော့' ဟု ပြောဟာ ချက်ချင်း ပင် ထွက် သွား လေ သည်။ သူသည် ဂျူး သံယောဇဉ် ကို ပြတ်ပြတ်တောင်းတောင်း ဖြတ်ခဲ့လေပြီ....။

ဂျူးထံမှ ထွက်ခွာခဲ့ပြီးလျှင် ရာဗစ်သည် တစ်ခုတည်းသော အာရုံကိုသာ စူးစိုက်လျက်ရှိလေသည်။ ဟမ်ပြန်လာမည့် အချိန် ပင်တည်း။ ထိုအချိန်နီးကပ်လာလေလေ ရာဗစ်၏ စိတ်သည် တုန်လှုပ်ချောက်ချားလာလေ၊ သူ့အကြောများသည် ဆိုင်း၍ လာလေပြီ။ မျက် နှာ မှာ ဖြူ ရော် ရော် ဖြစ်လာလေပြီ။ မျက်လုံးမှာ သရူးသဖွယ် ကြောင် တောင် တောင် ဖြစ်လာ လေပြီ။

သူသည် ပြက္ခဒိန်ကို နေ့စဉ်ကြည့်၍ ဟမ် လာရက်ကို မှတ် သားစောင့်စားနေလေသည်။ ချိန်းထားသည့် နှစ်ဆယ့်ရှစ်ရက် လွန်ခဲ့လေပြီ။ နှစ်ဆကိုယ့်ရက်....သုံးဆယ်ရက်....။

သုံးဆယ်ရက်နေ့တွင် သတင်းစာများတွင် စာလုံးကြီး များနှင့် ဤသို့ ခေါင်းစဉ် ပါလာလေသည်။ 'ပြင်သစ်အား ဂျာမနီ နယ်စပ်ကို ပိတ်လိုက်ပြီ'

ဤသို့ ဆိုလိုက်လျှင် ဟမ်သည် ပဲရစ်သို့ ရောက်နိုင်ပြီ ဖြစ် မည်....။

*    *    *

သူသည် ဟမ်ကို စောင့်ရသည်မှာ ငြီးငွေ့လာလေပြီ။လာ တော့မှာ မဟုတ်ပါဘူးဟု လက်လျှော့တော့မည် ပြုလေပြီ၊





သူ အခန်းငှားအေးရသည်မှာလည်း အချည်းနှီး ဖြစ်လေပြီ။ ဂျာမန်တို့ ပိုလန်ပြည်ကို တိုက်ခိုက်ကြောင်း ရေဒီယိုတွင် ကြား ရလေပြီ။

မိုရီဆိုဏ သူ့အား ဂျူး ဟိုတယ်သို့ ခဏခဏလာ၍ မေး ကြောင်း ပြောလေသည်။ ထိုအခိုက်အခါတွင် ဟပ် ရောက် လာကြောင်း သူ့ထံသို့ အကြောင်းကြား လေတော့သည်။ ရာဗစ်သည် ထိုညတွင် ပဲရစ်မြို့၌ နာဇီတစ်ဦး သွေးမြေကျရ ရတော့မည်ကို တွေး၍ မြင်မိသည့်အလျောက် ဝမ်းသာနေ လေသည်။

ဟပ်သည် ဖုန်းတွန်းအမည်ခံ ရာဗစ်ထံသို့ ရောက်လာ လေသည်။ ရာဗစ်လည်း ဟပ်ကို ဟိုတယ်တစ်ဆိုင်မှ တစ်ဆိုင် သို့ပြောင်း၍ ခေါ်သွားပြီးလျှင် အရက်တိုက်လေ့ရာ၊ ဟပ်မှာ တရှိန်ရှိန် အမူးပိုလာလေသည်၊ ရာဗစ်မှာကား မသောက်သ ဖြင့် ခေါင်းရှင်း၍ နေလေသည်။

သူသည် တပ်ကို ကောင်မကလေးနှင့် တွေ့ဆုံပေးမည်ဟု ပြောဟာ မော်တော်ကားနှင့်ခေါ်သွားလေသည်။ သူတို့သွား နေခိုက် ရေဒီယိုတဲမှာ ပိုလန်ပြည်သို့ ဂျာမန်တို့ ချီတက်ပုံကို အသံလွှင့် ပြောဆိုနေလေသည်။

'ဂျာမန် တပ်မတော်ကြီးသည် ပိုလန်ပြည်တွင်းသို့ လေး သက်လေးတံလိုမ့်၍ ဝင်နေကြကြောင်း၊ တင့်ကားများ၊ လေယာဉ်ပျံများ၊ လေထီးစစ်သားများသည် အစုလိုက်အပြုံ လိုက် ဝင်ရောက်တိုက်ခိုက်ဆဖြင့် ပိုလန်စစ်တပ်မှာ မည်သို့မျှ မခုခံနိုင်ဘဲ နေရကြောင်း....'



www.burmeseclassic.com

www.burmeseclassic.com



ဟပ်သည် ထိုသတင်းကို ကြားရသောအခါ မှုးသုံကြီးနှင့် 'ဟိုက်...ဟစ်တလာ' ဟု အလေးပြုလိုက်လေသည်။

ရာဗစ်သည် ဟပ်ကို စားနှင့်ခေါ်ဆောင်လာရာ မြို့စွန်သို့ ရောက်လေသည်။ မြို့မြင်သို့ ရောက်လာသောအခါ ဟပ်သည် ရုတ်တရက် အမူးပြေလာပြီးလျှင် ရာဗစ်ကို မသကာဘဲ ဟန်နှင့် အိပ်ထဲကိုစမ်းလိုက်ရာ ရာဗစ်သည်ဓားကိုရုတ်တရက် ကွေ့လိုက်လေသည်။ ဟပ်သည် ဓားကွေ့လိုက်သောကြောင့် ယိုင်၍သွားသည်တွင် ရာဗစ်က ဆီး၍ ခေါင်းကို ထုလိုက်လေသည်။ ဟပ်သည်လည်း တစ်ချက်တည်းနှင့် အသက်ထွက်သွားလေသည်။

အလောင်းကို တော်ရာတွင် ပစ်ခဲ့ပြီးနောက် မြို့ထဲသို့ပြန်၍ မောင်းလာရာ ရာဗစ်သည် ဟပ်ကို သတ်လိုက်ရသော်လည်း မကျေမနပ် ဖြစ်နေလေသည်။ သူ ဘယ်သူ ဖြစ်ကြောင်း၊ ဘာကြောင့် သတ်ရကြောင်းကို ဟပ်အား ပြောမပြလိုက်ရသည်မှာ မကျေနပ်စရာ ဖြစ်တော့သည်။ သို့သော် တာဝန်ကြီး တစ်ခု တော့ ပြီးလေပြီ။

နောက်နေ့ ညနေတွင် ရေဒီယိုက 'ပြင်သစ်က ဂျာမနီကို စစ်ကြေညာပြီ' ဟု ကြားလိုက်ရလေသည်။ မကြာမီပင် ဂျုံး ထံမှ တယ်လီဖုန်းနှင့် ခေါ်နေသည်။ 'ရာဗစ်ရေ...လာစမ်းပါဦး၊ အရေးကြီးလို့ပါ....၊ တအယ် အရေးကြီးတာပါ၊ လာမှဖြစ်မယ်....'

သူသည် ဂျုံးက အရေးကြီးသည်ဆိုသော စကားကိုမယုံချေ။ ထို့ကြောင့် ဂရုမထားဘဲ အိပ်ရာသို့ ဝင်လေသည်။





အတန်ကြာ အိပ်ပျော်နေရာမှ လူတစ်ယောက်က သူ့ကို လှုပ်နှိုးသဖြင့် နိုးလေသည်။

'ဟေ့....ဘယ်သူလဲကွ၊ ဘာဖြစ်တာလဲ....' ဟု ရာဗစ်က မေးရာ....

'လာစမ်းပါ၊ မြန်မြန်လာမှ ဖြစ်မယ်၊ ဂျုံး....ဂျုံး.... ဂျုံးကို ကျွန်တော် လက်လွန်ပြီး သေနတ်နဲ့ ပစ်မိတယ်' ဟု သူ့ကို နှိုးသူက အလန့်တကြားနှင့် ပြောလေသည်။

ပြောသူမှာ စတင့်ဖြစ်သည်။ ရာဗစ်သည် တဖျာကသိ အဝတ်လဲ၍ စတင့်နှင့်အတူ လိုက်သွားလေသည်။ သူတို့သည် စတင့်အားငှားပေးထားသော အိမ်ခန်းကြီးသို့ မသွားဘဲ ဂျုံး နေခဲ့သော အခန်းကလေးသို့ သွားကြလေသည်။

'သူ....သည်အခန်းကို ပြန်ပြောင်းတယ်ဗျ' ဟု စတင့်က ပြောပြလေသည်။ ဂျုံးသူ့ အခန်း မှောင်မှောင်ကလေးကို ဘာကြောင့် ပြန်၍ပြောင်းသည်ကို ရာဗစ် ရိပ်မိ၍ စိတ်တွင် ထိခိုက်သွားလေသည်။ သူ့ကြောင့်သာ ပြောင်းသည် မှန်လေပြီ။

ဂျုံးသည် အိပ်ရာထဲတွင် လဲနေလေသည်။ သူ့ဂါဝန်နှင့် ခေါင်းအုံးတွင် သွေးစိုနေလေသည်။ ဂျုံးသည် ဝေဒနာကို ခံစားနေရဟန် ရှိသည်။ သူသည် ဂျုံးအနီးသို့သွား၍ ထိုင်လေသည်။ 'ဒီမှာကုလို့မဖြစ်ဘူး၊ ဆေးရုံကို ယူသွားရမှာပဲ' ဟု ရာဗစ်က ဆိုလေသည်။

ဂျုံး၏မျက်နှာသည် ကြောက်သွေးဖြာနေလေသည်။ 'ကျွန်မ အခွဲ အစိတ်မခံချင်ဘူး၊ ကျွန်မဒဏ်ရာ သိပ်ပြီးဆိုးသွားသလား ဟင်....'



www.burmeseclassic.com

www.burmeseclassic.com



'အို…မဆိုးလှပါဘူး'ဟု ရာဗစ်က လိမ်၍ပြောလေသည်။

'ဆေးရုံသွားလိုက်ခဲ့ပါ… ဆေးရုံမှာ ကိုရီယား စုံစုံလင်လင်

ရှိတယ်'

ဗားဘားဆေးရုံသို့ ရောက်သောအခါ ရာဗစ်သည် တယ

အားသမျှ ဆောင်ရွက်လေသည်။ ကျည်ဆံမှာ ကျောရိုး

အောက်တွင် ငိရောက်နေသဖြင့် မထုတ်နိုင်ချေ။ ကုသိုလ်အောင်

လျှင် နာရီအနည်းငယ် နေနိုင်မယ်။

စတင့်သည် မျက်စိ မျက်နှာပျက်၍ ဆေးရုံရှေ့ခန်းတွင်

ခေါက်တုံ့ခေါက်ပြန် လျှောက်နေလေသည်။

ရာဗစ်သည် ဂျုံးအိပ်ရာနားတွင် ရပ်ကာ 'မကြာခင်

ပျောက်သွားပါလိမ့်မယ်ကွယ်'ဟု ဆိုလေသည်။

ဂျုံးက 'ကျွန်မလဲ အနေမြင့်မလို့ပဲ၊ ဒါကြောင့် ကျွန်မ

အခန်းကလေးကိုပြောင်းတာ၊ ပြီးတော့ အချစ်ဆိုတာလဲ စတင်

အဖြစ်မဟုတ်ဘူး၊ ကျွန်မက သူ့ကိုတော့ သူ မတော်တဆ

ပစ်မိတာပေါ့'ဟု အသံပျော့ကလေးနဲ့ ပြောလေသည်။

ဆေးရုံရှေ့ကလမ်းတွင် စစ်သားများဖိနပ်သံတို့ကို ကြား

ရလေသည်။ မြင်းသစ်ဖြည်ကြီးကို ကာကွယ်ရန် အမျိုးသား

တပ်မတော်သည် မြင်ဆင်လျက်ရှိလေပြီ။ သို့သော် ဆေးရုံထဲ

အိပ်ရာတွင် လဲနေရှာသော ဂျုံးကဲ့သို့ပင် နောက်ကျလေပြီ။

မြင်သစ်ဖြည်ကြီးလည်း ဂျုံးကဲ့သို့ပင် ရှင်လမ်း မမြင်ရတော့

ချေ။

'ရာဗစ်ရယ်၊ မသလဲ ကိစ္စမရှိပါဘူး၊ မောင်နဲ့အတူတ

မနေရရင် သေဖို့ပဲရှိတာပေါ့၊ နေလို့လဲ မထူးပါဘူးကွယ်'





'ဒါ ငါ့အဖြစ်ပဲ ဂျုံးရယ်'ဟု ရာဗစ်က လှိုက်လှိုက်လှဲလှဲ ဝန်ခံလေသည်။

'စတင့်ကလဲ သူနဲ့ခွဲမယ်ဆိုတော့ စိတ်ကို မချုပ်တည်း နိုင်ဘဲ ဖြစ်နေတာပေါ့၊ အချစ်ခံယူရင်း သေရတာ သေပျော် ပါတယ်၊ ဂျုံးကိုက မကောင်းတဲ့ဟာကို'ဟု ဂျုံးက တဖြည်း ဖြည်း ဗိုလ်၍ပျော့လာသော လေသံနှင့် ပြောလေသည်။

ရာဗစ်သည် ဂျုံးကို မွေ့၍ 'ဂျုံးရေ… မင်းနဲ့ငါ တသက်လုံး ချစ်ကြမယ်ဆိုတဲ့အတိုင်း နောက်ဆုံးအချိန်အထိ ချစ်ကြမှာပေါ့ကွယ်'

* * *

ဂျုံးကွယ်လွန်ပြီးနောက် ရာဗစ်သည် ဗားဘားရှိ ဆေးရုံမှ နမ္မးနထိုင်းနှင့် ထွက်သွားလေသည်။ စတင့် သေနတ်ပစ်မှုကို ပုလိပ်က စီမံလိမ့်မည်၊ ဗျာပနကိစ္စကိုလည်း စတင့်ပင် စီမံ လိမ့်မည်၊ သူက မိုရိုဆိုထံမှတစ်ဆင့် ငွေကြေးကူပံ့လိုက်တော့ မည်။ သူလည်း ပဲရစ်မြို့တွင် မနေလိုတော့ချေ။

စစ်ဖြစ်လ လေပြီ။ စစ်ဖြစ်လျှင် မသက်သာသူအပေါင်းကို စမ်းဆီးချုပ်နှောင်လေတော့မည်၊ သူလို အခြေမရှိ အနေမရှိ တစ်နိုင်ငံသား စစ်ပြေးမှာ လွတ်ကိန်းမမြင်…။

သူ့အခန်းသို့ ပြန်ရောက်သည့်အချိန်၌ပင် ပုလိပ်တို့သည် သူ့နေသော ဟိုတယ်သို့ လော်ရီကားကြီးများနှင့် ရောက်နေ သည်ပြီ။ သူသည် စိတ်ငြိမ်း၍ ရပ်ပြနေသူများထဲသို့ အတွန်ဆုံးအ



www.burmeseclassic.com

www.burmeseclassic.com



ဝင်၍ ရပ်ရလေသည်။ မသက်သာသူ နိုင်ငံခြားသားများအား ဖမ်းဆီးရာသို့ ရှိမှီအရောက်လာလေသည်။ မိုရှီဆိုအား ရာဗစ် ထံသို့သွား၍ 'မင်းလဲ ပါသကိုကွ' ဟု ဆိုလေသည်။

'ဟုတ်တယ်ကွာ၊ ငါ မပြေးချင်တော့ဘူး၊ အဖမ်းခံလိုက်ရတာပဲ၊ ကောင်းတယ် ဘောရစ်ရေ၊ တို့ကိုဖမ်းပြီး နယ်ခြားကျတော့ လွှတ်ပစ်မှာပဲ၊ ဒါမှမဟုတ်ရင် သူတို့ တို့ကိုခိုင်းနိုင်တာပဲ၊ တထင့်ထင့်နဲ့ ဖမ်းမှာ ကြောက်နေရတာထက် အဖမ်းခံလိုက်တာက ကောင်းပါသေးတယ်ကွာ'

ယင်းသို့ ပြောနေခိုက်တွင် သူတို့ကို ကားပေါ်သို့တက်ခိုင်းသဖြင့် သူ့မိတ်ဆွေမိုရှီဆိုအား ဂျုံးသေဆုံးသည့်အကြောင်းကို ကဗျာကသီ ပြောရလေတော့သည်။

'ဟေ .... ဘောရစ်ရေ.... မင်း ဝါအခန်းက ပစ္စည်းတွေ သုံးချင်ရာကိုသုံးနော်၊ စစ်ပြီးတော့ ပြန်တွေ့ကြသေးတာပေါ့' ဟု ရာဗစ်က ကားပေါ်အတက်တွင် လှမ်း၍ပြောလေသည်။

သို့ ပန်းအပြည့်နှင့် ကားတို့သည် တဖြည်းဖြည်း မောင်း သွားရာ အောင်ဗီမာနဲ့ပေါင်းကူးကြီးဘက်သို့ ရောက်လာကြ လေသည်။ ရာဗစ်၏ ကံကြမ္မာသည် မည်သို့ထပ်၍ ဖန်တီး မည်ကို မည်သူမျှ မသိချေ။ ရာဗစ်သည် ကားပေါ်မှနေ၍ စိန့်မြစ်ကြီး ကမ်းနှစ်ဖက်တွင် သွားလာလှုပ်ရှားနေကြသော ပဲရစ်မြို့သူမြို့သားတို့ကို ငေး၍ကြည့်နေလေသည်။ 'နောက်ဆုံး အချိန်အထိ ချစ်ကြတာပေါ့ကွယ်' ဟု သူ၏ ဂျုံး အသက် ထွက်ခါနီး ပြောသောစကားကို ပြန်၍ ကြားယောင်ယောင် ဖြစ်နေလေသည်။





ထိုအခိုက် အရိပ်ကြီးတစ်ခုသည် သူ့ မျက်နှာပေါ်သို့ ကျလာလေသည်။ ထိုအရိပ်ကြီးတား မိုးသားတင်းစင်သော ကောင်းကင်အောက်တွင် တောက်ပြောင်နေသော အောင် ဗီမာန် အရိပ်ကြီးပင်တည်း။ ။

၂၄-၃-၆၆



www.burmeseclassic.com

www.burmeseclassic.com

## နှင်းဝေဝေ

(ရုရှစာရေးဆရာကြီး ဒေါ့စတော့စကီး)

ပေါ်တာပေါ့ဗ် အမည်ရှိသော အဘိုးအိုကြီး ကွယ်လွန်ပြီး နောက် တစ်လအကြာတွင် တာတီယာနာပက်ထရော့ဗ်နား သည် သူ့အိမ်တွင် ဝင်ရောက် နေထိုင်လေသည်။ တာတီယာ နာသည် အိမ်တွင် သူ့သမီးကလေး ဗာယာနှင့် ကလေး ထိန်း မိန်းမအိုကြီးတို့နှင့်အတူ နေရသည်။

အိမ်ကလေးမှာ အားလုံးမှ အခန်းသုံးခန်းသာ ရှိလေ သည်။ မြောက်ဘက်မြစ်ကို စီး၍ကြည့်နေသော တောင်ကုန်း ပေါ်တွင် တည်ရှိသည်။ မြို့ကလေးမှထွက်သော လမ်းဘေး နားတွင် ရှိ၏။ အိမ်နောက်ဘက်ရှိ ဥယျာဉ်ထဲတွင် သစ်ပင် များ၌ သစ်ရွက်တွေ၍ တစ်ရွက်မျှမရှိတော့ချေ၊ သစ်ပင်အုပ် သည် နှင်းဖုံးနေသဖြင့် ဖြူဖွေးလျက်ရှိ၏။ နံနက်မှသည်





ညနေသာချိန်အထိ သစ်ပင်အုပ်ထဲတွင် တောကျီးကန်းများ အော်မြည်နေကြသည်၊ သစ်ပင်ထိပ်ဖျားများ အပေါ်တွင် မှိုင်းသန်းကူးလူးလျက် ဆိုးရွားသော ရာသီဥတု အခြေအနေ ရောက်လာတော့မည့် နိမိတ်ကို ပြလျက် ရှိကြလေသည်။

မော်စကိုမြို့ကြီးတွင် နေလာခဲ့သော တာတီယာနာသည် ဤခြောက်သွေ့သော မြို့ငယ်တွင် မနေတတ် မထိုင်တတ် ဖြစ် နေလေသည်။ ခြောက်သွေ့ တိတ်ဆိတ်လွန်းလှ၍ အိမ်ငယ် ကလေးရှိ၍ရှိသောအိမ်ဝင်းတံခါးကလေးများ တကျွီကျွီ မြည်သံ၊ တိတ်ဆိတ်ငြိမ်သက်လှသော ညနေစောင်းအချိန်အခါ တို့နှင့် ယဉ်ပါးအောင် နေတတ်ဖို့ အတော်မင် ကြိုးစားနေရ ရှာသည်။ ခုတ်မီးအိမ်မှ မီးတောက်သံသည်ပင်လျှင် သူ့ အဖို့ ထိတ်လန့်စရာ ဖြစ်နေလေတော့သည်။

'ငါလဲ သိပ်မိုက်တာပဲ၊ ဇာတ်ပွဲနဲ့ မိတ်ဆွေတွေကို ပစ်ပြီး ဘာဖြစ်လို့ မော်စကိုက ထွက်လာမိပါလိမ့်၊ သမီးလေး ဗာယာနဲ့ အထိန်းမိန်းမကြီးကိုခေါ်ပြီး ပွတ်ရှကင်းနိုးမြို့ကို သွားလိုက်ရရင် ကောင်းမှာပဲ၊ ဟိုမှာလဲ ဗလယာဉ်ပျံ ဗုန်းကြဲ တာ မရှိနိုင်ပါဘူး၊ အဲဒီမှာ သမီးနဲ့ မိန်းမကြီးကို ထားပြီး ငါကတော့ မော်စကိုပြန်ပြီးနေမယ်ဆိုလဲနေနိုင်တာပဲ၊ အင်း.... ငါလဲ တယ်မိုက်တာကိုး....' ဟု တာတီယာနာအား တွေး ထင်မိသည်။

ယခုအခါမှ မော်စကိုမြို့သို့ ပြန်ဖို့မ ဖြစ်နိုင်တော့ချေ၊ တာတီ ယာနာသည် သူ ယခုပြောင်းလာသော မြို့ကလေးမှာရှိသော တပ်မျှားအဖို့ ကပွဲလုပ်ပေးဖို့ ဆုံးဖြတ်ထားပြီဖြစ်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



မြို့ကလေးမှာပင် ကပွဲကရင်း စိတ်ချလက်ချနေတော့မည်ဟု ရည်မှန်းထားသည်။ သူသည် ထိုမြို့ကလေးကို နှစ်သက်စပြုလာပြီ။ အထူးသဖြင့် ဆောင်းရာသီရောက်လေပြီဖြစ်သောကြောင့် တစ်မြို့လုံး နှင်းဖုံးနေသဖြင့် ဖွေးလျက်ရှိလေသည်။ နှင်းကျနေသော်လည်း အပြင်း အထန် အေးလှသည်ဟု မဆိုသာ၊ နေရောင်မရှိသော်လည်း မှောင်မည်းမည်း မဖြစ်ပဲ အရောင်ဖွဲ့ဖွဲ့ရှိနေသည်။ မြစ်သည်လည်း ကာလအတော်ကြာပင် ရေခဲဦးမည်မဟုတ်ပေ၊ စီမ်းလဲ့လဲ့ မြစ်ရေမှ တက်နေသော မြူခိုးတို့သည် ဝေလျက် ရှိ၏။

တာဓတိယားနားသည် မြို့ကလေးတွင် နေနေကျ ဖြစ်လာလေပြီ။ အိမ်ဆလေးမှာလည်း သူ့အိမ် မဟုတ်သော်လည်း သူ့အဖို့ နေနေကျဖြစ်နေပေပြီ၊ အိမ်ခန်းထဲရှိသော အသံညို့မထားရသေးသော စန္ဒရားကြီးနှင့် နံရံများပေါ်တွင် ချိတ်ထားသည့် ကမ်းရိုးတန်းကာကွယ်ရေး ရေတပ်သဘော်များ၏ ဓာတ်ပုံဓေါ်ကျောင့်ကျောင့်တို့ကိုလည်း မြင်တွေ့နေကျဖြစ်နေလေပြီ၊ အဘိုးကြီးပေါ်လတာ ပေါ့ဝိသည် သဘော်အင်ဂျင်နီယာဖြစ်ခဲ့ဖူးသည်။ သူ့စားပွဲပေါ်တွင် 'ဂရိုမိုဗွိုင်း' အမည်ရှိသော ကမ်းရိုးတန်း ကာကွယ်ရေးတပ် သဘော်ကြီး၏ ပုံစံရုပ်တု ရှိသည်။ ဆေးခြယ်ထားသော အစိမ်းရောင်သည် ကာလ ကြာညောင်းပြီဖြစ်သဖြင့် အရောင်လွင့်၍ မွဲခြောက်ခြောက်ဖြစ်ဖြစ်နေချေပြီ၊ အဘိုးကြီးသည် ထိုရေတပ်သဘော်ကြီးတွင် အမှုထမ်းခဲ့လေသည်။ တာတိယားနားက သူ့သမီးကလေး ဗာယာအား ထိုသဘော်ရုပ်တုကို ကိုင်ခွင့်မပေးခဲ့ချေ။ တကယ်





တော့ ကာယမကလေးအား ဒမ်တွင်းရှိ ငြိသည့်ပစ္စည်းကိုမျှ ကိုင်တွယ်ခွင့် မပေးခဲ့ချေ။

တာတိယားနားသည် အဘိုးကြီး ပေါ်လတာပေါ့ဝိ၌ သားတစ်ယောက်ကျန်ခဲ့ကြောင်း၊ ထိုသားသည် အလက်ဆီးခေါ်ပင်လယ်နက်ရှိ ရေတပ်မကြီးတွင် အမှုထမ်းလျက် ရှိကြောင်း သိလေသည်။ ထိုသား၏ ဓာတ်ပုံသည် သဘော်ရှင်တု ဘေးနားတွင် ထောင်လျက် ရှိသည်။ တစ်ခါ တစ်ရံ တာတိယားနားသည် ထိုဓာတ်ပုံကို ကောက်ကိုင်ပြီးလျှင် ကြည့်ရင်း မျက်မှောင်ကြုတ်ကာ အတွေးနက်လျက် ရှိခဲ့၏။ သူသည် ဓာတ်ပုံရှင်ကို တစ်နေရာတွင် တစ်ခါတုန်းက တွေ့ဖူးသည်ဟု ထင်၍နေသည်။ တွေ့ခဲ့ရသည့် အချိန်အခါမှာ အလွန်ကြာလေပြီ၊ သူ၏ မအောင်မြင်သော အိမ်ထောင်ရေး မတိုင်မီကပင် ဖြစ်သည်။ သို့ရာတွင် ဘယ်နေရာ ဘယ်အခါတွင်မျှ သူမသိတော့ချေ။

ဓာတ်ပုံထဲမှ သဘော်သားက သူ့ကို တည်ငြိမ်၍ မြက်ရယ်ပြုံးယန်ရှိသော မျက်လုံးများဖြင့် ပြန်ကြည့်နေသည်။ 'နေဝမ်းပါဦး.... ကိုယ်တို့နှစ်ယောက် ဘယ်မှာ တွေ့ခဲ့ကြတယ်ဆိုတာ တကယ်ပဲ မမှတ်မိတော့ဘူးလား' ဟု မေးသလိုလိုနှင့်။

'တကယ်ပါ....တကယ့်ကိုမမှတ်မိတာပါ'ဟု သူက လေသံအလေးဖြင့် ဓာတ်ပုံရှင်ကို ပြန်ပြောလိုက်သည်။

'မေမေ....မေမေ....ဘယ်သူနဲ့ စကားပြောနေသလဲဟင်' ဟု သမီးကလေး ဗာယာက တစ်ဖက်ခန်းမှနေ၍ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'စန္ဒရားနဲ့ ပြောနေတာပါ'ဟု တာတိယားနွားက ရယ်မောရှ် ပြန်ပြောလိုက်လေသည်။

ဆောင်းရာသီ အလယ်ပိုင်း အချိန်ကာလတွင် အတိုးကြီး ပေါ်တာပေါ်မိုထံသို့ လိပ်တပ်ထားသော စာများရောက်လာသည်။ စာအိတ်အားလုံးပေါ်တွင် ရေးထားသောလိပ်စာမှာ တစ်လက်ရေးတည်းဖြင့် ရေးသားထားခြင်းဖြစ်သည်။ တာတိယားနွားသည် စာများကို စင်ကလေးပေါ်တွင် စုရှ်ထားသည်။ တစ်ခါက ညကြီး မင်းကြီး အိပ်ရာမှ နိုးနေသည်။ ပြတင်းများမှ နှင်းရောင်သည် ခပ်မှိန်မှိန် ထိုးဝင်လျက်ရှိ၏။ ပေါ်တာပေါ်မိုထံ၌ အမွေရလိုက်သော အာစစ်အမည်ရှိသော ခြေအိတ်ဖောင်းကြီးသည် ဆိုဖာပေါ်တွင် အိပ်မောကျလျက် ရှိလေသည်။

တာတိယားနွားသည် အိပ်ရာမှထ၍ အိမ်တွင်းဝတ်အင်္ကျီကို လျှိပြီးလျှင် ပေါ်တာပေါ်မို၏စာကြည့်ခန်းထဲသို့ ဝင်သွားပြီးနောက် ပြတင်းမှ အပြင်ဘက် သို့ ငေးစိုက်ကြည့်ရှုရင်း ရပ်နေလေသည်။ သစ်ပင်တစ်ပင်မှ ငှက်တစ်ကောင်သည် အသံမမြည်ဘဲ ပျံသန်း၍ နှင်းများကို အတောင်ပံမှ ခါချလိုက်သည်။ နှင်းသည်လည်း ဖုန်မှုန့်ကလေးများကဲ့သို့ ဖွာ၍ ကျနေသည်။ နှင်းပွင့်အချို့သည် ပြတင်း တံခါးချပ် မှန်များပေါ်တွင် ပေါင်ဒါရိုက်ထားသလို ကပ်၍ဖွေးနေသည်။

တာတိအားနွားသည် ဖယောင်းတိုင်တစ်တိုင်ကို မီးညှိပြီးလျှင် စားပွဲပေါ်တွင် စိုက်ထားလိုက်သည်။ လက်ကိုင်ပါသော ကုလားထိုင်ပေါ်တွင် ထိုင်ရင်း ဖယောင်းတိုင်မှ ထွက်





နေသော မီးလျှံလေးကို အကြာကြီး ငေးစိုက်ကြည့်နေသည်။ မီးလျှံကလေးသည် လေငြိမ်နေသဖြင့် လှုပ်ရှားခြင်းသုံးဝပင် မရှိ၊ စင်းစင်းထောက်လျက် ရှိ၏။ ထို့နောက် သူသည် ပုံထားသော စာများထဲမှ စာတစ်စောင်ကို ကောက်၍ စာအိတ်ကို ဖွင့်လိုက်ပြီးလျှင် အခန်းတံခါးရှိရာဘက်သို့ သမင် လည်ပြန် တစ်ချက်ကြည့်ပြီးနောက် စာကို ဖတ်လေသည်။

'ဖေဖေ....ကျွန်တော်ဆေးရုံဘက်နေတာ တစ်လရှိသွားပြီ၊ ကျွန်တော့်ဒဏ်ရာက မကြီးပါဘူး၊ အခု တဖြည်းဖြည်း ကျက်လာပါပြီ၊ ကျွန်တော့်အတွက် အစိုးရိမ် ကြီးမနေပါနဲ့ဗျာ၊ ပြီးတော့လဲ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်မနေနဲ့ဦး၊ တောင်းပန်ပါတယ် ဖေဖေရယ်....'

'ဖေဖေ... ကျွန်တော်လေ ဖေဖေကိုရော၊ ကျွန်တော်တို့ အိမ်ကိုရော၊ ကျွန်တော်တို့ မြို့ကလေးကိုရော မကြာ မကြာ သတိရတယ်၊ အခုတော့ ကျွန်တော်ဟာ ကမ္ဘာ့တစ်ဖက်စွန်းမှာ ရောက်နေသလိုပဲ၊ အတော်ကြီးဝေးတဲ့ အရပ်ဒေသမှာ ရောက်နေတော့တယ်၊ ဒါပေမယ့် ကျွန်တော်တော့ မျက်စိမှိတ်လိုက်ရင် ကျွန်တော်ဟာ ကျွန်တော်တို့အိမ်ရဲ့ ဝင်းတံခါးကိုဖွင့်ပြီး ဥယျာဉ်ထဲ ဝင်သွားတာကို မြင်ရတော့တာပါပဲ၊ အခုဆို ဆောင်းတွင်းခါမို့ နှင်းတွေဝေနေမှာပေါ့၊ ပန်းရုံအိုကလေး ရှိရာကို သွားတဲ့ လမ်းကလေးဟာ ချုံတွေမြက်တွေ ရှင်းထားပြီးသား ဖြစ်မှာပဲနော်၊ ပန်းချုံတွေဟာလဲ နှင်းတွေ ဖုံးလို့ ဖွေးဖွေးဖြူ နေကြတော့မှာပေါ့၊ အိမ်ခန်းတွေထဲမှာတော့ မရှေးနွေးအိုးတွေ ဆူသံ ပွေးနေ လိမ့်မယ်၊ ထင်းမျိုးသား



www.burmeseclassic.com

မီးဆိုက်ထားသလို ထင်းရှူးနံ့ မွှန်နေတဲ့ မီးခိုးတွေ ပြည့်နေမှာ အမှန်ပဲ၊ စန္ဒရားကြီးကို အသံညှိပြီး ရော့ပေါ့၊ ကျွန်တော် လီနင်ဂရက်မြို့ကဝယ်လာတဲ့ ပင်လီမ်ဖယောင်းတိုင်ကြီးတွေကို ဖယောင်းတိုင် ခံခွက်တွေမှာ တည့်ပြီး စန္ဒရားကြီးပေါ်မှာထင်ထားတယ် မဟုတ်လား၊ ပြီးတော့လဲ 'ဂျိန်းအော့ပ်စပိတ်ဒ္ဒါ'ပြဇာတ်ရဲ့ ပဏာမတီးလုံး ဂီတသင်္ကေတ စာရွက်နဲ့ 'အဖနိုင်ငံ စေးရာကမ်းခြေသို့ ချီတက်ရပြီ' ဆိုတဲ့ သီချင်းဂီတသင်္ကေတစာရွက်တွေလဲ အသင့်ရှိမှာပေါ့နော်၊ ဟြော်–တံခါးမှာတပ်ထားတဲ့ ခေါင်းလောင်းကလေး မြည်သေးရဲ့လား၊ အို.... မေဖေချယ်.... ကျွန်တော်ဟာ ဒီပစ္စည်းတွေအပေါ်မှာ ဘယ်လောက် သံယောဇဉ်ကြီးတယ်၊ ဒီလို အင်မတန်မှဝေးတဲ့ အရပ်ဒေသကအိမ်ကို ဘယ်လောက်လွမ်းနေတယ် ဆိုတာတွေကို ဖေဖေ သိထားစေချင်ပါတယ်၊ ကျွန်တော်ပြောတာကိုကြားရလို့ အံ့အားသင့်မသွားနဲ့ဦး၊ ကျွန်တော်ဟာ တိုက်ပွဲမှာ ပြင်းပြင်းထန်ထန် တိုက်နေရတဲ့ အခိုက်အခါမှာ ဒါတွေကို သတိရတယ်လို့ပြောရင် ဖေဖေကာ အံ့အားသင့်မသွားနဲ့ဦး၊ ကျွန်တော်ဟာ တိုက်ပွဲမှာ အသက်စွန့်ပြီး တိုက်ခိုက်တာဟာ တိုင်းပြည်ကြီးတစ်ပြည်လုံးကိုသာ ကာကွယ်နေတာမဟုတ်ဘူး၊ ကျွန်တော့်အချစ်ဆုံးဖြစ်တဲ့ အဲဒီနေရာကလေးရယ်၊ ဖေဖေရယ်၊ ကျွန်တော်တို့ရဲ့ ဥယျာဉ်ကလေးရယ်၊ ကျွန်တော်တို့ရဲ့ လူငယ်ကလေးများရယ်၊ မြစ်တစ်ဖက်မှာရှိတဲ့ သစ်တောအုပ်ကလေးရယ်၊ အဆုံးပြောရရင် ကျွန်တော်တို့ရဲ့ ကြောင်ဖားကြီး အာ





စ်ချယ်၊ အဲဒါ အားလုံးကိုလဲ ကာကွယ်ဖို့ တိုက်တာပါပဲ၊ ရယ်ပါနဲ့ဖေဖေ၊ ခေါင်းလဲ မခါပါနဲ့'

'ကျွန်တော် ဆေးရုံကဆင်းရင် ကျွန်တော့်ကို သူတို့က အိမ်ပြန်ဖို့ အခွင့်ရက်နည်းနည်းတော့ ပေးပါလိမ့်မယ်၊ မသိဘူးလေ၊ အသေအချာ မပြောနိုင်သေးဘူး၊ ဒါကြောင့်မို့ ဖေဖေအာ ကျွန်တော့်ကို မျှော်မနေနဲ့ဦး'

တာတိယာနားသည် စားပွဲတွင် အကြာကြီး ထိုင်၍ ပြတင်းမှ အပြင်ဘက်သို့ ငေးစိုက်ကြည့်နေသည်။ အပြင်ဘက်တွင် မိုးသောက်ချိန် တဖြည်းဖြည်းရောက်လာသဖြင့် အပြာရင့်ရောင်သမ်းလျက် ရှိနေလေပြီ၊ ထိုစာရေးသူသည် ရှေ့တန်းစစ်မျက်နှာမှ အခါမလင့် ရောက်လာနိုင်သည်ဟု သူ တွေးမိသည်၊ ရောက်လာလျှင် အိမ်တွင် သူစိမ်းများ ဝင်ရောက်နေထိုင်လျက်ရှိကြောင်းကို မြင်တွေ့ရပြီး သူတွေ့ချင် မြင်ချင်သည့် အစီအစဉ် အခြေအနေအတိုင်း မတွေ့ရ မမြင်ရဖြစ်သည့်အခါတွင် အတော်ပင် စိတ်မချမ်းမသာဖြစ်ရှာမည်ဟု တွေးမိလေသည်။

နောက်နေ့ နံနက်တွင် သူ့သမီးတာလေးကို သစ်သားထယ်ဖြင့် ပန်းရိုက်ကလေးရှိရာ တောင်ကုန်းကလေးသို့ သွားသော ခြေသွားလမ်းကလေးကို မြက်ရှင်း ခိုင်းလေသည်။ ပန်းရိုက်ကလေးမှာ အခုတော်ပဓိ အိုနေလေပြီ၊ သစ်သားတိုင်များသည် ရေညှိများတက်၍ ညိုမည်းမည်းဖြစ်နေသည်၊ တာတိယာနာ ကိုယ်တိုင် တံခါးခေါင်းလောင်းကိုပြင်သည်၊ ခေါင်းလောင်းပေါ်တွင် 'ကျုပ် တံခါးပေါ်မှာ တွဲလွဲချိတ်နေတယ်၊ မျှော်

www.burmeseclassic.com



ပျော်ပါးပါး ထီးလိုက်ခမ်းပါ'ဟူသော ဟာသထမ္မည်း ထိုး ထားသည်၊ တာတီယားနားသည် ခေါင်းလောင်းကိုထိကြည့် သည်၊ ခေါင်းလောင်းသည်လည်း ရှုးရှုသောအသံဖြင့် မြည် လေသည်၊ ကြောင်ဖားကြီး အာဇစ်သည် မနှစ်သက်ဟန်ဖြင့် ခေါင်းထောင်၍ နားစွင့်ပြီးနောက် စိတ်ဆိုးသွားပြီးလျှင် အခန်းထဲမှ ထွက်သွားလေသည်၊ ခေါင်းလောင်း၏ မြူးရှင် သော မြည်သံသည် သူ့အား မလေးစားမှုပြုခြင်းဟု ယူဆ လေဟန်ရှိသည်။

နေ့လယ်လောက်တွင် စိတ် လှုပ်ရှား တက်ကြွနေသဖြင့် သူ့မျက်လုံးများ နက်မှောင်၍ ပါးအို့ကလေးများနီလျက် စကားကြွယ်နေသော တာတီယားနားသည် မြို့ထဲမှ စန္ဒရား အသံညှိဆရာအိုတစ်ယောက်ကို ခေါ်လာသည်။ ထိုအဘိုးကြီး သည် ရုရှားနိုင်ငံသားအဖြစ် ခံယူထားသော ချက်လူမျိုး ဖြစ်သည်။ စန္ဒရားအသံ ညှိတတ်ရုံသာမက မီးဖိုလည်းပြုပြင် တတ်သည်။ ကလေးအရုပ်များလည်း ပြင်တတ်သည်။ သူ့ အမည်မှာ ရယ်ဇော့၊ နဲဗိဒါးလ်ဖြစ်သည်၊ စန္ဒရားကို အသံ ညှိပြီးနောက် အဘိုးကြီးက စန္ဒရားမှာ အဟောင်းဖြစ်နေ သော်လည်း အလွန်ကောင်းသည်ဟု ဆိုသည်။ တာတီယား နားက သူ မပြောခင်ကတည်းက သိနှင့်ပြီးဖြစ်သည်။

အဘိုးကြီးသွားပြီးနောက် တာတီယားနားသည် စားပွဲ အံဆွဲများအားလုံးကိုဆွဲဖွင့်၍ ရှာဖွေရာ မင်လိမ်ဖယောင်းတိုင် ကြီးများကို တွေ့ရသည်။ ဖယောင်းတိုင်ကြီးများကို တိုင်ခွက် များတွင် စိုက်ပြီးလျှင် စန္ဒရားကြီးပေါ်တွင် တင်ထားလိုက်





သည်။ ညနေစောင်းတွင် ဖယောင်းတိုင်များကို မီးညှိထွန်း ပြီးလျှင် စန္ဒရားရှေ့တွင်ထိုင်၍ တီးဝလရာ တစ်အိမ်လုံးမှာ တူရိယာသံ မြည်လျှံ လျက်ရှိလေသည်။

စန္ဒယားအတီးရပ်လိုက်ပြီး ဖယောင်းတိုင်မီးများ ငြိမ်း လိုက်ပြီးသောအခါဝယ် အခန်းထဲတွင် ခရစ်စမတ် ချိန်ခါ၌ တွေ့ရသော ခရစ်စမတ် ပဒေသာပင်မှထွက်သည့်ထင်းရှူး နံ့ပါသော မီးခိုးနံ့သင်းပျံ့လျက် ရှိလေသည်။

ဗာယာသည် ချုပ်တီးမနိုင် ဖြစ်ရသည့်အလျောက် 'မေမေ ကလဲ ဘာလို့ သူများပစ္စည်းတွေကို ကိုင်ရတာလဲ' ဟု တာတီ ယားနားက မေးလိုက်သည်၊ 'ကျွန်မကိုတော့ မကိုင်ရဘူးလို့ ဆိုတယ်၊ မေမေကတော့ ကိုင်တယ်၊ ခေါင်းလောင်းရယ်၊ ဖယောင်းတိုင်တွေရယ်....၊ စန္ဒရားရယ်၊ အို .... အားလုံးပါပဲ မေမေကိုင်တာ၊ ပြီးတော့လဲ သူများရဲ့ ဆီချင်းတွေ တီးလုံး တွေကိုလဲ စန္ဒရားမှာ တီးသေးတယ်' ဟု ဆိုသည်။

'အို...ဒါကတော့ ငါကအသက်ကြီးပြီကိုးကွဲ'ဟု တာတီ ယားနားက ပြန်ပြောလိုက်သည်။ ဗာယာမျက်မှောင်ကြုံ၍ သူ့မိခင်ကို မယုံကြည်ဟန်ဖြင့် ကြည့်လေသည်။ ထိုအချိန် ထို အခါတွင်ကား တာတီယားနားသည် လူကြီးအရာဝင်ပြီ ဟု ဆိုသာသည်၊ သူ့မျက်နှာသည် ရှင်ကြည်သန်းလျက်ရှိ၏။ နှုန်းခေတ်ကြီးတွင် ဖန်ဖိနပ်ကလေးတစ်ဖက် ပျောက်သော (ပုံပြင်ထဲက) ဆင်ဒရဲလား အမျိုးသမီးလေး ကဲ့သို့ပင် လန်းရွှင်ကြည်လင်လျက် ရှိပေသည်၊ တာတီယားနားကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကပင် သူ့သမီးဗာယ်အား ဆင်ဖရဲလားကလေးအကြောင်းကို ပြောပြဖူးလေသည်။

* * *

မီးရထားပေါ်သို့ လိုက်ပါလာစဉ် ဗိုလ်နီကိုလိုင်း ပေါ်တာပေါ့ဗ်သည် သူ့ဖခင်ထံတွင် နှစ်ဆယ့်လေးနာရီထက် ပိုကြာ၍ နေနိုင်မည်မဟုတ်ဟု တွက်လျက်ရှိ၏။ သူရခဲ့သောအခွင့်မှာ ရက်အလွန်တိုသည်၊ ခရီးသွားရချိန်က များနေသဖြင့် ဖခင်ထံတွင် ကြာရှည်နေနိုင်မည် မဟုတ်ချေ။

ရထားသည် မြို့နယ်ကလေးသို့ နေ့လယ်အချိန်တွင်ဆိုက်သည်၊ ရောက်လျှင်ရောက်ချင်းပင် သူနှင့်သိသော ရှုံပိုင်ထံမှ သူ့ဖခင်ကြီး ကွယ်လွန်သည်မှာ တစ်လရှိသွားပြီဖြစ်ကြောင်း သိရသည်။ မော်စကိုမြို့မှ ဗုံးပြေးအဖြစ် ရောက်လာသော အဆိုတော် အမျိုးသမီးကလေးနှင့် သူ့သမီးကလေးတို့ သူ့ဖခင်၏ အိမ်တွင် တက်၍ နေကြကြောင်းကိုလည်း သိရလေသည်။

'ဗုံးပြေးပေါ့'ဟု ရှုံပိုင်က ပြောသည်။

ဗိုလ်ပေါ်တာပေါ့ဗ်သည် ပြတင်းမှနေ၍ ငေးကြည့်ကာငြိမ်နေလေသည်၊ ရထားစီးတို့သည် သူတို့၏ ဂွမ်းကပ်အင်္ကျီကြီးများနှင့် သက္ကလပ်ဖိနပ်ကြီးများဖြင့် လက်ဖက်ရည် ကရားများကို ကိုင်ကာ ပြေးလွှားနေကြသည်၊ ဗိုလ်ပေါ်တာပေါ့ဗ်၏ ဦးနှောက်မှာ ချာချာလည်နေသည်။





'မင်းရဲ့အဖေကြီးဟာ အင်မတန် သဘောသဘာဝကောင်းရှာတာပါပဲကွယ်၊ သူ့ခမျာ မသေခင် သားကို တွေ့မသွားရရှာဘူး'ဟု ရှုံပိုင်က ပြောသည်။

'အမြန်ရထား ဘယ်တော့ရှိသလဲ'ဟု ဗိုလ်ပေါ်တာပေါ့ဗ်က စုံစမ်းလိုက်သည်။

'မနက် ငါးနာရီ'ဟု ရှုံပိုင်က ဖြေကြားသည်။

'ငါ့အိမ်မှာ တည်းပါလား၊ အိမ်တအားကြီးက မင်းကို ကျွေးမွေးပြုစုမှာပေါ့၊ မင်းမှာ သွားစရာ အိမ်မှရှိတော့တာမဟုတ်တာ'ဟု ဆက်၍ ဆိုသည်။

'ကျေးဇူးတင်ပါတယ်'ဟု ဗိုလ်ပေါ်တာပေါ့ဗ်က ပြောပြီးလျှင် ဘူတာရုံထဲမှ ထွက်သွားလေသည်၊

ရှုံပိုင်သည်လည်း သူထွက်သွားသည်ကို ကြည့်ရင်း ခေါင်းယမ်းလေသည်။

ပေါ်တာပေါ့ဗ်သည် မြို့ကလေးကို ဖြတ်၍ မြစ်ဘက်သို့ လျှောက်သွားသည်။ ကောင်းကင်သည် ပြာမှုံ့သော အရောင်ကို ဆောင်လျက်ရှိ၏၊ ကောင်းကင်နှင့် မြေကြီးကြားတွင် နှင်းစက်မှုန်တို့သည် ခပ်ဖောင်းဖောင်း ပျံကျလျက်ရှိကြလေသည်။ ကျီးကန်းတို့သည် နွားချေးများ အနှံ့အပြားရှိနေသောလမ်း တစ်လျှောက်တွင် ခုန်ဆွခုန်ဆွ လုပ်နေကြသည်။ မှောင်စပြုလေပြီ၊ မြစ်တစ်ဖက်ကမ်းမှ တောအုပ်ကို ဖြတ်၍ တိုက်လာသော လေသည် သူ့မျက်ရည်များ သူ့မျက်စိထဲမှ တိုက်ထုတ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ....ဘယ်နှယ်ရှိစ၊ ငါရောက်တာ အရောက်နောက်ကျပြီ၊ အခုဆိုရင် ဒီမြို့၊ ဒီမြစ်၊ ဒီအိမ် ဒါတွေအားလုံးဟာ ငါ့အဖို့ ပြင်ပြင် စိမ်းနေပြီ'ဟု ပေါ်တာပေါ့မ်က သူ့ကိုယ်သူ ပြောပြသည်။

သူသည် ပြန်လှည့်ပြီးလျှင် မြို့၏တစ်ဖက်တွင် ရှိသော တောင်ကုန်းကို လှမ်း၍ကြည့်လိုက်သည်။ တောင်ကုန်းပေါ်တွင်ဥယျာဉ်သည် နှင်းဖွေး၍နေ၏။ ဥယျာဉ်ရှေ့ဘက်ပိုင်းတွင် အိမ်ကို ခပ်ညိုညို ခပ်မည်းမည်းတွေ့ရသည်။ အိမ်မိုးတွင်ဖောက်ထားသော ခေါင်တိုင်မှထွက်နေသော မီးခိုးကို လေက ပင့်ယူ၍ တောအုပ်ဘက်သို့ ပို့လျက်ရှိသည်။

ပေါ်တာပေါ့မ်သည် အိမ်ရှိရာသို့ ခပ်ဖြည်းဖြည်းလျှောက်သွားသည်။ အိမ်ဝင်းထဲသို့ မဝင်ရန် ဆုံးဖြတ်ပြီးဖြစ်သည်။ သို့ရာတွင် အိမ်နားမှ ဖြတ်၍သွားပြီးလျှင် ဥယျာဉ်ထဲရှိ ပန်းရုံ အိုကလေးအနားတွင် ခဏမျှရပ်ကာ ဥယျာဉ်ကို ကြည့်မည်ဟု ရည်ရွယ်ထားသည်။ လူ့ဖခင်ကြီး အိမ်ပေါ်တွင် ဘာမျှမဆိုင်သော သူစိမ်းများ တက်နေသည်ဆိုသည့်အချက်ကို မကျေနပ်နိုင်၊ လက်မခံနိုင်သလို ဖြစ်နေသည်။ သို့ဖြစ်၍ ဘာမျှမကြည့်ဘဲ ထွက်သွားမှသာ သူ့စိတ်မှာ ငြိမ်းချမ်းဖြစ်မည်။ အတိတ်ကာလကို မေ့ပျောက်ပစ်နိုင်ပေမည်။

'အင်း....ငါလဲ တနေ့တခြား အသက်ကြီးလာတော့ ဘာကိုပဲဖြစ်ဖြစ် အားလုံးကို မကျေနပ်ချင်သလိုလို ဖြစ်လာမှုကိုး'ဟု သူက တွေးမိသည်။





ဆည်းဆာချိန်တွင် သူသည် အိမ်အနီးသို့ ရောက်လာ၏။ ဝင်းတံခါးကို သတိနှင့်ဖွင့်သည်။ သတိထား၍ ဖွင့်သော်လည်း ဝင်းတံခါးသည် ကျွီခနဲ မမြည်ဘဲမနေချေ။ ဥယျာဉ်သည်လည်း ရှုတ်တရက် လှုပ်ရှားသွားသည်ဟု ထင်ရသည်။ သစ်ကိုင်းများပေါ်မှ နှင်းမှုန်များသည် တရှဲရှဲကျကြသည်။ ပေါ်တာပေါ့မ်သည် လှည့်၍ ကြည့်လိုက်သည်။ နှင်းမှုန်များ နှင်းထူးသော မြေသွားလမ်းကလေးသည် ပန်းရုံ အထိ ရောက်လေသည်။ သူသည် ပန်းရုံသို့ လျှောက်သွားပြီးလျှင် ဟောင်းနွမ်းနေသောတန်းကို ကိုင်လိုက်သည်။ တောင်အုပ် ထူ၍ ဝေးလံသောဒေသ၌ ကောင်းကင်သည် ပန်းရောင် ခပ်ပြေပြေ ဖြစ်နေသည်။ တိမ်တိုက်များနောက်မှ လထွက်လာရန်ရှိသည်။ ပေါ်တာပေါ့မ်သည် ဦးထုပ်ကို ချွတ်ပြီးလျှင် သူ့ဆံပင်ကိုလက်ဖြင့် သပ်နေသည်။ တောင်ကုန်းပေါ်တွင် ငြိမ်သက်လျက်ရှိ၏။ တောင်ကုန်းအောက်ရှိ ရွာတွင်းများတွင် ရေခပ်နေသော မိန်းမများ၏ သံပုံးသံတို့ကိုသာ ကြားနေရသည်။

ပေါ်တာပေါ့မ်သည် တန်းပေါ်တွင်မှီ၍ အသံတိုးတိုးဖြင့် "ဒီလိုဖြစ်တာ ဘယ်လိုကြောင့်ပါလိမ့်"ဟု ဆိုလိုက်လေသည်။

တစ်ယောက်ယောက်က သူ့ပခုံးကို ထိလိုက်သဖြင့် သူက လှည့်ကြည့်လိုက်သည်။ သူ့နောက်တွင် မျက်နှာထားတင်းတင်းမျက်နှာဖြူဖြူ ရော်ရော် မိန်းမငယ် တစ်ယောက် ရပ်နေလေသည်၊ ထိုမိန်းမငယ်၏ ဦးခေါင်းတွင် ရွှေရောင်ဆံပင်သေး တစ်ထည် ပတ်လျက်ရှိသည်၊ သူသည် ပေါ်တာပေါ့မ်ကို သူ၏



www.burmeseclassic.com

www.burmeseclassic.com



နက်မှောင်စူးစိုက်သော မျက်လုံးတို့ဖြင့် ငြိမ်သက်စွာ ကြည့်နေသည်။ သစ်ကိုင်းပေါ်မှ ကျလာဟန်ရှိသော နှင်းမှုန်တို့သည် သူ့မျက်တောင်နှင့် ပါးများပေါ်တွင် အရည်ပျော်လျက် ရှိလေသည်။

'ဦးထုပ်ဆောင်းပါ၊ အအေးမိနေမယ်ဦးမယ်၊ အိမ်ထဲဝင်ကြပါစို့ရှင်၊ ဒီနေရာမှာ ရပ်မနေပါနဲ့'ဟု မိန်းမက ညှင်သာသော အသံဖြင့် ဆိုသည်။

ပေါ်ဘာပေါ့ဗ်သည် ငြိမ်၍ ရပ်နေသည်။ ထိုမိန်းမက သူ့အင်္ကျီလက်စကို ဆွဲ၍ သူ့ကို နှင်းရှင်းထားသော ခြေသွားလမ်းကလေးအတိုင်း ခေါ်သွားလေသည်။ ပေါ်တာပေါ့ဗ်သည် ဆင်ဝင်အောက်တွင် ရပ်လိုက်သည်။ ထိုမိန်းမက ယခင်က ညှင်သာသော အသံမျိုးဖြင့်ပင် 'ကိစ္စမရှိပါဘူး၊ ကျွန်မကို ရှက်နေစရာ မလိုပါဘူး၊ အခုပဲ ရှင်နေရထိုင်ရ သက်သာသွားမှာပါ'ဟု ဆိုသည်။

သူသည် ဖိနပ်တွင် ကပ်နေသော နှင်းမှုန်များ ကွာကျသွားအောင် ခြေကို ဆောင့်၍ နင်းလိုက်သည်။ ချက်ချင်းပင်လျှင် တံခါးခေါင်းလောင်းသည် တစာစာတင် မြည်သွားလေသည်။ ပေါ်တာပေါ့ဗ်သည် သက်ပြင်းချပြီးလျှင် အသက်ရှူ တစ်ချက် ထိန်းလိုက်သည်။

သူသည် နှုတ်မှ မသဲမကွဲဆိုရင်း အိမ်ထဲသို့ ဝင်သွားပြီးလျှင် အပြင်ကုတ်အင်္ကျီကြီးကို အခန်းဝတွင် ချွတ်လိုက်သည်။ ထင်းရှူးမီးခိုးနံ့ သဲ့သဲ့ ရလိုက်သည်။ ကြောင်ဖားကြီး အာစင်ကိုလည်း မြင်တွေ့ရသည်။ ကြောင်ကြီးသည် ဆိုဖာပေါ်တွင်





ထိုင်ရင်း သန်းလျက်ရှိ၏။ ကျစ်ဆံမြီးနှင့် သူငယ်မကလေး ဆိုဖာအနီးတွင်ရပ်၍ပေါ်တာပေါ့ဗ်ကို ရှင်ကြည်သော မျက်လုံးများဖြင့် ကြည့်နေသည်။ ပေါ်တာပေါ့ဗ်၏ မျက်နှာကို ကြည့်ခြင်းမဟုတ်၊ သူ့ခေါင်းပေါ်က ဆွေရစ်များကို ကြည့်ခြင်းပင်ဖြစ်သည်။

'ဝင်ခဲ့ပါ'ဟု တာတီယားနားက ခေါ်သည်။ ပြီးလျှင် ပေါ်တာပေါ့ဗ်ကို မီးဖိုခန်းထဲသို့ ခေါ်ဆောင် သွားသည်။

မီးဖိုခန်းထဲတွင်ရေတွင်းမှခပ်ထားသောရေအေးတစ်အိုးနှင့် အနီးတွင် ပေါ်တာပေါ့ဗ် မြင်တွေ့နေကျဖြစ်သော ဝက်သစ်ချရွက်များသဏ္ဌာန် ပန်းထိုးထားသော မျက်နှာသုတ်ပဝါကလေး ဖြန့်လွှန်းထားသည်ကို တွေ့ရသည်။

တာတီယားနား ထွက်သွားပြီးနောက်၊ သူငယ်မကလေးသည် ဆပ်ပြာယူလာပြီးလျှင် ပေါ်တာပေါ့ဗ်ကို ပေးသည်။ ထို့နောက် ပေါ်တာပေါ့ဗ် ယူနီဖောင်း အပေါ်အင်္ကျီကို ချွတ်၍ မျက်နှာသစ်သည်ကို ရပ်၍ကြည့်နေသည်။ ပေါ်တာပေါ့ဗ် အဖို့ ကြောင်တက်တက် ဖြစ်ခြင်းသည် မပြေပျောက်သေးချေ။

'မင်းအမေက ဘာလုပ်နေတာလဲ'ဟု သူက မေးလိုက်ရာ၊ သူငယ်မကလေးက ရှက်သွေးဖြာသွားသည်။ သူက စကားမရှိစကားရှာ၍ မေးခြင်း ဖြစ်သည်။

သူငယ်မကလေးက အသံတိုးတိုးဖြင့် 'သူက သူ့ကိုယ်သူ လူကြီးလို့ ထင်နေတာ၊ တကယ်တော့ ဘယ်ဟုတ်မှာလဲ၊ ကျွန်မထက်တောင် ကလေးဆန်ချင်သေးတယ်'ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'ဟု ပေါ်တာပေါ့ဗ်က မေးသည်။

သူငယ်မထလေးက ဘာမျှ ပြန်မဖြေတော့ဘဲ ရှယ်မောရင်း မီးဖိုခန်းထဲမှ ပြေးထွက်သွားလေသည်။

တစ်ညနေလုံးမှာပင် ပေါ်တာပေါ့ဗ်သည် ထူးထူးဆန်းဆန်း ဖြစ်နေသဖြင့် တစ်ညလုံး အိပ်ရသည်မှာ ပျော်၍ပျော်၍ သွားသော်လည်း စိတ်ချလက်ချ မရှိသလို ဖြစ်နေလေသည်။ အိမ်ထဲမှာ သူ လိုချင်သမျှအားလုံး အသင့်ရှိပြီး ဖြစ်နေသည်။ စန္ဒရားပေါ်တွင် သူလိုချင်သော ဂီတသင်္ကေတ စာရွက်များ ရှိနေသည်။ ပင်လိမ်ဖယောင်းတိုင်ကြိုးများလည်း ရှိနေသည်။ ရှိနေရုံသာမက တစ်ဖျောက်ဖျောက်မြည်၍ မီးလျှံတောက်နေလေသေးသည်။ ဆေးရုံမှ သူရေးလိုက်သော စာများပင်လျှင် စုပုံလျက်ရှိသည်။ စာများကို သူ့ဖခင် ထားရှိလေ့ရှိသည့်အတိုင်းပင် စားပွဲပေါ်တွင် ကြွန်ပါဟောင်းကြီးဖြင့် ဖိထားလေသည်။

လက်ဖက်ရည် သောက်ပြီးနောက်၊ တာတိယာနားက ပေါ်တာပေါ့ဗ်ကို သူ့ဖခင်၏ သင်္ချိုင်းနေရာသို့ ခေါ်သွားသည်။ သင်္ချိုင်းသည် သစ်ပင်အုပ်၏ တစ်ဖက်တွင် ရှိသည်။ မှုန်နေသော လသည် အတော်မြင့်နေလေပြီ။ လရောင်မှိန်မှိန်သည် ထင်းရှူးပင်များအပေါ်တွင်ကျနေသည်။ ထင်းရှူးပင်ရိပ်များသည်လည်း နှင်းပေါ်တွင် ရေးရေး ကျလျက်ရှိ၏။

ထို့နောက် ညဘက်တွင် တာတိယာနားသည် စန္ဒရားအခန်းတွင် ထိုင်၍ ခလုတ်များကို သူ့လက်ချောင်းကလေး





များဖြင့် အသာအယာ လျှောက်၍ နှိပ်လိုက်ပြီးလျှင် ပေါ်တာပေါ့ဗ်ဘက်သို့ လှည့်၍....

'နေပါဦး၊ ကျွန်မ ရှင့်ကို အရင်က မြင်ဖူးတယ် ထင်မိတယ်'ဟု ဆိုလေသည်။

'မြင်ဖူးချင် မြင်ဖူးမှာပေါ့'ဟု ပေါ်တာပေါ့ဗ်က ပြန်၍ ပြောလိုက်သည်။

သူသည် တာတိယာနားကို လှမ်း ကြည့် လိုက် သည်။ ဖယောင်းတိုင် မီးရောင်သည် တာတိယာနား၏ မျက်နှာတစ်ဝက် အပေါ်တွင် ကျနေသည်။ ပေါ်တာပေါ့ဗ်သည် ထ၍ အခန်းတစ်ဖက်ထောင့်သို့ လျှောက်သွားပြီးလျှင် ရပ်၍ ပြန်ကြည့်ကာ 'ကျွန်တော်တော့ မမှတ်မိဘူး'ဟု ခပ်တိုးတိုး အသံဖြင့် ဆိုလိုက်လေသည်။

တာတိယာနားသည် ပေါ်တာပေါ့ဗ်ကို လှည့်၍ စူးစူးစိုက်စိုက် ကြည့်လိုက်သော်လည်း ဘာမျှ ပြန်မပြောချေ။

ပေါ်တာပေါ့ဗ်ကို စာကြည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် အိပ်စေသည်။ ပေါ်တာပေါ့ဗ်သည် အိပ်မပျော်နိုင်ပေ။ အိမ်၌ နေရသမျှ အချိန်ကာလတွင် တစ်မိနစ်ကိုမျှ ဖြုန်းတီးမပစ်ချင်လောက်အောင် အချိန်ကို တန်ဖိုးထားနေသောကြောင့်ပင် ဖြစ်သည်။

သူသည် ကြောဇီဖားကြီး အာစစ်၏ ခိုးကြောင်ခိုးဝှက် လျှောက်သွားသံကို အိပ်ရာထဲမှနေ၍ နားထောင်နေသည်။ နာရီ၏စက်သံကိုလည်း နားထောင်နေသည်။ တာတိယာနားက တံခါးပိတ်ထားသော အခန်းထဲတွင် အရေးထိန်း



www.burmeseclassic.com

မိန်းမကြီးကို တိုးတိုးမွာနေသံကိုလည်း နားထောင်နေသည်။ ထို့နောက် တံခါးပိတ်သံမြူတိသွားပြီးလျှင် အလေးထိန်းကြီးလည်း အခန်းထဲမှ ထွက်သွားသည်။ တံခါးနောက်က အလင်းရောင်ခြည်မြင်ကလေးသည်ကား လင်းမြဲလင်းလျက် ရှိသည်။ ပေါ်တာပေါ့စ်သည် စက္ကူသံကို ကြားရသည်။ တာတီယားနားသည် မနက်တွင် မီးရထားမီအောင် သွားနိုင်ဖို့ သူ့ကို အချိန်မီ နှိုးနိုင်ရန် တစ်ညလုံး မအိပ်တော့ဘဲ စာဖတ်၍ နေဟန် ရှိသည်။ သူကလည်း မအိပ်ပါဟု ပြောလိုက်ချင်၏။ သို့သော် တာတီယားနားထံသို့ သွားပြောဖို့ စိတ်မပိုင်းဖြတ်နိုင် ဖြစ်လျက် ရှိသည်။

လေးနာရီထိုးသောအခါ တာတီယားနားသည် တံခါးကို အသာဖွင့်၍ သူ့ကို လှမ်းခေါ်သည်။ သူလည်း အိပ်ရာထဲမှ လူးလွန့်လိုက်သည်။

'ထဖို့ အချိန်တန်ပြီ၊ နှိုးရတာ အားနာပါတယ်' ဟု တာတီယားနားက ဆိုသည်။

သူသည် ပေါ်တာပေါ့စ်နှင့်အတူ အိပ်မောကျလျက်ရှိသော မြို့ကလေးကိုဖြတ်၍ ဘူတာရုံသို့သွား၍ လိုက်ပို့သည်။ မီးရထားခေါင်းလောင်းဒုတိယအကြိမ်တီးသောအခါ သူတို့နှစ်ယောက် နှုတ်ဆက် စကားပြောကြသည်။ တာတီယားနားကလည်း လက်နှစ်ဖက်ကို ဆန့်၍ နှုတ်ဆက်ရင်း 'ဆွေမျိုးလိုဖြစ်နေကြပြီပဲဟာ၊ ဟိုရောက်ရင် စာရေးလိုက်နော်' ဟု ဆိုသည်။

ပေါ်တာပေါ့စ်က ဘာမျှပြန်မပြောဘဲ ခေါင်းညိတ်ရုံသာ ညိတ်လေသည်။





ရက်အနည်းငယ် ကြာလတ်သော် တာတီယားနားသည် ပေါ်တာပေါ့စ်ထံမှ စာတစ်စောင်ရသည်။ စာကို ခရီးလမ်းမှာပင် ရေး၍ ထည့်ပေးလိုက်ခြင်း ဖြစ်သည်။ စာက ဤသို့ ဆို၏။

'ကျွန်တော်တို့နှစ်ယောက် ဘယ်နေရာမှာ တွေ့ဖူးကြတယ် ဆိုတာ မှတ်မိပါတယ်၊ ဒါပေမယ့် အိမ်မှာတုန်းက ခင်ဗျားကို ပြောမပြချင်လို့ မပြောခဲ့တာပါ၊ ၁၉၂၇-ခုနှစ်မှာ ကရိုးမီးယားမှာပေါ့၊ မမှတ်မိတော့ဘူးလား၊ ဆောင်းဦးပေါက်မှာလေ၊ လီဗားဒီယားပန်းခြံထဲက သကြားပန်းအိုးကြီးတွေကို ရော မှတ်မိသေးရဲ့လား၊ အဲဒီတုန်းက ကောင်းကင်ဟာ မှုန်မှိုင်းမှိုင်းဖြစ်နေတယ်၊ ပင်လယ်ကြီးကလဲ အရောင်မဲ့ထဲတဲနဲ့၊ ကျွန်တော်က အော်ရီယန်းဒါးဘက်ကို လျှောက်အသွားပေါ့၊ ထမ်းဘေားနားက ခုံရှည်တစ်ခုပေါ်မှာ အမျိုးသမီးကလေး တစ်ယောက်ထိုင်နေတယ်၊ အသက်ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမယ်၊ သူက ကျွန်တော်ကိုမြင်တော့ ကျွန်တော့်ဆီကို လျှောက်လာတယ်၊ အနားရောက်တော့ ကျွန်တော်က သူ့ကို လှမ်းပြီး တစ်ချက်ကြည့်လိုက်တယ်၊ သူ့ကလက်ထဲမှာ စာအုပ် တစ်အုပ်ဖွင့်ပြီးသားကို ကိုင်လို့၊ ကျွန်တော့်ဘေးနားက ခပ်မြန်မြန်ပဲ ဖြတ်လျှောက်သွားတယ်၊ ကျွန်တော်ကတော့ ရပ်ပြီး သူ့ကို လှည့်ကြည့်နေမိတယ်၊ သူ အတော်ဝေးဝေး ရောက်သွားတဲ့အထိပဲ ကြည့်နေမိတယ်၊ အဲဒီ အမျိုးသမီးလေးဟာ ခင်ဗျားပဲ၊ ကျွန်တော် မမှားနိုင်ပါဘူး၊ ခင်ဗျား ရှောက်သွားတာကို ကြည့်ရင်း ကျွန်တော် တွေးမိတယ် — ဒီဥမျိုး

www.burmeseclassic.com



သမီးဟာ ငါ့ဘဝကို ပျက်စီးအောင်လုပ်ချင်လဲ လုပ်နိုင်တယ်။ ငါ့ကို တစ်သက်လုံး စိတ်ချမ်းသာမှု အများကြီးလဲ ပေးချင် ပေးနိုင်မယ်၊ အဲဒီလိုတွေးမိခဲ့တယ်၊ ကျွန်တော်က အဲဒီအမျိုး သမီးကို ကျွန်တော် အသက်စွန့်ရတဲ့အထိ ချစ်နိုင်မယ်ဆိုတာ ကို ကျွန်တော်နားလည်မိခဲ့တယ်၊ အဲဒီအတည်းက ကျွန်တော် ဟာ ခင်ဗျားကို ဘယ်လောက်ပဲဒုက္ခရောက်ရောက် မတွေ့တွေ့ အောင် ရှာမှ ဖြစ်မယ်လို့ အသိရှိခဲ့ပါတယ်၊ အဲဒီတုန်းက အဲဒီလိုသာ စိတ်ထဲမှာသိခဲ့ပေမယ့် ခင်ဗျားနောက်ကိုမလိုက်ဘဲ ရပ်မြဲတိုင်း ရပ်နေမိခဲ့တယ်၊ ဘာကြောင့်မှန်းတော့ မသိဘူး၊ အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ ဇာရီမီးယားမြို့ကို နှစ်သက် မိခဲ့ပါတယ်၊ အဲဒီနေရာအလေးကိုလဲ မမေ့နိုင်အောင် ဖြစ်ခဲ့ ပါတယ်၊ အဲဒီအတည်းက ခင်ဗျားကို မတွေ့တော့ပါဘူး၊ ဒါပေမယ့် ဘဝဆိုတာမှာ ကံကောင်းတဲ့အခါမျိုးလဲ ရှိသေး တာပေါ့၊ အခုတော့ ကျွန်တော် ခင်ဗျားကိုတွေ့ပြီ၊ အားလုံး အဆင်ပြေလို့၊ ခင်ဗျားက ကျွန်တော့်ဘဝကို အလိုရှိတယ် ဆိုရင် ပေးဖို့အဆင်သင့်ပါပဲ၊ ဒါနဲ့စကားမစပ် ကျွန်တော့် အခန်းရဲ့ စားပွဲပေါ်မှာ ကျွန်တော့်စာ ဖွင့်ထားတာ တွေ့ခဲ့ တယ်၊ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော့်ကို ပြုစုတဲ့ အတွက် အဝေးကပဲ ကျေးဇူးတင်နေရပါတော့တယ်'

တာတီယားနားသည် ပေါ်တာပေါ့ဗ်၏ စာကို အသာချ ထားပြီးလျှင် ပြတင်းမှ အမြင်ရှိ နှင်းဖုံးလျက် ရှိသော ဉယျာဉ်ကို မှုန်ဝေဝေ မျက်လုံးများဖြင့် ကြည့်နေလေသည်။

'ဘုရားရေ…ဝါလဲ ကမီးရီးယားကို တစ်သက်လုံး တစ်ခါ





မျှ မရောက်ဖူးပါလား၊ ဒါပေမယ့် မရောက်ဖူးတဲ့အကြောင်း ပြောပြီး သူ မျှော်လင့်ချက်၊ ရည်မှန်းချက်ကို ဘာဖြစ်လို့ ဖျက်ပစ်ရမှာလဲ၊ သူ့ ရည်မှန်းချက်ကို ဖျက်ရင် ငါ့ရည်မှန်း ချက်လဲ ပျက်တော့မှာပေါ့'

တာတီယားနားသည် သူ့ကိုယ်သူပြော၍ ရယ်မောရင်း သူ့မျက်နှာကို လက်ဖြင့်အုပ်လိုက်သည်။ ပြတင်း အပြင်ဘက် တွင် အရောင်များ ဖိုတ်ဖိတ်တောက်လျက်ရှိ၏။ မှုန်နေသော နေဝင်ချိန်သည် ပျောက်ကွယ်ရလျှင် ကောင်းလေမလားဟု မဝေခွဲနိုင်ဟန် ရှိလေသည်။

၅–၁–၆၀



www.burmeseclassic.com

www.burmeseclassic.com

## ရေတောင်၏သံ

(ယူဂိုဆလားဗီးယား
ဝတ္ထုရေးဆရာကြီး အီဗိုအင်ဒရစ်)

အောစတေးရီးယားတပ်များက မြို့ကို သိမ်းပိုက်လိုက်ကြပြီးနောက် ချက်ချင်းပင် ကုန်းမြေမြင့်ကြီးပေါ်၌ရှိသော ဆိုးတော့ရွာတွင် အစောင့်တပ်တစ်တပ် ချထားလေသည်။ ထိုတပ်၏ တပ်ရင်းမှူးသည် ဝေးလံသော နယ်ခြားဒေသမှ လှပချောမောသော အပျိုဖြူကလေး တစ်ယောက်ကို ဇနီးအဖြစ် ခေါ်ဆောင်လာခဲ့သည်။ ထိုမိန်းမပျို၏ မျက်လုံးများသည် ပြာ၍ ကြည်လင်တောက်ပလျက်ရှိသည်။ သူ၏နှုတ်ခမ်းသော အလှ၊ သူ၏ ဥစ္စာပစ္စည်း အဝတ်အစားများ၊ ပစ္စည်းပစ္စယများသည် သူ့အား တိုင်းတစ်ပါးမှ မြို့ကြီး တစ်မြို့ပြီး တစ်မြို့ လှည့်လည် သွားလာခဲ့ပြီးနောက် ဤတောင်ကုန်းဒေသသို့





အပြန့်ဝင်ယူဆောင်လာခဲ့သော အဖိုးတန် လက်ဆောင်ပစ္စည်းကလေးနှင့် တူစေလေသည်။

ရွာ ဆာ လေး သည် စစ်ဒဏ် ကြောင့် ပျက် စီး ခဲ့လေရာမှ ရင်းစားမပြန်နိုင်သေးချေ။ တပ်ရင်းမှူးအတော်ကလေးမှာ အညီး အတ္တ ပါများ၊ ပုံများ၊ ခန်းဆီးများဖြင့် ပြည့်လျှံနေသော သူ့အိပ်ခန်းကို နေသားတကျ မစီစဉ် မချယ်လှယ်ရသေးပေ။ ထိုအခိုက်မှာပင် နယ် တစ်ဝိုက်တွင် ဓားပြများ သောင်းကျန်းနေကြောင်း ကြားသိရသည်။ ထို့ကြောင့် တပ်ခန်းသို့ တပ်ဖွဲ့တစ်ဖွဲ့ ထပ်မံရောက်လာလေရာ တပ်သား ဦးရေသည် ရှေးကထက် နှစ်ဆ တိုး သွားလေတော့သည်။

တပ်ရင်းမှူးသည် နေ့ရောညပါ တာဝန်ယူ၍ ကင်းတပ်ဖွဲ့များကို နယ်ပယ်အနှံ့ စေလွှတ်၍ စီမံ ကွပ်ကဲလျက် ရှိသည်။ ဖြစ်ရပ်ကို ရေရေလည်လည် မသိသဖြင့် ဘေးကြောင်ယောင်ခန်း ဖြစ်ပြီးလျှင် ကြောက်အားပိုချင်သလိုလို ဖြစ်နေသော တပ်မှူးကတော်ကလေးသည် ရွာထဲမှ မိန်းမအချို့ကို အဖော်ပြု၍ နေရရှာသည်။ သူသည် သူ့ခင်ပွန်းပြန်အလာကို အမြဲပင် စိတ်စော၍ စောင့်မျှော်နေသည်။ အအိပ်နှင့်အစားတို့သည် သူ့အဖို့ လန်းဆန်းမှု၊ အင်အားဖြည့်တင်းမှုတို့ မဖြစ်တွန်းတော့ချေ။ သူ့၌ရှိသော အင်အားတို့သည် အမြဲတမ်း စိုးရိမ်မှုထဲတွင် ချောကျကြရလေသည်။ ရွာခံမိန်းမများက သူ့အားမချော့မော့ချောင်းဖျ၍ အစားအသောက် ကျွေးကြသည်။ သူတို့ကမူ တပ်မှူးကလေးကို မှီ၍ အား ရပါး ရ ဝဝ လင်လင် စား ကြ



www.burmeseclassic.com

www.burmeseclassic.com



သောက်ကြလေသည်။ ညဉ့် သူတို့အချို့သည် တပ်မှူးကတော်
အလေး အချိန်တန်လျှင် အိပ်ပျော်အောင် စားစေမြည် မြေ
ကြသည်။ နောက်ဆုံး၌ ဖျော်ဖြေသော မိန်းမများသာလျှင်
စားမြေရသဖြင့် မော၍ အိပ် ပျော် သွား ကြ လေ တော့
သည်။ တပ်မှူးကတော်ကလေးမှာမူ ကြမ်းပေါ်တွင် ခင်း
ထားသော ကော်ဇောနီကြီးပေါ်တွင် အိပ်မောကျနေသည့်
မိန်းမများကို ငေးကြည့်ရင်း သူတို့၏ ကိုယ်မှ ထွက်လာသော
နွားနို့နံ့၊ သိုးမွှေးနံ့များဖြင့် မွန်မွန်းနေလေသည်။

ယင်းသို့ စောင့်မျှော်ရင်း ရက်အတော်မျှ ကုန်လွန်သော
အခါ တပ်မှူးသည် နယ် လှည့် တိုက် ခိုက် ရာမှ ပြန်ရောက်
လာသည်။ သူ ပြန်ရောက် လာသော်လည်း တပ်မှူး ကတော်
ကလေးအဖို့မှာ စိတ်သက်သာမှု၊ ကိုယ်သက်သာမှု မဖြစ်ထွန်း
သေးချေ။ တပ်မှူးသည် တောထဲ၌ အအိပ် အစား မမှန်ဘဲ
မောကြီး ပန်းကြီးဖြင့် ပြန် လာ ခဲ့သည်။ မှတ်ဆိတ် စုံ့စုံ့၊
ရှုပ်ပွပွ၊ နှင်း ရည် ရွှဲရွှဲ ဖြင့် ပြန်လာခြင်း ဖြစ်သည်။ သူ့
နောက် ပိတ် ဖိ နပ် ကြီး ကို သူငယ်နှစ်ယောက် တစ်ယောက်
ခြေတစ်ဖက်စီ တအားဆွဲ၍ ချွတ်ကြရသည်။ ဖိနပ်နှင့် ခြေ
ထောက်သားများ ကပ်နေသည်။ ခြေ ထောက် များ လည်း
ဖူးန်းပဲ့၍ ရောင်နေသည်။ ဖိနပ်များကို တအားဆွဲချွတ်
သဖြင့် ခြေထောက်အသားတချို့ ပဲ့ပါသွားလေသေးသည်။

တပ်မှူးသည် သူ့လုပ်ငန်း မအောင်မြင်ခဲ့သဖြင့် စိတ်ပျက်
နေသည်။ စိတ်ညစ်ပြီးလျှင် ပတ်ဝန်းကျင်ကိုဂရုမမူဘဲ မေ့
လျော့လျော့ ဖြစ်နေချေသည်။ နောက်ထပ်တိုက်ခိုက်ဖို့ အစ





သစ်ဘုတ်သစ်များကို ထုတ်နေလေသည်။ သူ့မျက်နှာထားမှာ
ညှိုးသန်းတင်းမာလျက်ရှိ၏။ နေရောင်ဟပ်၍ တောင်ကုန်းလေ
ရိုက်ခတ်ထားသဖြင့် သူ့နှုတ်ခမ်းများ ကွဲနေသည်။

ခေတ္တပြန်ရောက်လာသော တပ်မှူးအား သူ့ဇနီးက သူ
အောက်ရာရလာသည့်အခါ ပြုစုသည့် နည်းမျိုးအတိုင်းပင် ပြုစု
ယုယပေးသည်။ သုံးလေးရက်အကြာတွင် တပ်မှူးသည် သူ့
တပ်သားများနှင့်အတူ တစ်ဖန် ပြန်၍ထွက်လေသည်။ တပ်မှူး
ကတော်ကလေးကမူ အိမ်မှာနေရင်း ခါးပြများ ဖမ်းမိပါ
စေတော့၊ ဗိုလ်လောက်ပင်ပန်းလှတဲ့လုပ်ငန်း ပြီးဆုံးပြီး တပ်မှူး
စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ပါစေတော့....ဟူ၍ ဆုတောင်း
လျက်သာ နေရလေသည်။

သူ့ဆုတောင်းသည် တစ်နေ့သောအခါ ဝယ်ပြည့်လေတော့
သည်။ ခါးပြများထဲတွင် အကာင်းအပါးဆုံး၊ ခါးပြဗိုလ်
အကြီးဆုံး လာဇာဖေးလင်နေ့ဗစ်ချ်ကို ဖမ်း၍မိလေသည်။
ထိုသတင်းသည် တပ်စခန်းမှသည် တစ်ရွာလုံးသို့ ပျံ့နှံ့ သွား
လေသည်။ သူ့ကိုဖမ်းမိပြီးမှဖြင့် ကျန်ခါးပြများကို ဖမ်းမိဖို့
မခဲယဉ်းတော့၊ ခါးပြဂိုဏ်းလည်း ပျက်မည်ကောန်ဟု အား
လုံးက ထင်မြင်ယူဆကြသည်။

ခါးပြဗိုလ်ကြီး လာဇာကို မိလိုက်သည်မှာ အကြောင်း
အလှည့်သင့်၍သာ ဖြစ်သည်။ တင်းအဖွဲ့က သူ့ တပည့်
တစ်ယောက်ရှိရာသို့ လိုက်ရင်း သူ့ကို မိလိုက်သည်။ မိပုံမှာ
ဤသို့ဖြစ်၏။ လွန်ခဲ့သည့် နှစ်လလောက်က ဟာဇီကိုဗ်နား
နယ်တွင်းသို့ ဝင်လာစဉ်မှာပင် လာဇာသည် ရှိဘုတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်မှန်၍ ဒဏ်ရာရသည်။ သူ့အစ်ို ဒဏ်ရာပျောက်သည် အထိ အချိန်ရနိုင်အောင် သူနှင့်သူ့တပည့်အချို့က တောင်ကျစမ်းများ အမ်းဘေးတွင်ရှိသော သစ်တုံးကြီး ထစ်တုံး၏ အတွယ်တွင် သစ်ကိုင်းခြောက်များဖြင့် ခိုစရာ နေရာဆလေး တစ်ခု မှန်တီးကြသည်။ ယင်းနေရာတွင်နေခြင်းဖြင့် ကုန်းမြင့်ပေါ်ရှိ လမ်းများမှ သွားလာသူတို့သည် သူတို့ကိုမမြင်နိုင်ကြချေ။ သူသည် ထိုနေရာတွင် တစ်နေကုန်နေရင်းပင် စမ်းရေဖြင့် သူ့ဒဏ်ရာကို ဆေးကြော၍ သက်သာရာ ရစေသည်။ ဓားအဖွဲ့များသည် တောအနှံ့ တောင်အနှံ့ သူ့ကိုရှာဖွေနေကြ၏။

လာဇာသည် ထိုထက်အောင်းသော ပုန်းအောင်းစရာနေရာကို ရပြီး ရာသီဥတုကလည်း ခပ်စောစော မပူအိုက်ဘဲ နေခဲ့ပါမူ ဒဏ်ရာပျောက်ကင်း၍ တပ်များ၏ လက်တွင်းမှ လွတ်မြောက်နိုင်ဖွယ်ရှိ၏။ သို့ရာတွင် ရာသီဥတုသည် ပူမြင့်လာသဖြင့် သူ့အနာသည် ရင်းလာလေသည်။ တတ်နိုင်သမျှ အကာအကွယ်ပြုလုပ်သော်လည်း အနာကို ရင်အုံသဖြင့် ပိုး၍ ရင်းလာပြီးလျှင် သူ၏အဖျားရှိန်သည် တိုး၍သာ လာလေတော့သည်။

လာဇာ၏ ရောဂါအခြေအနေမှာ ယင်းသို့ ဖြစ်နေသဖြင့် သက်သာပါစေတော့ဟူသော စေတနာဖြင့် သူ့တပည့် လူငယ်တစ်ယောက်က ထိုတဲစုတ်ကလေးထဲမှထွက်၍ ဖယောင်းချက်နှင့် ဘာရန်ဒီကိုရှာဖွေရန် ထွက်ရာတွင် တပ်ရင်းမှူးကိုယ်တိုင် ခေါင်းဆောင်သော ဓားအဖွဲ့က ထိုလူငယ်ကို လှမ်းမြင်





လိုက်ကြလေသည်။ ထိုလူငယ်သည် စမ်းချောင်း ကမ်းစပ်အရောက်တွင် လှည့်ကြည့်လိုက်ရာ သူ့နောက်က တပ်သားများ လိုက်လာသည်ကို တွေ့ရလေသည်။ သို့ရာတွင် သူ့ကို တပ်သားများက မမြင်လိုက်ကြချေ။ သူသည် စမ်းချောင်း ထစ်လျှောက်ရှိ ချုံများထဲသို့ တိုးဝင်၍ ပုန်းနေလိုက်သည်။

သူငယ်ကို မြင်လိုက်ကတည်းက တပ်ရင်းမှူးသည် မြင်းပေါ်မှဆင်းပြီးလျှင် တပ်သားများရှေ့က အတင်းပြေးလိုက်သည်။ ချောင်းကမ်းပါးသို့ ရောက်ခါနီး သစ်ပင်များကြားထဲမှ ပြေးသွားရာတွင် တစ်စုံခုနှင့် တိုက်မိ၍ လဲသွားသည်။ ခါးအထိ ရွှံ့များဖြင့် ပေကျံသွားလေသည်။ သူသည် ကုန်းထပြီးလျှင် ဆက်၍ ပြေးသွားမည်အပြုတွင် လာဇာ၏ အနာမှ အပုပ်နံ့သည် သူ့နှာခေါင်းထဲသို့ စုပ်ဝင်လာသည်။ အနီးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ သစ်တုံးကြီးကို မှီ၍ လုပ်ထားသော တစ်ဖက်ရပ်တဲကလေးကို မြင်မိလေသည်။ သူသည် ရွှံ့ထဲမှရုန်း၍ တဲစုတ်ကလေးဆီသို့သွားသည်။ သစ်ကိုင်းခြောက်များအောက်တွင် အစွန်းထွက်၍ ပေါ်နေသော သိုးမွေးသားရေကို မြင်ရသည်။ ထိုအခါတွင် သူသည် သူတို့ လိုက်ရှာနေသော ဓားပြဗိုလ်ကိုတွေ့ပြီဟု ထင်လိုက်မိ၏။

တဲစုတ်ကလေးထဲက ဓားပြဗိုလ် ထွက်ပြေးသွားမည်စိုးသဖြင့် တပ်ရင်းမှူးက ဖသံကျယ်လောင်စွာဖြင့် 'ဟေ့ ... ရဲဘော်တို့၊ ရန်သူဟာ ချောင်းအောက်ဘက်ပြေးပြီထင်တယ်။ ငါတော့ ခြေထောက် ဆူးစူးသွားလို့ နောက်က ဖြည်းဖြည်း လိုက်ခဲ့မယ်' ဟု ဆိုလိုက်သည်။ သို့ရာတွင် သူက သူ့ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



တို့အား လက်ပြ၍ အသံမပြုရန် အချက်ပေးပြီးလျှင် သူ့အနီးသို့ ဝိုင်း...ရန် အမူအရာဖြင့် အမိန့်ပေးလေသည်။

သူတို့အားလုံး အသင့်ရှိသောအခါ တဲကလေး ထဲသို့ အတင်းတိုးဝင်ပြီးလျှင် ခေးပြုဗိုလ်ကို နောက်မှနေ၍ ဖမ်းအုပ်လိုက်ကြသည်။ လာဇာ၏အနီးတွင် သေနတ်နှင့်ဓားရှိ၏။ သို့သော် သူ့ဝေဒနာကြောင့် သူ့ကိုယ်ကိုပင် မလှုပ်ရှားနိုင်ဖြစ်နေချေသည်။

သူတို့သည် သူ့ကို လက်တွင် လက်ထိပ်ခတ်ပြီးလျှင် ခြေထောက်များကို တုပ်နှောင်လိုက်ကြသည်။ ထို့နောက် သူ့ကိုထမ်း၍ လမ်းမရှိသော ကမ်းပါးစောက်မှ တပ်ရင်းမှူး၏မြင်းရှိရာသို့ သယ်ယူလာကြသည်။ လာဇာလည်း သစ်တုံးကြီးသဖွယ် မလှုပ်မရှား လိုက်ပါလာလေသည်။

ယင်းသို့ သယ်ဆောင်လာကြရာတွင် အပုပ်နံ့မွှန်နေသဖြင့် အသက်ရှူပင် ကျပ်သွားလေသည်။ မြင်းအနီးရှိ မြက်ခင်းပေါ်သို့ လာဇာကိုချလိုက်ခါမှ သူတို့သည် လာဇာ၏ ရင်ဘတ်တွင်ရှိသော ဒဏ်ရာ နီနီရဲရဲကြီးကို မြင်ကြရလေသည်။ သူလိုလုပ်နေသော ရွာသား ဇီဗန်က လာဇာကို မြင်လျှင်မြင်ချင်း မှတ်မိသည်။ လာဇာနှင့် တစ်ရွာတည်းကပင်ဖြစ်သဖြင့် သူ့အမှသအချာ ပြောနိုင်ခြင်းဖြစ်သည်။

တပ်ရင်းမှူးက သံသယ ရှိနေသေးသည်။ ထို့ကြောင့် ဇီဗန်ကို ဟုတ်မဟုတ် ထပ်၍ စစ်မေးလေသည်။ သူတို့သည် ဖမ်းမိထားသော ခေးပြုဗိုလ်ကို ငုံ့ကြည့်ကြသည်။

'မင်း လာဇာ မဟုတ်လား'ဟု ဇီဗန်ကမေးသည်။





'မင်းကို ငါက သိတာထက် မင်းက ငါ့ကို ပိုပြီးသိပါတယ်''

'လာဇာရယ်... ငါ့ကိုလဲ မင်း ကောင်းကောင်းကြီးသိပါတယ်၊ မဟုတ်ဘူးလားဟင်'

'ငါက မင်းကို ဘယ်တုန်းကမှမသိခဲ့ဘူးဆိုဦးတော့ အခုမင်းဟာ ဘာကောင်ဆိုတာ ငါသိပါပြီ။ ဒီအနေပြီး ဂေါရာတ် နယ်အထိ ရွာတွေအားလုံးက ရွာသူ ရွာသားတွေက မင်းကိုသိကြမှာပေါ့၊ ငါတို့နှစ်ယောက် ကို ဝမ်းတွင်းရွှေကောင်လေးတစ်ကောင်က ကြည့်ဦးတော့ အတုပ်အနှောင်ခံရပြီး လဲနေတဲ့ ဒဏ်ရာနဲ့လူဟာ လာဇာပဲ၊ သူ့အပေါ်ကစီးကြည့်နေတဲ့ ကျက်သရေယုတ်တဲ့ အကောင်ဟာ ဇီဗန်ပဲလို့ပြောမှာပါကွာ'

ခေးပြုဗိုလ်လည်း ရင်ဖွင့်လိုက်ချင်သော ဆန္ဒ ရှိဟန်ရှိသည်။ အဖျားတက်နေသဖြင့် စိတ်ထိခိုက်ကာ ရင်နာသမျှကိုဖွင့်ဟချင်ခြင်းပင် ဖြစ်၏။ ဇီဗန်ကလည်း သူ့ကို သစ္စာဖောက်ဟု ခေါ်ခံလိုက်ရသဖြင့် မကျေနိုင် မချမ်းနိုင်ဖြစ်ကာ သူ့ဂုဏ်ကိုဆည်လိုသောကြောင့် စကားကြောရှည်မည့်ဟန်ရှိ၏။ သို့ရာတွင် တပ်ရင်းမှူးက သူတို့အားဆက်၍ ပြောဆိုမှုမခွင့်မပြုတော့ပေ။ လာဇာကို သူ့ငယ်သား ခေးပြုများရှိရာကို ဖော်ပြောရန် တပ်ရင်းမှူးက မေးသည်။ လာဇာက ဘာမျှပြန်မပြောချေ။ သူ့တပည့်များ အပေါ်တွင် သစ္စာမဖောက်လိုပေ။ တပ်ရင်းမှူးလည်း ခေးပြုဗိုလ်ကို မေးတိုင်းမရသဖြင့် စိတ်ရှုပ်တင်းမာလာလေသည်။ ထို့နောက် သူသည် ...



www.burmeseclassic.com

www.burmeseclassic.com



ကြီးအား ဓားပြဗိုလ်အား မည်မျှပင် တောင်းစေကာမူ ရေ
တစ်ပေါက်မျှမပေးရ ဟူသောအမိန့်ကို ပေးလိုက်လေသည်။
သူ့တပည့်များ ရှိသည့်နေရာကို ဖွင့်မပြောသမျှ ရေမတိုက်ဘဲ
ထားဖို့ပင်ဖြစ်သည်။

တပ်သားများက အကျဉ်းသားကိုဆယ်ဆောင်ရန်ထမ်းစင်
အကြမ်းတစ်ခု ခပ်လှမ်းလှမ်းတွင် လုပ်နေကြစဉ် တပ်မှူး
အလေးသည် ဒူးတစ်လုံးပေါ်တွင် တံတောင် ထောက်ပြီး
လက်ပေါ်မေးတင်ရင်း တွေးတော ငေးမှောနေသည်။ သူ့
မျက်စိရှေ့တွင် စိမ်းညို့ညို့ တောင်တန်းကြီးများသည် ငြိမ်
သက်နေသော ပင်လယ်ကြီးထဲရှိ လှိုင်းလုံးကြီးများသဖွယ်
အဝေးသို့ လိမ့်တွန့်သွားလေသည်။ သူသည် သူ၏ အောင်မြင်
မှုကို တွေးပြီး စိတ်ကူးယဉ်ကြည့်မိသည်။ ယခုကဲ့သို့ နာမည်
ကြီး ဓားပြဗိုလ်ကြီးကို အရှင်ဖမ်းမိသည့်အတွက် သူ့ [illegible]
နာမည်ရမည်မှာ သေချာသည်။ သူ့ကိစ္စ ပြီးဆုံးသွားသည်
အတွက် အိမ်ပြန်ပြီးလျှင် ဇနီးကလေးနှင့်အတူ နေရမည်
အရေးကို တွေး၍ဝမ်းသာလေသည်။

ယင်းသို့ စိတ်ကူးယဉ်ကြည့်သော်လည်း ရက်ပေါင်းများ
စွာ အအိပ်မမှန် အစားမမှန် တစ်နေကုန် တစ်နေခန်း ခရီး
ကြမ်းထွက်၍ တိုက်ခိုက် ပစ်ခတ်နေခဲ့ရသောကြောင့် ပင်ပန်း
လွန်းလှသဖြင့် အားရပါးရ စိတ်ကူးယဉ်၍ပင် မရနိုင်ချေ။
နှင်းထူထူထဲတွင် ခရီးရှည်ကြီး ထွက်ရသော ခရီးသည် ပင်
ပန်းလှ၏။ သို့သော် ခရီးဆက်နေရသောကြောင့် အိပ်ပ[illegible]
လိုက်ချင်သော်လည်း မအိပ်သာသေးဘဲ ဆက်၍သွားရသည်





နည်းတူ သူလည်းစခန်းသို့အရောက် ခရီးဆက်ရပေဦးမည်။
ထို့ကြောင့် သူ့တပ်သားများအား ခရီးဆက်ရန် အမိန့်
ပေးလိုက်သည်။

သူတို့တပ်စုကလေးတွင် လူကိုးယောက်သာပါသည်။ သွား
ရမည့်ခရီးမှာလည်း ရှည်လျားလှချေသည်။ တပ်သားတစ်
ယောက်က ထမ်းစင်ပေါ်တွင်ပါလာသော ဓားပြကြီး၏ကိုယ်
ပေါ်သို့ သူ့အပေါ်အင်္ကျီကြီးကို လွှမ်းလိုက်သည်။ သူတို့
သည် ထမ်းစင်ကိုအလှည့်ကျထမ်းရင်း တဖြည်းဖြည်းသွားကြ
၏။ နေသည်လည်း ချစ်ချစ်တောက် ပူနေသည်။ ပထမဦး
တပ်ရင်းမှူးသည် ထမ်းစင်နောက်မှ မြင်းစီး၍လိုက်၏။ သို့
သော် အနာမှ အပုပ်နံ့ဒဏ်ကို မခံနိုင်သဖြင့် ရှေ့ကသွားလေ
သည်။ ညနေစောင်းတွင် ဂလာဇင်းနက် တောင်ကြားထဲသို့
ရောက်သောအခါ ရွာမှလှည်းတစ်စီးကို ဆင့်ခေါ်ပြီးလျှင်
ဓားပြကြီးကို တင်ဆောင်လာကြသည်။ နေမဝင်ခင် လွင်ပြင်
ကို ဖြတ်၍ တပ်စခန်းရှိရာ ဆိုးကောရွာသို့ ရောက်ကြသည်။
သူတို့အမဲလိုက်ပြီး ပြန်လာသော မုဆိုးတစ်သိုက်နှင့် တူလှ၏။
သို့သော် သူတို့ဖမ်းလာသော အမဲမှာကား ပုံပန်းလည်းဆန်း
လှသည်။ အနံ့လည်း ပြင်းလှချေသည်။

တပ်တန်းလျားများရှေ့ရှိ ကွင်းပြင်ထဲတွင် ရွာက မိန်းမ
များ၊ ကလေးများစုဝေး၍ သူတို့ပြန်အလာကို ကြည့်နေကြ
သည်။

သူတို့အထဲတွင် တပ်မှူး၏ ဇနီးလည်းပါသည်။ သူသည်
သူ့ခင်ပွန်းကိုသာ လှမ်းမြင်လိုက်သည်။ နောက်တပါလာသော



www.burmeseclassic.com

www.burmeseclassic.com



ဓားပြကို ဂရုမစိုက်ချေ။ သို့ရာတွင် မိန်းမများအား ဖမ်းလာသောဓားပြကြီး အကြောင်းကိုလည်း ပြောနေကြသည်။ ဓားပြကြီးနှင့်ပတ်သက်၍ကြောက်စရာတွေကိုလည်း ပြောကြသည်။ ထို့ကြောင့် တဖြည်းဖြည်းချဉ်းကပ်လာသောတပ်သားများနှင့် ဓားပြကြီး ပါလာသော လှည်းတို့ကို ကြည့်ရင်းပင် ကြောက်သလိုလို ဖြစ်လာလေသည်။

သူတို့သည် တဖြည်းဖြည်းနှင့် တပ်စခန်းဝင်းခြံအတွင်းသို့ ရောက်လာကြသည်။ တပ်ရင်းမှူးလည်း မြင်းပေါ်မှ ဆင်းလိုက်သည်။ မော်ပန်းလာသဖြင့် လေးလံသော ပစ္စည်းတစ်ခု မြေပေါ်သို့ ကျလာသကဲ့သို့ ဖြစ်သွားလေသည်။ သူက ဖက်လိုက်သောအခါ ရက်ပေါင်းများစွာ မရိတ်ဘဲထားသဖြင့် စုံ့စုံ့ဖြစ်နေသော သူ့နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို သူ့ဇနီး၏ပါးနှင့် ထိမိသည်။ သူ့ချွေးနံ့သည် မြေနံ့ မိုးနံ့တို့ဖြင့် ရောပြွမ်းလျက်ရှိ၏။ သူ့အဖို့ တာဝန်နှင့် ခရီးထွက်ရတိုင်း ထိုအနံ့မျိုးသည် ရှိ၍နေသပြီ။

တပ်ရင်းမှူးက အမိန့်ပေးနေခိုက်တွင် သူ့ဇနီးသည် ထမ်းစင်တွင် ကြိုးဖြင့်တုပ်ထားသော ဓားပြကြီးကို လှမ်းကြည့်လိုက်သည်။ ဓားပြကြီးသည် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်၍နေသည်။ သူ့ဦးခေါင်းသည် သစ်တုံးတစ်တုံးနှင့် ကောက်ရိုးအနည်းငယ်တို့ အပေါ်တွင် တင်ထားသောကြောင့် သူ့ကိုယ်ထက် မြင့်နေလေသည်။ သူသည် မည်သူ့ကိုမျှ မကြည့်ပေ။ အနားမှ အနံ့သည် တပ်မှူးကတော်လေး၏ နှာခေါင်းထဲ





ရောက်သွားသည်။ ဒဏ်ရာရသော တိရစ္ဆာန်သားကောင်မှ အနံ့ကဲ့သို့ပင်။

တပ်ရင်းမှူးသည် လိုအပ်သော အမိန့်များကို ပေးပြီးသည့်နောက် သူ့ဇနီး၏လက်မောင်းကို ဆွဲ၍ အိမ်ထဲသို့ ခေါ်သွားလေသည်။ တပ်မှူးကတော်လေးသည် ဓားပြကြီးကို ထမ်းစင်မှ ယူသွားသည်ကို မမြင်လိုက်ရတော့ချေ။ တပ်ရင်းမှူးသည် ရေမိုးချိုးပြီးသည့်နောက် အဝတ်အစား လဲပြီးလျှင် ဓားပြကြီး လာဇာကို မည်သို့ထားသည်ကို ကြည့်လိုသဖြင့် အိမ်မှ ထွက်သွားသည်။ ဓားပြကြီးအတွက် ယာယီ အချုပ်ခန်းမှာ အခြားနေရာတွင် မဟုတ်ပေ။ တပ်ရင်းမှူး၏ အိမ်၏ မြေတိုက်ပင် ဖြစ်လေသည်။ အခန်းမှာ တံခါးခိုင်ခိုင်ခံ့ခံ့ မရှိပေ။ သော့ခလောက်မှာလည်း သာမန် သော့ခလောက်မျှသာ ဖြစ်သည်။ သို့ရာတွင် ထိုထက်ပို၍ ကောင်းအောင် မစီစဉ်နိုင်သည့်အလျောက် တံခါးဝတွင် တစ်ညလုံး အစောင့်ချထားရုံနှင့် ကျေနပ်တော့မည် ဖြစ်သည်။

တပ်ရင်းမှူးသည် အိမ်ပေါ်သို့ ပြန်တက်ပြီးလျှင် အစား အသောက်စားရာ သူ့ဇနီးနှင့် စကားစမြည် ကြာရှည်စွာ ပြောဆိုနေသည်။ သူသည် ကလေးသဖွယ် ပျော်ရွှင်တတ်သည့်အလျောက် ရယ်စရာမောစရာတွေကိုလည်း ပြောနေ၏။ သူ့အဖို့ ပျော်ရွှင်ဖွယ်ပင် ဖြစ်သည်။ ငါးလလုံးလုံး ဓားပြဗိုလ်ကြီးကို လိုက်လံဖမ်းဆီးရာ မအောင်မြင်သဖြင့် အထက်က အရမ်းမဲ့ အပြစ်ဆိုခြင်းကို ခံ၍လည်း နေလာခဲ့သည်။ ယခုမှသာ အောင်မြင်သဖြင့် အထက်အရာရှိများ ရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသပန်းလှတော့မည် ဖြစ်သည်။ သူသည် ခေါးပြုဗိုလ်ကိုသာ ရရှိနိုင် ကိစ္စမပြီးသေး၊ သူ့တပည့် ခေါးပြုများ ကို လည်း ဖမ်းဆီးရဦးမည်ကို သိပြီးဖြစ်သဖြင့် ခေါးပြုဗိုလ်ကြီးထံမှ သူ့တပည့်များ ပုန်းအောင်းတပ်စွဲရာကို ဖော်ထုတ်ပြောဖို့ တောင်းဆိုရပေလိမ့်ဦးမည်၊ တပ်ရင်းမှူးသည် ထိုလုပ်ငန်း မှာ ခက်လှမည့်လုပ်ငန်း မဟုတ်ဟု ထင်၏။ အားလုံးကို ဖမ်း မိပြီးလျှင် သူ့အဖို့ စိတ်အေးရတော့မည်။ သူ၏အောင်မြင် မှုကိုလည်း အထက်က အသိအမှတ် ပြုကြမည် မုချပင်။

ထိုအကြောင်းနှင့် စပ်၍ သူ့ဇနီးက 'တဆယ်လို့ သူက သူ့ တပည့်တွေ အပေါ်တွင် သစ္စာမဖောက်ဘူးဆိုရင် ဘယ်လို လုပ်မှာလဲ'ဟု မေးလိုက်သည်။

'အို…သူ ဖွင့်ပြောရမှာပေါ့ကွာ၊ စိတ်သာချပါ'ဟု ပြန် ပြောပြီးလျှင် ထိုစကားကို ရပ်ပစ်လိုက်သည်။

တပ်ရင်းမှူးသည် အလွန်အိပ်ချင်နေသည်။ သူ့ကိုယ် ပေါ်တွင် ပင်ပန်းခြင်း၏ အလေးသည် သူ၏ အောင်မြင် ခြင်းမှ ပေါ်ထွက်လာသော ဂုဏ်မာနနှင့် အစားအသောက် မမှန်ဘဲ နေလာခဲ့ရသဖြင့် ဖြစ်ထွန်းသောအငတ်၊ ရက်ပေါင်း များစွာ ကွဲကွာနေသော ဇနီးကို တပ်မက်ခြင်းတို့၏ အလေး ထက် ပို၍ လေးနေချေသေးသည်။ သပ်သပ်ရပ်ရပ် မြင်ဆင် ထားသော အိပ်ရာက သူ့အား ငိုက်မျဉ်းလာစေသည်။ သူ သည် ဟန်မပျက် စကားဆက်၍ပြောနေ၏။ သို့သော် သူ့ စကားလုံးများသည် ပါးစပ်ထဲမှ မထွက်ချင်တော့အောင်ပင် တန့်၍ တန့်၍ သွားလေသည်။ နောက်မကြာမီမှာပင် သူသည်





စကားပြောရင်း အိပ်ပျော်သွား၏။ သူ လက်ခံလက်သည် သည်း သူ့ဇနီး၏ ကျစ်လျစ်ဖြူဖွေးသော ပခုံးကလေးပေါ် တွင် တင်လျက်ရှိသည်။

တပ်မှူးကတော်ကလေးအဖို့တော့ အိပ်ချင်စိတ်မရှိ။ သူ့ ခင်ပွန်း ပြန်ရောက်လာပြီဖြစ်သဖြင့် ကျေနပ် ဝမ်းမြောက်၍ စိတ်လှုပ်ရှား တက်ကြွနေလေသည်။ ကြောက်သလိုလို ဝမ်း နည်းရတော့မလိုလိုလည်း ဖြစ်နေသည်။ သူ့ဘေး နား တွင် အိပ်ပျော်နေသော သူ့ခင်ပွန်းကို အကြာကြီး ငေးကြည့်နေ မိသည်။ အိပ်နေသူ၏ မျက်နှာသည် နူးညံ့ပျောင်းအိသော ခေါင်းအုံးထဲသို့ ဝင်၍နေသည်။ သူ၏ ကွဲအက်လျက်ရှိသော နှုတ်ခမ်းများသည်လည်း ခေါင်းအုံးမှ နို့စို့မည့်ပုံလိုလို ဟ၍ နေသည်။ အိပ်ပျော်နေသူနှင့် နိုးကြောင်နေသူတို့သည် အခြေ အနေချင်း လွန်စွာပင်ကွာခြားလှသည်။ နိုးနေသူက အိပ်သူကို ကြည့်ပြီးလျှင် နားမလည်နိုင်အောင် ဖြစ်တတ်သည်။ ငါ့ကို ထားခဲ့တာပဲ၊ သူဆတော့ အိပ်လိုက်တာ တခေါခေါနဲ့… ဟူသော စိတ်အားငယ်မှု ဖြစ်တတ်သည်။ တစ်ယောက်တည်း ထီးတည်း ကျွန်ကျွန် ဖြစ်နေတတ်သည်။

တပ်မှူးကတော်လေးသည် အိပ်ပျော်ဖို့ကြိုးစား၏၊ သို့ရာ တွင် မြေတိုက်က တက်လာသော အစောင့်ချင်း အပြောင်း အလဲလုပ်သည့်အသံက သူ့ကို မွေးရာမှ လန့်၍ မျက်လုံးကျယ် သွားစေတော့သည်။ သူသည် သူ့ခင်ပွန်း ပြန်ရောက်လာ စတည်းက ယခုထက်ထိ ခေါးပြုကြီး အကြောင်းကိုသာ စဉ်း စားနေမိ၏။ မွေ့ပျော်ပစ်ဖို့ကြိုးစားလည်း အချည်းနှီးပင်။



www.burmeseclassic.com

www.burmeseclassic.com



မားပြုကြီးလာဇာနှင့် တစ်ရွာတည်းနေဖြစ်နေသော သူလျှိုဗိုဗန်သည် အစောင့်အလှည့်ကျသည်။ တပ်မှူး ဗာဇော်ကလေးသည် အစောင့် အပြောင်းအလဲကြောင့် အိပ်မပျော်သည် မဟုတ်ချေ။ လာဇာအား ရေတောင်းသော အသံကြောင့်ပင် အိပ်မပျော် ဖြစ်ရချေသည်။ လာဇာအား လှမ်း၍မေးလိုက်သည်။

'မင်းတို့ထဲက ဘယ်သူ တာဝန်ကျနေသလဲ'

ဘယ်သူကမျှ ပြန်မပြောချေ။

'ဗိုဗန်လားဟေ'

'ဟုတ်ဘယ်၊ တိတ်တိတ်နေစမ်း'

'ငါ ဘယ့်နှယ်လုပ် တိတ်တိတ်နေလို့ဖြစ်ပါ့မလဲ၊ သေနာကောင်၊ ဒီလောက်အဖျားတက်ပြီး ရေငတ်နေတာ တိတ်တိတ်နေလို့ ဖြစ်ပါ့မလားကွ။ ငါ့ကို ရေနည်းနည်းပေးပါ ဗိုဗန်ရယ်၊ ငါ့ကို ကြက်စုတ်ကလေးတစ်ကောင် သေသလို မသေပါစေနဲ့ကွာ'

ဗိုဗန်သည် သူပြောသမျှကို နားမကြားဟန်ဆောင်၍ နေသည်။ သို့မှသာလျှင် သူ အပြောရပ်သွားမည်ဟု မျှော်လင့်ကြောင်း ထင်ရှားလှသည်။ သို့ရာတွင် မားပြုကြီး၏ အသံမြောကြီးသည် ထပ်၍ ပေါ်လာပြန်သည်။

'ဗိုဗန်.... မင်းမှာ အဖမ်းခံရတဲ့ ဒုက္ခဆင်းရဲဆိုတာ ဘယ်လောက်ကြီးတယ်ဆိုတဲ့ အသိမျိုးသာရှိရင်ကွာ၊ ငါ့ကို ရေကလေးတစ်ပေါက် ပေးပါကွာ၊ မင်းရဲ့ သားသမီးတွေရဲ့ ကုသိုလ်လို့ သဘောထားစမ်းပါ'





'သားသမီးအကြောင်း ထည့်မပြောစမ်းပါနဲ့ဗျာ၊ ကျုပ်တာ အမိန့်အတိုင်း တာဝန်ထမ်းနေဘာပါ၊ တပ်မှူးနိုးသွားဦးမယ်'

'နိုးပစေကွာ... အသကားတော်ဒီ၊ ငါ့မှာ ကံဆိုးရှိရတဲ့အထဲ သူက အခု ငါ့ကို ရေငတ်ထားပြီးညှဉ်းတယ်၊ တူရကီလူမျိုးတွေထက်တောင် ဆိုးနေသေး၊ လုပ်ပါ ငါ့လူရာ၊ ရေအလေးတစ်ပေါက်လောက် ပေးစမ်းပါကွာ'

တပ်မှူးကဇော်ကလေးသည် သူတို့ ခပ်တိုးတိုး ပြောကြသော စကားများကို နားစွင့်ရင်း သူ့ခင်ပွန်းအား မားပြုကြီး ရေတောင်းလျှင် မပေးဖို့ အမိန့်ပေးထားကြောင်း၊ ရေငတ်လွန်းလျှင် သူ့ တပည့်များ ရှိသည့်နေရာကို ဖော်ပြမည်ဟု မျှော်လင့်ကြောင်း သိရလေသည်။ မားပြုကြီးသည် အဖျားရှိန်တလည်းတက်၊ ရေငတ် ခြင်းကလည်း ပြင်းပြအဖြင့် ဝေဒနာမှ သက်သာစေတော့ဟူသော အနေဖြင့် ဆဲဆို ရေရွတ်နေလေသည်။ အမျိုးစုံဆဲ၏။ အဆဲတစ်ခုကို ရွတ်လိုက်ပြီးသည့်နောက် ချက်ချင်းပင် ရေတောင်းသံကို ကြားရသည်။ တစ်ခါတစ်ခါ ငြိမ်သွား၏။ သို့သော် မကြာခင်မှာပင် သက်ပြင်းသံ ရှည်ကြီးကို ကြားရသည်။ ယင်း၏နောက်ဆွယ်တွင် ဆဲဆိုသံများ အသီးတတန်းကြီး ဆက်၍ကြားရသည်။

'ဗိုဗန်.... ဗိုဗန်.... ငါ့ကို ဗိုလ်ညှဉ်းဆဲတဲ့အတွက် မင်း တန်ပြန်ခံရပါစေ။ ငါ့ကို ရေတစ်ပေါက်လောက် တိုက်ပါကွာ။ ပြီးရင် ငါ့ကို သတ်ချင်သတ်လိုက်ပါ။ ဒီလိုသာဆိုရင် ငါ မင်း ကောင်းစားပါစေလို့ ဆုတောင်း သွားပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဇီဗန်က ဘာမျှ ပြန်မပြောတော့ချေ။

'ဇီဗန်... ဇီဗန်... ငါတောင်းပန်ပါတယ်ကွာ...၊ ပွလှပြီ၊ မီးတောက်နေတာပဲ'

ဇီဗန်က တုတ်တုတ်မျှ မလှုပ်တော့ချေ။

နောက်ဆုံးပိုင်း လဆုပ်ရက်၏ လရြမ်းသေးကလေးသည် ကောင်းကင်တွင်ပေါ်လာသည်။ မတ်တတ်ရပ်နေသော ဇီဗန်၏ အရိပ်ကို လှမ်းမြင်နိုင်သည်။ ခေါ်ပြုဗိုလ်ကြီးက သူ့ကို ပြောချင်ရာပြောစေ၊ သူကတော့ အရုပ်ကြီးလို နေလိုက်သည်။ လာဇာသည် နောက်ဆုံး၌ တပ်ရင်းမှူးကို လှမ်းအော်၍ ပြောလေသည်။

'တပ်မှူး... ကျုပ်ကို ဒီနေ့သာက်လဲ မညှဉ်းဆဲပါနဲ့၊ ညှဉ်းလဲ အလကားပဲ'

ငြိမ်သက်နေခြင်းသည် အော်ဟစ်ခြင်းထက်ပင် လေးနက်ဟန်ရှိ၏။ ထိုအခိုက်တွင် ခေါ်ပြုကြီးသည် အသံမထွက်နိုင်လောက်အောင် ဖြစ်၍နေချေသည်။ သူပြောသောစကားများကိုပင် သူ သိဟန်မရှိတော့ချေ။

'နင့်သွေးကို ခွေးဆိုးတွေ စုပ်ကြပါစေ။ နင့်ကို ငါတို့ အမျိုးသားတွေ လည်မျိုညှစ် သတ်ပစ်ကြပါစေ၊ ဟေ့ – တပ်မှူး၊ မင်း ဘယ်မှာလဲ၊ မင်းရဲ့ ယုတ်ညံ့တဲ့သတ္တိကို ရွတ်ချတယ်ကွ'

ထိုစကားရပ်တွင် နောက်ဆုံးပိုင်း စကားလုံးများသည် သူ၏ ခြောက်သွေ့လျက်ရှိသော လည်ချောင်းမှ လေသံပျော့ကလေးဖြင့်သာ ထွက်လာနိုင်ကြချေသည်။





ဇီဗန်က သူ့ကို ငြိမ်ငြိမ်နေဖို့ပြောသည်။ မိုးလင်းလျှင် အင်းချင်း တပ်မှူးထံ အစီရင်ခံပေးမည်ဟုဆို၏။ လာဇာသည် သူ့တပည့်များရှိသည့်နေရာကို ပြောလိုက်လျှင် တပ်မှူးက ရေသောက်ခွင့်ပေးမည် ဧကန်ဖြစ်ကြောင်း၊ မိုးမလင်းခင် သည်းခံ စောင့်ဆိုင်းစေလိုကြောင်း၊ ဖျောင်းဖျ၍ ပြောလေသည်။ ခေါ်ပြုကြီးလည်း သူ့စကားကို နားမဝင်ဘဲ ပြောခဏ သံကုန်ဟစ်လေသည်။

'ဇီဗန်... ရေ... ရေ... ငါပွလှပြီ'

သူ၏ ရေတောင်းသံသည် သူ့အဖျားရှိန်အတက်အကျကို လိုက်၍ တိုးလိုက်ကျယ်လိုက် ဖြစ်နေလေသည်။

တပ်မှူးကတော့ကလေးသည် ခုတင်အစွန်းတွင် ထိုင်ရင်း ထိုအသံအားလုံးကို နားထောင် နေသည်။ သူ ဘယ်နေရာ ရောက်နေသည် ဆိုသည်ကိုပင် သတိမပြုမိတော့ပေ။ ခေါ်ပြုကြီး၏ အသံကို ကြားရသဖြင့် ပေါ်ထွန်းလာသော ကြောက်စိတ်ထဲတွင် နစ်မွန်းနေလေသည်။

သူ ငယ်စဉ်က သူ့မိဘအိမ်တွင်နေစဉ် အိပ်မပျော်သော ညများကို ကြုံတွေ့ခဲ့ရသည်။ နွေဦးဆောင်းဦး ကာလများတွင် ဖြစ်တတ်သည်။ ထိုညများတွင် အိမ်အပြင်မှ ဝင်လာသော အသံအမျိုးမျိုးကို နားထောင် နေတတ်သည်။ မီးဖိုခေါင်းတိုင်များကို ဖြတ်တိုက်သွားသောလေသံ၊ မပီတ်မိဘဲ ဟနေသည့် ဝင်းတံခါး ပတ္တာမှ ထွက်လာသော အသံစသည့်အသံများပင်ဖြစ်သော်လည်း ထိုအသံများကို ဒုက္ခတွေ့ကြုံခံစားနေရသော သက်ရှိသတ္တဝါတို့၏ အသံများဟု တွေးထင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းသံ၊ ငိုသံ၊ အူသံများဟူ၍ စာလေးအာဝဏ မှတ်ယူမိခဲ့လေ
သည်။

စာလေးအာရုံသာ ဆက်၍နေရပါမူ ဇောင်းလေစွ။ သို
ရာတွင် ယခုမူ သူသည် သူ့ခင်ပွန်းနှင့်အတူ အိပ်ရသော
ခုတင်ပေါ်တွင် ရှိနေသည်။ ခွေးပြူကြီး၏ အသံကို မီးဖို
ခေါင်းတိုင် လေတိုးသံဟု ထင်ဖို့ မဖြစ်နိုင်တော့ချေ။

ယခုကြားနေရသော အသံမှာ လေတိုးသံမဟုတ်၊ တံခါး
ပတ္တာမြည်သော အသံလည်း မဟုတ်၊ အချိန်မှန်မှန် မြည်နေ
သော အသံဖြစ်သည်ကား မှန်၏။ ယခုအသံသည် လူတစ်
ယောက်၏ ရေတောင်းသံဖြစ်သည်။ ရေငတ်လွန်း၍ ပူလော
လျက်ရှိသော လျှာမှတစ်ဆင့် ခြောက်သွေ့နေသော နှုတ်ခမ်း
များကြားမှ ထွက်လာသော 'ရေ....ရေ....ရေ....' ဟူသော အသံ
ပင် ဖြစ်ချေသည်။

ဇီဗန်နှင့် အခြားတစ်ယောက် အစောင့်တာဝန်လွှဲပြောင်း
လိုက်သော်လည်း ယိုအသံမှာ ဆိတ်သွားခြင်းမရှိ၊ သို့ရာ
တွင် ပင်ပန်းလွန်းလှသဖြင့် လေသံပျော့သွားလေပြီ၊ တပ်မှူး
ကတော်ကလေးသည် မှောင်နေသော အခန်းထဲ၌ ခုတင်စွန်း
တွင် ထိုင်နေရင်း ထိုအသံကိုသာ အာရုံစူးစိုက်လျက် ရှိ၏
သူသည် နားစိုက်နေရင်းပင် လူတို့အကြောင်းကို တွေးတော
သလို တွေးမနေ၏။ တချို့လူတွေက ခေါ်ပြူဖြစ်တယ်၊ တချို့က
တပ်သားဖြစ်တယ်။ တကယ်တော့ သူတို့နှစ်မျိုးလုံးဟာ ဘော
ဒုက္ခတွေကို တဖက်စီ နေပြီး ရင်ဆိုင်ကြရတာပဲ၊ တဖက်က
တစ်ဖက်ကို အမြဲတမ်းလိုက်တယ်။ ရက်ရက်စက်စက် သတ်ဖြ





ဖြတ်ကြတယ်။ အဲဒီ အင်အားစုနှစ်ခုကြားမှာ ငါရောက်နေ
တယ်။ ငါလဲ ဘာမျှ မတတ်နိုင်ဘူး၊ စိတ်မချမ်းသာတာဲ ဖြစ်
ရတတ်တယ်။ သနားရုံပဲ သနားနိုင်တယ်။

သူသည် ခေါ်ပြူကြီး လာစဉ်၏ ရက်စက်ပုံများကို များစွာ
ကြား၊ဖူးလေသည်။ သူ့အမိန့်ကို မနာခံသည့် ရွာသူရွာသား
တို့ကို မည်သို့ နှိပ်စက်ညှဉ်းပန်းပုံ၊ တပ်သားများကို မည်သို့
ချုပ်ကိုင် တိုက်ခိုက်ပုံ စသည်တို့ကို ရွာသူ ရွာသားများထံမှ
ကြားသိရဖူးလေပြီ။ ယခုလည်း တပ်ရင်းမှူးနှင့် တပ်သား
များက ခေါ်ပြူဗိုလ် လူဆိုးကြီးကို လက်စားချေခြင်းပင် ဖြစ်
ကြောင်းကို သူ သိပါ၏။ သို့သော် ထိုလက်စား ချေမှုကို
ထာဝစဉ် ဆောင်ရွက်သွားနိုင်မည်လော၊ ခေါ်ပြူရော တပ်မှူး
တပ်သားများပါ မှောင်အတိပြီးသော ညကြီးတွင် သေး
ထွက်သံယို ဖြစ်မှု၊ ရေငတ်မှုစသည့် ဘေးဆိုးကြီးများ ရှိသည့်
ချောက်အတွင်းသို့ ကျခါနီး ကမ်းပါးထိပ်တွင် ရောက်နေ
ကြပြီဟု ဆိုနိုင်ပေတော့သည်။

တစ်ခါတစ်ခါ သူသည် သူ့ဘေးနားတွင် အိပ်နေသော
သူ့ခင်ပွန်းကို နှိုးပြီးလျှင် စကားကလေး တစ်လုံး၊ အပြုံး
ကလေးတစ်ခုဖြင့် ထိုအယူမှားချက်ကို ဖျောက်ဖျက်ပစ်ဖို့ စိတ်
ကူးမိ၏။ သို့သော် တကယ်တော့ သူကိုယ်တိုင်ပင် ငုတ်တုတ်
ထိုင်နေရာမှ တစ်ချက်မျှ မလှုပ်မရှက်ဘဲ ငေးငိုင်၍ နေလေ
သည်။ ရေတောင်းသံကိုသာ အာရုံစူးစိုက်လျက်ရှိ၏။ သူသည်
ရေတောင်းသံ တစ်ဖက်၊ တရှူးရှူး အိပ်မောကျနေသံ



www.burmeseclassic.com

တစ်ဖက် ထိုနှစ်ဖယ်ကြားတွင် ဘာမျှမတတ်နိုင်၊ မစွမ်းဆောင်နိုင်သော အဖြစ်၌သာ တည်နေရချေတော့မည်ပင်။

ညဉ့်သည် နက်သည်ထက်နက်လာသည်။ ထိုညသည် နေ့နှင့်ည အဆက် သံသရာထဲတွင်ရှိသော ညတစ်ည မဟုတ်တော့ဘဲ မည်းမှောင်သော ကန္တာရကြီး ဖြစ်နေတော့ကာ လူ့ပြည်တွင် နောက်ဆုံး အသက်ရှင် ကျန်နေခဲ့သူတစ်ဦးက မျှော်လင့်ချက်လုံးဝ ကင်းနေသော်လည်း မတတ်သာသဖြင့် အကူအညီတောင်းနေသော ရေတောင်းသံကိုသာ ကြားရသော ကာလအပိုင်းအခြားပင် ဖြစ်နေလေတော့သည်။ ထိုကန္တာရကြီးတွင် ဘုရားသခင်က ဖန်ဆင်းပေးထားသော မြစ်များ၊ ချောင်းများ၊ မိုးရေများ၊ နှင်းများ ရှိစေကာမူ ယခု ဒုက္ခိတအဖို့ မျက်ရည် တစ်ပေါက်စာကလေးကိုမျှ ယူပေးမည့်သူ မရှိတော့ချေ။ လူ့လောကကြီးတွင် ရေတွေ့ခန်း၍ လှုံ့ဆော်တိုးကုန်ကြပြီ ဖြစ်လေသည်။ ထိုလောကကြီးတွင် ဘာမျှ မစွမ်းဆောင်နိုင်သော တပ်မှူးအတော်ကလေး၏ အာရုံရောင်ခြည်မြင်စာလေး တစ်ခုသာ ကျန်ရှိနေတော့သည်။ ထိုအာရုံ ရောင်ခြည်စာလေးသာလျှင် လူ့လောက၏ ကိုယ်စား အသိ သက်သေ ဖြစ်နေချေသည်။

နောက်ဆုံး၌ မိုးလင်းလာလေသည်။ သူ့ကိုယ်သူပင် မယုံသလိုလိုဖြစ်ရင်း တဖြည်းဖြည်း ဖြူလာသော အခန်းနံရံကို ငေးကြည့် နေလိုက်မိ၏။ ပထမမှဲ့ပြာ၊ နောက် နီကျကျ၊ နောက်မှ လင်းထိန် လာလေသဖြင့် အခန်းတွင်းရှိ ပစ္စည်းများကို ကွဲကွဲပြားပြား မြင်နိုင်လာတော့သည်။





သူသည် နားစွင့်ဆဲဖြစ်၏၊ စားပွဲကြီး၏ ရေတောင်းသံကိုကြားနေရသေး၏။ သို့သော် အကြိမ်ဝေးသွားလေပြီ။ ဆဲဆိုသံကို မကြားရတော့ပေ။ တစ်ခါတစ်ရံ ညည်းသံကိုမူ ကြားရသေး၏။ တကယ်ပင် ကြားရသလော၊ နားကျင့်ရနေသဖြင့် ကြားရသည်ဟု ထင်နေသလော၊ သူ မပြောတတ်တော့ပေ။

တပ်မှူးအတော်ကလေး၌ လှုပ်ရှားနိုင်စွမ်းမရှိတော့ချေ။ ကိုယ်လက် တောင့်တောင့်တင်းတင်း ဖြစ်နေသည်။ ဦးခေါင်းကို လက်နှစ်ဖက်နှင့် ညှပ်ထားမိသဖြင့် သူ့ခင်ပွန်း နိုးသာသည်ကိုပင် သူ သတိမပြုလိုက်မိပေ။

တပ်ရင်းမှူးသည် မျက်လုံးများကိုဖွင့်၍ ကြည့်လိုက်ရာ၊ သူ့ဇနီး၏ ငုံ့ကိုင်းနေသော ပခုံးနှင့် ဖြူဖွေးလျှက်ရှိသော လည်ကုပ်ကို မြင်လေသည်။ သူသည်နိုးခါစ ယောင်တိယောင်ကန်းဖြစ်ရာမှ သူ့ဇနီးနှင့်အတူ အိပ်ရာထဲတွင်ရှိသည့် အဖြစ်မှန်ကို သတိမမူမိသဖြင့်စိတ်ချမ်းမြေ့မှုသည် သူ့တစ်ကိုယ်လုံးကို ဖြတ်သန်း၍ အပူငွေ့ခဲကို ပြန့်စေသည်။ သူသည် သူ့ဇနီးကို အော်၍ပင် ခေါ်လိုက်ချင်၏၊ သို့သော် အော်၍ ခေါ်စရာမလိုကြောင်း သတိရလေသည်။ ထို့ကြောင့် သူသည် ဝဲဘက်စောင်းပြီးလျှင် သူ့ဇနီး၏ ပခုံးကို လှမ်းဆွဲ၍ ဖက်လိုက်သည်။

ဇနီးသည်ခဏမျှ အနည်းငယ်ရုန်းလိုက်လေသေးသည်။ ယခုကဲ့သို့ ဖြုန်းခနဲ ဆွဲလိုက်သဖြင့် တပ်မှူးကတော်ကလေးလန့်သွားခြင်းဖြစ်သည်။ သို့သော် မတားဆီးနိုင်ချေ။ သူသည် သူ့ခင်ပွန်းကို ညတစ်ညလုံး၏ အဖြစ်အပျက်ကို ပြောပြလိုက်

www.burmeseclassic.com



ချင်၏။ သို့သော် မဖြစ်နိုင်ပေ။ အလုပ်အကြောင်း အကိုင် အကြောင်းကို ပြောဖို့မသင့်ပေ။ ထို့ကြောင့် ပြောချင်သည့် စကားတို့သည် သူ့နှုတ်မှ မထွက်လာတော့ဘဲ သူ့ကိုယ်ကို တွန့်လိမ်လိုက်လေသည်။ တပ်ရင်းမှူးက သူ့ဇနီး အမူအရာ သည် ကန့်ကွက်ခြင်းဖြစ်သည်ဟု စိုးစဉ်းမျှ မထင်မိပေ။ သူ့ ဇနီး၏ တွန့်သော်လည်း တွန်းအားနည်းလှချေသည်။ သူ့ စိတ်တွင်ရှိသော အတွေး အတိုင်း ပြောပစ် လိုက် ချင် သော စကားလုံးတို့သည် သူ့ခင်ပွန်း၏ ပူနွေးလှုပ်ရှားသော ကိုယ် ခန္ဓာ၏ အရှိန်ကြောင့် ပျောက်လွင့် သွားလေတော့သည်။

တပ်မှူးတဲတော်လေးတွင် ညက တွေးခေါ်ထားသော အတွေးအခေါ်တို့သည် ရေမျက်နှာပြင်တွင် ပေါ်၍ ပျောက် သွားသော ရေပွက်ကလေးများပမာ ဖြစ်သွားလေသည်။

ပရိဘောဂအပြည့်အစုံဖြင့် ကျနစွာ ဆင်ယင်ထားသော အိပ်ခန်းကြီးသည်လည်း ထိန့်ထိန်လင်းနေသော နေရောင် ခြည်တို့ဖြင့် ပြည့်လျှံ လျက် ရှိလေသည်။

(နိုဗဲစာပေဆုရ ယူဂိုစလပ် စာရေးဆရာကြီး အိုင်ဗိုအန်ဒရစ် (IVO ANDRIC) ရေးသော THIRST ကို မြန်မာပြန် သည်။

၇-၃-၆၀



ဆော်ဖက်သတ်မင်္ဂလာဆောင်

(ဆရူတ်စာရေးဆရာကြီး ယန်း ချင်ရှင်း)

ဆောင်းဦးကာလ ကုန်ဆုံးခါနီးတွင် မွန်းမတည့်မီကလေး၌ ...းဝများနှင့် တူသော တိမ်ဖြူတို့သည် ကောင်းကင်တွင် ...ပ်ရိပ် ပြေးသွားနေကြသည်။ နေရောင်သည်လည်း လေအ ...းနှင့်သဖြင့် သန့်စင်နေသော လမ်းများပေါ်တွင် ဖြူမွေး ... သင်းနေသည်။ မိန်းမတွေနှင့် ကလေးတွေသည် သူတို့ ...ခြံ့တံခါးဝများတွင် ရပ်၍ စိတ်ဝင်စားစွာ စကားပြော ...ကြသည်။ တိုက်နေသော လေက ခပ်လှမ်းလှမ်းမှ နှဲသံ၊ ...သံများကို သယ်ဆောင်လာလေသည်။ ယင်းအသံများ ...ည်ကား ကြည်လင် ပီသသည်နှင့်အမျှ ကြော်ကြွဖွယ် ဖြစ်နေ ...သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော...လာပြီ၊ လာပြီ၊ လာကုန်ကြပြီ'ဟု မိန်းမတစ် ယောက်က လှမ်း၍ ကြည့်ရင်း ပြောလိုက်သည်။

အလံများကိုကိုင်လာသော လူတစ်စုသည် စီတန်း လျှောက် လာကြသည်။ သူတို့နောက်တွင် သက္ကလပ်အပြာ ဖုံးထားသော ဝေါတစ်စင်း ပါလာသည်။ ဝေါပေါ်တွင် ကမ္ပည်း ထိုးထား သော သစ်သားပြားကြီး တစ်ပြား ပါလာသည်။ ယင်းဝေါ နောက်တွင် အလားတူ ဝေါတစ်စင်း ပါလာပြန်သည်။ ယင်း ဝေါပေါ်တွင် အသက်ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ် အရွယ် မိန်းကလေးတစ်ယောက် ထိုင်၍ လိုက်ပါလာသည်။ သူသည် ကွယ်လွန်သူ တစ်ဦးအတွက် ပူဆွေးနေခြင်း အထိမ်း အမှတ် အဝတ်အစားမျိုးကို ဝတ်ဆင်လာသည်။ သူ့ဦးခေါင်း ပေါ်တွင် လွှမ်းလာသော ပိုးအနက်စများ၏ အမြိတ် သည် သူ့ပခုံးများပေါ်တွင် ဝဲလျက်ရှိသည်။ သူ့မျက်နှာမှ သွေးမရှိသလို ဖြူရော်ရော် ဖြစ်နေ၏။ သူ့နှုတ်ခမ်းများ မှာသာ နီယောင်ယောင် ရှိသည်။ သူသည် ကြေရုပ်တုသဖွယ် မတုန်မလှုပ်ငြိမ်၍ ထိုင်လျက် လိုက်လာလေသည်။

'ဒါ...ချုန်းရဲ့ သမီးပေါ့'ဟု မိန်းမတစ်ယောက်က အဘွားကြီးတစ်ယောက်ကို ဒုတိယဝေါကို လက်ညှိုးညွှန်၍ ပြောပြသည်။

'သူနဲ့ စေ့စပ်ထားတဲ့လူဟာ မကြာခင်ကလေးကပဲ ... တယ်ဆိုပဲ၊ သူနဲ့ စေ့စပ်တယ်သာဆိုတယ်၊ သူဖြင့် အဲဒီလူ မြင်တောင် မမြင်ဖူးဘူးတဲ့'





'အဲ...အလေးမက အခုတော်လှသတဲ့၊ သူ့မိဘတွေအလဲ ဟယ်၊ သူ့ကို အခုလို ဘာလို့ထည့်လိုက်ကြပါလိမ့်'

အဘွားကြီးသည် ဆက်၍ မပြောနိုင်တော့ချေ။ ချောင်း တဟွတ်ဟွတ် ဆိုးနေလေသည်။

'ဒါ...မသာ ချလာတာလား အမေ'ဟု သူငယ်ကလေး တစ်ယောက်က လှမ်းမော့ကြည့်ကာ သူ့မိခင်ကို မေးကြည့် လိုက်သည်။

'ဟဲ...နင့် ပါးစပ်ပုပ်ကြီးအလဲ၊ ဒါ...သူတို့ သတို့သမီး ကို သတို့သားအိမ်ကို ခေါ်လာတာဟဲ့'

'ဟင်...သတို့သားတော့ ဘယ်မှာလဲ'ဟု ကလေးက မေး လိုက်ပြန်သည်။

'ဟိုမှာလေ...ရှေ့က ဝေါထဲမှာပေါ့ဟ'ဟု မိခင်က စိတ် မရှည်သံဖြင့် ပြန်ပြောလိုက်သည်။

သူငယ်ကလေးသည် ပထမဝေါကို သေသေချာချာ ကြည့် လိုက်ပြီးနောက် ပါးစပ် ဟသွားလေသည်။ သူက သူ့အမေကို သူမြင်သမျှအကြောင်းကို ပြောပြရင်း စောဒကတက်မည့်ဟန် အပြင်တွင် သူ့အမေက သူ့ကို ဂရုမစိုက်ဘဲ တစ်ဖက်အိမ် နီးချင်း တစ်ယောက်နှင့် စကားပြောနေသည်။

သူငယ်ကလေးသည် စိတ်ပျက်သော အမူအရာဖြင့် ဦးခေါင်းကို နှိမ့်၍ နှုတ်ခမ်းစူကာ 'သတို့သားအလဲ ပျဉ် ပြားကြီးပါလား'ဟု ရေရွတ်လိုက်သည်။

ဝေါများနှင့် စီတန်း လျှောက်လာသူများ ကျယ်ဝန်း သော ဝင်းကြီး အဝ တံခါးသို့ ရောက်လာကြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီရှည်ကြီး အပေါ်တွင် လက်ပြတ်အင်္ကျီ ဝတ်ထားသော လူနှစ်ယောက်သည် ထွက်လာပြီးလျှင် ပထမဝေါ်ထဲမှ သစ်ပြားကြီးကို ထမ်းယူသွားကြသည်။ နောက် ဝမ်းနည်းခြင်း အထိမ်းအမှတ် အင်္ကျီဝတ်ထားသော မိန်းမကြီးနှစ်ယောက် ထွက်လာပြီးလျှင် သတိုးသမီးကို ဝေါ်ပေါ်မှ တွဲ၍ ခေါ်သွားကြသည်။

ကမ္ပည်းထိုးထားသော သစ်သားပြားကြီးကို ကိုင်ဆောင်သူတို့က ရှေ့ဆောင်၍ နောက်မှ သတိုးသမီးက လိုက်လျက် ဖြည်းဖြည်း သွားကြသည်။ သစ်သားပြားကြီးနှင့် သတိုးသမီး တို့ကို ဆယ်ပေခန့်ရှည်သော အနက်ရောင်ရှိသော ပိုးစကြီးဖြင့် ချည်နှောင်ထားလေသည်။ သစ်သားပြားကြီးနှင့် သတိုးသမီးတို့သည် ကော်ဇောပြာကြီးပေါ်တွင် ရပ်နေကြသည်။ သစ်သားပြားကြီးက ယာဘက်၊ သတိုးသမီးက ဝဲဘက်၊ သစ်သားသတိုးသားနှင့် လူသားသတိုးသမီးတို့သည် ကောင်းကင်နှင့် မြေကြီးတို့ကို ရှိခိုးကြပြီးနောက် ဧည့်ခန်းမကြီးထဲသို့ ဝင်သွားကြသည်။ သတိုးသား၏ မိခင် ဖခင် တို့ကို ရှိခိုးကြရပြန်သည်။ ထို့နောက် သစ်သားပြားကြီးက ရှေ့ဆောင်လျက် သတိုးသမီးက နောက်မှ လိုက်လျက်၊ ပိုးစအနက်ကြီးဖြင့် ချည်မြဲ ချည်လျက်။ မင်္ဂလာအိပ်ခန်းဆောင်ထဲသို့ ဖြည်းဖြည်း စီတန်း၍ ဝင်ကြလေသည်။

အိပ်ခန်းဆောင်ထဲသို့ ဝင်မိလျှင်ဝင်မိခြင်း ယစ်တင်စားပွဲ တစ်လုံးကို ရင်ဆိုင်မိလျက်သား ဖြစ်နေသည်။ ထိုစားပွဲပေါ်တွင် သတိုးသား၏ ကိုယ်စားဖြစ်သော သစ်သားပြားကြီးကို





ထောင်ထားသည်။ အပြာရောင်မီးချိုင့်များ ထွန်းလျက်ရှိသော ဆီမီးသည် သစ်သားပြားကြီးရှေ့တွင် ထွန်းညှိလျက် တောက်လျက်ရှိ၏။ တစ်ဖက်တွင် ပြတင်းအနီး၌ ကြေးခုတင်ကြီး တစ်လုံးသည် အိပ်ရာဖုံး အဖြူဖုံးလျက်ရှိသည်။ ခေါင်းအုံးစွပ်များပေါ်တွင် ထုံးစံအတိုင်း ဝမ်းဘဲ ဗိုမ ရုပ်များဖြင့် ပန်းထိုးထားသည်။ (ဝမ်းဘဲဖိုမဟူသည် ရာသက်ပန် ခွဲ တမ်းဟူသော အဓိပ္ပာယ်ကို ဆောင်သည်။)

ညဉ့်နက်သည့် အခါဝယ် သတိုးသမီးသည် သစ်သားပြား ကြီးတင်ထားသော စားပွဲဘေးနားတွင်ရှိသော ပက်လက် ကုလားထိုင်ပေါ်တွင် ထိုင်နေရင်း ကြေးခုတင်ကြီးကို ငေး ကြည့်နေလေသည်။ အနောက်လေသည် တသုတ်သုတ်ရိုက် လျက် ပြတင်းမှ ဝင်လာပြီးလျှင် ဆီမီးလျှံကို ယိမ်းကာသလို လှုပ်ရှားစေလိုက်သည်။ လေအဟုန်ကြောင့် မီးလျှံမှ မီးခိုး မည်းများ ထွန့်တက်လေရာ မည်းသောအရိပ်များ ထင်စေ သည်။ အိပ်ရာ အဖြင်ဘက်တွင် ဝါးပင်များမှ ဝါးရွက်တို့ သည် လေကစားခြင်းခံရသဖြင့် တချွတ်ချွတ်မြည်ညည်းနေကြ သည်။

နွေဦးကာလ တစ်ညနေတွင် သတိုးသမီးသည် အိပ်ရာမှ နိုးလာပြီးလျှင် နောက်ပိုင်းရှိ ပန်းခြံထဲတွင် လမ်းလျှောက် နေသည်။ ပန်းရနံ့တို့သည် လေထဲတွင် သင်းပျံ့နေကြသည်။ မိုးမခရွက်များသည် ဘောလုံးအလေးများသဖွယ် လုံး၍ မြေသို့ ကြွေကျကြသည်။ သတိုးသမီး၏ တစ်ကိုယ်လုံးသည် အကြောအခြင်လျော့၍ အနေအထိုင် သက်သောင့်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အာ သတိုးသမီးသည် ဇာခယာသုခ ရနေလေသည်။ လေ ဝေ့သောကြောင့် ပန်းပွင့်ကလေးများသည် လှုပ်ယမ်း လျက်ရှိရာ ပန်းစုပ်နေသော လိပ်ပြာတို့သည် လန့်ဖျပ်ကာ စုံတွဲဖျံ့ဝဲလျက် သူ့မျက်နှာသို့ လာ၍ တိုးကြလေသည်။ သူ သည်လည်း ပျင်းပျင်းရှိသဖြင့် ကျောက်တုံးဝစ်တုံး ဘေး နားတွင်ထိုင်လျက် မိုးမခန္တယ်ကလေးများကို လှမ်းဆွဲဆွတ်ယူ ပြီးလျှင် ရက်နေသည်။ ရက်နေသော်ငြားလည်း မည်သည့် ပုံစံဖြစ်အောင် ရက်ရမည်ကား သူမသိချေ။

သတိုးသမီးသည် ပန်းကလေးများကို စိုက်ကြည့်နေသည်။ ကျွန်း ပွင့်ချပ်ကလေးများ အချို့ အဝက် ကြွေကျပြီးဖြစ်သည်။ ကျန် ပွင့်ချပ်ကလေးများသည်လည်း လေအဝှေ့ကိုစောင့်၍ ကြွေ တော့မည့်ပုံသဏ္ဌာန်ဆောင်ကာ ပန်းရိုးကလေးဘေးတွင်ခပ်လဲ့လဲ့ တွယ်ကပ်လျက်ရှိကြလေသည်။ ကြွေကျနေသော ပန်းချပ်က လေးများ အပေါ်တွင် စာမောင်နှံသည် ပန်းမှုန့်ရှာခင်း ကာ ဝင်္ခါနိုး နေရောင်၏ အေးမြသော အရသာကို ခံစား ရင်း အမွှေးများကို သပ်နေကြသည်။ ကျေးနပ်ရှင်လန်းနေ ကြသည့်အလျောက် သူတို့သည် ယုယကျီစယ်နေကြလေသည်။ ရှဉ့်ကလေးနှစ်ကောင်သည် သစ်ကိုင်းတစ်ကိုင်းမှ ခုန်ချလိုက် ပြီးလျှင် လိုက်တမ်းပြေးတမ်း ဆော့နေကြသည်။ ငှက်တို့ သည်လည်း သစ်ပင်ကိုင်းများမှထ၍ ပျံကြလေရာ ကိုင်း တိုင်းတွင် တွယ်နေသော ပန်းပွင့်များမှ ပန်းချပ်တို့သည် လေ ပြည်တွင် ပျံ့ကြ၍ဝဲကာ မြေသို့ ကျကြလေသည်။ ပန်း





များ ကျလာသည်ကိုပင် ရှဉ့်ကလေးနှစ်ကောင်သည် လန့်ဖျပ် ကာ ပြေးမိပြေးရာသို့ ပြေးသွားကြလေသည်။


ငေးငိုင်နေသော သတိုးသမီးကလေးသည်လည်း လန့်ဖျပ် သွားလေသည်။ သူ့လက်က ရက်လျက်ရှိသော မိုးမခန္တယ် ကလေးများသည် မည်သည့်ပုံစံမျှဖြစ်မလာတော့ဘဲ အပိုင်းပိုင်း ပြတ်လျက် မြေပေါ်သို့ ကျနေလေသည်။ သူသည် ထိုင်ရာမှ ထ၍ သူ့အဝတ်အစားများကို လက်ဖြင့်သပ်လိုက်သည်။ ပြီး လျှင် စိတ်မပါတပါဖြင့် သူ့အခန်းဘက်သို့ လျှောက်သွား လေသည်။ သူ့မျက်နှာသည် နီမြန်းလျက်ရှိ၏။ မိုးပွသလို ပွနေ၏။ သူ့မျက်နှာကို ကြေးမုံပြင်တွင် ကြည့်လိုက်သည်။ သူ့မျက်နှာတစ်ပြင်လုံး နီနေသည် မဟုတ်ဘဲ အနီကွက် အဖြူ ကွက်များ ပေါ်လျက်ရှိသည်ကို သုံးမြင်ရသည်။ သူ့ပါးရိုး များသည် ပန်းပွင့်နီများကဲ့သို့ မြစ်နေသည်။ သူသည် ခြေ လှမ်းအနည်းငယ်လှမ်းပြီးလျှင် ကုလားထိုင်ပေါ်တွင် ထိုင် လိုက်သည်။ ထို့နောက် သစ်သားပြားကြီးကို ညည်းငွေ့ သော မျက်နှာထားဖြင့် ငေးကြည့်နေသည်။

နောက်နေ့နံနက်တွင် သတိုးသမီးသည် သူ့အခန်းမှထွက် မလာတော့ချေ! နေမြင့်သည့်တိုင်အောင် ထွက်မလာခြင်းဖြစ် ၏။ စေခံမကလေးသည် မျက်နှာသစ်ရေကို ယူ၍ အခန်းသို့ အကြိမ်များစွာ လာ၍ စောင့်သည်။ အခန်းထဲမှ ဘာသံကိုမျှ မကြားရသဖြင့် ပြန်၍ချည်း သွားရသည်။ ယင်းသို့လျှင် သူ သည် မသက်မသာဖြစ်လာသောကြောင့် ပြတင်းဘက်သို့ လှည့်၍ အခန်းတွင်းသို့ ချောင်းကြည့်လိုက်သည်။ အခန်းထဲတွင် မြင်



www.burmeseclassic.com

ရသည့်ကို အကြောင်းပြု၍ အစေခံမလေး အကြီးအကျယ် ထိတ်လန့်လာ စကားတစ်ခွန်းမျှမပြောနိုင် ဖြစ်သွားရလေသည်။ မျက်လုံးမျက်ဆန်ပြူးလျက် အခန်းမှ သတို့သား၏ မိခင် မဒမ်လီ၏ အခန်းသို့ပြေးသွားလေသည်။ အတန်ကြာ စကားမေးမရ ဖြစ်ပြီးခါမှ အစေခံမှတလေး၏နှုတ်မှ 'သခင်မလေး ဆံကြိုးချသေနေတယ်' ဟူသော စကားသည် ထွက်လာလေတော့သည်။





## ပုလဲ

(ဂျပန်စာရေးဆရာ ယူကီယို-မိရှိမား)

ဒီဇင်ဘာလ ၁၀ ရက်နေ့သည် ဒေါ်ဆာစကီ၏ မွေးနေ့ဖြစ်သည်။ သူ၏မွေးနေ့ အထိမ်းအမှတ်ပွဲကို ကျင်းနိုင်သမျှ အကျဉ်းရုံး၍ ကျင်းပလိုသဖြင့် သူ့မိတ်ဆွေရင်းတို့ကိုသာ သူ့အိမ်သို့ နေ့လယ် လက်ဖက်ရည်ပွဲသို့ ဖိတ်ကြားလိုက်သည်။ ကြွရောက် လာသော ဧည့်သည်များမှာ ဒေါ်ယာမာမိုတို၊ ဒေါ်မတ်ဆူမူရာ၊ ဒေါ်အဇူးမား၊ ဒေါ်ကဆူဂါးတို့ ဖြစ်သည်။ သူတို့အားလုံးသည် ဒေါ်ဆာစကီနှင့်အသက်အရွယ်တူများဖြစ်သည်။ အားလုံး လေးဆယ်သုံးနှစ် ရှိကြလေပြီ။

သူတို့သည် အသက်မှန်ကို မပြောကြစတမ်း ဆိုသည့် ဂိုဏ်းသားများ ဖြစ်ကြသည့်အလျောက် မွေးနေ့ကိတ်မုန့်ပေါ်တွင် စိုက်ထွန်းထားသော ဖယောင်းတိုင်အရေအတွက်ကို အပြုံးလှ



www.burmeseclassic.com

www.burmeseclassic.com



များအား အသိပေးကြမည် မဟုတ်ပေ။ ဒေါ်ဆာစကီသည် ပုလဲလက်စွပ်တစ်ကွင်း ဝတ်ထားသည်။ အမျိုးသမီးများသာ ပါဝင်သော ပွဲမျိုးတွင် စိန်ဆိုလျှင် ရိုင်းရာကျသည်ဟု ထင်မိသည်။ ပုလဲလက်စွပ်နှင့်လိုက်သော အဝတ်အစားကို ဝတ်ထားသဖြင့် ပုလဲသာလျှင် သင့်လျော်ပေသည်။

မွေးနေ့ပွဲ စခါစလောက်တွင် ဒေါ်ဆာစကီသည် မွေးနေ့ ကိတ်မုန့်ကို သွား၍ကြည့်လေရာ၊ သူ့လက်စွပ်မှ ပုလဲလုံးသည် ကျွတ်ထွက်၍ ကိတ်မုန့်ကြီးဘေးနားတွင် ကျသွားသည်။ ထို အကြောင်းကို သူ့မိတ်ဆွေများ သိသွားလျှင် မွေးနေ့တွင် နိမိတ်မကောင်းဟု ယူဆကာ စိတ်မကောင်းဖြစ်နေကြမည်စိုးသဖြင့် အမှတ်မထင် နေလိုက်သည်။ နောက်မှ ကိတ်မုန့် ပန်းကန်ထဲမှ ကောက်ယူမည်ဟု သဘောထားကာ ကိတ်မုန့်ကြီးကို သူကိုယ်တိုင် ထုံးစံအတိုင်း လှီးပြီးလျှင် အစိတ်များကို ဧည့်သည်များအား လှမ်း၍ပေးရန် ပြင်ဆင်နေလေသည်။

ဧည့်သည်များ စကားတဖောင်ဖောင် ပြောနေကြခိုက်တွင် ပုလဲလုံးကျွတ်သွားသော လက်စွပ်ကို မြင်သွားမည်စိုးသဖြင့် အမှတ်မှားဘိ လက်မှချွတ်ပြီးလျှင် လက်စွပ်ကွင်းကို နံရံချောင်ကြားတစ်ခုတွင် ချထားလိုက်သည်။ ဧည့်သည်များ၏ စကားပြောသံ ရယ်မောသံတို့ကြောင့် ဒေါ်ဆာစကီသည် ဝမ်းသာနေသည်။ ထို့ကြောင့်ပင် ပုလဲလုံးကို လုံးဝ မေ့သွားလေတော့သည်။





ထုံးစံအတိုင်း ကိတ်မုန့်ပေါ်တွင် စိုက်ထွန်းထားသော ဖယောင်းတိုင်များကို မှုတ်ရသည်။ သို့သော် လေးဆယ့်သုံးတိုင်ကို တစ်ကြိမ်တည်း ငြိမ်းအောင်မမှုတ်နိုင်သဖြင့် မိတ်ဆွေ ၅ ဝိုင်း၍ မှုတ်ပေးကြရသည်။ ယင်းသို့ ဝိုင်းကူမှုတ်ပေးကြရင်း ရယ်မောနေကြသည်။ မီးမှုတ်ပြီးသည့်နောက် အိမ်ရှင် ဒေါ်ဆာစကီက ကိတ်မုန့်ကို ဓားဖြင့်လှီးဖြတ်ကာ ပန်းကန်ပြားကလေးများထဲတွင် တစ်စိတ်စီထည့်၍ ဧည့်သည်များ ထံသို့ ကမ်းလေသည်။ ကိတ်စိတ်များကမ်းရာတွင် လက်များ လှမ်းနေကြကာ စကားတစ်ဖောင်ဖောင်နှင့် ရှုပ်ယှက်ခတ်သွားတော့သည်။

ကိတ်မုန့်ကြီးအပေါ်ယံမှ သကြားဖြင့် ပန်းသဏ္ဌာန်များ ပြုကာ မွမ်းမံထားသည်။ ကိတ်မုန့် အပေါ်ယံအဝိုင်း၏ ပတ်လည်တွင် ငွေရောင်သုတ်ထားသော သကြားလုံးကလေးများ စီ၍ထားသည်။ လှီး၍ပေးနေစဉ် ထိုသကြားလုံးကလေးများ အချို့သည် ပဲ့၍ အောက်သို့ကျသည်တွင် ဧည့်သည်တို့သည် ကျနေသော သကြားလုံးကလေးများကို လက်ဖြင့်ကောက်၍ စုပြီးလျှင် သူတို့၏ ပန်းကန်ထဲသို့ ထည့်ကြသည်။ အချို့ ဧည့်သည်များကမူ သကြားလုံးကလေးများကို ပါးစပ်ထဲသို့ တန်းသွင်း၍ စားလိုက်ကြသည်။

ဧည့်သည်တို့သည် ကိတ်မုန့်စိတ်များကို စားရင်း ကိတ်မုန့် ကောင်းကြောင်း ချီးမွမ်းနေကြသည်။ ဒါမ် လုပ်မ ... အထက်တန်းကျသော မုန့်ဆိုင်မှ အထူး မှာယူထားကြောင်း



www.burmeseclassic.com

www.burmeseclassic.com

သိသဖြင့်လည်း သူတို့သည် တညီတညွတ်တည်း ချီးမွမ်းကြသည်။

ဒေါ်ဆာစကီသည် သူ့မိတ်ဆွေများနှင့်အတူ မွေးနေ့ကျင်းပနေရသဖြင့် ကျေနပ်ဝမ်းမြောက်နေသည်။ ထိုအခိုက်မှာပင် ပုလဲကို သတိရသဖြင့် ထိုင်ရာမှထ၍ ကိတ်မုန့်ပန်းကန်အနီးတွင် ကြည့်ရာ ပုလဲကျသွားသော နေရာတွင် ပုလဲမရှိတော့ကြောင်း တွေ့ရသည်။ သူသည် ပစ္စည်းပျောက်လျှင်ဂရုမြွေ မဖဆောင်တတ်သော အကျင့်ရှိသည့်အလျောက် ညှိုသည်တွေရှေ့မှာပင် မျက်စိမျက်နှာ ပျက်ပျက်နှင့် ရှာဖွေနေသည်။

'ဘာဖြစ်တာလဲ'ဟု ညှိုသည်တစ်ယောက်က မေးလိုက်သည်။

'အို... ဘာမှမဟုတ်ပါဘူး'ဟု နှုတ်မှ ဆိုသော်လည်း လက်ဖြင့် ပန်းကန်ပြားအနီးတွင် စမ်း၍ရှာနေသည်။

သူက ဂရုမြွေမရ ဖြစ်နေသောကြောင့် ညှိုသည်တို့သည် တစ်ယောက်တစ်ယောက်နှင့် အားလုံးပင် စားပွဲခုံအနီးအနားတွင် ရှာကြသည်။ ကြမ်းပြင်၌ ငုံ့၍ ကုန်း၍ ရှာကြသည်။ မေးကြစနို များသဖြင့် ဒေါ်ဆာစကီက သူ့လက်စွပ်မှ ကျွတ်ထွက်သွားသော ပုလဲကို ရှာကြောင်း ဖြေကြားလိုက်သည်။

ပုလဲကလေးတစ်လုံး ပျောက်ရုံနှင့် ဂရုမြွေမရဖြစ်ရသည်ကို မရှုရက်နိုင်သော ဒေါ်အဇူးမားက အများအတွက် စားစရာ ခံလိုက်မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီးလျှင် 'ဩော်... ဒါကြောင့်ကိုး၊ အခုတင်က ကျွန်မ သကြားလုံးကလေးရယ်လို့





အောက်မေ့ပြီး မျိုချလိုက်တာ အဲဒီပုလဲပဲဖြစ်မယ်၊ နည်းနည်းတော့ လည်ချောင်းမှာ နင်တင်တင်ဖြစ်သား၊ ဒါပေမယ့် သိပ်ပြီး မစဉ်းစားလိုက်မိပါဘူး၊ စိန်သာဆိုရင်တော့ ကိုက်ခွဲခံပြီး ပြန်ပေးပါရဲ့၊ အခုတော့ ပုလဲမို့ ပြန်မပေးနိုင်တော့ဘဲ သည်းခံပါလို့သာ ခွင့်ပန်ရတော့မှာပဲ'ဟု ပြောလေသည်။

ထိုစကားကိုကြားရသဖြင့် ပုလဲကိစ္စနှင့်ပတ်သက်၍ အားလုံး ဘာဝင်ကျသွားသည်။ အိမ်ရှင်မ အဖို့လည်း ဆက်၍ ဂရုမြွေမရ မဖြစ်ရတော့ဘဲ သက်သာရာ ရသွားလေသည်။ ဒေါ်အဇူးမားစကားကို မှန်မမှန် မစီစစ်ကြဘဲ လက်ခံလိုက်ကြသည်။ အိမ်ရှင်မ ဒေါ်ဆာစကီက ပန်းကန်ထဲတွင် ကျန်နေသော သကြားလုံးကလေး တစ်လုံးကိုယူ၍ ဝါးစပ်ထဲသို့ ပစ်သွင်းပြီးလျှင် ဝါးရင်း 'အင်း... ဒါလဲ ပုလဲအရသာမျိုးပဲ'ဟု ဆိုလိုက်သဖြင့် အားလုံးတဝိုင်း၍ ရယ်မောကြ၊ ကာ ပုလဲပြဿနာ မေ့ရှင်းသွားလေပြီဖြစ်၏။

မွေးနေ့ပွဲပြီးသောအခါ ဒေါ်အဇူးမားသည် သူ့နှစ်ယောက်ထိုင် မော်တော်ကားကလေးဖြင့် အိမ်အပြန်တွင် သူနှင့် အရင်းနှီးဆုံးမိတ်ဆွေ ဒေါ်ကဆူဂါးကိုခေါ်၍သွားလေသည်။ လမ်းတွင် ဒေါ်အဇူးမားက 'ကဲ... ခင်ခံစမ်းပါ၊ ရှင်ပုလဲကို မျိုချလိုက်တယ် မဟုတ်လား၊ ရှင် အရှက်ကွဲမှာစိုးလို့ ကျွန်မကာပေးပြီး စားစရာခံလုပ်လိုက်တာ ရှင်အသိဘဲ မဟုတ်လား'ဟု သူ့မိတ်ဆွေကို ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ တဲ့တိုးပြောလိုက်သဖြင့် ဒေါ်ကဆူးဂါးအ မဟုတ်မဘာရား စွပ်စွဲခံရသည်ကို မခံမရပ်နိုင်လောက်အောင် ဒေါသဖြစ်သွားလေတော့သည်။ သူ့အဖို့မှာမူ ပုလဲကိုမျိုမိသည်ဟု သတိမမူမိပေ။ သူသည် အစေး အသောက် တွင် သပ်ရပ်၍ ဂရုစိုက်လေ့ရှိသည်။ မကြည့်မရှု မဆင်ခြင်ဘဲ ကြုံရာတွေ့ရာကို ပါးစပ်ဝသို့ သွင်းလေ့ လုံးဝ မရှိခဲ့ပေ။ ဆံခြည်တစ်မျှင် ဝင်သွားစေဦးတော့ သူ့လည် ချောင်းက ချက်ချင်းယားပြီး သိသည်။ လက်မခံတတ်ပေ။

ဒေါ်ကဆူးဂါးသည် အသံသေးသေးကလေးဖြင့် 'ကျွန်မ မျိုချမိတာတော့ ဖြစ်နိုင်မှာမဟုတ်ပါဘူး....'ဟု ခပ်ယို့ယို့ ပြန်ပြောလိုက်သည်။

'အို.... ဘယ်မဟုတ်ဘဲနေရမှာလဲ၊ ရှင့်မျက်နှာပျက်သွားတာ ကျွန်မမြင်လိုက်ပါတယ်၊ ဟန်ဆောင်မနေစမ်းပါနဲ့'

ဒေါ်ကဆူးဂါးသည် သူ့မှာ အပြစ်မရှိကြောင်း မည်သို့မည်ပုံ သက်သေသာဓက ပြရမည်ကို မသိနိုင် ဖြစ်နေရသည့်ကြားထဲတွင် ဒေါ်အဌူးမားက ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်ကို ထောက်လျှင် သူပင် ပုလဲကို မျိုမိလေလားဟူသော သံသယ ဝင်လာလေသည်။ ယင်းသံသယကြောင့် သူ့စိတ်ထဲတွင် သူ့အူမထဲ၌ ပုလဲရောက်နေသည်ဟုပင် ထင်မိတော့သည်။ သူသည် ယင်းမွေးနေ့ပွဲတွင် သူပြုသမျှ အပြုအမူ အလှုပ်အရှားမျိုးကို စိတ်ထဲတွင် ပြန်၍ စိစစ်ကြည့်လိုက်သော အခါ ပုလဲကိုမျိုမိနိုင်သော အပြုအမူအလှုပ်ရှားမျိုးကို မတွေ့ရချေ။ အကယ်၍သာ ပုလဲကိုမျိုမိလျှင်လည်း တစ်ရက်နှစ်ရက်





အတွင်း ဝမ်းထဲတွင်ပါလာတာ ပြန်ရမည်ကို တွေးမိလေသည်။ နဂိုက ရှက်တတ်သူဖြစ်သည့်အလျောက် ထိုအတွေးက သူ့မျက်နှာကို ရှက်သွေးဖြာ၍ နီမြန်းလာစေသည်။

ဒေါ်အဌူမားကလည်း သူ့မိတ်ဆွေတွင် ယင်းအဖြစ်မျိုး ဖြစ်နိုင်သည်ဟု အောက်မေ့ကာ ဒေါ်ကဆူးဂါးကို ကာကွယ်လိုသော စေတနာဖြင့် မွေးနေ့ပွဲတွင် သူပင် ပုလဲကိုမျိုချလိုက်မိကြောင်း ဝန်ခံခဲ့ခြင်းဖြစ်သည်။

ထိုအခိုက်မှာပင် ဒေါ်ယာမာမိုဝ်နှင့် ဒေါ်မတ်ဆူမူရာတို့သည် မိမိတို့အိမ်မှာ တစ်လမ်းတည်းတွင် ရှိနေသဖြင့် တက္ကဆီငှား၍ အတူ ပြန်လာကြသည်။ တက္ကဆီ ထွက်ခါစမှာပင် ဒေါ်မတ်ဆူမူရာသည် ပါးကို ပေါင်ဒါတို့ရန် သူ့ လက်ပွေ့အိတ်ကို ဖွင့်လိုက်သည်။ ပေါင်ဒါဘူးကလေးကို ထုတ်လိုက်စဉ်တွင် အိတ်ထဲတွင် ဖြူဖြူ ပြောင်ပြောင် ကလေးတစ်ခုကို မြင်လိုက်ရသဖြင့် နူက် ကြည့်လိုက်ရာ ပုလဲကလေး ဖြစ်နေကြောင်း တွေ့ရလေသည်။

အံ့အားသင့်၍ နှုတ်မှ အော်လိုက်မည်ပြင်ပြီးမှ ချုပ်တည်းလိုက်သည်။ ဒေါ်ယာမာမိုတို့နှင့် ပေါင်းသင်း ဆက်ဆံနေသော်လည်း သူတို့နှစ်ယောက်မတည့်ကြချေ။ ထို့ကြောင့် ပုလဲတွေ့ကြောင်း ဒေါ်ယာမမိုတိုကို အသိ မပေးလိုပေ။ ထိုအခိုက်မှာ ဒေါ်ယာမာမိုတိုသည် တက္ကဆီပြတင်းမှ အပြင်ဘက်သို့ လှမ်း၍ကြည့်နေသဖြင့် ဒေါ်မတ်ဆူမူရာအဖို့ အတော် ဟန်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုလဲလုံးအလေး သူ့လက်ပွေ့အိတ်ထဲသို့ မည်သို့ မည်ပုံ ရောက်နေသည်ကို တွေး၍ မရနိုင်ဖြစ်နေသည်။ သူကိုယ်တိုင်တော့ ထည့်လိုက်မည် မဟုတ်နိုင်ပေ။ သူ့မှာ ထိုစိတ်မျိုး မရှိခဲ့ဖူးသည် မှန်ပေသည်။ အမှတ်တမဲ့ ထည့်လိုက်မိလေသလားဟု ပြန်၍စဉ်းစားရာ ဖြစ်နိုင်ဖို့အကြောင်း မရှိကြောင်း သူသိလေသည်။ မွေးနေ့ပွဲတစ်လျှောက်လုံးတွင် သူသည် သူ့လက်ပွေ့အိတ်ကို တစ်ခါမျှ မဖွင့်ခဲ့ပေ။ ယခုမှသာ ဖွင့်မိခြင်းဖြစ်သည်။

ယခုမည်သို့ပင်ဖြစ်စေ ပုလဲလုံးသည် သူ့လက်ထဲသို့ ရောက်နေလေပြီ။ ပိုင်ရှင်ထံသို့ ပြန်ပေးရမည်။ ပြန်မပေးလျှင် သူ့အဖို့ စိတ်လုံတော့မည် မဟုတ်။ ပုလဲမှာ အဖိုးတန်လှသည် မဟုတ်။ အဖိုးမတန်သည်လည်း မဟုတ်၊ သူ့တန်ဖိုးနှင့်သူ သည်၊ အဖိုးတန်သည် ဖြစ်စေ၊ မတန်သည် ဖြစ်စေ ပြန်ပေးရမည်သာ။ သို့သော် ပုလဲလုံး သူ့လက်ဝယ်တွင်ရှိကြောင်း၊ ပိုင်ရှင် ဒေါ်ဆာဇကီထံသို့ ပြန်ပေးလိုက်ကြောင်းတို့ကို သူနှင့် အတူလိုက်ပါလာသော သူနှင့်မတည့်သည့် ဒေါ်ယာမာမိုတို ကိုတော့ ဘယ်နည်းနှင့်မျှအသိမပေးလိုပေ။ ထို့ကြောင့် ဒေါ်မတ်ဆူမူရာသည် လမ်းတွင် နာမကျန်းသော ဆွေမျိုး တစ် ယောက်ထံသို့ သွားစရာရှိကြောင်း သတိရဟန်ဖြင့် တက္ကစီ ကို အရပ်ခိုင်းလိုက်ပြီးလျှင် ဆင်းနေခဲ့လေသည်။

တက္ကစီထဲတွင် ကျန်ခဲ့သော ဒေါ်ယာမာမိုတိုက သူလက် ဆောင့်လိုက်သည့်အတွက် သူနှင့်မတည့်လော ဒေါ်မတ်ဆူမူရာ ချမှာ နေ့မထိထိုင်မသာ ဖြစ်ရသည်ကို အနည်းငယ်အံ့အား





သင့်သွားသည်။ သူသည် တက္ကစီပြတင်းမှန်ပေါ်တွင် ကျ ရောက်လာသော အရိပ်ကို ကြည့်ခြင်းဖြင့် ဒေါ်မတ်ဆူမူရာ သူ့အိတ်ထဲတွင် ပုလဲလုံး တွေ့သိလိုက်ပြီး ဖြစ်သည်။

မွေးနေ့ပွဲတွင် ဒေါ်ယာမာမိုတိုသည် ကိတ်မုန့်စိတ်ကို ဦးဆုံးယူသည်။ ကိတ်မုန့်ပန်းကန်ထဲမှ သကြားလုံးတစ် လုံးကိုလည်း သူ့ပန်းကန်ထဲသို့ ထည့်လိုက်ပြီးလျှင် သူ့ ကုလားထိုင်သို့ ပြန်ထိုင်သည်။ ကျန်ပုဂ္ဂိုလ်များက ကိတ်မုန့် စိတ်များကို အိမ်ရှင်ထံမှ လှမ်းယူဆဲဖြစ်သည်။ ဒေါ်ယာ မာမိုတိုသည် သူယူလာသော သကြားလုံးအလေးမှာ စင်စစ် ပုလဲလုံးအလေးဖြစ်ကြောင်း တွေ့သိရသဖြင့် သူ့ကုလားထိုင် နှင့် ကပ်လျက်ရှိသော ကုလားထိုင်ပေါ်ရှိ ဒေါ်မတ်ဆူမူရာ ၏ လက်ပွေ့အိတ်ကို ဖွင့်၍ ပုလဲလုံးကို ထည့်လိုက်သည်။ အခါပေါ်ယံ ဟန်မဆောင်မှုများ များလွန်းသဖြင့် သူအမြဲတော် ချဉ်နေသော ဒေါ်မတ်ဆူမူရာအဖို့ စိတ်တသိကအအောင့် ဖြစ် စေတော့ ဟူသော သဘောထားဖြင့် ထည့်လိုက်ခြင်း ဖြစ် သည်။

ဒေါ်မတ်ဆူမူရာသည် တက္ကစီပေါ်မှ ဆင်းနေရစ်ခဲ့ပြီး လျှင် မည်သို့လုပ်ရမည်ကို စဉ်းစားနေသည်။ အနီးအနား တွင် တက္ကစီ တစ်စင်းတလေမျှ မရှိသဖြင့် လမ်းဘေးတွင် ရပ်နေရင်း ပုလဲကို ဒေါ်ဆာဇကီထံသို့ ပြန်ပေးရမှာသည်း ခင်သလောက် မလွယ်ကူကြောင်း တွေးမိသည်။ သူ့အနေ ဖြင့် သို့ ထစ်မည်နည်း။ ပုလဲကို အမှတ်တမဲ့ ယူထားလိုက် မိနိုင်ပါလျက် ပြီးနေပြီဖြစ်သော ကိစ္စတစ်ရပ်ကို ပြန်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ ထောင်းသည့်အလုပ် မဟုတ်ချေ။ သူ့အပေါ်တွင် အထင်မှားနိုင်စရာ ရှိသည်။ သူ့လက်ပွေ့အိတ်ထဲတွင် တွေ့ သည်ဟု ပြောရမှာလည်း ရှက်စရာဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ပုလဲကို နေ့ချင်းပြန်ပေးမှဖြစ်မည်။ တစ် ရက်ကြာမှပြန်ပေးမည်ဆိုလျှင်တစ်မျိုးတစ်မည်ထင်စရာဖြစ်နိုင် သည်။ နောက်တစ်နေ့မှပြန်ပေးလျှင် ပုလဲကို မျိုမိရာမှ နောက် နေ့ ဝမ်းထဲမှ ပြန်ထွက်လာ၍ ပေးလာသည်ဟုလည်း ထင် နိုင်စရာ ရှိသည်။ သို့ဖြစ်လျှင် ပုလဲမှာ ရှုံ့စရာ ဖြစ်ချေမည်။

ထိုအတွေးများကြားတွင် ထူးခြားသော အတွေးတစ်ခု ပေါ်လာသဖြင့် ဒေါ်မတ်ဆူမူရာသည် ဝမ်းအသာကြီး သာ မိလေသည်။ ထိုအကြံအတိုင်း ဆောင်ရွက်လျှင် သူမှာလည်း ဘာဝင်မကျစရာ မရှိနိုင်တော့။ သူ့အပေါ်လည်း အထင်မှာ စရာအကြောင်း မရှိနိုင်တော့။ ထိုအကြံအတိုင်း ဆောင်ရွက် ရန် တက္ကဆီတစ်စင်းကို လှမ်းခေါ်၍ ထားမောင်းသမား စင်ဇာလမ်းမကြီးပေါ်တွင် ရှိသော နာမည်ကြီး ပုလဲဆိုင် တစ်ဆိုင်သို့ မောင်းနှင်ရန် ပြောလိုက်သည်။

ဆိုင်တွင် သူသည် သူ့လက်ပွေ့အိတ်ထဲမှ ပုလဲကို ပြ ထိုပုလဲလုံးထက် အနည်းငယ်ကြီးသော ပုလဲတစ်လုံးကို ဝ ယူပြီးလျှင် တက္ကဆီဖြင့်ပင် ဒေါ်ဆာစကီ၏ အိမ်သို့ တန်း သွားလေသည်။ ဒေါ်မက်ဆူရာ၏ အကြံမှာ ပုလဲလုံးကို သူ အပြင်အင်္ကျီအိတ်ထဲတွင် တွေ့၍ ပြန်ပေးကြောင်း ပြောပြ ဖြစ်သည်။





ပုလဲသုံးမှာ အတန်ငယ် ကြီးနေသဖြင့် သူ့လက်စွပ်ကွင်း နှင့် မတန်သည်ကို တွေ့ရသောအခါ ဒေါ်ဆာစကီက ပြန်ပေး လိမ့်မည်။ သူကလည်း ပြန်၍မယူဘဲ အတင်းပေးမည်။ ထို အခါတွင် ဒေါ်ဆာစကီက ဒေါ်မတ်ဆူမူရာသည် သူ့မိတ် ဆွေ သုံးယောက်ထဲမှ တစ်ယောက်ယောက်က ပုလဲကို အလစ် သုတ်သည်ကို မြင်လိုက်သဖြင့် ထိုသူခိုးကို ကာကွယ်လိုသည့် စေတနာဖြင့် ပုလဲတစ်လုံးကို ဝယ်၍ ပေးခြင်းဖြစ်ကြောင်း သိပေလိမ့်မည်။ ယင်းသို့အားဖြင့် ဒေါ်ဆာစကီသည် ဒေါ် မတ်ဆူမူရာ အပေါ်တွင် စိတ်ရနံ့ ထင်းသွားပေလိမ့်မည်။ ယင်းသို့အားဖြင့်လည်း ဒေါ်မတ်ဆူမူရာအဖို့ ငွေအနည်းငယ် အကုန်ခံရ၍ဖြင့် သူ့စိတ်တွင် ဘာဝင်ကျမည်သာမဟုတ် သူ့ အပေါ်တွင်လည်း ဒေါ်ဆာစကီက မသင်္ကာ မဖြစ်နိုင် တော့ပေ။

အခြားအမျိုးသမီးကြီး နှစ်ဦးဘက်သို့ လှည့်၍ ကြည့်ကြ ဦးစို့။ အိမ်သို့ပြန်ရောက်သောအခါ ဒေါ်ကာဆူးဂါးသည် သူ့မိတ်ဆွေ ဒေါ်ကာဇူးမားက သူ့ကို ပြောင်ပြောင်ကြီး စွပ်စွဲလိုက်သဖြင့် စိတ်ထဲတွင် အတော်အနှောင့်အယှက် ဖြစ် သွားသည်။ သူ ပုလဲလုံးကို မျိုမချမိကြောင်း အထင်အရှား ပြရန်အရေးတွင် ယနေ့ နေ့မကူးဘဲ ပုလဲလုံးကို ထုတ်ပြနိုင်ဖို့ အရေးကြီးသည်။ နောက်နေ့မှ ပုလဲလုံးကို ပြလျှင် ဝမ်းထဲမှ ထွက်လာသည်ဟု ထင်ကြမည်။ ရှက်စရာကြီး ဖြစ်ချေမည်။

ထိုအတွေးကြောင့် နဂိုက ရှက်တတ် ကြောက်တတ်သော ဒေါ်ကာဆူးဂါးသည် အိပ်မှ ချက်ချင်း ပြန်ထွက်လာပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ဇာလမ်းမကြီးရှိ ပုလဲဆိုင်တစ်ဆိုင်သို့ သွား၍ ကိတ်မုန့်ပေါ်ရှိ သကြားလုံးကလေးများအရွယ်နှင့် တူသည်ဟု မှန်းဆနိုင်သော အရွယ်ရှိသည့် ပုလဲလုံးတစ်လုံးကို ဝယ်၍ ဒေါ်အဇူးမား ထံသို့ တယ်လီဖုန်းဖြင့် ဆက်လိုက်သည်။ သူက တယ်လီဖုန်းဖြင့် ပြောသည်မှာ သူအိမ်ပြန်ရောက်သောအခါ သူက ခါးပတ်ကြားတွင် ပုလဲကို တွေ့ကြောင်း၊ ဒေါ်ဆာစကီထံသို့ သူကိုယ်တိုင် ပြန်၍ပေးရမည်ကို ရှက်နေသဖြင့် ဒေါ်အဇူးမားက သူနှင့်အတူသွား၍ ပေးစေလိုကြောင်းပင် ဖြစ်သည်။ ဒေါ်အဇူးမားသည် သူ့စကားမှာ ယုတ္တိမတန်လှဟု ထင်သော်လည်း အနူးအညွတ် တောင်းပန်နေသဖြင့် ပုလဲကို ဒေါ်ဆာစကီထံသို့ အတူလိုက်ပေးရန် သဘောတူလိုက်လေသည်။

ဒေါ်ဆာစကီသည် ဒေါ်မုတ်ဆူမူရာ ပေးလာသော ပုလဲလုံးကို ယူ၍ သူ့လက်စွပ်ကွင်းတွင် တပ်ကြည့်ရာ ပုလဲလုံးမှာ အတန်ငယ်ကြီးနေကြောင်း တွေ့ရသည်၊ သို့သော် ဒေါ်မုတ်ဆူမူရာ မျှော်လင့်သည့်အတိုင်းပင် အားနာနာနှင့် လက်ခံလိုက်သည်။ နောက် မကြာခင်မှာပင် ဒေါ်ကဆူးဂါးသည် ဒေါ်အဇူးမားနှင့်အတူ ရောက်လာပြီးလျှင် ပုလဲတစ်လုံး ပေးလာပြန်သည်။ ဒေါ်ဆာစကီက ယခုတင်ပင် ဒေါ်မုတ်ဆူမူရာလာ၍ ပုလဲတစ်လုံး ပေးသွားပြီဖြစ်ကြောင်း ပြောပြမည် ကြံပြီးမှ နှုတ်မလွန်ခင် ထိန်းလိုက်ပြီးလျှင် ဒေါ်ကဆူးဂါး ပေးလာသော ပုလဲကိုလည်း အားနာနာနှင့် လက်ခံလိုက်လေသည်။ သူတို့ နှစ်ယောက် ပြန်ကြသောအခါ ပုလဲလုံးကို





လက်စွပ်ကွင်းတွင် တပ်ကြည့်၏။ ပုလဲလုံးမှာ အတော်ငယ်နေသဖြင့် တပ်၍ မရနိုင်ကြောင်း တွေ့သိရသည်။

ဒေါ်ကဆူးဂါးနှင့် ဒေါ်အဇူးမားတို့သည် အိမ်အပြန်တွင် တစ်ယောက်နှင့်တစ်ယောက် ယခင်အတိုင်း ပြောဆိုရယ်မောခြင်းမျိုး မရှိမဘဲ ကိုယ့်အတွေးနှင့်ကိုယ် အဖော်လုပ်၍ လာကြသည်။ ဒေါ်အဇူးမားသည် ပုလဲလုံးကို သူမျိုမိသည်မှာ သေချာသည်။ သို့သော် သူက သူ့မိတ်ဆွေ သုံးယောက်လုံးအတွက် ဓားစာခံ လိုက်ခြင်းမျှသာ ဖြစ်၏။ ဒေါ်ကဆူးဂါး၏ ထူးခြားသော အမူအရာနှင့် ပုလဲကို ဒေါ်ဆာစကီထံသို့ ပြန်ပို့ရာတွင် သူ့ကို သက်သေသဘောမျိုးဖြင့် ခေါ်သွားသည်တို့သည် အတော်ပင် လေးနက်သော အဓိပ္ပာယ်ကို ဆောင်သည်ဟု ဒေါ်အဇူးမား အထင်ရှိသည်။

သူက စိတ်ထဲတွင် အလိုလိုပေါ်လာသဖြင့် မြောင်စွပ်စွဲလိုက်ခြင်းကြောင့် ဒေါ်ကဆူးဂါးသည် မလုံမလဲ ဖြစ်နေလေသလော။ သို့တည်းမဟုတ် ဒေါ်ကဆူးဂါးသည် စိတ်ဖောက်ပြန်လာကာ ခိုးရမှ ကျေနပ်သည့်အဖြစ်မျိုးကို ဆိုက်နေသောကြောင့် ပုလဲကို ခိုးခြင်းပင် ဖြစ်လေသလော။

ဒေါ်ကဆူးဂါးဘက်ကမူ ဒေါ်အဇူးမားသည် မွေးနေ့ပွဲတွင် သူကိုယ်တိုင် ဝန်ခံခဲ့သည့်အတိုင်းပင် ပုလဲလုံးကို မျိုလိုက်သည်ဟု ထင်နေသည်၊ ယင်းသို့ဖြစ်လျှင်လည်း အားလုံး ကျေနပ် အဆင်ပြေနေပြီးပါလျက် သူ့ကို ဒေါ်အဇူးမားက စွပ်စွဲသည်မှာ စ,တာပါ၊ ကစားတာပါဟု နောက်ဆုံးတွင် ဆုံးချင်ဆုံးစေတော့မှ မလုပ်ကောင်းသည့် အလုပ်ဖြစ်သည်ကို ယူဆ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခု သူအား ငွေကုန်ကြေးကျခံပြီးလျှင် ပုလဲအစား ပေးလိုက်ပြီးနောက် ဒေါ်အဇူးမားက သူသည် တကယ်ပင် ပုလဲလုံးကို မျိုမိကြောင်း သူ့ကို ဖွင့်၍ ပြောသင့်သည်ဟု ထင်သည်။ ဒေါ်အဇူးမားက သူ့မှာ အပြစ်ကင်းသည်ဟုသော အနေဖြင့် ဟန်ဆောင်နေခဲ့လျှင် သူက ပုလဲ အစားပေး လိုက်သည်ကို ကျိတ်၍ ရယ်နေမည်သာ ဖြစ်ချေသည်။

ဒေါ်မတ်ဆူမှုရာဘက်သို့ လှည့်၍ ကြည့်ပါဦးစို့၊ သူသည် ဒေါ်ဆာကီထံသို့ ပုလဲတစ်လုံး ဝယ်၍ပေးခဲ့ပြီးနောက် စိတ် အတော် သက်သာသွားသည်။ စိတ်သက်သာသွားသည့်အခါ တွင် အတိတ်၏ဖြစ်စဉ်ကို စိတ်အေးလက်အေးဖြင့် သေသေ ချာချာ ပြန်၍ စိစစ်ကြည့်သည်။ ကိတ်စိတ်ကိုယူရန် ကိတ်မုန့် စားပွဲသို့ ထအသွားတွင် သူ့လက်မွေ့အိတ်ကို သူ့ကုလား ထိုင်ပေါ်တွင် ချထားခဲ့သည်မှာ သေချာသည်။ ကိတ်မုန့် စားနေစဉ်ဝင်လည်း စက္ကူလက်ကိုင်ပဝါဆလေးများကိုသာ အသုံးပြုသဖြင့် သူ့လက်မွေ့အိတ်ကို မဖွင့်သည်မှာလည်း သေချာသည်။ သို့ဖြစ်လျှင် ပုလဲလုံးသည် လက်မွေ့အိတ်ထဲသို့ ဘယ်သို့သောနည်းဖြင့် ရောက်နေရသနည်း။

ယခုမှုပင် သူသည် ပုလဲလုံးကို သူကိုယ်တိုင် ဘယ်နည်း နှင့်မျှ မယူမိကြောင်း သေချာသည်။ ယင်းသို့ သေသေချာ ချာ ဦးနှောက်အေးအေးနှင့် မစဉ်းစားဘဲ ကြောက်အားလန့် တာ ကပျာကယာ ပုလဲလုံး အစားတစ်လုံး ဝယ်သွားမိသည် အတွက် သူ့ကိုယ်သူ အပြစ်တင်မိလေသည်။ သူကိုယ်တိုင် ပုလဲလုံးကို လူ့လက်မွေ့အိတ်ထဲသို့ မထည့်သည်မှာ သေချာ





လျှင် မည်သူက ထည့်လိုက်သနည်း။ တစ်ယောက်ယောက်က သူ့ကို ချောက်တွန်းလိုသည့်သဘောဖြင့် ပုလဲလုံးကို ထည့် လိုက်ခြင်း ဖြစ်ရမည်။ ညသည်လေးဦးတွင် တစ်ဦးသောသူ သာလျှင် ယင်းသို့ လုပ်ချေမည်။ ယင်းတစ်ဦးသည်ကား သူ နှင့် အမြဲတမ်း မျက်နှာကြောမတည့်သော ဒေါ်ယာမာမိုတို ပင်ဖြစ်ချေမည်။ ဒေါ်မတ်ဆူမှုရာသည် ဒေါ်သားရောင်တောက် နေသော မျက်လုံးများနှင့် ဒေါ်ယာမာမိုတို၏အိမ်သို့ အပြေး အလွှား သွားလေသည်။

ဒေါ်မတ်ဆူမှုရာကို အိမ်ရှေ့တံခါးဝတွင် မြင်လိုက် သည်းက ဒေါ်ယာမာမိုတိုသည် သူလာသည့်အကြောင်းကို သိနှင့်လိုက်လေပြီ။ ခုခံရန်လည်း အသင့်ပြင်ပြီး ဖြစ်သည်။

'ရှင်ပဲ....ဖြစ်ရမယ်၊ ဘယ်သူမျှ မဖြစ်နိုင်ဘူး၊ ကျွန်မကို ဘယ် သူမျှ ဒီလိုလုပ်မှာ မဟုတ်ဘူး၊ သေချာတယ်'ဟု ဒေါ်မတ်ဆူ မှုရာက စွပ်စွဲလိုက်သည်။

'ရှင်က ကျွန်မဖြစ်ရမယ်လို့ ဘယ်လိုပြောနိုင်တာလဲ၊ ကျွန်မ ကို ရွေးပြီး စွပ်စွဲရအောင် ရှင့်မှာ သက်သေသာဓက အခိုင် အလုံ ရှိလို့လား'ဟု ဒေါ်ယာမာမိုတိုက ခပ်တည်တည် ပြန် ပြောသည်။

ဒေါ်မတ်ဆူမှုရာက ဒေါ်အဇူးမားသည် မြင့်မြတ်သော စိတ်ထားဖြင့် အားလုံးအတွက် အနစ်နာခံလိုက်သည်ကို ထောက်ခြင်းအားဖြင့် ဒေါ်အဇူးမား မဖြစ်နိုင်သည်မှာ သေ ချာသည်။ ဒေါ်ကဆူးဂါးသည် အင်မတန် ကြောက်တတ်သူ ဖြစ်သဖြင့် ယင်းသို့သော အန္တရာယ်များသော အလုပ်မျိုးကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်မည် မဟုတ်သည်လည်း သေချာသည်။ သို့ဖြစ်၍ 'ရှင်သာ ဖြစ်ရမည်....' ဟု ဆိုသည်။

ဒေါ်ယာမာမိုတိုသည် ဘာမျှ ပြန်မပြောဘဲ ဒေါ်မတ်ဆူမူရာက စားပွဲပေါ်တွင် ချထားသော ပုလဲလုံးကို ငေး၍ စိုက်ကြည့်နေသည်။ သူသည် သူ့ရှေ့တွင် ချထားသော လက်ဖက်ရည် ပန်းကန်ထဲသို့ ထည့်မည့်ဇွန်းကိုပင် မယူဘဲ လက်ဖက်ရည် အအေးခံ၍ ငေးနေသည်။

'ရှင် ကျွန်မကို ဒီလောက် မုန်းမှန်း မသိပါဘူး' ဟု သူက ဆို၍ မျက်ရည်စကို သုတ်လိုက်သည်။

ဒေါ်မက်ဆူမူရာကမူ မျက်ရည်ခံထိုးရုံဖြင့် အလျှော့မပေးရန် စိတ်ပိုင်းဖြတ်ထားသည်။ ဒေါ်ယာမာမိုတိုက 'နာမည်တော့ မပြောချင်ပါဘူး....၊ ညီသည် တစ်ယောက်က ရှင့်လက်ဆွဲအိတ်ထဲကို ပုလဲလုံး ထည့်လိုက်တာတော့ ကျွန်မ မြင်လိုက်ပါတယ်။ ရှင့်ကို ပြောမလို့ဟာ စိတ်ထဲမှာ အတော် လှုပ်ရှားနေတာနဲ့ မပြောဖြစ်ဘူး။ ပြီးတော့လဲ ရှင်နဲ့ ကျွန်မ တို့ဟာလဲ သိပ်တည့်ကြတာ မဟုတ်တော့ ပြောရမှာ ခက်ခက် ဖြစ်နေပါတယ်' ဟု ပြောလေသည်။

'ဪ....ရှင်က အားလုံးကို ထောက်ထားတဲ့ သဘောနဲ့ မပြောဘဲနေတယ်လို့ ဆိုချင်တာပေါ့။ ဒီလိုနည်းနဲ့ ရှင်က ဒေါ်အဇူးမားနဲ့ ဒေါ်ထဆူးဂါး တို့အပေါ် လွှဲချလိုက်တာ ပေါ့'

'လွှဲချတာ မဟုတ်ပါဘူး၊ သူတစ်ပါးကို မထိခိုက်စေချင်တဲ့ သဘောပေါ့'





'သူများကို မထိခိုက်စေချင်ဘူးလို့ ဆိုတယ်။ ကျွန်မကိုတော့ ထိခိုက်ချင် ထိခိုက်စေပေါ့....ဟုတ်လား၊ တက္ကဆီပေါ်ရောက် တုန်းက ဘာလို့ မပြောတာလဲ'

'ရှင်ကတော့ ပွင့်ပွင့်လင်းလင်း ပြောတတ် တယ် ဆိုတေ တက္ကဆီပေါ်တုန်းက ပုလဲလုံး တွေ့တဲ့အကြောင်း ဘာလို့ မပြောတာလဲ၊ ဘာလို့ ဖုန်းခနဲ တက္ကဆီပေါ်က ဆင်းသွား ရတာလဲ'

'ရှင် ဒီလိုလိမ်နေရင် ဒီနေ့ညနေ ဒေါ်အဇူးမားနဲ့ ဒေါ်ထဆူးဂါးတို့ ရှေ့မှာ ရှင်....အခုပြောတဲ့ စကားတွေ ပြန်ပြော ရမယ်'

ဒေါ်ယာမာမိုတိုသည် တရှုံ့ရှုံ့ ငိုနေလေသည်။ 'ကျွန်မ ဘယ်သူမှ မထိခိုက်စေချင်လို့ ငြိမ်နေတာ....၊ အခုလိုဆိုတော့ အလကား ဖြစ်သွားတော့မှာပေါ့' ဟု ဆိုသည်။

ဒေါ်မတ်ဆူမူရာသည် ဒေါ်ယာမာမိုတိုငိုနေသည်ကိုကြည့် ပြီးလျှင် စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။ သူ့ထက်မှ လက်တွေ့သက်သေ မပြနိုင်သော်လည်း အတော်ပင် သေချာ သည် ဆိုသော်လည်း ဒေါ်ယာမာမိုတို၏ စကားထဲတွင် မှန် ကန်သည့် အကြောင်းအချက် ရှိတန်သလောက် ရှိနိုင်သည်ဟု တွေးမိလာသည်။

ဒေါ်ယာမာမိုတို ပြောသလို တစ်ယောက်ယောက်က ပုလဲ လုံးကို လက်ဆွဲအိတ်ထဲသို့ ထည့်လိုက်သည်ကို မြင်သော် လည်း ထောက်ထားသည့် သဘောဖြင့် နှုတ်ဆိတ်နေသည် မှန်လျှင်ဒေါ်ယာမာမိုတို၏ စိတ်ထားမဆိုးလှဟု ဆိုရပေမည်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကဆူးဂါးသည် ကြောက်တတ်သူတစ်ဦးဖြစ်သည် မှန်၏။ သို့သော် သူလည်း မလိုမုန်းထားသည့်သဘောဖြင့် မလုပ်ဆောင်းသည့်အလုပ်မျိုးကို မလုပ်ဟု တတ်အပ်သေချာ မပြောနိုင်သလိုပင် ဒေါ်ယာမာမိုတိုလည်း ကောင်းမသောစိတ်ထားဖြင့် ပုလဲလုံးထည့်လိုက်သူကို မဖော်ခြင်းပင် ဖြစ်သည်ဟုပြောနိုင်ပေမည်။ သူက ဒေါ်ယာမာမိုတိုအပေါ်တွင် မုန်းစိတ်ထားနေသောကြောင့် စွပ်စွဲနေခြင်းမျိုးလည်း ဖြစ်နိုင်သည်။

ဒေါ်ယာမာမိုတိုက 'ကျွန်မတို့ နှစ်ယောက်ဟာ စရိုက်ချင်းမတူကြပါဘူး၊ ကျွန်မ ... ရှင့်ကို မကြိုက်တဲ့အချက်တွေ ရှိပါတယ်။ ဒါပေမယ့် ရှင့်ကိုကျွန်မက ဒီလိုယုတ်မာတဲ့သဘောနဲ့ ရော့က်တွန်းဖို့ စိတ်မကူးပါဘူး၊ ဒါပေမယ့် ပြန်စဉ်းစားကြည့်လိုက်တော့ သူများကို ထိခိုက်အောင် ထုတ်ပြောမယ့်အစား ကျွန်မအပြစ်ကို ခံယူလိုက်တာဟာ အားလုံးအတွက် အကောင်းဆုံးပါပဲလို့ သဘောရပါတယ်'ဟု ပြောပြီးလျှင် စားပွဲပေါ်တွင် မျက်နှာအပ်ပြီး မချုပ်တည်းနိုင်ဘဲ ချုံးပွဲချ ငိုလေသည်။

ဒေါ်မတ်ဆူမူရာသည် သူ့ကို ကြည့်ပြီး တဖြည်းဖြည်း နောင်တရသလို ဖြစ်လာသည်။ သူ၏ စိတ်လိုက်မာန်ပါ ပြု လိုက်မှုသည် မှားသည်ဟု သူ ထင်မြင်လာသည်။ ဒေါ်ယာမာမိုတိုကို မုန်းတီးသောစိတ်ကြောင့် သူသည် မလုပ်ဆောင်းသည့် အလုပ်များကို ဒေါသရှေ့ထား၍ လုပ်ခဲ့မှုးလေပြီ။

ဒေါ်ယာမာမိုတိုသည် ငိုရှိုက်အားရသောအခါ မျက်နှာကို မော့်လိုက်သည်။ သူ့မျက်နှာတွင် တစ်ခုခုပိုင်းဖြတ်ပြီးသည့်





အကာအကို မြင်နိုင်သည်။ ဒေါ်မတ်ဆူမူရာသည် ထိုလက္ခဏာကို မြင်လိုက်ရ၍ဖြင့် အနည်းငယ် ထိတ်လန့် သွားပြီးလျှင် အထိုင်သော ကုလားထိုင်မှာပင် ခပ်မတ်မတ် ထိုင်လိုက်သည်။

'ဒါဟာ မဖြော်သင့်ဘဲဖြစ်တာ၊ ဒါ မရှိတော့ဘူး ဆိုရင် အားလုံးအရင်အတိုင်း ပြန်ဖြစ်သွားမှာပဲဟု' ဒေါ်ယာမာမိုတိုက ပဟေဠိဆန်ဆန် ပြောလိုက်ပြီးလျှင် ဖရိုဖရဲကျနေသော ဆံပင်ကို လက်ဖြင့် နောက်သို့သိမ်းလိုက်ပြီးနောက် စားပွဲပေါ်သို့ ကြည်လင်သော မျက်လုံး ... းဖြင့် ကြည့်လိုက်သည်။ ထိုနောက် တစ်မုဟုတ်ချင်းမှာပင် သူသည် စားပွဲပေါ်မှ ပုလဲလုံးကို ကောက်ယူပြီးလျှင် လုခြေရရ ပါးစပ်ထဲသို့ထည့်၍ မျိုချလိုက်သည်။ ထိုနောက် လည်ချောင်းထဲတွင် နင်မနေရအောင် အအေးခံထားသော လက်ဖက်ရည်ကို သောက်ချလိုက်လေသည်။

ဒေါ်မတ်ဆူမူရာသည် ငေး၍ကြည့်နေမိသည်။ သူကလက်ဖြင့် လှမ်းဆွဲလိုက်မည် ကြံသော်လည်း နောက်ကျသွားလေ၏။ သူသည် သူ့ရှေ့တွင် တစ်ယောက်သောသူက ပုလဲလုံးကို မျိုချလိုက်သည်ကို တစ်သက်တွင် တကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ချေ။ ဒေါ်ယာမာမိုတိုသည် ပုလဲလုံးကို အဆိပ်လုံးမျိုချသည့်ပုံမျိုးဖြင့် အကြီးအကျယ် အားခဲ၍ မျိုချလိုက်လေသည်။

ဒေါ်မတ်ဆူမူရာသည် ထိုအဖြော်ကို မြင်ရသောအခါ စိတ်ဓာတ်ကြီး ထိခိုက်သွားပြီးလျှင် ဒေါ်ယာမာမိုတိုအပေါ်တွင် ထားခဲ့သော ဒေါသတို့သည် ပျောက်ပြယ်သွားလျှက်



www.burmeseclassic.com

ဒေါ်ယာမာမိုတိုကို သူတော်စင်တစ်ဦးဟူသော သဘောမျိုးဖြင့် ကြည်ညိုစိတ်များ ပွားများလာလေသည်။

မျက်ရည်များဖြင့် ပြည့်လျှံနေသောမျက်လုံးများဖြင့် သူသည် ဒေါ်ယာမာမိုတို၏လက်ကိုကိုင်ကာ 'ကျွန်မကိုခွင့်လွှတ်ပါ။ ခွင့်လွှတ်ပါရှင်၊ ကျွန်မမှားတာပါ' ဟု ဆိုလေသည်။

သူတို့ နှစ်ယောက်သည် ခေါင်းချင်း ဆိုင်၍ အတန်ကြာ ငိုနေကြသည်။ ထိုနောက် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ နောင်တွင်တစ်ယောက်ပေါ် တစ်ယောက် အမုန်းမပွားတော့ဘဲ မိတ်ရင်းအဖြစ် အစဉ်ပင် မေတ္တာထားကြမည်ဟု ကတိပြုကြလေသည်။

ဒေါ်ဆာစကီသည် ဒေါ်ယာမာမိုတိုနှင့် ဒေါ်မတ်ဆူမှုရာတို့ ပြန်၍တည့်သွားကြကြောင်းနှင့် ဒေါ်အစူးမားနှင့် ဒေါ်တဆူးဂါးတို့ ခပ်တန်းတန်း ဖြစ်နေကြကြောင်း သတင်းများကို ကြားရသောအခါ လူ့လောကကြီးမှာ ဘာမဆိုမဖြစ်နိုင်တာ မရှိပါကလား ဟု တွေးမိလေသည်။

သူသည် သူ့ရထားသော ပုလဲနှစ်လုံးကို လက်စွပ်ကွင်းတွင် တပ်ပေးရန် ပန်းထိမ်ထံသို့ အပ်လိုက်သည်။ ပန်းထိမ်က တပ်ပေးလိုက်သော ပုလဲနှစ်လုံးတပ် လက်စွပ်ကို ထင်ထင်ပေါ်ပေါ် ဝတ်ခဲ့နသည်။ မွေးနေ့ပွဲတွင် ဖြစ်သော အဖြစ်အပျက်ကို မေ့သွားလေသည်။ သို့သော် မည်သူကမင် မေးစေကာမူ သူ့အသက်ကို လိမ်ပြောဖို့ကိုတော့ မမေ့ပေ။



အလောင်းအစား

(ရုရှစာရေးဆရာကြီး အင်တွန်ချက်ကော့ဗ်)

ဆောင်းဦးညသည် မှောင်မည်းနေသည်။ ဘဏ်တိုက်ပိုင်ရှင်ကြီးသည် သူ့စာကြည့်ခန်း အတွင်း၌တွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ သူသည် လွန်ခဲ့သော ဆယ့်ငါးနှစ်ကာလ ဆောင်းဦးတစ်ညတွင် မိတ်ဆွေသင်္ဂဟများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည့်အကြောင်းကို ပြန်ပြောင်းသတိရမိသည်။ ဧည့်သည်များသည် သိတတ်လိမ္မာသော ပုဂ္ဂိုလ်များဖြစ်သဖြင့် သူတို့ပြောဆိုကြသော စကားရပ်များသည် စိတ်ဝင်စားဖွယ် ဖြစ်သည်။ သူတို့ ပြောဆို ဆွေးနွေး ကြသည့် အကြောင်းရပ်များတွင် သေဒဏ် အကြောင်း ပါဝင်သည်။ ဧည့်သည်များတွင် ပညာရှင်များ၊ သတင်းစာဆရာများ ပါဝင်သည်။ ဧည့်သည်အားလုံးလိုလိုပင် သေဒဏ်စနစ်ကို မနှစ်



www.burmeseclassic.com

www.burmeseclassic.com



သက်ကြရေး၊ ယင်းစနစ်သည် အပြစ်ပေးမှုအဖြစ် ခေတ်မမီတော့ဘဲ ခရစ်ယာန်ဘာသာဝင် နိုင်ငံများနှင့် မဟပ်မိသည့်သာမက မတရားမှုတစ်ရပ်ပင် ဖြစ်ချေသည်ဟု သူတို့က ဝိုင်း၍ ဆိုကြသည်။ အချို့က သေဒဏ်အစား တစ်သက်တာ ထောင်ချခြင်းကို ကျင့်သုံးသင့်သည်ဟု ထင်မြင်ကြသည်။

အိမ်ရှင်ဖြစ်သော ဘဏ်သူဌေးကြီးက....

'ကျွန်တော်တော့ခင်ဗျားတို့နဲ့ သဘောချင်းမကိုက်ညီဘူး၊ ကျွန်တော့် အနေနဲ့တော့ သေဒဏ်လဲ မခံရဖူးပါဘူး၊ တစ်သက်တာ ထောင်ဒဏ်လဲ မခံရဖူးပါဘူး၊ ဒါပေမယ့် ကျွန်တော့်ရဲ့ ထင်မြင်ချက်အရဆိုရင် သေဒဏ်က တစ်သက်တာ ထောင်ဒဏ်ထက် ပိုပြီး တရားသေးတယ်လို့ ဆိုချင်ပါတယ်။ သေဒဏ်က တစ်ချက်တည်းသတ်လိုက်တာ၊ ထောင်ဒဏ်က တတိတိ သတ်တာနဲ့ အတူတူပဲ၊ အဲဒီတော့ စဉ်းစားကြည့်ကြလေ....။ တစ်စက္ကန့်အတွင်း လောက်မှာ အသက် ပျောက်သွားရတာအ ဒုက္ခကြာရှည် မခံရဘူး၊ တဖြည်းဖြည်းမြင်းပြီး တယိယိသေရတဲ့ ထောင်ဒဏ်ရဲ့ ဒုက္ခနဲ့ နှိုင်းစာ ကြည့်ကြပေါ့၊ ဘယ်လိုနေမလဲဆိုတာ' ဟု ပြောပြလေသည်။

'တဆယ်တော့ နှစ်မျိုးလုံးဟာ မတရားတာဘဲ၊ နှစ်မျိုးလုံးဟာ လူတစ်ယောက်ရဲ့ အသက်ကို သတ်တာချည်းပဲ၊ နိုင်ငံတော်အစိုးရဟာ ဘုရားသခင် မဟုတ်ဘူး၊ အစိုးရမှာ အသက်ကို နုတ်ယူလိုက်ဖို့အခွင့်အရေး မရှိဘူး၊နှုတ်ယူချင်တဲ့အခါ ယူ၊ ပြန်ပေးချင်တဲ့ အခါ ပြန်ပေး ဆိုတာမျိုးလဲ လုပ်နိုင်တာ မဟုတ်ဘူး' ဟု ညွှေသည်တစ်ဦးက ဆိုသည်။





ညွှေသည်များတွင် ရှေ့နေတစ်ဦး ပါဝင်သည်။ ယင်းသည် အသက် နှစ်ဆယ့်ငါးနှစ်မျှသာ ရှိသေးသော လူငယ်တစ်ဦး ဖြစ်သည်။ သူ၏ ထင်မြင်ချက်ကို တောင်းဆိုကြသောအခါ သူက 'သေဒဏ်ရော တစ်သက်တာ ထောင်ဒဏ်ရော နှစ်မျိုးလုံး မတရားဘူး၊ ဒါပေမယ့် ကျွန်တော့်ကို ဒီနှစ်မျိုးထဲက တစ်မျိုးကို ရွေးပါဟုဆိုရင် တစ်သက်တာ ထောင်ဒဏ်ကို ရွေးမယ်။ အသက်ရှင်နေရတာက အသက် သေရတာထက်တော့ ဘယ်နည်းနဲ့မဆို ပိုပြီးကောင်းတယ်' ဟု ဆိုလေသည်။

ထို့နောက် တစ်ယောက်တပေါက် ပြောဆိုကြ၊ ငြင်းခုန်ကြနှင့် အတော် အချိန်ကြာသွားသည်။ ယခု အိုမင်းနေပြီ ဖြစ်သော ဘဏ်သူဌေးကြီးသည် ထိုစဉ်က အတော် အတန် ငယ်ရွယ်နေသေးသဖြင့် ဒေါသကို မထိန်းနိုင်ဖြစ်တာ စားပွဲကို လက်သီးဖြင့် ထုလိုက်ပြီးလျှင် ရှေ့နေလူငယ်ဘက်သို့ လှည့်ကာ 'ဒါဟာ အလကားစကားပဲ၊ မောင်ရင် အလုံထောင်ထဲမှာ ငါးနှစ်နေမယ်ဆိုရင် ကျပ် ငွေနှစ်သန်း လောင်းကြေးပေးမယ်' ဟု စိမ်ခေါ်လိုက်သည်။

'ခင်ဗျားအတည်ပြောနေတာလား၊ ဒီလိုဆိုရင် ငါးနှစ် မဟုတ်ဘူး၊ ဆယ့်ငါးနှစ်နေမယ်' ဟု ရှေ့နေကလေးက ပြန်ပြောသည်။

'ဆယ့်ငါးနှစ်၊ ကောင်းပြီ စိန်လိုက်၊ ကျပ်ငွေနှစ်သန်း လောင်းကြေးပေးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ— သဘောတူတယ်၊ ခင်ဗျားဟာ ငွေနှစ်သန်း လောင်း၊ ကျွန်တော်က ကျွန်တော့်လွတ်လပ်မှုကို လောင်းကြေး အဖြစ်ထားမယ်'

ယင်းသို့လျှင် အလွန်ထူးဆန်းသော အလောင်းအစား တစ်ရပ် ဖြစ်မြောက် သွားလေသည်။ ထိုစဉ်က ဘဏ်သူဌေး ကြီးတွင် သန်းပေါင်း များစွာရှိသည်။ ငွေကြေး ပေါများ လွန်းသဖြင့် ထင်သလိုနေ၊ ထင်သလိုလုပ်ဖြင့် လုပ်ချင်ရာ လျှောက်လုပ် ခဲ့သေသည်။ ယင်းသို့ လောင်းရသည်ကိုပင် ကျေနပ်ဝမ်းသာနေလေသည်။ ညစာစားပွဲတွင် သူက ရှေ့နေ ကလေးကိုပင် ရယ်သွမ်းသွေး၍ ပြောပြသည်။ 'မရှုးချင်စမ်း ပါနဲ့ မောင်ရင်ရယ်၊ အချိန်မနှောင်းမီ အလောင်းအစားကို ဖျက်လိုက်ဖို့ သဘောတူလိုက်စမ်းပါ၊ မောင်ရင့်မှာ ငယ်တုန်း ရွယ်တုန်း ခံစားရမယ့် လူ့စည်းစိမ်ကိုမရဘဲ ဆုံးရှုံးနစ်နာရ တော့မှာပေါ့၊ ပြီးတော့လဲ တစ်ခုရှိသေးတယ်၊ အမြဲတမ်းကြောင့် ထောင်ကျရတာထက် ကိုယ့်ဘာသာအကျဉ်းခံရတာက ပိုပြီးဒုက္ခ ရောက်တယ်ဆိုတဲ့အချက်ပဲ၊ အမြဲရှိလို့ ခံရတာမဟုတ်ဘဲ မခံ ဘဲနေမယ်ဆိုရင် မခံဘဲနေနိုင်တယ်ဆိုတဲ့ အသိက မောင်ရင့် နှလုံးသားကို အဆိပ်သင့် စေလိမ့်မယ်၊ အင်း...မောင်ရင့်ကို ကျုပ်သနားလိုက်ပါဘိ'

ယခုဆယ့်ငါးနှစ်ပြည့်တော့မည့် အခါဝယ် ဘဏ်သူဌေး ကြီးသည် သူ့စာကြည့်ခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း ထိုအဖြစ်အပျက်ကို ပြန်ပြောင်းသတိရမိသည်။ ငါ ဘာဖြစ်လို့ဒီအလောင်းအစားကို လုပ်လိုက်မိပါသလဲ၊ ဘာ





များအကျိုးရှိလို့လဲ၊ ရှေ့နေကလေးအဖို့ အသက်ဆယ့်ငါးနှစ် ဆုံးရှုံးရတယ်၊ ငါ့မှာလဲ ငွေနှစ်သန်း ဆုံးရှုံးရတယ်၊ အခုလို အလောင်းအစားလုပ်လိုက်တာနဲ့ လူတွေမှာ သေဒဏ်ထက် ထောင်ဒဏ်ဟာ ပိုပြီးကောင်းတယ်ဆိုတဲ့ အသိမျိုး ရသွား မှာတဲ့လား၊ အဓိပ္ပါယ်မရှိပါဘူး၊ ငါ့ဘက်ကဆိုရင် ငွေပေါတဲ့ လူတစ်ယောက် အရူးထတဲ့အလုပ်ပဲ၊ သူ့ဘက်ကဆိုတော့လဲ ငွေမက်လို့ စွန့်စားလိုက်တာပဲ'

ဘဏ်သူဌေးကြီးသည် ထိုနေ့က အဖြစ်အပျက်များကို ဆက်လက်၍ တွေးတောသတိရနေမိသည်။ ရှေ့နေကလေးကို ဘဏ်သူဌေးကြီး၏ အိမ်ဥယျာဉ်ဆောင်တွင် ၎င်းကျဉ်းခံရန် အစီအစဉ်ပြုသည်။ အကျဉ်းခံနေခိုက် ရှေ့နေကလေးအား အခန်းထဲမှ မည်သည့်အကြောင်းကြောင့်မျှဖြင့် ထွက်ခွင့်မပေး ရန်၊ မည်သူ့ကိုမျှ တွေ့ခွင့်မပေးရန်၊ လူသံ သူသံ များကိုပင် ကြားခွင့်မပေးရန် စည်းကမ်းချက်များ သတ်မှတ်ထားသည်။ သို့ရာတွင် တူရိယာများကို ရပိုင်ခွင့် တီးမှုတ် သီဆိုနိုင်ခွင့်၊ အပြင်လောကရှိ ပုဂ္ဂိုလ်တို့ထံသို့ စာရေးနိုင်ခွင့်၊ အပြင်မှစာ များကိုလည်း လက်ခံနိုင်ခွင့်၊ အရက်မျိုးစုံ ကြိုက်ရာကိုသောက် နိုင်ခွင့်၊ ဆေးလိပ်သောက်နိုင်ခွင့်တို့ကိုပေးထားသည်။ အပြင် လောကနှင့် ဆက်ဆံခွင့်ရသော်လည်း နှုတ်ဖြင့်ပြောဆိုဆက်ဆံ ခွင့် လုံးဝမရချေ။ အပြင်လောကနှင့် ဆက်ဆံရန် ပြတင်း ပေါက်ကလေးတစ်ပေါက် ဖောက်ပေးထားသည်။ သူလို သမျှကို ထိုပြတင်းပေါက်မှ ပို့ပေးသည်။ စာ အုပ်များ၊



www.burmeseclassic.com

www.burmeseclassic.com



တူရိယာပစ္စည်းများ၊ အရက်များ စသည်တို့ကို သူတမှာသည့် အတိုင်း အပြည့်အစုံပေးသည်။ အကျဉ်းခံရမည့် အချိန် ကာလမှာ ၁၈၇၀-ခု နိုဝင်ဘာလ ၁၄-ရက် သန်းခေါင် ဆယ့်နှစ်နာရီမှ ၁၈၈၅-ခုနှစ် နိုဝင်ဘာလ ၁၄-ရက် သန်း ခေါင် ဆယ့်နှစ်နာရီအထိ ဖြစ်သည်။ ထိုကာလအတွင်း နှစ်မိနစ်မျှပင် စော၍ ထွက်ပြေးလျှင် အလောင်းအစား စည်းကမ်းပျက်သဖြင့် ဘဏ်သူဌေးက ငွေနှစ်သန်း လျော် ရမည့်တာဝန် လွတ်ကင်းသည်။

ပထမနှစ်အတွင်း၌ ရှေ့နေသည် သူပေးသော စာ စာရှည်များကို ကြည့်ခြင်းအားဖြင့် သိရသည်မှာ တစ်ကိုယ် တည်း မနေရသည့်အတွက် ပျင်းရိခြောက်သွေ့သော ဒဏ်ကို အလူးအလဲခံရသည်။ သူ့အကျဉ်းခန်းမှ စန္ဒရားသံကို နေ့ရော ညပါ ကြားနေရသည်။ သူသည် အရက်နှင့် ဆေးလိပ်ကို ရှောင်သည်။

'အရက်ဟာ လူ့ရဲ့ဆန္ဒတွေကို ပွားများစေတယ်၊ အဲ ဆန္ဒတွေဟာ တကယ်တော့ အကျဉ်းသားရဲ့ ရန်သူတွေပဲ ပြီးတော့လဲ အရက်ကောင်းကောင်းကို တစ်ယောက်တည်း သောက်ရတာလောက် ငြီးငွေ့စရာကောင်းတာမရှိဘူး၊ ဆေး လိပ်ကတော့ အကျဉ်းခန်းရဲ့လေကို ညစ်ကျုစေတယ်၊ ဆေး လိပ်ငွေ့တွေ မွန်နေရင် နေလို့မကောင်းဘူး' ဟု သူက စာ ရေး၍ဆိုသည်။ ယင်းနှစ် အတွင်းတွင် ပေါ့ လွင်သော အကြောင်းအရာများ၊ အရေးအသားများပါသော စာအုပ် များကို ပို့ပေးရသည်။ ရှုပ်ထွေး၍ စိတ်ဝင်စားဖွယ် ဖြစ်





သော အချစ်ဇာတ်လမ်းများပါရှိသည့် ဝတ္ထုများ၊ ရာဇဝတ်မှု ဇာတ်လမ်း ဝတ္ထုများ၊ စိတ်ကူးယဉ်ဇာတ်လမ်း ဝတ္ထုများ စသည်တို့ပင် ဖြစ်သည်။

ဒုတိယနှစ်တွင် စန္ဒရားသံကို မကြားရတော့ပေ။ ရှေ့နေ သည် စာကြီးပေကြီးများကို တောင်းယူဖတ်ရှုသည်။ ပဉ္စမ နှစ်တွင်မူ စန္ဒရားသံကို ပြန်၍ ကြားရသည်။ ယခင်က မတောင်းဘဲနေခဲ့သည့် အရက်ကို တောင်း၏။ သူ့ကို ချောင်းကြည့်သူများက သူ့ကို စားတာ၊ သောက်တာ၊ လဲလျောင်းတာနေကြောင်း တွေ့ကြရသည်။ တစ်ခါတစ်ရံ သူသည် ငြီးငွေ့သောအမူအရာဖြင့် သမ်းသည်။ တစ်ခါ တစ်ရံလည်း သူ့ကိုယ်သူ ဒေါသဖြင့် ကျယ်လောင် ကျယ် လောင် ပြောဆိုနေသည်။ ထိုနှစ်တွင် သူသည် စာအုပ်ကို တစ်အုပ်မျှ မဖတ်တော့ပေ။ တစ်ခါတစ်ရံ ညတစ်ညလုံး လိုလိုပင် သူသည် ထိုင်၍ စာရေးနေသည်။ စာရှည်ရှည်ကြီး တစ်ညလုံး ရေးပြီးနောက် နံနက် မိုးလင်းချိန်တွင် စက္ကူ များကို ဆုတ်ပစ်လိုက်သည်ကို တွေ့ကြရသည်။ တစ်ခါမက လည်း သူ့ငိုသံကို ကြားကြရသည်။

ခြောက်နှစ်မြောက်ကာလ ဒုတိယနှစ်ဝက်တွင် ရှေ့နေသည် ဘာသာစကားများ၊ ဒဿနိကဗေဒနှင့် သမိုင်းပညာတို့ကို စိတ်အားထက်သန်စွာ အပြင်းအထန် လေ့လာနေသည်။ သူသည် ယင်းဘာသာရပ်များတွင် အထူးစိတ်ဝင်စား၍ လေ့လာလေရာ သူမှာသော စာအုပ်များကို ပြည့်ပြည့်စုံစုံ ရှာဖွေ၍ ပို့ပေးရသည့် တာဝန်သည် ဘဏ်သူဌေးကြီးအဖို့



www.burmeseclassic.com

www.burmeseclassic.com



အတော်ပင်ကြီးလှလေသည်။ လေးနှစ်အတွင်း ယင်းဘာသာရပ်မှုနှင့်သက်ဆိုင်သော စာအုပ်ခြောက်ရာကို ရှာဖွေဝယ်ယူပို့ပေးရသည်။ ထိုကာလအတွင်းတွင် ဘဏ်သူဌေးကြီးထံသို့ အကျဉ်းသားက အောက်ပါအတိုင်း စာတစ်စောင် ရေးပို့သည်။ 'မိတ်ဆွေထောင်မှူးကြီး၊ ကျွန်တော်ဒီစာကို ဘာသာစကား ခြောက်မျိုးဖြင့် ရေးပေးလိုက်ပါသည်။ ယင်းစာပိုဒ်များကို သက်ဆိုင်ရာ ဘာသာဗေဒ ဆရာများထံသို့ တင်ပြပေးပါ၊ သူတို့က ဖတ်ပြီးလျှင် အမှားတစ်လုံးမျှ မပါလျှင် အိမ်ဝင်းအတွင်း တစ်နေရာမှ သေနတ် တစ်ချက်ဖောက်၍ အကြောင်းကြားပါ၊ သေနတ်သံ ကြားရလျှင် ကျွန်တော်ကြိုးပမ်းရသည်မှာ အကျိုးနှင့်ကြောင်း ကျွန်တော် သိရပါလိမ့်မည်။ နိုင်ငံအသီးသီးမှ ပါရမီရှင် အသီးသီးတို့သည် ဘာသာစကား အသီးသီးဖြင့် ရေးသား ပြောဆိုကြသည်။ သို့သော် ယင်းတို့အားလုံး၏သဏ္ဌာန်ဝယ် တစ်ခုတည်းသော ပညာဆီမီးသာလျှင် ထွန်းတောက်လျက်ရှိသည်။ ယခု ကျွန်တော် ဘာသာစကားများကို တတ်ကျွမ်းပြီဖြစ်သဖြင့် ပါရမီရှင်ကြီးတို့၏ ပညာအလင်းရောင်ကို ခံယူရခြင်း၏ ချမ်းသာမှုကို ခံစားနေရပါပြီ၊ ကျွန်တော် မည်မျှ စိတ်၏ချမ်းသာခြင်းရရှိနေသည်ကို လူကြီးမင်း သိစေချင်လှပါသည်'။

ဘဏ်သူဌေးကြီးသည် ရှေ့နေ၏ တောင်းဆိုချက်အရ သူရေးပေးလိုက်သော ခြောက်ဘာသာစာကို ဘာသာဗေဒဆရာကြီးများထံသို့ပေးပို့၍ စစ်ဆေးစေပြီးလျှင် အားလုံးက ယင်းစာတွင် အမှားတစ်လုံးမျှ မပါရှိဟု ဆိုကြသောအခါ





အိမ်ဝင်း ဥယျာဉ်တစ်နေရာမှ သေနတ်ဖောက်၍ အချက်ပေးပြန်ကြားလိုက်သည်။

နောက်ဆယ်နှစ်ကာလတွင် အကျဉ်းသားသည် သူ့စားပွဲတွင် နေ့ရောညပါ ထိုင်၍ သမ္မာကျမ်းစာသစ်ကိုချည်း ဖတ်နေသည်။ ဘဏ်သူဌေးကြီးသည် ခြောက်ဘာသာ တတ်ကျွမ်းသူတစ်ဦးက စာအုပ်ကြီးငယ်ပေါင်း ခြောက်ရာကျော်ကို ဖတ်နိုင်ပါလျက် ဤ သမ္မာကျမ်းစာသစ် တစ်အုပ်ကိုသာ အပြန်ပြန် အလှန်လှန် ဖတ်နေသည့် အချက်ကို မတွေးတတ်အောင် ဖြစ်နေလေသည်။ ဤစာအုပ်မှာ စင်စစ်အားဖြင့် အနက်အဓိပ္ပာယ်၌လည်း မခက်ခဲ၊ စာအုပ်အနေဖြင့်လည်း မထူထဲပါပဲလျက် ယင်းကိုချည်း တစ်နှစ်ပတ်လုံး ဖတ်ရှုလေ့လာနေသည်မှာ အံ့ဩဖွယ်ဖြစ်ချေသည်။ နောက်နှစ်တွင်မူ သမ္မာကျမ်းစာသစ်အစား ဘာသာတရားတို့နှင့်သက်ဆိုင်သည့် ကျမ်းကြီးကျမ်းငယ်တို့ကို မှာယူလေ့လာပြန်လေသည်။

နောက်ဆုံး နှစ်နှစ်တွင်မူ အကျဉ်းသားသည် စိတ်ကူးတွေ့ရာ စာအုပ်များကို မှာယူ၍ မြောက်မြားစွာဖတ်သည်။ သဘာဝ သိပ္ပံ ပညာရပ်များနှင့် သက်ဆိုင်သော ကျမ်းများစွာကို ဖတ်ပြီးသည်နှင့် တစ်ပြိုင်နက် ရှိတ်စပီးယား၊ ဘိုင်ရွန်သည့် ပြဇာတ်ဆရာ၊ ကဗျာဆရာကြီးများ၏ စာစုပေစုကို ဖတ်ပြန်သည်။ သူမှာကြားသော စာတွင် ပါသော စာအုပ် စာရင်းအရ ဆိုလျှင် ဓာတုဗေဒကျမ်း တစ်ကျမ်း၊ ဆေးကျမ်း တစ်ကျမ်း၊ ဝတ္ထုတစ်အုပ်၊ ဒဿနိကဗေဒကျမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျွမ်း၊ ဘာသာတရားကျမ်းတစ်ကျမ်း စသည်တို့ပင် ဖြစ်သည်။ ရှေ့နေသည့် ပင်လယ်ထဲတွင် သင်္ဘောပျက်သူနှင့် တူနေတော့သည်။ အပျက်အစီးများကြားတွင် ကူး နေ လေ ရာ အသက်ဘေးမှ ကယ်ဆယ်ရန် နီး၊ အပျက်အစီး ပစ္စည်းတစ်ခုပြီး တစ်ခုလှမ်းဆွဲနေသကဲ့သို့ပင်ဖြစ်ချေသည်။

ဘဏ်သူဌေးကြီးသည် ထိုအခြင်းအရာများကို ပြန်လည်တွေးတော သတိရမိပြီးနောက် ဆင်ခြင်မိသည်။ 'နက်ဖြန်သန်းခေါင်ဆိုရင် သူ့အကျဉ်းသား သဝက ထွက်လာတော့မယ်။ သူ့အဖို့ လွတ်လပ်မှု ပြန်ရသွားပြီ။ အလောင်းအစားစာချုပ်အတိုင်း ငါဟာ သူ့ကို ငွေနှစ်သန်း ပေးရတော့မယ်၊ အဲဒီငွေကိုသာ ပေးလိုက်ရရင် ငါတော့မွဲပြာကျပြီး တစ်သက်လုံး နာလန်ထူတော့မှာ မဟုတ်တော့ဘူး'

လွန်ခဲ့သည့် ဆယ်ငါးနှစ်ကမူ သူ၌ သန်းပေါင်းများစွာ ရှိသည်။ ယခုမှာမူ ကြွေး ပတ်လည် ဝိုင်းလျက် ရှိချေသည်။ ငွေဈေးတွင် ငွေကစားမှု အမြဲတမ်း ပြုနေခဲ့သောကြောင့် သူ့တွင် ရှုံးတစ်ခါ မြတ်တစ်လှည့်ဖြင့် သူ၏ ငွေကြေးအခြေအနေမှာ မမှန်မဆန် ဖြစ်နေခဲ့သည်။ ထို့ပြင်လည်း သူမှာ ယခုအသက်အရွယ် ကြီးရင့်သည့် တိုင်အောင်ပင် အသုံး အဖြုန်းရမ်းကားသဖြင့် ငွေကြေး အခြေအနေသည် တစ်နှစ်တခြား ဆိုးရွား လာချေသည်။ ယခုအခါ သူ့တွင် သူပိုင်ငွေထက် အကြွေးက ပိုနေပြီဖြစ်သဖြင့် ငွေစာရင်းကိုပင် ဖတ်မကြည့်ဝံ့သည့် အခြေသို့ ဆိုက်နေလေသည်။ သူ၏ ဘဏ်လုပ်ငန်းသည်တား သူ၏ငွေကြေးအခြေအနေ မလှသည်နှင့်အမျှ လျော





ကျ ပျက်ပြုန်းလျက် ရှိသည်။ ယခင်က ငွေအင်အားကို အမှီပြု၍ ရှိသမျှ စွမ်းရည်သတ္တိတို့သည် ယခုအခါတွင် ပျောက်ကွယ် သွားလေပြီဖြစ်ရကား သူသည် ငွေဈေးအတက်အကျဖြစ်တိုင်း ရင်တမမဖြစ်ကာ ပျက်စီးရမှာကို ကြောက်ရွံ့ နေလေသည်။

အရွယ် အိုရင့်နေပြီ ဖြစ်သော ဘဏ်သူဌေးကြီးသည် သူ့ဦးခေါင်းကို သူ့ လက်နှစ်ဖက်ဖြင့် ညှပ်ကိုင်လျက် စိတ်ပျက်သံဖြင့် 'ဒီဂွိုဟ်မွေ့တဲ့ အလောင်းအစားကြောင့် ခက်တယ်၊ ဒီအကောင်ကလဲ ဘာဖြစ်လို့ သေမသွားတာလဲ၊ အခု သူ့အသက်ဟာ လေးဆယ်ပဲ ရှိသေးတယ်၊ အကျဉ်းခံနေတုန်းမှာ သူ့ ကျန်းမာရေး ဘာမျှ မထိခိုက်ဘူး၊ အခုဆိုရင် သူ့အဖို့မှာ အရွယ်ကောင်းပဲ၊ ငါ့မှာရှိတဲ့ ရှိစုမဲ့စုအကုန်လုံးကို သူယူသွားပြီး မိန်းမ ယူမယ်၊ စည်းစိမ်ခံမယ်၊ ငွေဈေးမှာ ကစားမယ်၊ ငါ့အဖို့တော့ သူ့ကို ကြည့်ပြီး ငေးမှိုင်နေရမှာပဲ၊ သူက ခင်ဗျားကျေးဇူးကြောင့် ကျွန်တော်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာနေပါပြီ၊ ခင်ဗျား အခုလို ဖြစ်နေတာ မကြည့်ရက်ပါဘူး၊ ကျွန်တော် ကူညီပါရစေလို့ ဆိုရင် ငါ ဘယ်လို လုပ်ရမှာလဲ၊ အဲဒါဟာ စော်ကားခြင်း တစ်မျိုးပဲ၊ ဝါ ခံရခက်တော့မှာ အမှန်ပေါ့၊ ဒီလိုမွဲပြာကျပြီး လူစဉ်မမီတဲ့ ဘဝဆလွတ်အောင် ငါဘာလုပ်ရမလဲ၊ တစ်နည်းပဲရှိတယ်၊ ဒီနေ့ သေမှ ဖြစ်မယ်'ဟု ညည်းတွားလေသည်။

နံနက် သုံးနာရီ ထိုးပြီ။ ဘဏ်သူဌေးကြီးသည် နားစိုက် ထောင်နေသည်။ တစ်အိမ်လုံး အိပ်မောကျနေသည်။ အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင် သစ်ပင်များသည် အအေးဒဏ်ကို ခံရသဖြင့် ညည်း တွားနေကြသည်။ ဘဏ်သူဌေးကြီးသည် အသံမမြည်စေရဘဲ မီးခံသေတ္တာကိုဖွင့်၍ ဆယ့်ငါးနှစ်လုံး အသုံးမပြုဘဲ ထား ထားသော သော့ကို ထုတ်ယူ လိုက်သည်။ ပြီးလျှင် အပြ ဆင်ဝင်ကိုဖြတ်၍ အိမ်ပြင်ဘက်သို့ ထွက်သွားလေသည်။ အိမ် ဘေး ဥယျာဉ်သည် မှောင်၍ အေးနေသည်။ မိုးရွာလျက်ရှိ၏ အေးစက်၍ စူးရှသောလေသည် ဥယျာဉ်ထဲတွင် တဝူးဝူးမြည် နေကာ သစ်ပင်များကို အငြိမ်မနေရအောင် နှောင့်ယှက်နေ သည်။ ဘဏ်သူဌေးကြီးသည် မျက်လုံးများကို အားကုန်ဖွင့်၍ ကြည့်သော်လည်း မှောင်ထဲတွင် ဘာကိုမျှ မမြင်နိုင်ချေ။ သူသည် စမ်း၍လျှောက်လာရာ ဥယျာဉ်ဘက်သို့ ရောက်သွား လေသည်။ ညစောင့်ကို ခေါ်သော်လည်း ပြန်၍ထူးသံ မပေါ် လာချေ။ ညစောင့်သည် မီးဖိုခန်းထဲတွင်သော်လည်းကောင်း ပန်းဂိုဒေါင်ထဲတွင်သော်လည်းကောင်း ဝင်၍ ကွေးနေရာ အိပ်ပျော်သွားပြီဖြစ်ကြောင်း ထင်ရှားလှ၏။

'ငါသာ ငါလုပ်ချင်တဲ့အတိုင်း လုပ်ရဲရင်၊ အစောင့်ကို ပထမဦးဆုံး စွပ်စွဲကြမှာပဲ'ဟု အဘိုးကြီးက တွေးထင် သည်။

သူသည် မှောင်ထဲတွင် အကျဉ်းထောင်ခန်းသို့ တက်သော လှေကားကို စမ်း၍ တက်ပြီးလျှင် တံခါးကို စမ်း၍ ဖွင့် သည်။ တံခါးဖွင့်ပြီးလျှင် တဖြည်းဖြည်းစမ်း၍ ကျဉ်းမြောင်း သော လမ်းကလေးမှ လျှောက်သွားသည်။ အနီးအနားတွင် လူသူ တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် သူသည် မီးခြစ်



ထုတ်၍ မီးခြစ်ဆံဖြင့်ခြစ်၍ အလင်းရောင်ယူကာ ဆက်၍ လျှောက်သွားပြန်သည်။ အကျဉ်းသား၏ အခန်းတံခါးသော့ ခလောက်ပေါ်တွင် ချထားသော ချိပ်တံဆိပ်သည် မကျိုး မပျက်ဘဲ နဂိုအတိုင်း ရှိနေသည်ကို တွေ့ရသည်။ မီးခြစ်ဆံ မီးကုန်သဖြင့် ပြန်၍ မှောင်သွားသောအခါ အဘိုးကြီးသည် စိတ်လှုပ်ရှားသွားသည့်အလျောက် တစ်ကိုယ်လုံး တုန်နေ သည်။ သူသည် အတွင်းပြတင်းပေါက်ကလေးမှ အတွင်းခန်း ထဲသို့ ချောင်း၍ ကြည့်သည်။

အကျဉ်းသား၏ အခန်းထဲတွင် ဖယောင်းတိုင် မီးကလေး ခပ်မှိန်မှိန်တောက်လျက် ရှိသည်။ အကျဉ်းသားသည် စားပွဲ တွင်ထိုင်နေသည်။ သူ့နောက်ကျော ဦးခေါင်းနှင့်လက်တို့ကို သာ မြင်ရသည်။ ဖွင့်ထားသော စာအုပ်များသည် စားပွဲ ပေါ်တွင် ပြန့်ကြဲလျက်ရှိသည်။ အနီးရှိ ကုလားထိုင်နှစ်လုံး အပေါ်နှင့် စားပွဲအောက်ခင်းထားသော ကော်ဇော ပေါ် တွင်လည်း စာအုပ်များ ပြန့်ကြဲလျက်ရှိ၏။

ငါးမိနစ် ရှိသွားပြီ။ အကျဉ်းသားမှာ တုတ်တုတ်မျှ မလှုပ်၊ ဆယ့်ငါးနှစ်ကာလ အကျဉ်း နေခဲ့ရသောကြောင့် မလှုပ်ဘဲ ထိုင်နေကျင့် ရနေပြီ ဖြစ်သည်။ ဘဏ်သူဌေးကြီးက ပြတင်းဘောင်ကို လက်ညှိုးဖြင့် ခေါက်၍ အသံပေးသော် လည်း အကျဉ်းသားမှာ တုတ်တုတ်မျှ မလှုပ်ချေ။ ဘဏ် သူဌေးကြီးသည် တံခါးသော့ခလောက်ပေါ်တွင် ချထား သော ချိပ်တံဆိပ်ကို ခပ်ဖြည်းဖြည်းခွာပြီးလျှင် သူယူလာ သော သော့ဖြင့် သော့ခလောက်ကို ဖွင့်သည်။ သံချေးတက်



www.burmeseclassic.com

www.burmeseclassic.com



နေသော သော့ခလောက်သည် ဂရောက်ခနဲ မြည်၍ ပွင့်သွားသည်။ တံခါးရွက်သည် ဖြည်းဖြည်း ပွင့်လိုက်သောအခါ ကျီခနဲမြည်သွားသည်။ အတိုးကြီးသည် အကျဥ်းသားက အလန့်တကြား ဖြစ်ကာ တံခါးဘက်သို့ လျှောက်လာလိမ့်မည်ဟု မျှော်လင့်၏။ သို့သော် သုံးမိနစ်တိုင်အောင် ရပ်၍ စောင့်သော်လည်း အခန်းတွင်းမှ ဘာသံကိုမျှ မကြားရချေ။ ထိုအခါမှ အတိုးကြီးသည် အခန်းတွင်းသို့ ဝင်ရန် စိတ်ပိုင်းဖြတ်လိုက် လေသည်။

စားပွဲတွင် လူတစ်ယောက်ထိုင်နေသည်။ ထိုပုဂ္ဂိုလ်သည် သာမန် လူသားတစ်ယောက်နှင့် မတူချေ။ အရိုးစုတစ်ခုပေါ်တွင် တင်းမားစွာ ဆွဲဆန့်ထားသော အရေပြားကပ်လျက်ရှိသည်။ ရှည်၍တောက်နေသော ဆံပင်သည် အမျိုးသမီး၏ ဆံပင်နှင့်တူ၏။ မုတ်ဆိတ်မွှေးလည်း ရှည်၍ ဆိတ်မုတ်ဆိတ် သဖွယ် ဖြစ်နေသည်။ သူ့မျက်နှာ၏ အသားရောင်မှာ ဝါသည်။ မြေကြီးရောင် သန်းလျက်ရှိသည်။ သူ့ပါးများသည် ချိုင့်လျက်ရှိ၏။ သူ့ကျောကုန်းမှာ ရှည်၍ ကျဥ်းမြောင်းနေသည်။ သူ၏ ဆံရှည်ဦးခေါင်းကို တင်ထားသော သူ့လက်သည် ကြုံလှီ၍ အရေတွန့်လျက်ရှိ၏။ သူ့ကို ကြည့်ရသည်မှာ ရင်နင့်စရာပင်။

သူ့ဆံပင်များသည် ဖြူနေချေပြီ။ ဤမျှ အိုမင်းရင့်ရော်၍ ကြုံလှီသောမျက်နှာကို လှမ်းကြည့်သူတိုင်းက သူ့အသက် လေးဆယ်မျှသာ ရှိသေးသည်ဟုဆိုသည်ကို ယုံကြည်ကြမည် မဟုတ်ချေ။ သူ့ရှေ့တွင် စာရွက်တစ်ရွက်ရှိသည်။ စာရွက်





ပေါ်တွင် လက်ရေးသေးသေးဖြင့် ရေးထားသည်ကို တွေ့ရသည်။

ဘဏ်သူဌေးကြီးက 'ဒီကောင်တော့ ငွေနှစ်သန်း ရမှာကို တွေးပြီး စိတ်ကူးယဥ်ရင်း အိပ်ပျော်နေတယ်ထင်တယ်။ ငါ ဒီသနားစရာကောင်ကို မပြီး ခုတင်ပေါ်တင်ပြီး ခေါင်းအုံးနဲ့ လည်မျိုကို ဖိသတ်လိုက်ရင် ကိစ္စပြီးမှာပဲ၊ ဘယ်သူကမှ ရိုးရိုးသေတာ မဟုတ်ဘူးလို့ သင်္ကာမကင်း ဖြစ်မှာ မဟုတ်ဘူး၊ ဒါပေမယ့်လေ သူ ဘာတွေ ရေးထားတယ် ဆိုတာ ဖတ်ကြည့်လိုက်ရဦးမယ်' ဟု သူ့ကိုယ်ကို သူ ပြောပြနေသည်။

ဘဏ်သူဌေးကြီးသည် ရှေ့နေ၏ ရှေ့တွင်ရှိသော စာရွက်ကို ကောက်ယူပြီးလျှင် ဖတ်ကြည့်၏။ 'နက်ဖြန် သန်းခေါင်ယံ နှစ်နာရီမှာ ငါလွတ်တော့မယ်.... လွတ်လွတ်လပ်လပ် သွားလာနိုင်တော့မယ်၊ လူတွေနဲ့ ရောနှောဆက်ဆံ နိုင်တော့မယ်၊ ဒါပေမယ့် ကျုပ် ဒီအခန်းကထွက်ပြီး ဆယ့်ငါးနှစ်လုံး မမြင်ခဲ့ရတဲ့ နေရာကို မြင်ရတော့မယ့် အချိန် မတိုင်မီ ခင်ဗျားကို စကားအနည်းငယ်ဆိုခဲ့ချင်ပါသေးတယ်၊ ကျုပ်စိတ်ထဲ ဘုရားကို တိုင်တယ်ပြီး အလေးအနက် သစ္စာဆိုချင်တာ ကတော့ ကျုပ်ဟာ လွတ်လပ်မှုတို့၊ ဘဝတို့၊ ကျန်းမာရေးတို့ ကတော့ရယ်၊ ခင်ဗျားတို့တစ်တွေ ဖတ်မှတ်နေတဲ့ စာအုပ်တွေက ဖော်ပြထားတဲ့ လူ့ဘဝ စည်းစိမ် ဆိုတာမျိုးတွေ အဲဒီအားလုံးကို ရွံမုန်းတယ်ဆိုတဲ့ အကြောင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ ဆယ့်ငါးနှစ်လုံးလုံး လူ့ဘဝကို လေးလေးနက်နက် လေ့လာခဲ့တယ်၊ မှန်ပါတယ်၊ ဒီကာလအတွင်းမှာ ကျုပ်ဟာ လူ့လောကကိုလဲ မမြင်တွေ့ရပါဘူး၊ လူတွေနဲ့လဲ မဆက်ဆံခဲ့ရပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ စာအုပ်တွေထဲမှာ ကျုပ်ဟာ ရနံ့သင်းတဲ့ ဝိုင်အရက်ကို သောက်ခဲ့တယ်၊ တေးသီချင်းများ ဆိုခဲ့တယ်၊ တောမြိုင်တွင်းဘာ သမင် ဒရယ်များ၊ ကြံ့များကို အမဲလိုက်ခဲ့တယ်၊ မိန်းမများကိုလဲ ချစ်ခဲ့တယ်၊ မိန်းမများဆိုရာမှာလဲ ခင်ဗျားတို့ရဲ့ ကဗျာဆရာကြီးများရဲ့ ပညာစွမ်းနဲ့ ဖန်ဆင်းထားတဲ့ အင်မတန် ချောတဲ့လှတဲ့ မိန်းမတွေကို ဆိုလိုပါတယ်၊ အဲဒီ ချောကညာမေတွေဟာ ကျုပ်ဆီကို ညဘိုင်ကျရင် လာလည်ကြတယ်၊ ထူးဆန်းအံ့ဩဖွယ်ကောင်းလှတဲ့ ပုံပြင်များကို ထိုးတိုးပြောကြတယ်၊ သူတို့ကြောင့် ကျုပ်ဦးနှောက်ဟာ မူးယစ်ပြီး ချာချာလည်ခဲ့တယ်၊ ခင်ဗျားတို့ရဲ့ စာအုပ်တွေထဲမှာ ကျုပ်ဟာ အယ်လ်ဘရုဇ်နဲ့ မောင့်ဗလင့်စတဲ့ တောင်ကြီးများအပေါ် တက်ပြီး နံနက်ခင်း နေထွက်လာတာကိုများကြည့်ပြီး ကြည်နူးခဲ့ပါတယ်၊ ညနေခင်း နေဝင်ချိန်မှာ နေရောင်ကြောင့် ကောင်းကင်ရော၊ သမုဒ္ဒရာရော၊ တောတောင်တွေရော ရွှေရည်လိမ်းထားတာကို တွေ့မြင် ကြည်နူး ခဲ့ပါတယ်၊ ဒီတောင်ကြီးတွေပေါ်မှာ နေပြီး လျှပ်ပန်းနွယ်တွေ ဘယ်လိုဖြာတယ်၊ တိမ်တိုက်တွေကို ဘယ်လို ဖြတ်ပစ်တယ်ဆိုတာကိုလဲ ကြည့်ခဲ့ရပါတယ်၊ ကျုပ်ဟာ စိမ်းလန်း စိုပြည်တဲ့ သစ်တောကြီးများ၊ လယ်ကွင်းကြီးများ၊ ရှည်လျား ကောက်ကွေ့တဲ့ မြစ်ကြီးများ၊ စည်ကားလှတဲ့ မြို့ကြီးများကိုလဲ မြင်ရပါတယ်၊ ယောကျ်ားတို့ရဲ့ နှလုံးသားကို ဆွဲငင်ယူဆောင်နိုင်တဲ့ နတ်မိမယ်လျတို့ရဲ့ တေးသံတွေကိုလဲ ကြားခဲ့ရပါတယ်။ နတ်သားရဲ့ ကြည်လင် လေးတွဲ့တဲ့ ပြွေသံကိုလဲ နားထောင် ခဲ့ရပါတယ်။ ခင်ဗျားတို့ရဲ့ စာအုပ်တွေထဲမှာ ကျုပ်ဟာ အသွင်တစ်ရာနက်တဲ့ ချောက်ကြီးထဲကို ခုန်ချခဲ့ဖူးပါတယ်။ သဘာဝကို လွန်ဆန်တဲ့ ထူးဆန်းအံ့ဩဖွယ် အပြုအမူများကိုလဲ မျက်လှည့်ပြသလို လုပ်ပြခဲ့ဖူးပါတယ်။ မြို့ကြီးများကို ပြာဖြစ်အောင် မီးရှို့ဖူးပါသေးတယ်။ ဘာသာတရားအသစ်ကိုလဲ ဟောပြောခဲ့ဖူး ပါတယ်။ နိုင်ငံများစွာကိုလဲအောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ခဲ့ဖူးပါတယ်။

'ခင်ဗျားတို့ရဲ့ စာအုပ်တွေက ကျုပ်ကို ပညာပေးခဲ့ပေးတယ်၊ အခုဆိုရင် ကျုပ်ဟာ ခင်ဗျားတို့ အားလုံးထက် ပိုပြီးသိတယ်၊ တတ်တယ်၊ လိမ္မာတယ်လို့ ဆိုချင်ပါတယ်။

'ဒါပေမယ့် ခင်ဗျားတို့ရဲ့ စာအုပ်တွေကို ကျုပ်ရှုံ့မုန်းတယ်။ လူ့ဘဝစည်းစိမ်တွေကိုလဲ ရှုံ့မုန်းတယ်၊ ပညာကိုလဲ ရှုံ့မုန်းတယ်၊ တကယ်တော့ အားလုံးဟာ အလကားပါပဲ၊ အဓိပ္ပာယ်မရှိပါဘူး၊ မတည်မြဲပါဘူး၊ လှည့်စားခြင်းမျှသာဖြစ်တယ်၊ တံလျှပ်ကိုရေလို့ ထင်နေခြင်းမျိုးပါပဲ၊ ခင်ဗျားတို့ဟာ ဘယ်လောက်ပဲ မာနရှိရှိ၊ ပညာရှိရှိ၊ ရုပ်အဆင်းလှလှ၊ ခင်ဗျားတို့ အားလုံးကို သေမင်းက ကြွက်တွင်းထဲက ကြွက်လေးတွေကို မျိုးဖြုတ်လိုက်သလို ကြေမွပျက်ပြုန်းစေမှာ အမှန်ပဲ။ ခင်ဗျားတို့ရဲ့ နောက်လာနောက်







www.burmeseclassic.com

www.burmeseclassic.com



သားတွေ၊ ခင်ဗျားတို့ရဲ့ သမိုင်းတွေ၊ ခင်ဗျားတို့က အမြဲတည်နေမယ်လို့ ယူဆပြီး ကိုးကွယ်နေတဲ့ ပါရမီရှင်ကြီးတွေ၊ အဲဒါတွေအားလုံးဟာ တစ်နေ့တော့ ပေါက်ပြာလို့ ကမ္ဘာကြီးနဲ့အတူ ကြေမွပျက်ပြုန်းရမှာပါပဲ။

'ခင်ဗျားတို့ဟာ အယူအဆမှား၊ လမ်းလွဲလိုက်ပြီး အရူး ထနေကြတာပါ။ မုသားကိုသစ္စာလို့ မှတ်ထင်ကြတယ်။ အရုပ်ဆိုးတာကို အလှလို့ထင်ကြတယ်။ အကယ်၍ သစ်တော်ပင် လိမ္မော်ပင်တွေက သစ်တော်သီး၊ လိမ္မော်သီးတွေ မသီးဘဲ ဖားပြုတ်တွေ၊ အိမ်မြှောင်တွေထွက်လာမယ်ဆိုရင် ခင်ဗျားတို့ တစ်တွေက အထူးအဆန်းရယ်လို့ စိတ်ဝင်စားကြမှာပဲ၊ နှင်းဆီပန်းက ပန်းနဲ့ မထွက်ဘဲ မြင်းခွာနဲ့ ထွက်ရင်လဲ ခင်ဗျားတို့အဖို့ အထူးအဆန်းဖြစ်ပြီး စိတ်ဝင်စားကြပေမယ်။

'အဲဒီလိုပဲ ကျုပ်အဖို့ ခင်ဗျားတို့ဟာ အနိဋ္ဌာရုံ အထူးအဆန်းတွေပဲ၊ ခင်ဗျားတို့ဟာ ဒီလူ့ဘဝ စည်းစိမ်ကိုတကယ် စည်းစိမ်လို့ အောက်မေ့ပြီး ခုံမင်ခင်တွယ်နေကြတယ်၊ တကယ်တော့ ခင်ဗျားတို့တစ်တွေကို ကျုပ်ဘယ်လို နားလည်ရမှန်းတောင်မှ မသိတော့ပါဘူး။

'ဒီလို ကျုပ်က လူ့ဘဝစည်းစိမ်ကို ရွံရှာ စက်ဆုပ်ကြောင်း သာဓကပြတဲ့အနေနဲ့ ကျုပ်တစ်ခါက အင်မတန် မက်မောခဲ့တဲ့ ငွေနှစ်သန်းကို ကျုပ်မယူတော့ဘူး။ စွန့်ပစ်လိုက်ပြီ။ ဒီငွေနှစ်သန်းကို ကျုပ်အခု အလွန်ရွံရှာ စက်ဆုပ်တယ်။ အဲဒီငွေဆုံးရှုံးအောင် ကျုပ်ဟာ ကတိစာချုပ်ကို





ဖောက်ဖျက်ပြီး သတ်မှတ်ထားတဲ့အချိန်ထက် ငါးမိနစ်စောပြီး ထွက်မယ်'

ဘဏ်သူဌေးကြီးသည် ထိုစာကို ဖတ်ပြီးလျှင် စာရွက်ကို နဂိုနေရာတွင်ပြန်၍ ဖြန့်ထားလိုက်ပြီးနောက် ထူးဆန်းသော ပုဂ္ဂိုလ်နဖူးကိုနမ်းကာ ငိုကြွေးလေ၏။ ပြီးလျှင် သူသည် အခန်းထဲမှ ထွက်သွားသည်။ သူသည် ဘယ်သောအခါမျှ ယခုအခါလောက် သူ့ကိုသူ အထင်သေးခြင်း မရှိခဲ့ချေ။ သူ့အိပ်ခန်းသို့ ပြန်ရောက်ပြီး အိပ်ရာပေါ်တွင် လဲလျောင်းရင်း ငိုရှိုက်မဆုံး ဖြစ်နေသည်။

နောက်နေ့နံနက်တွင် အစောင့်သည် သူ့ထံသို့ပြေးလာပြီးလျှင် အကျဉ်းသားပြတင်းပေါက်ကို ကျော်၍ ဥယျာဉ်ထဲသို့ ဆင်းသွားသည်ကို မြင်ရကြောင်း၊ ဥယျာဉ်တံခါးကို ဖွင့်၍ အပြင်သို့ ထွက်သွားသဖြင့် ပျောက်ကွယ် သွားကြောင်း၊ ထိတ်လန့်တကြား ပြောပြလေသည်။ ဘဏ်သူဌေးကြီးသည် အကျဉ်းသား၏ အခန်းကိုသွား၍ကြည့်ရာ အကျဉ်းသားမှာ တကယ်ပင်မရှိတော့ကြောင်းကို တွေ့မြင်သိရှိရလေသည်။ သူသည် စားပွဲပေါ်တွင် ထားခဲ့သော သူဖတ်ပြီးသော စာရွက်ကိုယူ၍ သူ့အလုပ်ခန်းရှိ မီးခံသေတ္တာထဲတွင် ထည့်ထားလိုက်သည်။ ■



www.burmeseclassic.com

www.burmeseclassic.com

## မျိုးချစ်ပြည့်တန်ဆာ

(ပြင်သစ်စာရေးဆရာ ဂီးဒီမောပါဆွန်း)

ဂျာမန်စစ်ဗိုလ်ကြီး မေဂျာဂရပ်သည် အလွန်ခန့်ညားသော ပက်လက်ကုလားထိုင်ကြီးပေါ်တွင် စည်းစိမ်နှင့် ထိုင်၍ သတင်းစာဖတ်နေသည်။ သူ၏စစ်သားဖိနပ်ကြီးများစွပ်ထားသော ခြေထောက်နှစ်ချောင်းသည် ရှေ့တွင်ရှိသော လှပသပ်ရပ်သည့် မှန်တင်ခုံပေါ်သို့ ရောက်နေသည်။ ဖိနပ်နောက်တွင် တပ်ထားသော သံချွန်ကလေး နှစ်ချောင်းသည် မှန်တင်ခုံပေါ်တွင် အပေါက်ငယ်နှစ်ခု ဖြစ်စေသည်။ ထိုအပေါက်ငယ် နှစ်ခုသည် သံချွန်၏ နေ့စဉ်နှင့်အမျှ ထိုးထွင်းခြင်းကို ခံရသဖြင့် တစ်နေ့တခြား နက်၍ လာလေတော့သည်။ မေဂျာဂရပ် ကြီးမှူးသော တပ်စု ထိုရဲတိုက်ကြီးတွင် စခန်းချ၍ နေခဲ့သည်မှာ သုံးလကျော် ရှိချေပြီ။

မေဂျာ၏ ဘေးနားတွင် အငွေ့တထောင်းထောင်း ရှိနေသော လက်ဖက်ရည်ပန်းကန် တင်ထားသည့် စားပွဲခုံကလေးမှာ နဂိုက သပ်ရပ် လှပခြားသော်လည်း ယခုမှာမူ တစ်





နေရာတွင် အရက်များ စွန်း၍နေချေသည်။ တစ်နေရာတွင် အရက်တို မီးဖလောင်တားသည့် အကွက်များရှိသည်။ တစ်နေရာတွင်ကား ဂျာမန်စစ်ဗိုလ်များ ခဲတံချွန်သောကြောင့် ...းရာများ ထင်၍ ကျန်ရစ်ခဲ့သည်။ ထိုမျှမကသေး၊ အချို့ ...တ်ဆော့သော ဂျာမန်စစ်သားများ၏ ပယောဂကြောင့် ...ားဖြင့် ခြစ်ထားသော အရုပ်များပင် ပေါ်နေလေတော့သည်။

မေဂျာဂရပ်သည် မိမိအဖို့ အစေခံယူလာသော စာများ ... ဂျာမန်သတင်းစာများကို ဖတ်ပြီးနောက်၊ ထိုင်ရာမှထ၍ ...မီးတွင်း မီးဖိုထဲသို့ ထင်းတုံး သုံးလေးတုံး ထည့်ပြီးလျှင် ...တင်းပေါက်သို့သွား၍ အပြင်ဘက်သို့ ကြည့်နေသည်။ သူ ...ထည့်လိုက်သော ထင်းအိုးကြီးများမှာကား အခြားထ...သည် မဟုတ်။ ရဲတိုက်ဝင်းကြီးအတွင်းရှိ သစ်ပင်များကို ...ၼ်၍ ထင်းဆိုက်နေ ဖြတ်တောက်ထားသည့် ထင်းတုံးကြီး ...ားပင် ဖြစ်၏။ သူတို့ ထင်းဆိုက်ပစ်သဖြင့် သာယာဝေဆာ ...သော ရဲတိုက်ပတ်ဝန်းကျင် သစ်ပင်တို့သည် ယခုအခါ ပြုတ် ...တ်ပြုန်း လုခမန်း ဖြစ်နေချေပြီ။

မိုးသည်းထန်းစွာ ရွာနေသည်၊ ပြင်သစ်ပြည်တွင် ရွာနေကျ ...မျိုးဖြစ်၍ မထူးဆန်းလှသော်လည်း မိုး၏ သဲမဲပုံမှာ ...မှန်းထားသူတစ်ဦးက ရက်ရက်စက်စက် သွန်းချနေသကဲ့ ...ဖြစ်သည်။ မိုးစက်တို့သည် တစ်စက်နှင့်တစ်စက်ဆက်၍ ခပ် ...ောင်းစောင်းရွာကျလာသဖြင့် ထောင့်တန်း အမြှင်ကြီးများ ...ထူထူထပ်ထပ်တာရံထားသော ထရံကြီးသဖွယ် ဖြစ်နေလေ ...သည်။ ထိုမိုးမျိုးသည် ပြင်သစ်ပြည်တွင် ရွာသွန်းမြဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဤအရပ်ဒေသမျိုး၌ မှာလေ့ရှိလှချေ။ ပြင်သ… ပြည် မိုးအကောင်းဆုံး အရပ်ဖြစ်သော ရှမ်းမြို့နယ်၌ မှာ… လေ့ရှိသော မိုးမျိုး ဖြစ်သည်။

မေဂျာဂရပ်သည် ပျော့နွှဲ့နေသော မြေပြင်ကို ကြည့်နေ… ရာမှ တမ်းနှစ်ဖက်စလုံး လျှံတက်နေသော အမ်ဒယ်မြစ်က… လှမ်း၍ ကြည့်လိုက်ရာ၊ မြတင်းတံခါးမှန်ချပ်ကို လက… ချောင်းများဖြင့် တောက်ကာ ကပ္ပလီချင်းအလိုက် ဆိုင်းချ… တီးနေလေ၏။ ထိုအခိုက် နောက်က အသံတစ်ခု ကြားသဖြ… လှည့်ကြည့်လိုက်သည့်အခါ လက်ထောက်ဗိုလ်မှူး ကက်ပတိ… အလိန်စတိန်ကို တွေ့မြင်လေသည်။

မေဂျာမှာ အရပ်အမောင်း အတော်ပင်ထောင်းသူ ဖြ… သည်။ ပခုံးကျယ်ကြီးနှင့် ရင်ဘတ်ပေါ်တွင် မြန့်ဝဲနေသော… မုတ်ဆိတ်ကားကြီးရှိသည်။ သူ့တစ်ကိုယ်လုံးကြည့်လိုက်လျှ… စစ်ဗိုလ်ပီသ ခန့်ညားသည်ကို တွေ့နိုင်ပေလိမ့်မည်။ သူ့မျက… လုံးများသည် ဝင်းဝင်းတောက်၍နေသည်။ မျက်နှာတွ… ဓားဒဏ်ရာ အမာရွတ်ကြီးတစ်ခု ရှိသည်။ ထိုအမာရွတ်မှာ… အောစရိယပြည် တိုက်ပွဲတွင် ရသော ဓားဒဏ်ရာမှဖြစ်သော… အမာရွတ်ပင်တည်း။ သူ့ကို အများက စစ်သားပီသပေသည်… သူရသတ္တိနှင့် ပြည့်စုံပေသည်ဟု ချီးကျူးကြသည်။

သူ၏ လက်ထောက် ဗိုလ်မှူး၊ ကက်ပတိန်မှာကား၊ သူနှင့်… အသွင်အပြင်မတူ ကွဲပြားလှချေသည်။ အရပ် ပုပုပျ… မျက်နှာဝိုင်းဝိုင်း၊ ခါးသေးရင်ချီဆိုသကဲ့သို့ ခင်လှိုလှို ဖြစ်နေသည်… ဆံပင်မှာ နီကြန့်ကြန့် ခပ်ပါးပါးဖြစ်သည်။ တစ်ကိုယ်လုံး…





ပြောင်လက်လက် အရောင်ထွက်သကဲ့သို့ဖြစ်နေသည်။ သူ့ရွှေ သွားနှစ်ချောင်းမှာ လပ်၍နေသည်။ မည်သည့်အခါက မည်သို့ဖြစ်သွား၍ သွားနှစ်ချောင်း ထွက်သွားရသည်ကိုကား သူကိုယ်တိုင်ပင် မမှတ်မိတော့ချေ။ သို့သော် ထိုသွား နှစ်ချောင်း လပ်နေခြင်း၏ အကျိုးကား စကားပြောသော အခါ တစ်ခါတစ်ရံ မပီချေ။ သူ့ထိပ် ပြောင်နေသော ကြောင့် သူသည် စစ်ဝတ် စစ်စားသာ မဝတ်ထားလျှင် ခရစ်ယာန်ဘုန်းကြီးဟု အထင်အမှားခံရမည့် ပုဂ္ဂိုလ်မျိုးဖြစ် လေသည်။

မေဂျာ ဂရပ်သည် ကက်ပတိန် ကလိန်စတိန်ကို လက်ဆွဲ နှုတ်ဆက်ပြီးလျှင် စားပွဲတာလေးပေါ်ရှိ သက်ဖက်ရည် ကို သောက်လိုက်သည်။ သူသည် လက်ဖက်ရည်စွဲမက်သောသူဖြစ် ရကား၊ ထိုအချက်သည် ထိုနေ့နံနက် ခြောက်ကြိမ်မြောက် ခွက်ဖြစ်သည်။ သူ လက်ဖက်ရည်သောက်နေစဉ် ကက်ပတိန်က ဖြစ်ပျက်သမျှ အကြောင်းအရာတို့ကို လက်အောက်အရာရှိအ အထက်အရာရှိအား အစီရင်ခံရသည့် ဝတ္တရားအတိုင်း အစီရင် ခံနေလေသည်။ ထိုနောက် သူတို့နှစ်ယောက်စလုံးပင် ပြတင်း ပေါက်ဆီသို့ ထွက်သွားကြပြီးလျှင် အပြင်ဘက်သို့ စိုက်ကြည့် ကာ မိုးရွာလွန်းသဖြင့် အနေအထိုင် မသာယာကြောင်း ပြော ကြသည်။ မေဂျာမှာကား မိမိ ရပ်ရွာနီးတွင် နေ၍သည်နှင့် နေသားတကျ နေလာခဲ့သူ ဖြစ်သောကြောင့် ဤသို့သော မသာယာမှုကို သည်းခံနိုင်သည်။ သို့ရာတွင် ကက်ပတိန်မှာ နဂိုကတည်းက အလွန်အကျူး လေပေနေသောသူ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မိုးရွာသဖြင့် အပြင်အပသို့ထွက်၍ မလေရ– မပေ၍ သည်ကို မကျေနိုင်မချမ်းနိုင် ဖြစ်နေလေတော့သည်။

ထိုအခိုက် တံခါးခေါက်သံ ကြားရသဖြင့် ဗိုလ်ကြီးက 'ဝင်ခဲ့လေ' ဟု အမိန့်ပေးလိုက်သည်။ အစေခံတစ်ယောက် ဝင်လာသည်ကို မြင်သောအခါ ဗိုလ်နှစ်ဦးစလုံးပင် နံနက်စာ အသင့်ရှိကြောင်း သိပြီးဖြစ်သည်နှင့် စားပွဲထိုင်ရန် သွားကြလေသည်။ ထမင်းစားခန်းတွင် လက်အောက်အရာရှိ သုံးယောက်ကို တွေ့ကြသည်။ တစ်ဦးမှာ လက်ဖတင်နင် အော်တိုဖြစ်သည်။ ကျန်နှစ်ဦးမှာ ဒုတိယလက်ဖတင်နင် ဖရစ်နှင့် အောရစ်တို့ဖြစ်သည်။ အောရစ်သည် အရပ်ခပ်ပုပု အသားဖြူဖြူ လူတစ်ယောက်ပင်တည်း၊ သို့မှု သနားစရာကောင်းသော်လည်း အလွန်ရက်စက် ကြမ်းကြုတ်လေသည်။ သုံ့ပန်းများအပေါ်တွင် အလွန်ဆိုးသူဖြစ်သည်။ သူ့ကို 'ယမ်းအိုး' ဟု တိုးတိုးတိတ်တိတ် ခေါ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ယမ်းအိုးကဲ့သို့ ပေါက်ကွဲဆူညံ အန္တရာယ်အမျိုးမျိုး ပေးတတ်သောကြောင့် ဖြစ်သည်။

သူ့ကို မြင်သစ်ပြည်သို့ ရောက်ကတည်းက သူ့မိတ်ဆွေသူငယ်ချင်းများက 'ဖိုင်ဖိုင်' ဟု ခေါ်ကြသည်။ အဘယ့်ကြောင့် ထိုနာမည်မျိုး ပေးထားကြပါသနည်းဆိုလျှင် သူသည် မိန်းမလျှာကဲ့သို့ တန့်တလျှိုင်ထော ပါးစပ်မှ မတတ်တတ်နှင့်ရွတ်သော ပြင်သစ်စကား 'ဖိုင်ဖိုင်ဒွန့်' ကြောင့်ပင်တည်း။ ထိုစကား၏အနက်မှာ ရှက်ဖွယ်ရှက်ဖွယ်ဟူ၍ သူသည် ဂျာမန်နှင့်ပတ်သက်သမျှမှလွဲ၍ အထူးသဖြင့် ပြင်သစ်လူမျိုး၊ ပြင်သစ်ပစ္စည်းတို့ကို မထိမဲ့မြင်ပြုတာ ကဲ့ရဲ့ပြောင်လှောင်လေ့ ရှိသည်။ မိမိတို့လူမျိုးက စစ်နိုင်သည်၊ မိမိတို့က မြတ်သည်။ သင်းတို့ ပြင်သစ် ဆလကား၊ ထွီ....ဟု အမြဲသဘောထားသည်။





ဂျာမန်စစ်သားများ စခန်းချနေသော ထိုရဲတိုက်ကြီးရှိ ထမင်းစားခန်းမှာ အလွန်ကျယ်ဝန်း၍ မှန်ကြီးများ၊ ခန်းဆီးများဖြင့် ချယ်လှယ်ထားခဲ့လေသည်။ သို့ရာတွင် ယခုမှာမူ မှန်ကြီးများလည်း ကွဲနေချေပြီ၊ ခန်းဆီးများသည်လည်း အပိုင်းပိုင်းပြတ်၍ ဓားရာများ ဖြစ်နေကြသည်။ ထိုသို့ ရှုမဇကောင်း မြင်မကောင်းသည်မှာ မည်သူ့လက်ချက် ဖြစ်သနည်း။ 'မဖိုင်ဖိုင်' ၏ လက်ချက်ပင်တည်း။

နံရံတွင် ချိတ်ထားသော ဓာတ်ပုံကြီးသုံးပုံမှာ ရဲတိုက်ပိုင်ရှင်၏ အနွယ်တော်များ၏ ပုံများ ဖြစ်သည်။ တစ်ဦးမှာ ချပ်ဝတ်တန်ဆာနှင့် စစ်သည်တော် ဖြစ်သည်။ တစ်ဦးမှာမူ ခရစ်ယာန် ဘုန်းတော်ကြီး ဖြစ်သည်။ ကျန်တစ်ဦးမှာကား ဓတ်လုံခေါင်းစွပ်ကြီး ဝတ်ထားသော တရားသူကြီးဖြစ်သည်။ ထိုသုံးပုံသည် 'မဖိုင်ဖိုင်' ၏ ကျေးဇူးကြောင့် ကျောက်သေးတံကြီးများ ကိုက်လျက် ရှိကြသည်။ 'မဖိုင်ဖိုင်' သည် ရုပ်ပုံများ၏ ပါးစပ်နေရာကို ဖောက်၍ ကျောက်သေးတံ တစ်ခုစီ တပ်ထားသည်။ အနီးအနားရှိ မိန်းမရုပ်ပုံ တစ်ခု၌ကား နှုတ်ခမ်းမွေး ကားကားကြီး ရှိနေတော့သည်။ မဖိုင်ဖိုင်က မီးသွေးနှင့်ခြယ်မှုန်းလိုက်သဖြင့် မိန်းမကြီးတွင် နှုတ်ခမ်းမွေး ပေါက်နေတော့သည်။ ဤကဲ့သို့ အမျိုးမျိုး ဖျက်ဆီးခြင်းခံနေရ



www.burmeseclassic.com

www.burmeseclassic.com



သော အခန်းကြီးထဲတွင် စစ်ဗိုလ်များသည် နံနက်စာကို ငြိမ်သက်စွာ စားနေကြသည်။ မိုးကလည်း မှောင်မည်း သည်းထန်လျက်ပင် ရှိသေးသည်။ အခင်းကလည်း အလွန်မာသော သစ်သားဖြင့် ပြုလုပ်ထားသဖြင့် ကျောက်ချပ်များ ခင်းထားသကဲ့သို့ ချောမွေ့ ပြောင်လက်နေလေသည်။

စားသောက်ပြီး၍ ဆေးလိပ် သောက်နေကြသောအခါ စစ်ဗိုလ်တို့သည် သူတို့၏အဖြစ်ကို မကျေနပ်သဖြင့် ကျိန်ဆဲနေကြသည်။ အရက်ပုလင်းကို လက်ချင်းပြောင်း၍ ငွေကာငွေကာ သောက်ရင်း ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လဲနေကြသည်။

အရက်ခွက် ကုန်သည်နှင့် တစ်ပြိုင်နက် ထပ်၍ ဖြည့်ထည့်ပြီးလျှင် သောက်နေကြသည်။ 'မဖိုင်ဖိုင်' သည် လောတကြီး ပြီးငွေ့သည့်အနေဖြင့် တစ်ခွက်ပြီးတစ်ခွက် မော့၍မော့၍ ချနေတော့သည်။ သူ့နောက်က ရပ်နေသော စစ်သားတစ်ဦးအ ခွက်ကို ဖြည့်ထည့်ပေးနေရသည်။ သို့လျှင် စစ်ဗိုလ်တို့သည် အရက်ပင်လယ်ထဲတွင် ကူးထား မိန်းမောနေကြသည့်အခိုက် ကက်ပတိန်က ပြုံးခနဲ 'ဘုရားရေ... ကျုပ်တို့တော့ သည်လို နေလို့ မဖြစ်ချေဘူး၊ တစ်ခုခုတော့ လုပ်ကြမှ ဟန်တော့မကျ' ဟု ပြောလိုက်သည်။ ထိုအသံကို ကြားလိုက်သောအခါ လ ဖတင်နစ် အော်တိန္ဒင့် ဒုတိယလက်ဖတင်နင် ဖရစ်တို့က 'ဘာ များလဲ ကက်ပတိန်ရဲ့' ဟ စိတ်အားထက်သန်စွာ မေးကြသည်။

ကက်ပတိန်သည် ချက်ခြင်း ပြန်မပြောသေးဘဲ တွေ၍ သည်။ နောက်မှ 'ကျုပ်တို့ ပျော်ရပါးရအောင် ဗိုလ်မှူး





ကြီးက အခွင့်ပြုရင်ဖြင့်' ဟု ပြောလိုက်သည်။ ဗိုလ်မှူး မေရိုချရပ်က 'ဘယ်လို ပျော်ကြမှာလဲ' ဟု မေးလိုက်လေသည်။ 'အို ဗိုလ်မှူးရယ်၊ ကျွန်တော် ကြည့်စီမံပါမယ်။ ဒီဗွားကို ရူဝမ်း လွှတ်ပြီး မိန်းမတွေ အခေါ်ခိုင်းမယ်၊ ညနေစာကို ကောင်းကောင်းချက်ဖို့ စီစဉ်မယ်၊ သည်လိုသာဆိုရင် ကျွန်တော်တို့ သည်ညနေမှာ အပျော်ကြီး ပျော်နိုင်တာပေါ့ဗျာ' ဟု ပြောသည်။

မေရိုချသည် ပြုံး၍ မခိုး ဆက်ခံနေအောင် တွန့်လိုက်ပြီးလျှင် 'တယ်ပြီး ရူးတဲ့ လူကိုး' ဟု ဆိုလိုက်သည်။

စစ်ဗိုလ်ကလေးများသည် ဗိုလ်ကြီးအား ဝိုင်း၍ 'ဗိုလ်မှူးရယ်၊ သည်တစ်ခါတော့ ကက်ပတိန်ရဲ့ အလိုကို လိုက်စမ်းပါဗျာ၊ ကျွန်တော်တို့ ပျင်းလွန်းလို့ပါ' ဟု တိုက်တွန်း တောင်းပန်ကြလေသည်။ ဗိုလ်ကြီးလည်း နောက်ဆုံး၌ 'အေး... အေး ကောင်းတို့ ပျော်ပါးချင်တယ်ဆိုလဲ လုပ်ကြလေ...' ဟု အခွင့်ပြုလိုက် လေ သည်။ ကက်ပတိန် သည် လည်း ဝမ်း သာအားရစွာ ဒီဗွား အမည်ရှိသော အစေခံကို အခေါ်လွှတ်လိုက်သည်။ ဒီဗွားသည် အစေခံ စစ်သားဖြစ်သည်။ သူ့မှာ ရယ်ခြင်းလျှင်းလျှင်းမရှိ၊ အလုပ်ဝတ္တရားကို မငြင်းဆန်ဘဲ ဆောင်ရွက်သူဖြစ်သည်။ သူသည် ကက်ပတိန်၏ အမိန့်ကို မျက်နှာသေကြီးနှင့်ရပ်၍ နာခံပြီးလျှင် ထွက်သွားလေ၏။ နောက် ငါးမိနစ်ခန့်ကြာသောအခါ ရှက်ထည်ကြီးအုပ်ထားသည့် လေးဘီးတပ် စစ်မြင်းရထားကြီးသည် ပြိုးပြိုးရွာချနေသော မိုးထဲသို့ ထွက်သွားလေသည်။ ဗို



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်များသည်လည်း မိန်းမောခြင်း ကင်းမဲ့ပျောက်ကာ မျက်နှာ ရွှင်လန်း၍ လှုပ်လှုပ်ရွရွဖြစ်ပြီးလျှင် စကား တဖောင်ဖောင် ပြောနေကြသည်။

မိုးရွာမြဲပင် ရွာလျက်ရှိသော်လည်း မေဂျာက 'အတော် လင်းသွားပြီ။ အရင်ကလို မမှောင်တော့ဘူး' ဟု ဆိုသည်။ လက် ဖတင်နှင်အော်တိုက မိုးမကြာခင်တိတ်ပြီး လင်းသွားမှာပဲ ဟု အတည်တကျသိသည့် အနေမျိုးဖြင့် ပြောသည်။ 'မဖိုင်ဖိုင်' မှာမူ သူတကာလို ပြုံးရွှင်ရယ်ရွှင် ရွှင်လန်းချိန်နှင့် အားမရမကြာမီ ပျော်ရပါးရတော့မည့် အရေးကို တွေးမိတိုင်း ခြေမငြိမ် လက်မငြိမ် ဖြစ်နေလေသည်။ ဘာလုပ်ရပါမလဲ၊ ဘယ်လို ကမြင်းရပါမလဲဟု ဟိုဟိုသည်ကြည့်၍ အမြင်းဖို့ လမ်းစကို ရှာလေရာ နှုတ်ခမ်းမွေးတဖွားဖွားနှင့် မိန်းမကြီး၏ ခေါတ်ပုံ ကို မြင်လေသည်။ 'အို....ဒီဟာမကြီး တိုလုပ်တာတွေ မြင် သွားရင် ရှက်စရာကြီး' ဟု ရယ်မောသ ရေရွတ်ပြီးလျှင် ခြောက်လုံးပြူးသေနတ်ကို ထုတ်၍ ရုပ်ပုံ၏ မျက်လုံးနှစ်လုံး ကို ပစ်ဖောက်လိုက်လေလည်း။

ကမြင်းစရှိလျှင် ကမြင်းချင်လှသေ၀ 'မဖိုင်ဖိုင်' သည် ဆက်လက်၍ ကမြင်းမည်အကြံနှင့် 'ဟေ့ ဆရာတို့၊ ကျုပ်တို့ ဒိုင်းနမိုက်တစ်လုံး ဖောက်တမ်းကစားကြဦးစို့ရဲ့' ဟု အော် ပြောလိုက်သဖြင့် စစ်ဗိုလ်တို့သည် စကားပြောနေရာမှ ရပ်၍ သူ့ဘက်သို့လှည့်၍ ကြည့်နေကြသည်။ ဒိုင်းနမိုက်ဖောက်ခြင်း သည် မဖိုင်ဖိုင်ထွင်သော ဖျော်ဆိုးနည်းတစ်မျိုးပင် ဖြစ်သည်။ သူ့အဖို့ အပျော်သက်သက် လုပ်သော အလုပ်လည်းဖြစ်သည်။





သူ့မိတ်ဆွေစစ်ဗိုလ်များသည် သူဒိုင်းနမိုက်ကို ဖောက်မည့် အလေးများသဖွယ် စိတ်ဝင်စားလျက် ကြည့်နေလေ ရှိကြ သည်။

မြင်းသစ်ပြည်ကြီးကို ဂျာမန်တို့ ဝင်ရောက်တိုက်ခိုက်သိမ်း ပိုက် စိုးမိုးကြခါစက ဤရဲတိုက်ကြီးကိုပိုင်သော သူကြွယ်သည် ပစ္စည်းများကို သိမ်းဆည်းရန် အချိန်မရဘဲ ထမင်းအတန်း ပြေးရရှာသည်။ သူအလွန် နှစ်သက်မြတ်နိုးလှသော ပန်းအနှံ တစ်စုံကိုသာ နံရံအတွင်းရှိ အပေါက်တစ်ပေါက်ထဲသို့ သွင်း သို့ဝှက် သွားနိုင်လေတော့သည်။ ကျန်ပစ္စည်းများမှာ နဂို အတိုင်းပင် ကျန်ရစ်ခဲ့ကြသည်။ ကြွယ်ဝသူဖြစ်ရကား၊ ထိုရဲ တိုက်ပိုင်ရှင်ကြီး၏ ပစ္စည်းများ အဖိုးတန်ရုံသာမက အလွန် လှပသပ်ရပ်၍ အထက်တန်းကျလှပေသည်။ ပညာတတ်သည့် အပြင် ယဉ်ကျေးမှုရာ အဖြာဖြာတို့ကို စိတ်ဝင်စားခဲ့သူ ဖြစ် သည့်အလျောက် အထူးအဆန်း အလှအပဖြစ်သော သုခုမ ပညာ၏ အစွမ်းဖြင့် ပြုလုပ်ထားသော ပစ္စည်းများသည် ညှိခန်းတွင် အစီအရီ ရှိနေကြသဖြင့် ပြတိုက်ကြီးသဖွယ်ဖြစ် နေတော့သည်။

နံရံတွင် ပန်းချီကားကြီး များမှာ ခန့်ညားစွာ ရှိလေ သည်။ စားပွဲကြီးတွင်သော်လည်းကောင်း၊ အနီးရှိ မှန်ထင် ခုံများတွင်သော်လည်းကောင်း၊ ချိတ်ထား၊ တင်ထားသော ကြွေပန်းအိုးကလေးများ၊ ကြွေရုပ်ကလေးများ၊ ဝန်ဒိုး ဝန်ခွက်များသည် အခန်း၏ကျက်သရေကို တိုးတက်စေခဲ့ပေ သည်။ သို့ရာတွင် ယခုဂျာမန်စစ်သားများ ဝင်ရောက်စခန်း



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပြီး မကြာမီပင်လျှင် ထိုပစ္စည်းများသည် ပျောက်ပျက်သွားကြလေတော့သည်။ အဘယ်နည်းနှင့် ပျောက်ပျက်ကြပါသနည်း။ ခိုးယူ၍မဟုတ်ချေ။ 'မဖိုင်ဖိုင်'၏ ဖျက်ဆီးတတ်သော ဉာဉ်ဆိုးကလေးကြောင့် ဖြစ်သည်။ သူသည်ပျင်းသည့်အခါတိုင်း ဒိုင်းနမိုက်အငယ်စားတစ်ခုလုပ်၍ အခန်းထဲတွင် ဖောက်လေ့ရှိသည်။ ယင်းသို့ ဒိုင်းနမိုက်ဖောက်တိုင်းပင် သူ့မိတ်ဆွေစစ်ဗိုလ်များက သဘောကျသဖြင့် မဖိုင်ဖိုင်သည် မြှောက်ပေးတိုင်း၊ လုပ်တတ်သော ကလေးစိတ်မျိုးရှိသည့် အလျောက် ခဏခဏပင် ဒိုင်းနမိုက် ဖောက်ခြင်း၏ အကျိုးကြောင့် အဖိုးတန် ပစ္စည်းနမူနာများသည် ကြေကွဲပျောက်ပျက်ကြရကုန်၏။ မဖိုင်ဖိုင် သည် တစ်ခါ တစ်ရံ ကြေကရား အလေးတစ်လုံးကို ယူလာပြီးလျှင် ယမ်းအပြည့် သွတ်ကာ စနက်တန်ကိုမီးရှို့၍ အခန်းထဲတွင် ထားခဲ့သည်။ အခန်းကို တံခါး အလျှင်အမြန်ပိတ်၍ အပြင်ဘက်က စောင့်နေသည်။ သူ့မိတ်ဆွေအပေါင်းသည်လည်း သူနှင့်အတူ ရပ်၍စောင့်နေကြသည်။ အသံကြားသောအခါ ရဲတိုက်ကြီးတစ်လုံး တုန်ယည်းသွားလေသည်။

ဒိုင်းနမိုက် ပေါက်ကွဲပြီးသည်နှင့်တစ်ပြိုင်နက်၊ အခန်းထဲသို့ သူ ဟက်ဝါ အရင် ပြေးဝင်သွားပြီးလျှင် ကွဲကြေသွားသော ကြေရုပ်ကလေးများ၊ ဖန်အိုးစ ကလေးများကို လုယူ ကြသည်။ ထိုသို့ ဝင်ရောက်လုယူကြရာတွင် မဖိုင်ဖိုင်သည် ရှေးဦးအကျသိုးဖြစ်ကာတ်ရာ အကွဲအရှမျိုးမျိုး တွေ့ရလျှင် အလွန် အမင်းဝမ်းသာ၍ လက်ခုပ် လက်ဝါး တီးကာ ရယ်မောကြ





လာသည်။ ထိုသို့ ကလေးနှင့်မခြား ဖျက်ဆီးမှုများကို ဗိုလ်မှူး မတားမြစ်သည့်အပြင် မြူး၍ လက်ပိုက်ကာ ကြည့်နေတတ်သည်။ တစ်ခါတစ်ရံ အားပေးသည့်အနေနှင့် 'ဟော… သည်တစ်ခါ အသော် ဟန်သဟော၊ မင်း ဗိုင်းနပိုက်….' ဟု ပြောလိုက် ချေသေးသည်။

ဒိုင်းနမိုက်ပေါက်၍ မီးခိုးများ မှောင်နေသဖြင့် စစ်ဗိုလ်တို့သည် ပြတင်းပေါက်သို့ ထွက်လာကာ လေရှူကြရချေသည်။ အကြိမ် ဖောက်လိုက်ပြီးနောက် ပြတင်းပေါက်တွင် လေရှူနေကြစဉ်၊ မီးသည်မစဲသေးဘဲ သည်းသည်ထက်ပင် သည်းသဖြင့် မိုးဖွားကလေးများသည် ဂျာမန်တို့၏ မှတ်ဆိတ် တဖွားဖွား ဖြစ်စေသည်။ ဗိုလ်မှူး သည် စီးကရက်ကို စ်လိပ်ပြီးတစ်ဖိုင် သောက်နေသည်။ စစ်ဗိုလ်တို့သည် ကြွင်း ကျန်သေးသော အရက်ကို ငှဲ၍သောက်နေကြသည်။ သူတို့သည် အပြင်အပရှိ မိုးနှုးနေသောသစ်ပင်များကို ကြည့်ကာ ငေးနေ ကြသည်။ အဝေး၌ မိုးပေါက်နံရံကြားတွင် ရေးရေးသာ မြင် ရသော အဆောက်အအုံကား၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်း ပင် ဖြစ်သည်။ ထိုအဆောက်အအုံသည် အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံ သစ်ပင် ဝါးပင်တို့ကို ကျော်၍ အုံ့ဆိုင်းနေ သော မိုးဆီသို့ ထိုးတက်နေလေသည်။

ဘုရားရှိခိုးကျောင်းက ထာဝစဉ် ထိုးမြဲဖြစ်သော ခေါင်း လောင်းကို ဂျာမန်စစ်တပ် ရောက်ကတည်းက မထိုးဘဲ ထား ကြသည်။ ပြင်သစ်တို့သည် အားမတန်၍ မာန်လျှော့ကာ ဂျာမန်တို့ ဝင်ရောက် စိုးမိုးသည်ကို မခုခံဘဲ ကြည့်နေကြရ



www.burmeseclassic.com

www.burmeseclassic.com



ဖြေးလည်း အထူးသဖြင့် ထိုရွာကလေး၏ အမျိုးသား အမျိုးသမီးတို့သည် ခရစ်ယာန်ဘုန်းတော်ကြီး၏ ခေါင်းဆောင်မှု အရ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းကို အလျင်းမထိုးဘဲ နေကာ လူတွင်ကျယ် ဂျာမန်တို့ကို ကန့်ကွက် ကြလေသည်။ ခရစ်ယာန် ဘုန်းတော်ကြီး သည် ဂျာမန် တို့အား လိုသမျှကို ဖြည်ဖြည်းဖြူဖြူပေးသည်။ ရိုင်းသမျှကို လိုလိုချင်ချင် ကူညီဆောင်ရွက်ပေးသည်။ တစ်ခါတစ်ရံ ရန်သူ စစ်ဗိုလ်များနှင့် အနေရာတဝင် ပေါင်းသင်းကာ အရက်ကိုပင် အတူ သောက်ခဲ့ပေသေးသည်။ သို့ဖြစ်စေကာမူ ဘုရားရှိခိုးကျောင်း ခေါင်းလောင်းကိုမူ တစ်ချက်မျှ မထိုးခဲ့ချေ။ သူ့ကို သတ်လိုက သတ်နိုင်သည်။ ဤကန့်ကွက်သည့် အမှုအရာကို မပြောဘဲ လက်မလျှော့နိုင်ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ ယင်းသို့ ရဲဝံ့စွာ ကန့်ကွက်သည်ကို ရွာသူရွာသားအပေါင်းတ များစွာ ကျေနပ်ကာ ဘုန်းတော်ကြီးအား ကြည်ညိုသည်ထက်ကြည်ညို လာပြီးလျှင် ဘုန်းတော်ကြီး၏ အစီအမံကို တစ်သဝေမှတိမ်း နာယူ ဆောင်ရွက်ကြလေသည်။

ရွာသူရွာသားတို့သည်တိုင်းပြည်ကြီးတစ်ပြည်လုံးကို ရန်သူ့လက်သို့ ဝကွက်၍ အပ်လိုက်ရခြေးလည်း တိုင်းပြည်ဂုဏ်ကို ဤနည်းဖြင့် ပြန်၍ ဆယ်ယူသင့်သည်ဟုအောက်ထားကြသည်။ ‘ငါတို့ရွာ၏ အသည်လိုလုပ်လိုက်တာဟာ ရာဇဝင်မှာ မှတ်တမ်းတင်လောက်တာပဲကွယ့်’ဟု အချင်းချင်း ပြောကြကာ ကျေနပ်နေကြလေသည်။





ထိုအပြုအမူကို စစ်နိုင်သူ ဂျာမန်တို့က ရယ်မောကြလေသည်။ ‘ပြင်သစ်တို့ မျိုးချစ်စိတ်ပြပုံက ရယ်စရာပဲကွယ့်’ဟု ပြောကာ ရယ်မောကြပြီးလျှင် ဤမျှလောက်သော ကန့်ကွက်ချက်ကို တုန်းလှန်ပယ်ဖျက်လိုသောစိတ်မျိုး မရှိကြချေ။ သို့ရာတွင် ဆက်ပတိန်သည်ကား အလွန်ရက်စက်သူဖြစ်သည့် အားလျော်စွာ ကလန်ကဆန်လုပ်လျှင် မည်မျှလောက်ပင် လုပ်ခေဦး၊ သည်းခံ၍ မနေလိုသောကြောင့် ဘုရားရှိခိုးကျောင်း ခေါင်းလောင်းကို အတင်းထိုးခိုင်းမည်ဟု ဗိုလ်မှူး အားအခွင့်ပန်လေသည်။ ဗိုလ်မှူးမှာကား နဂိုကပင် ခပ်အေးအေးနေတတ်သူဖြစ်သဖြင့် ‘နေပစေစေကွာ၊ ငါတို့ကို ဘာများထိခိုက်တာမှတ်လို့’ဟု ပြောကာ တားထားရသည်။

‘အို... ဗိုလ်မှူးကလဲ၊ သူတို့မထိုးချင်လှတဲ့ ခေါင်းလောင်းမို့ ကျွန်တော်က တစ်ချက်ပဲထိုးရထိုးရ ထိုးရအောင် အကြမ်းကိုင်ချင်တာပါ’ဟု ကက်ပတိန်သည် မေဂျာအားတန်ွဲကာလျှနှင့်နှုးလေသည်။ သို့သော် မေဂျာမှာ အရာရာတွင် အကြမ်းမဖက်လိုသဖြင့် အခွင့်မပေးဘဲနေစဉ်၊ မဖိုင်ဖိုင်၏ ဒိုင်းနမိုက်သံကို နာခံရသောကြောင့် ထိုအကြောင်း အဆက်ပြတ်သွားလေတော့သည်။

စစ်ဗိုလ်ငါးဦးတို့သည် မြ ာင်းပေါက်က အပြင်သို့ ငေးမောနေကြစဉ်၊ လက်ဖတင်နင်ဖရစ်က တွေးမိသည့် အနေနှင့် ‘မြာတွေတော့ အတော်အသွားရ အလာရ ကြပ်တည်းမှာ နေဘ်’ဟု ပြောအာ ရယ်သွမ်းသွေးလိုက် လေ၏။ ကျွေးစစ်ဗိုလ်များလည်း ရောနှော၍ ရယ်မောကြပြီးနောက် ခြိမ်သို့



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျသည့် အလုပ်များကို ညနေအချိန် မပျော်ပါးရမည့် အခါသို့ မရောက်သေးမီ ပြီးပြတ် ကျေပွန်အောင် လုပ်ရန် အသီးသီးထွက်ခွာသွားကြလေသည်။ ကက်ပတိန်မှာမူ ညနေ ထမင်းစားပွဲအတွက် စီမံစရာတွေ တစ်ပုံကြီးရှိသေးသည်ဟု သူ့ကိုယ်သူပြောကာ အစေခံစစ်သားများနှင့် စီမံလုပ်ကိုင်နေ လေသည်။

ညနေ ထမင်းစားချိန်တွင် ပြန်၍စုမိကြသောအခါ သူတို့ သည် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ရယ်ကြလေသည်။ အကြောင်းကား အားလုံးပင်လျှင် အဝတ်အစား အကောင်း ဆုံး ဝတ်ဆင်လာကြခြင်းပင်ဖြစ်သည်။ ဗိုလ်မှူး၏ဆံပင်သည် ရှေးကကဲ့သို့ နီကြောင်ကြောင် မဖုတ်တော့ဘဲ မည်းမှောင်၍ နေလေသည်။ ကက်ပတိန်သည် မှတ်ဆိတ်ရိတ်၍ လာသည်။

မိုးရွာလျက်ပင် ရှိသေးသော်လည်း မြတင်းပေါက်ကို ဖွင့် ထားပြီးလျှင် တစ်ယောက်ပြီးတစ်ယောက် မြတင်းပေါက်မှ နေ၍ လမ်းဘက်သို့ မျှော်မိကြလေသည်။ ညနေခြောက်နာရီ ၁၅-မိနစ်ရှိသောအခါ ကက်ပတိန်က အမြင်ဘက်က ရထား သံကြားရသည်ဟု ပြောသည်။ ထိုအသံကို နားစိုက်ထောင် ကြ၍ ကြားရသောအခါ အောက်ထပ်သို့ အပြေးအလွှား ဆင်းကြလေသည်။ မြင်းရထားသည်လည်း ရွှဲစွတ် ရေတွေ ပေလျက် မြင်းများ၏ အငွေ့တကောင်းကောင်းထွက်ကာ ဝင်လာလေ၏။ ရထားပေါ်မှ မိန်းမငါးယောက် ဆင်းလာ ကြသည်။ ထိုမိန်းမတို့သည် အသက်အရွယ် ငယ်သူများ ဖြစ်





သည့်အပြင် လှပလေသည်။ ယင်းတို့ကို ရှဝမ်းမြို့နေ မိတ်ဆွေ ကက်ပတိန်က အထူးဂရုပြု၍ ရွေးချယ်ပေးလိုက်သည်။

ထိုမိန်းမတို့က အတူး ချော့နေမော့ ပြောဆို မနေရချေ။ သုံးလကျော်မျှ ဂျာမန်တို့နှင့် တွေ့ရ ကြုံရပြီဖြစ်သဖြင့် သူတို့ တစ်တော့မှာ အကြောင်းသိဖြစ်နေကြလေပြီး သူတို့သည်လည်း ပြင်သစ်ပြည်ကြီးနှင့်မခြား ဂျာမန်တို့၏ အစီအမံကို မငြင်း မဆန် ခံခဲ့ကြရလေပြီ။

သူတို့ကို ထမင်းစားခန်းသို့ ချက်ချင်းပင် ခေါ်သွားကြ သည်။ ထမင်းစားခန်းမှာ နံနက်ကထက်ပင် ယခု မီးထွန်း လိုက်သည့်အခါ ပိုမို အကြည့်ဆိုးလှသေးသည်။ အပျက်အစီ များသည် မီးရောင်ဟပ်သောကြောင့်ပင် ပို၍ပင် ဆိုးရွားလှ ပေသည်။ သို့ရာတွင် ထမင်းစားပွဲတွင်ကား၊ မြိန် ဖွယ် ရာ အစားအစာများကို လှပသော ပန်းကန်များဖြင့် ထည့်ထား ပေသည်။ ထိုပန်းကန်များကို ဂျာမန်တို့က ဘယ်ကရသနည်း။ ရဖို့ လွယ်လှပေသည်။ ရဲတိုက်ပိုင်ရှင်က နှစ်သက်စုမက်သဖြင့် အခြားပစ္စည်းကို ဂရုမစိုက်ဘဲ နံရံအပေါက်တစ်ခုတည်းတွင် သိုဝှက်ခဲ့သော ပန်းကန်များ ဖြစ်ချေသည်။ ထိုသို့ အခန်းထဲ ချွတ်ယွင်းပျက်စီးပါလျက်နှင့် ချိုမြိန်သော အစားအစာတို့ကို ခမ်းနားစွာ ပြင်ဆင်ထားသည်ကို ကြည့်လိုက်ပါမူ တော တွင်း ဓားပြကြီးများ စုတည်းချရာ စခန်းနှင့် တူချေတော့ သည်။

ကက်ပတိန်သည် မျက်နှာရွှင်လန်း၍နေသည်။ မိန်းမများ ကို ရွေးအထက်ထက် သိကျွမ်း ရင်းနှီးလာခဲ့သည်နှင့်မခြား



www.burmeseclassic.com

ယူယူစွာ ခါးကို ဖက်လိုက်လေသည်။ စစ်ဗိုလ်ကလေးများက တစ်ယောက်စီ ယူမည်ပြုသည်တွင် သူက အားမြစ်ကာ မိန်းမများကို ခွဲဝေပေးရန် တာဝန် ယူလိုက်လေသည်။ နောက်နောင် အငြင်းမပွားရအောင် ရာထူးအလိုက် ခွဲဝေ ပေးမည်ဟု ပြောကာ မိန်းမများကို ဂိတန်း ရပ်ခိုင်းပြီးလျှင် အရပ်အမြင့်ဆုံး မိန်းမကို စစ်ဗိုလ်အာဏာသံဖြင့် 'ဟေ... သူငယ်မ၊ မင်းနာမည်ပြောစမ်း'ဟု မေးလေ၏။ 'ကျွန်မ နာမည် ပါမီလာပါ'ဟု ဖြေလိုက်သည်တွင် ဆက်ပတိန်မှ 'ကဲ... နံပါတ် ၁-ပါမီလာကို 'ဗိုလ်မှူးအား အပ်နှင်းလိုက်သည်'ဟု အမိန့်ပြန်တမ်း ထုတ်လိုက်လေသည်။

နောက်တစ်ယောက်ဖြစ်သော 'ဘလွန်ဒီနား'ကိုမူ သူယူမည်ဟူသော အနေဖြင့် ဖက်၍ နမ်းလိုက်၏။ ထိုနောက် ခပ်တောင့်တောင့်ရှိသော 'အာမန္ဒာ'ကို လက်ဖတင်နင် ဖော်တို့အား ပေးလိုက်သည်။ လက်ဖတင်နင် ဖရစ်အား အီဗာဆိုသော မိန်းမငယ်ကို ပေးလိုက်သည်။ ကျန် မိန်းမငယ်မှာ အရပ်အပုဆုံး ဖြစ်သည်။ ရေဟူဒီမကလေး 'ရက်ချက်' ဟုခေါ်သည်။ 'မဖိုင်ဖိုင်'သည် ရက်ချယ်ကို ရလေသည်။

မိန်းမငယ်တို့သည် အားလုံးပင်လျှင် ဝဝဖြိုးဖြိုး ရှိကြသည်။ ရုပ်ရေရူပကာယအားဖြင့် အထူးအထွေ ပြောလောက်စရာ မရှိချေ။ တစ်မျိုးတစ်စားတည်းပင် ဖြစ်ကြသည်။

လူငယ်သုံးဦးမှာမူ မိမိတို့ရသည့် 'ဥစ္စာ' ကလေးများကို ယူ၍ မိမိတို့အခန်းများသို့ အသီးသီး ခေါ်ဆောင်သွားလေ၏။ သို့သော် ကက်ပတိန်က မသွားရဟု ဆိုကာ တားမြစ်လေ





သည်။ 'မဟုတ်ပါဘူး... ဗိုလ်မှူး၊ သူတို့ နည်းနည်းပါးပါး အလှကလေး ဘာလေးပြင်ဖို့ပါ'ဟု ဆင်ခြေတန်သော်လည်း မရ၊ ဆက်ပတိန်က 'ဘာအလှပြင်ရမှာလဲကွ၊ လူပြီးသားဟာ တော်ရောပေါ့၊ ညစာစားပွဲပြီး ထိုင်လိုက်ကြရုံပဲတော့ဘာ၊ အချိန်ကုန်အောင် မလုပ်ကြပါနဲ့'ဟု ပြောလိုက်သဖြင့် အထူးကန့်ကွက်၍ မဖြစ်နိုင်တော့ကြောင်း သိကြလေသည်။ ထို့ကြောင့် ထမင်းစားပွဲတွင်ပင် ထိုင်ကြစေပြီးလျှင် တွဲလားဖက်လား လုပ်ကြလေသည်။

မကြာမီပင် ရေဟူဒီမလေး ရက်ချယ်သည် ချောင်းဆိုးသလောက်အောင် မှန်သွားပြီးလျှင် နှာခေါင်းက မီးခိုးများထွက်လာတော့ မျက်ရည်များကျလာသည်။ အကြောင်းမှာ 'ဖိုင်ဖိုင်'သည် ရက်ချယ်ကို နမ်းမည်ပြုဟန်ဖြင့် ဆေးလိပ်မီးခိုးများကို ပါးစပ်ထဲသို့ မှုတ်သွင်းလိုက်ခြင်းပင် ဖြစ်သည်။ ရေဟူဒီမကလေးသည် အမျက်ထွက်ကြောင်း ထုတ်ဖော်၍ မပြောချေ။ သို့သော် သူ့ကို နှိပ်စက်သူအား မုန်းတီးရွံရှာသော အရောင်များ တောက်ပြောင်နေသည့် မျက်လုံးများဖြင့် ကြည့်နေလေ၏။

ညစာ စားပွဲတွင် ထိုင်ကြသောအခါ ဗိုလ်မှူးသည်လည်း သိသားများကဲ့သို့ပင် အူမြူးလာလေသည်။ သူ့အား ပေးအပ်ထားသော ပါမီလာနှင့် ကက်ပတိန်၏ ဘလွန်ဒီနားကို ဘယ်ဝဲ လက်ယာ ထားပြီးလျှင် ထိုင်လေသည်။ ထိုနောက် လက်သုတ်ပပါကို ရှေ့တွင်ဖြန့်ချရင်း ကက်ပတိန်အား ထေး၍

www.burmeseclassic.com



'ဟော့လူ၊ မင်း စိမ်ပုံ တယ်ဟန်ပါလားကွ' ဟု ချီးကျူးလိုက်လေ၏။

လက်ဖတောင်နှင့် ခေါ်တိုနှင့် ဖရစ်တို့သည် သူတို့ မိန်းမများကို တဏယ် ဂွတ်သရေရှိ မိန်းမပျိုများသဖွယ် ယဉ်ယဉ်ကျေးကျေး ရှိရှိသေသေ ပြောကြ ဆိုကြသည်။ ယင်းသို့ ပြုမူကြသောကြောင့် အမြဲတမ်း အကြမ်းအရမ်း ခံခဲ့ရသော မိန်းမများသည် အံ့အားသင့်၍ ကြောက်ရွံ့ရွံ့ ဖြစ်နေကြလေ၏ ကပ္ပတိန်မှာမူ ကြမ်းကြမ်းရမ်းရမ်း ပြုမူနေကျ အတိုင်း မိန်းမများအား အညစ်အပတ်တို့ကို ထိုးတိုးပြော၍ ရယ်မောနေလေသည်။ သူပြောသော မမှန်တမှန် ပြင်သစ်စကားမှာ ရှေ့သွားနှစ်ချောင်း လပ်နေသည့်နေရာမှ ထွက်လာသောလေသံဖြင့် ပြောသဖြင့် ရယ်ဖွယ် ကောင်းလှပေတော့သည်။

သူက အဆက်တန်းကျကျ စကားမျိုးကို သူ့မပီကလာ အသံဖြင့် ပြောလိုက်သောအခါ မိန်းမများသည် ကောင်းစွာ နားမလည်သောကြောင့် ငေးကြောင်နေလေရာမှ ခပ်တည်တည်၊ ခပ်သွင်းသွင်း ပြောလိုက်သဖြင့် နားလည်ကာ ရယ်မောကြလေသည်။ သူက အချို့ စကားလုံးများကို တမင်သက်သက် မှား၍ ပြောလိုက်ရာ မိန်းမများက အမှန်ကိုပြင်၍ ပြောကြသည်။ ပြင်၍ပြောသော အမှန် စကားလုံးများသည်း အခြားမဟုတ်၊ ညစ်ပတ်သော စကားလုံးများ ဖြစ်သည်။ စင်စစ်အားဖြင့် ကပ်ပတိန်သည် မိန်းမများ ပါးစပ်မှ ညစ်ပတ်သော စကားလုံးများ ထွက်လာသည်ကို ကြားလိုသောကြောင့် ယင်းသို့ လုပ်နေခြင်းသည်။





မိန်းမများသည် အရက် အနည်းငယ်မျှပင် သောက်လိုက်ရရှိနှင့် မူးလာကြပြီးလျှင် စစ်ဗိုလ်များကို သူတို့အပေါင်း စ၍ ဖက်လိုက် ရမ်းလိုက် နမ်းလိုက်နှင့် အမျိုးမျိုး ပြုမူနေကြလေသည်။ ပြင်သစ်သီချင်းများ ဆိုလိုက်၊ ဂျာမန်တို့ အကြိုက်ကို ဖျော်ဖြေနိုင်အောင် အရကျက်ထားရသော ဂျာမန်သီချင်း အတိုအစ ကလေးများကို ဆိုလိုက်နှင့် ရန်သူစစ်ဗိုလ်များအား အပျော်တော် ဆက်နေကြလေသည်။ သူတို့က ဤမျှလောက် ထကြွသောအခါ ယောက်ျားများက တားမနိုင်ဆီးမရ ကြွကြွကုန်၏။ သီချင်းများကို မူးသံကြီးများဖြင့် ဆိုလိုက်ကြ၊ ပန်းကန်များကို ခွဲလိုက်ကြ၊ ဖန်ခွက်များကို ခွဲလိုက်ကြနှင့် အမျိုးမျိုး ရမ်းနေကြတော့သည်။ ယင်းသို့ ဖြစ်စေအားမှု သူတို့နောက်၌ ရပ်နေကြလော အစေခံ ပစ်သားတို့ကား မှတ်နှိမ်မလှုပ် ကုန်ခြေရရနှင့် တာဝန့်ဝတ္တရား ရှိသည့်အတိုင်း ဆောင်ရွက်ရန် အသင့်ဖြင့် ရပ်၍ နေကြလေသည်။ ဗိုလ်များတွင် ဗိုလ်မှူး တစ်ဦးတည်းသာ မိမိကိုယ်ကို မိမိ ထိန်းသိမ်းနိုင်ပေသည်။

ရက်ချယ်သည် သေွးကိုသုတ်ရင်း 'မဖိုင်ဖိုင်'ကို စိန်းစိန်းကြည့်ကာ 'ရှင်...ဒီလို ရက်စက်တဲ့အတွက် ဒုက္ခရောက်လာလိမ့်မယ် သိလား' ဟု ဆိုလေ၏။ 'မဖိုင်ဖိုင်'သည် မြက်လုံးထုတ်လိုက်သဖြင့် ရယ်ရ ကဲ့သို့ အားပါးတရ ရယ်လိုက်ပြီးလျှင် 'ဘယ်လိုများ ဒုက္ခရောက်ဦးမှာတဲ့လဲ ရှင်မရယ်' ဟုမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ရှန့်ပိန်အရက်ပုလင်း ရောက်လာသည်။ ဗိုလ်မှူးသည် ရှန့်ပိန်ခွက်ကို မြှောက်ကာ မိန်းမများဘက်သို့ လှည့်ကြည့်ပြီးလျှင် 'ကျွန်ုပ်တို့၏ မိန်းမပျိုများ' ဟု ဆိုကာ နှုတ်ဆက်သည့် အနေနှင့် အရက်ကို မော့လိုက်သည်။

ထို့နောက် အခြားဗိုလ်များအလည်း တစ်ယောက်ပြီးတစ်ယောက် ထ၍ နှုတ်ဆက်စကား ပြောကြသည်။ ယင်းသို့ ပြောကြရာဝယ် အရက်သမား စစ်သားတို့နှင့်သာ အပ်သော အညစ်အပတ် စကားကို ပြောကြဆိုကြ ရယ်သွမ်းသွေးကြလေသည်။ မိန်းမများသည်လည်း အလွန်အမင်း မူးနေတော့သည်။ အချို့မှာ တည့်တည့်မတ်မတ် မထိုင်နိုင်ဘဲ ကုလားထိုင်ပေါ်မှ လိမ့်ကျကြသည်။

ထိုသို့ ပြုလုပ်ကြရာတွင် ကပ္ပတိန်က မိန်းမများကို စောင်းချိတ်သည့် အနေနှင့် 'ကျုပ်တို့ အချစ်ကို အောင်တဲ့ အောင်ပွဲ အထိမ်းအမှတ်၊ သောက်တော်မူကြပါ' ဟု အော်လိုက်မလသည်။ အောင်ပွဲဆိုသည့် စကားသည် လက်ဖတင်နင် အော်တို၏ စိတ်ကို ကြွလာစေတော့သည်။ အော်တိုသည် နမူးနထိုင်း မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ငါတိုင်း ငါပြည် အကောင်းဆုံး၊ ငါအမျိုး အမြတ်ဆုံးဆိုသော မျိုးချစ်စိတ် ယိုဖိတ်လျက်ရှိသည့်အလျောက် ထ၍ 'ဗျို့ ဆရာတို့၊ ကျုပ်တို့ ပြင်သစ်ပြည်ကို အောင်နိုင်ကြောင်း အောင်ပွဲအထိမ်းအမှတ်၊ သောက်တော်မူကြပါကုန်လော့' ဟု အရက်သမား မြက်လုံးအတိုင်း ဆိုကာ အရက်ခွက်ကို မော့လိုက်လေသည်။





မိန်းမများမှာတော့ အရက်မူးနေကြပြီ ဖြစ်သော်လည်း သူဆူပူပူ မရှိကြချေ။ ငြိမ်၍ နေကြလေသည်။ သို့ရာတွင် ဓရ ဟူဒိမကလေး ရက်ချယ်က အော်တိုဘက်သို့ လှည့်၍ 'ဗိုလ်ကြီး၊ ရှင် သည်စကားမျိုးကို ပြင်သစ်တချို့ ရှေ့မှာ မဆိုရဲပါဘူး' ဟု ပြောလိုက်လေသည်။

သူ့ကို ပေါင်ပေါ်တွင် တင်ထားလျက်ပင် ရှိသေးသော 'မဖိုင်ဖိုင်' က ရက်ချယ်၏ စကားကို ကြားသောအခါ တဟားဟား ရယ်လိုက်ပြီးလျှင် 'ရှင်မ ပြောတဲ့ ပြင်သစ်မျိုးကို ကျုပ်တို့ဖြင့် မတွေ့ဘူးပေါင်....။ ကျုပ်တို့လဲ ရောက်ရော၊ ပြင်သစ်မျိုးချစ်ဆရာတွေလဲ ပျောက်ရော၊ ဟား....ဟား.... ဟား' ဟု ပြော၍ ရယ်ပြန်လေသည်။

ထိုသို့ မထိမဲ့မြင် ပြောသော စကားကြောင့် ရက်ချယ်သည် မမျိုသိပ်နိုင်တော့ဘဲ ဒေါသကြီးစွာဖြစ်ပြီးလျှင် 'မဖိုင်ဖိုင်' မျက်နှာအနီးသို့ ကပ်ပြီး 'ရှင်....လူညာ၊ လူယုတ်မာ....' ဟု အော်လိုက်လေ၏။

'မဖိုင်ဖိုင်သည် ရက်ချယ်ကို ခဏမျှ စူးစိုက် ကြည့်နေပြီးနောက် ရယ်မောရင်း 'ကဲ....ကဲ....ရှင်မရယ် ပြောစမ်းပါဦး၊ သည် ပြင်သစ်မျိုးချစ်ကြီးတွေ အကြောင်းကို၊ သူတို့တစ်တွေသာ တကယ်ရှိရင် ကျုပ်တို့ သည်မှာရောက်နေပါ့မလား ရှင်မရဲ့။ ဟဲ...ဟဲ...ဟဲ' ဟု ပြောပြီးနောက် စိတ်အတန်ငယ်ကြွလာသည့်အလျောက် 'ဟေ့ -ကောင်မ၊ နင်....သေသေချာချာ မှတ်ထား၊ ငါတို့ သည်မှာ သခင်၊ သည်မှာ အရှင်ပဲ—။ ပြင်သစ်ဆိုတဲ့ တိုင်းပြည်ဟာ ငါတို့ပိုင်နက်၊ ငါတို့မြေပါ။



www.burmeseclassic.com

www.burmeseclassic.com



အောက် ရောက်နေတာကွ'ဟု ခပ်ထန်ထန် ပြောလိုက်သောအခါ၊ ရက်ချယ်သည် သူ့ပေါင်ပေါ်မှ ခုန်ထွက်၍ ကုလားထိုင်ပေါ်သို့ ပစ်ထိုင်လိုက်လေသည်။ 'မဖိုင်ဖိုင်' သည်လည်း ထိုင်ရာမှထ၍ အရက်ငှဲ့ပြီးလျှင် တစ်ကျိုက် မော့လိုက်လေ၏။ ပြီးမှ ဆက်လက်၍ ပြောပြန်သည်မှာ 'ဟေ့ ....မြင်သစ်တစ်ပြည်လုံးနဲ့ မြင်သစ်တစ်ပျိုးလုံး၊ တောတောင်ရေမြေအားလုံး လူနေအိမ်ခြေအားလုံးကို ငါတို့ ဂျာမန်တွေ ပိုင်တယ်ကွ။ သူငယ်မရှိ သိလား'

ထိုစကားကို ကြားသောအခါ အခြားစစ်ဗိုလ်များသည်လည်း စိတ်မာန်ကြွကာ အရက်ခွက်များကို မြှောက်၍ 'ဂျာမနီ ပြည်ကြီး ကြီးပွားပါစေ၊ အစွန့်ရှည်စွာ တည့်နေပါစေ' ဟု အော်၍ဆိုကာ အရက်ကို မော့လိုက်ကြလေ၏။

ထိုသို့တစ်ခဲနက်တည်းအော်လိုက်ကြသောအခါ၌မှ မိန်းမများသည် မလှုပ်ရဲကြချေ။ ရက်ချယ်ပင်လျှင် စကားတစ်လုံးမျှ မပြောနိုင်တော့ချေ။ ထိုနောက် 'မဖိုင်ဖိုင်' သည် အရက်ခွက်ကို ထပ်၍ဖြည့်ပြီးလျှင် ရေဟူဒီမကလေး၏ ခေါင်းပေါ်တွင် တင်ကာ 'မြင်သစ်ပြည်က မိန်းမတွေအားလုံးကိုလဲ ငါတို့ ပိုင်သဟေ' ဟု ဆိုလေ၏။ ရက်ချယ်သည် ထိုစကားကို ကြားသော် ရုတ်တရက် ထ၍ခုန်လိုက်သဖြင့် သူ့ခေါင်းပေါ်တွင် တည်ထားသော အရက်ခွက်မှာ လွင့်စဉ်သွားပြီးလျှင် ကြမ်းပေါ်တွင်ကျ၍ အစိတ်စိတ်ကွဲသွားလေတော့သည်။ ရက်ချယ်သည် 'မဖိုင်ဖိုင်' မျက်နှာကို စူးစူးဝါးဝါးကြည့်ကာ ဒေါသထွက်လှိုက်၍ နှုတ်ခမ်းများ ဆတ်ဆတ်တုန်နေရာမှ 'မမှန်ဘူး၊





ရှင်တို့ မြင်သစ်ပြည်က မိန်းမတွေကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူး' ဟု ပြောလေသည်။

'မဖိုင်ဖိုင်' သည် ကုလားထိုင်တွင် နောက်သို့မှီ၍ ထိုင်ပြီးလျှင် အပြုံး အရယ် မပျက်ဘဲ 'ကဲ.... ကွယ်၊ ဒါဖြင့် မင်းတို့ ဘာလို့ ငါတို့ဆီ ရောက်လာကြသလဲ၊ မင်းတို့မိန်းမတွေမဟုတ်ဘူးလား၊ မြင်သစ်သူတွေ မဟုတ်ဘူးလားဟင်' ဟု မေးလိုက်လေ၏။

ရက်ချယ်သည် ရုတ်တရက် အံ့အားသင့်သလိုဖြစ်ပြီးလျှင် အဖြေရှာမရဖြစ်နေတော့သည်။ အတန်ကြာမှ စကားစရှာရကာ 'ကျွန်မ ကျွန်မ တို့လား....မိန်းမတွေ၊ မိန်းမ မဟုတ်ဘူးရှင့်၊ ကျွန်မတို့ဟာ မိန်းမလို့ဆိုလောက်တဲ့ လူတွေမဟုတ်ဘူး၊ ဖာတွေ သိရဲ့လား။ ရှင်တို့လို မသမာ ဂျာမန်တွေကို ချဉ်တဲ့ ဖာတွေ။ ဂုဏ်သရေရှိ မြင်သစ်သူတွေကိုလား၊ ရှင်တို့အနားတောင် ကပ်ရမှာမဟုတ်ဘူး' ဟု ဆိုလေ၏။

သူသည် ဆက်လက်၍ ပြောဦးမည်ဟန် ပြင်သော်လည်း မပြောတော့ချေ။ အဘယ်ကြောင့်ဆိုသော် 'မဖိုင်ဖိုင်' က သူ့စကားမဆုံးခင်ပင် သူ့ပါးကိုရိုက်လိုက်လေ၏။ သို့ရာတွင် နောက်ထပ် တစ်ချက် ရိုက်မည့် အလုပ်တွင် ရက်ချယ်သည် စားပွဲပေါ်ရှိ ပေါင်မုန့်လှီး ဓားကလေးကို လှမ်းဆွဲပြီးလျှင် သူ့ လည်မျိုကို တအားထိုးလိုက် လေသည်။ 'မဖိုင်ဖိုင်' လည်း ပါးစပ်က ပြောမည့်စကားကို အပြင်သို့ ထွက်အောင် မပြောနိုင်တော့ချေ။ ပါးစပ်ဟောင်းလောင်းဖြစ်ကာ မျက်လုံးကြီးများ ပြူး၍ နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်များသည် အလန့်တကြား အော်ဟစ် ပြီးလျှင် ရုတ်ခြည်း ထကြလေသည်။ သို့သော် ရက်ချယ်သည် သူထိုင်ခဲ့သော ကုလားထိုင်ကို အော်တို ခြေထောက်ကြားထဲသို့ ပစ်သွင်းလိုက်သဖြင့် အော်တို တုံးလုံးလဲတော့သည်။ အခြားဗိုလ်မှူးက သူ့ကို လှမ်း၍ မဆွဲနိုင်မီ သူသည် ပြတင်းပေါက်သို့ပြေးပြီးလျှင် ပြတင်းပေါက်ကို ဖွင့်၍ အုပ်ဖိုင်ဖိုင်ရွာသွန်းနေသော မိုးကြားထဲတွင် ပျောက်သွားလေတော့သည်။

နှစ်မိနစ် ကြာလတ်သော် 'မဖိုင်ဖိုင်'သည် ဘဝ တစ်ပါးသို့ ပြောင်းသွားလေတော့သတည်း။

အော်တိုနှင့် ဖရစ်တို့သည် ဓားများကို ဆွဲ၍ ကျန်ရစ်ခဲ့သော မိန်းမများကို သတ်ပစ်မည်ဟန် ပြုကြသည်။ သို့သော် မိန်းမများက 'ကျွန်မတို့ကို သနားပါရှင်၊ ကျွန်မတို့ အပြစ်မပါပါဘူး'ဟု ဒူးထောက်တောင်းပန်ကြသည့်တစ်ကြောင်း၊ ဗိုလ်မှူးကလည်း မလုပ်ရန် တားမြစ်သည့်တစ်ကြောင်း တို့ကြောင့် မသတ်ဖြစ်တော့ဘဲ အကျဉ်းခန်းထဲသို့ သွင်းထားသော့ခတ်ထားလိုက်သည်။ ထို့နောက် ဗိုလ်မှူးသည် ထွက်ပြေးသွားသော မိန်းမလေးကို ရှာဖွေရန် စီစဉ်လေသည်။ ဤမျှလောက်သည့် မိန်းကလေးကို ရှာဖွေရန်ကိစ္စကို အကြီးအကျယ်လုပ်ကာ စစ်မြေပြင် ထွက်တော့မည့်ပုံ အတိုင်း၊ စစ်သားများကို ဆင့်ခေါ်ကာ အရပ်လေးမျက်နှာ တောနင်း၍ရှာစေသည်။

ညစာစားပွဲလုပ်သော စားပွဲမှာ ယခုအခါ 'မဖိုင်ဖိုင်'၏ အလောင်းစင် ဖြစ်သွားတော့သည်၊ စစ်ဗိုလ် လေးယောက်





တို့သည် ယခင်အကဲ့သို့ မပျော်နိုင် မရမ်းနိုင်တော့ဘဲ၊ မျက်နှာသေနှင့်ရပ်၍ မှောင်ထဲသို့ စူးစိုက်ကြည့်နေကြသည်။ မကြာမီ သေနတ်သံ ကြားရသည်။ ဆူသံ အော်သံ အမိန့်ပေးသံ မေးမြန်းသံတို့ကို ကြားရသည်။ တစ်ဖန် သေနတ်သံ ကြားရပြန်သည်။

နံနက်မိုးလင်းသောအခါ တောနင်း ရှာဖွေသော လူစုအသီးသီး ပြန်ရောက်လာကြသည်။ သူငယ်မကို မတွေ့ခဲ့ကြချေ။ သူတို့အချင်းချင်း လူမှား၍ ပစ်ခတ်ကြသောကြောင့် စစ်သားနှစ်ယောက် သေ၍ သုံးယောက် ဒဏ်ရာရကြသည်။ ဤမျှလောက် ပင်ပန်းကြီးစွာနှင့် ရှာဖွေ ကြသော်လည်း ရက်ချယ်ကို မတွေ့ခဲ့ကြချေ။

ထိုသို့ ရှာမရသောအခါ ရွာတစ်ရွာလုံးကို အမျိုးမျိုး နှိပ်စက်ညှဉ်းပန်း၍ စစ်ဆေးမေးမြန်းရှာဖွေကြပြန်သည်။ သို့သော် ရက်ချယ်၏ ခြေရာသည် ပျောက်လျက်ပင် ရှိသေးသည်။

ထိုအကြောင်းစုံကို ဗိုလ်ချုပ်ကြီးထံ ဝတ္တရား အတိုင်း အစီရင်ခံသောအခါ ဗိုလ်ချုပ်ကြီးက ဤကိစ္စကို လူမသိစေရဟု ပိတ်ပင်လိုက်ပြီးလျှင် ဗိုလ်မှူးကို အပြစ်တင်စကား ပြောကြားလေသည်။ 'စစ်တိုက်တယ်ဆိုတာ မာတွေနဲ့ ပျော်ပါးနေဖို့ မဟုတ်ဘူးကွ'ဟု ဗိုလ်ချုပ်ကပြော၏။ ဗိုလ်မှူး မေဂျာဝရပ်သည်လည်း ဗိုလ်ချုပ်၏ အကြိမ်းအမောင်း ခံရသဖြင့် ဒေါသဖြစ်ကာ လက်အောက် ငယ်သားများကို တစ်ခါ ကြိမ်းမောင်းအပြစ်တင်လေသည်။ ထို့နောက် တစ်ရွာလုံးကို လက်စားချေမည်ဟု ပိုင်းဖြတ်ပြီးလျှင် ဘုန်းတော်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာ 'မဖိုင်ဖိုင်' ၏ မသားတွင် ဘုရားရှိခိုးကျောင်း ခေါင်းလောင်းထိုးရမည်ဟု အမိန့်ပေးလိုက်လေ၏။

ဘုန်းတော်ကြီးလည်း မည်သူမျှ မမျှော်လင့်ဘဲ ခေါင်းလောင်းထိုးပါမည်ဟု မဆိုင်းမတွ ဝန်ခံလိုက်၏။ ဝန်ခံသည့်အတိုင်းဝင် 'မဖိုင်ဖိုင်' မသားချလာသောအခါ သုံးလကျော်မထိုးခဲ့သော ခေါင်းလောင်းသည် တဒေါင်ဒေါင် မြည်အောင် မြိုင်မြိုင်ကြီး ထိုးလေသည်။ မသား ခေါင်းလောင်းသံမျိုး မဟုတ်ဘဲ ကျေနပ်ဝမ်းမြောက်သည့် လက္ခဏာ ပါရှိသော အသံမျိုးဖြစ်သည်။ အသံမှာ သာယာအေးမြ မြိုင်ဆိုင်လှပေသည်။ ကသိုလ်ကိစ္စ ပြီးသည့်အခါ ထိုးသော ခေါင်းလောင်းသံသဖွယ် ကြည်လင်လှပေတော့သည်။ 'မဖိုင်ဖိုင်' ၏ မသားကိစ္စ ပြီးသော်လည်း ဆက်လက်၍ ထိုးနေဆဲသည်။ ညအခါ တိတ်ဆိတ်နေခိုက်၊ ခေါင်းလောင်းသံ တချီချီ ကြားရပြန်သည်။ နောက်နေ့နံနက်တွင် တစ်ဖန်ခေါင်းလောင်းသံ အေးအေးသာသာ ကြားရပြန်သည်။ နောက် နေ့စဉ်နှင့် အမျှ ခေါင်းလောင်းသံ ကြားနေကြရတော့သည်။ တစ်ခါတစ်ရံ ညအခါ ခေါင်းလောင်းကို အားရဝမ်းသာသော အနေဖြင့် ထိုးလိုက်သည့် ပုံအတိုင်း ကြားရပေသည်။ ထိုသို့ ခေါင်းလောင်းသံ ထူးထူးဆန်းဆန်း ကြားရသောအခါ ရွာသူရွာသားတို့သည် ခေါင်းလောင်းတွင် တစ္ဆေဝင်နေသည်ဟု ဆိုကြကာ ခေါင်းလောင်းအနီးသို့ မသိမတပ်ဝံ့ကြချေ။ ဘုန်းတော်ကြီးနှင့် ကပ္ပိယနှစ်ဦးသာသျှင် သွားရဲသည်။ ထိုပုဂ္ဂိုလ်တို့မှာတား မသွားမဖြစ်သော အကြောင်းရှိပေသည်။ သူတို့





သွားလျှင် ခေါင်းလောင်းအတွင်း၌ ပုန်းလျှိုးနေသော ရေဟုဒီမကာလေးမှာ အဘယ်သို့လျှင် အစာရေစာ စားသောက်ရမည်နည်း။

ရက်ချယ်သည် ခေါင်းလောင်းထဲတွင် ဂျာမန်တို့ တပ်ခေါက်မသွားမချင်း နေလေသည်။

တစ်နေ့သောအခါ ဘုန်းတော်ကြီးသည် ပေါင်မုန့်သည် ၏လှည်းကို ငှား၍ သူကိုယ်တိုင်မင် သူ့ဝယ်မအား ရှမ်းမြို့သို့ အရောက်ပို့လိုက်ရလေသည်။

ကာလမညောင်းမီပင်လျှင် စိတ်ထက်သန်သော မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးလည်း ရေဟုဒီမကာလေး ရက်ချယ်၏ မျိုးချစ်စိတ်ကို ကြည်ညိုသည့် အားလျော်စွာ တင့်တင့်တယ်တယ် မင်္ဂလာဆောင်၍ ယူလိုက်လေသည်။ ။

## မေတ္တာမြိုးပန်း

(ဆွီဒင်စာရေးဆရာကြီး အက်ဆယ်လ်–မန်းသီး)

ပဲရစ်မြို့တွင် ဆေးခန်းဖွင့်ပြီးလျှင် ဆေးခန်းမှာပင်နေရသည်။ ကျွန်တော်သည် တစ်ညတွင် ကျွန်တော့်အိမ်အဖြစ် အသုံးပြု နေသော ဆေးခန်းသို့ ပြန်ရောက်လာသည့်အခါ ဆေးခန်း ရှေ့ရှိ လမ်းပေါ်တွင် ရထားလုံးတစ်စင်း ရပ်လျက်ရှိသည်ကို တွေ့ရသည်။ ညဉ့်အတော်နက်နေပြီဖြစ်သော်လည်း အရေး ကြီးသော လူနာဖြစ်သဖြင့် မရှောင်မလွှဲသာတော့ဘဲ လိုက် သွားရသည်။

ရထားလုံးသည် ဂရာနေးလမ်းပေါ်ရှိ အခန်းတစ်ခန်း ရှေ့တွင် ရပ်သည်။ ကျွန်တော်လည်း ရထားပေါ်မှဆင်း၍ အခန်းတံခါးကို ခေါက်လေရာ မျက်နှာထား ခပ်ဆိုးဆိုး မိန်းမကြီးတစ်ယောက်က တံခါးကို ဖွင့်ပေးသည်။ ပြီးလျှင်





အပေါ်ဆုံးထပ်ရှိ အခန်းတစ်ခန်းသို့ ကျွန်တော့်ကို ခေါ် သွားသည်။

အခန်းထဲတွင် သွေးစွန်းနေသော ကိုယ်သုတ်ပဝါများနှင့် အိပ်ရာဖုံးများ ပြန့်ကြဲနေသည်။ အိပ်ရာပေါ်တွင် ငယ်ရွယ် နုပျိုသော အမျိုးသမီးတစ်ယောက် သတိမရဘဲ လဲလျောင်း နေသည်ကို တွေ့ရသည်။ အမျိုးသမီးသည် ထူးထူးခြားခြား ပင် လှပတင့်တယ်ပေသည်။ သေသလိုဖြစ်နေသော လူနာကို ကြည့်ပြီးလျှင် ကျွန်တော့်မှာ အကျပ်တွေ့ရချေသည်။ ကျွန် တော်သည် စင်စစ်အားဖြင့် မီးယပ်ရောဂါကု ဆရာဝန် မဟုတ်ပေ။ သားဖွားမှုတွင် ကျွမ်းကျင်လှသည် မဟုတ်သော် သည်း အထူးအထွေ စဉ်းစား၍ တွန့်ဆုတ်နေဖို့အချိန် မရှိ ကြောင်း သိသည့်အလျောက် ကျွန်တော်သည် ချက်ချင်းပင် လူနာကို စစ်ဆေးပြီးနောက် လုပ်ငန်းကို စတင်ရပါတော့ သည်။

အစစ အရာရာ အဆင်ပြေပါသည်။ မွေးဖွားလာသော ကလေးကို အသက်ရှူ မှန်အောင် လုပ်ပေးလိုက်သဖြင့် အသက်မှ ပါလာလေသလားဟု ထင်ရသော ကလေးသည် သွပ်ရှား ကန့်ကျောက်ကာ ဟဝါးဝါး ငိုလာလေတော့ သည်။

မိခင်နှင့်ကလေးအဖို့ အလွန်ပင် ကံကောင်းပေသည်။ သေ ဘေးမှ သီသီကလေး လွတ်လာကြသည်။ ကျွန်တော့်မှာ မီးဖွားရာတွင် သွေးသုတ်စရာ အဝတ်စများ ရှာမတွေ့သဖြင့် အနီးတွင် ရှိသော သားရေသေတ္တာထဲမှ အမျိုးသမီး၏



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

အတွင်းခံ အကျီအကောင်းများကို ဆုတ်ဖြဲ၍ အသုံးပြုရ တော့သည်။ အဝတ်များကို မွှေနှောက် ရှာဖွေရာတွင် စိန် ရင်ထိုးအလေးတစ်ခုကို တွေ့သည်။

ကျွန်တော့် အနီးတွင်ရှိသော မျက်နှာထားဆိုးဆိုး မိန်းမ ကြီးက 'ဘုရားမှတာပဲ၊ ဝမ်းဆွဲခ မရရင် ဒီစိန်ရင်ထိုးအလေး ကိုပဲ ယူလိုက်ရမှာပဲ၊ ဒီနိုင်ငံခြား အမျိုးသမီးတွေဟာ ခဏ ပါတယ်။ ဘယ်အလာလို့ လာမှန်းလဲ မသိရဘူး။ ထွက် သွားတော့လဲ ဘယ်သွားမှန်း သိရတာမဟုတ်ဘူး၊ လစ်ထွက် သွားတတ်ကြတာ' ဟု ဆိုလေသည်။

ကျွန်တော်လည်း မီးဖွားမှုကို ဆောင်ရွက်ပြီးနောက် စိန် ရင်ထိုးအလေးကို ဝမ်းဆွဲမကြီးထံသို့ အပ်နှံခဲ့ပြီးလျှင် ကျွန် တော့် ဆေးခန်းသို့ ပြန်ပါသည်။

နောက် ဆယ့်လေးငါးရက်လောက်အကြာတွင် ဝမ်းဆွဲ ဆရာမကြီးထံမှ စာတစ်စောင်ရသည်။ စာထဲတွင် မီးဖွားသော အမျိုးသမီး ကျန်းကျန်းမာမာ ဖြစ် သွားပြီ ဖြစ် ကြောင်း၊ ပေးစရာရှိသော အခငွေကြေးတို့ကို ပေးသွားကြောင်း၊ သူ တလေးကို မွေးစားမည့်သူရှိလျှင် မွေးစားဖို့ ပေးလိုက်ရန် မှာကြားပြီးလျှင် ကလေးအတွက် စရိတ်အဖြစ် ငွေကြေး အတော်များများ ပေးခဲ့ကြောင်း ပါရှိသည်။

နောက်သုံးနှစ်လောက် ရှိသွားပြီ။ နောက် တစ်နေ့သော နံနက်တွင် ကျွန်တော်သည် နံနက်စာစားရင်း သတင်းစာ ဖတ် နေရာ 'အရှုပ်ဆိုးသော အလုပ်' ဟူသော ခေါင်းစဉ်တပ် သတင်းတစ်ပုဒ်ကို ဖတ်မိပါသည်။





'ဂရာနေးလမ်းရှိ မဒမ်ရယ်ကွင်း ဆိုသူ အမျိုးသမီးကြီး တစ်ဦးကို ရဲအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း၊ မဒမ်ရယ်ကွင်းကို ဖမ်းဆီးခြင်း၏ အကြောင်းမှာ မိန်းမပျိုကလေးတစ်ဦး သေ ဆုံးရာဝယ် သင်္ကာမကင်းဖွယ် အဖြစ်အပျက်များကြောင့် ဖြစ် ကြောင်း၊ မဒမ်ရယ်ကွင်း၌ ထာဝန်မကင်း ဖြစ်နေသည်ကို တွေ့ရကြောင်း၊ မိမိအား အပ်နှံထားခဲ့သော မွေးစားသူငယ် အလေးမှာ သင်္ကာမကင်းဖွယ် ပျောက်ကွယ်သွားခြင်းနှင့် စပ်လျဉ်း၍လည်း မဒမ် ရယ်ကွင်းကို စွပ်စွဲထားကြောင်း ကြားသိရသည်'။

ကျွန်တော်လည်း ဖတ်နေသောသတင်းစာကို ပစ်ချမိလိုက် သည်။ ဂရာနေးလမ်းတွင် နေသော မဒမ်ရယ်ကွင်း၊ လွန် ခဲ့သော သုံးနှစ်မှ ညတစ်ညတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် အလေး တစ်ခုကို ပြန်၍ သတိရမိပါသည်။ ထိုညက ကျွန် တော်သည် အသက်နှစ်ချောင်းကို ကယ်ခဲ့ရသည်။ ထိုအကြောင်း ကို ပြန်၍ တွေးမိသည့်အလျောက် ကျေနပ် ဝမ်းမြောက်မိ ပါ၏။ သို့သော် ချက်ချင်းပင် ကျွန်တော့် စိတ်တွင် သံသယ များ ဝင်၍လာလေသည်။ အသက်နှစ်ချောင်းကို ကယ်ခဲ့သည် အား မှန်ပါ၏။ သို့သော် ကျွန်တော်သည် သူတို့နှစ်ယောက် ကို နောက်ထပ် ပြန်စောင်းမျှပင် မကြည့်ဘဲ နေလာခဲ့သည်။ ထိုညက ကျွန်တော် လူနာအမျိုးသမီးအလေးကို မေ့ဆေး ထင်စဉ်တွင် အမျိုးသမီးကလေးသည် သတိမလစ်ခင်အလေး မှာပင် သူ့နှုတ်မှ 'ဂျွန်...ဂျွန်' ဟု ခေါ်လိုက်လေသည်။

www.burmeseclassic.com



တစ်ဦးသော ယောကျ်ားက စွန့်ပစ်လိုက်သဖြင့် ဝန်ထု
ဝန်ပိုးနှင့် ဒုက္ခတွင်းထဲသို့ ကျရောက်နေရှာသော အမျိုးသမီး
တလေးကို ဆယ်တင်ပေးလိုက်သော ကျွန်တော်သည်လည်း
နေ့ခက်ထပ် ပြန်စောင်းမျှပင် မကြည့်ဘဲ ပစ်ခဲ့လေသည်။ သူ
အတွက် ကျွန်တော် ဘာမျှ ဆက်လက် အကျိုးဆောင်မပေး
ခဲ့လေခြင်း။

ကျွန်တော်သည် အချုပ်ခန်းသို့ သွား၍ မဒမ် ရယ်ကွင်း
နှင့် တွေ့ဆုံခွင့် တောင်းပြီးလျှင် တွေ့ဆုံလေသည်။ သူသည်
ကျွန်တော့်ကို ချက်ချင်းပင် မှတ်မိသည်။ ကျွန်တော် မွေး
ဖွားပေးခဲ့သော သားယောကျ်ားလေးမှာ ယခုအခါတွင်
နော်မန်ဒီနယ်ရှိ မြို့တစ်မြို့တွင် မွေးစား မိဘများနှင့်အတူ
ပျော်ရွှင်စွာ နေထိုင်လျက်ရှိသည်ဟု သူက ပြောပြသည်။
ကလေး၏ မွေးစားဖခင်သည် ဖိနပ်ချုပ်သမား ဖြစ်ကြောင်း၊
မွေးစားမိခင် ဖြစ်သူကလည်း သားကလေးကို ချစ်ခင် ယု
ကြောင်း ဆက်၍ ပြောပြသည်။

ဝမ်းဆွဲမကြီး ပြောစကားကို ကျွန်တော် မယုံပါ။ ယ
အခါတွင် ကလေးမှာ သေဆုံးပြီ ဟူ၍သာ ကျွန်တော် ထ
မှတ်နေမိပါသည်။ ထို့ကြောင့် ကျွန်တော်က မွေးစားမိ
များ၏ လိပ်စာကို တောင်းသည်။ ကျွန်တော်က အပ်နှံခဲ့သော
စိန်ရင်ထိုးကလေးကိုလည်း တောင်းသည်။

ကျွန်တော်သည် နော်မန်ဒီနယ်သို့ မရောက်ဖူးပါ။ ယ
ခရစ်စမတ်အချိန်အခါသို့ရောက်တော့မည်ဖြစ်၍ ရ...အား
တွင် နော်မန်ဒီသို့ သွားရန် စီစဉ်ပါသည်။ ခရစ်စမတ်နေ့မှာ





ကျွန်တော်သည် မဒမ်ရယ်ကွင်း ပေးလိုက်သောလိပ်စာအတိုင်း
ဖိနပ်ချုပ်သမား၏အိမ်သို့ ရောက်သွားပါသည်။ အိမ်နေခက်
ဖေး မီးဖိုချောင်သံမံတလင်း ကြမ်းပြင်ပေါ်တွင် အကျီမပါ
ဘောင်းဘီတိုသာ ဝတ်ထားသော ကလေး တစ်ယောက်သည် အာလူး
အစိမ်းတစ်လုံးကို ကိုက်စားနေသည်။

ကလေးသည် ကျွန်တော့်ကိုမြင်သောအခါ ကြောက်ရွံ့
သော မျက်နှာထားဖြင့် ငေးကြည့်လျက် ကျွန်တော်က ရိုက်
လေမလားအထင်ဖြင့် သူ့လက်ကလေးတစ်ဖက်ကို မြှောက်
၍ ကာလိုက်သည်၊ သူ့လက်မောင်းကလေးမှာလည်း သေး
သွယ်ချည့်နဲ့နေသည်ကို တွေ့ရသည်။ ကျွန်တော်က သူ့ကို
ကောက်ချီပြီးလျှင် ပေါင်ပေါ် တင်ထားသောအခါ မလှုပ်
မရှက်ရဲသဖြင့် ငုတ်တုတ်ကလေး ထိုင်နေသည်။

ဖိနပ်ချုပ်သမားက ထိုကလေးကို သူဆက်၍ မမွေးလို
တော့ကြောင်း၊ ကျွန်တော့်က ယူ၍ မွေးမည်ဆိုလျှင် ပေးလိုက်
ဖို့ အသင့်ရှိကြောင်း ပြောပြသည်။ သူ့ဇနီးကလည်းသဘော
တူသည်။ ကလေးကို မွေးစားစဉ်က သူတို့၌ သားသမီးမရှိ
သော်လည်း ယခုမူ မူ သားတစ်ယောက် မွေးဖွားလာပြီဖြစ်
ကြောင်း၊ ထို့တွင်မကသေး၊ မွေးစားသား နှစ်ယောက်လည်း
နောက်ထပ် ရှိနေသေးကြောင်း ပြောပြသည်။

'ဒီကလေးက အသွံ့ကလေးလိုပါပဲ။ တစ်ခါမှ စကား
မပြောဖူးဘူး၊ မေမေလို့တောင် မခေါ်ဖူးဘူး၊ ပြုံးတောင်
တစ်ခါမှ မပြုံးဖူးဘူး' ဟု အမျိုးသမီးက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လှည်း ကလေးကို ကျွန်တော့်တွင်ပါလာသော ခရီးသွားစောင်ကြီးဖြင့် ထွေး၍ ညအမြန်ရထားဖြင့် ပဲရစ် မြို့သို့ ခေါ်လာပါသည်။ ရထားပေါ်တွင် 'ဂျွန်'သည် စိတ် ချလက်ချ အိပ်ပျော်နေသည်။ ကျွန်တော်သည် သူ့ကိုကြည့် ပြီးလျှင် သူ့ကို ကျွန်တော် ဘယ်သို့ဘယ်ပုံ မွေးရမည်ကိုတွေး ၍ မောနေသည်။ နောက်ဆုံး၌ ကျွန်တော် သူ့ကို ကျ ဆောင့် ဆီမှာပင် မွေးထားတော့မည်ဟုဆုံးဖြတ်လိုက်ပါသည်။

အိမ်သို့ရောက်သောအခါ ကျွန်တော့်အိမ်ဖော် အမျိုးသမီး ကြီးကို 'ရှိဆယ်လီ၊ မင်း ဒီကလေးကို လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်ရလိမ့်မယ်' ဟု ပြောလိုက်သည်။

မကြာခင်မှာပင် ကျွန်တော်သည် အလုပ်ကိစ္စ တစ်ခုနှင့် လန်ဒန်မြို့သို့ သွားရသည်။ ကျွန်တော်ကို ဖိတ်ခေါ်သော လူနာရှင်နှင့် ကျွန်တော် သိကျွမ်းသဖြင့် သူဖိတ်ခေါ်သည် အတိုင်း သွားရသော်လည်း လူနာကိုမူ ကျွန်တော်မသိပါ လူနာ၏ခင်ပွန်း ကျွန်တော့်မိတ်ဆွေသည် ဗိုလ်မှူးကြီးတစ်ဦး ဖြစ်သည်။ လူနာကို အာရုံကြော ပါရဂူတစ်ဦးတွင် အပ် ဖို့ဖြစ်သော်လည်း လူနာက ဆရာဝန်ဆိုလျှင် မည်သည့် ဆရာ ဝန်မှမတွေ့ချင်ဟု ဆိုထားသဖြင့် သူ့ခင်ပွန်းက ကျွန်တော် ကို သာမန်မိတ်ဆွေ တစ်ဦးအဖြစ် ဖိတ်ခေါ်လိုက်ခြင်း ဖြစ် သည်။ ကျွန်တော်က လူနာနှင့်အတူယှဉ်၍ ညစာစားရင်း သူ့ဖခြေအနေကို အမှတ်မထင် စုံစမ်းရန် စီစဉ်ထားသော သည်။





လူနာ၏ခင်ပွန်းသည် လူနာကို အလွန် ချစ်ခင်သည်၊ လိုအင်ဆန္ဒပြည့်ဝအောင် ကြိုးပမ်း၍ထားသဖြင့် လူနာအဖို့ မှာ လောကီစည်းစိမ် အပြည့်အဝရရှိသည်ဟု ကျွန်တော်သိ ရသည်။ လန်ဒန်မြို့မျက်နှာကြီး အထက်တန်းလွှာ ရပ်ကွက် ဖြစ်သော ဂရိုးဗင်းနားရပ်ကွက်တွင် ခန့်ညားထည်ဝါသော အိမ်ကြီးနှင့်နေရသဖြင့် လောကီစည်းစိမ်အပြည့်အဝ ရရှိနေ မည်ဟု ကောင်းစွာ ခန့်မှန်းနိုင်ပါသည်။

လူနာအမျိုးသမီးများသည် အမြဲပင် တစ်နေရာတည်း တွင် ကြာကြာမနေချင်ဘဲ လျှောက်၍သွားနေချင်သည်။ တစ်ခု တရာကို လိုက်ရှာနေပုံရသည်။ တစ်ခါက အနုပညာဘက် တွင် စိတ်ဝင်စားခဲ့သည်။ ယခုမှာမူ အနုပညာပစ္စည်းများကို လှည့်၍မကြည့် ဖြစ်နေပြန်သည်။ သူသည် ကလေးများကို ပြုစုစောင့်ရှောက်ရေး ကိစ္စများတွင် အလွန်ပင် စိတ်ဝင် စားသည်။ မိဘမဲ့ကလေးများဂေဟာသို့ မကြာခဏ အလှူငွေ ပေးပို့သည်။ ကလေးများ အပျော်ခရီးထွက်ဖို့ ရန်ပုံငွေထဲသို့ မကြာခဏ ထည့်ဝင်လေ့ရှိသည်။

ညစာစားပွဲတွင် ကျွန်တော် လူနာကို တွေ့ရသည်။ သူသည် အလွန်လှပသော အမျိုးသမီးတစ်ဦး ဖြစ်သည်။ ကျွန်တော် ဘဝတွင် တွေ့ရသော အမျိုးသမီးများတွင် သူသည် အလှဆုံး ဖြစ်သည်ဟု ကျွန်တော် ထင်မိပါတော့သည်။ သူသည် လှ သလောက် အမြဲ မျက်နှာညှိုးလျက် ရှိသည်။ သူ၏ ကျက်သရေ ရှိသော မျက်လုံးများတွင် မရှင်ပျသော အသွင်သည် ဝင်၍ နေသည်။ သူ့ရုပ်ရည်ချောမောလှပသည်နှင့်အမျှ သူ့ အသံနှင့်



www.burmeseclassic.com

www.burmeseclassic.com



သည် သေနေလေသည်။ ကျွန်တော်နှင့်၊ တွေ့ဆုံ ပြောဆိုနေရသည်ကိုပင် စိတ်မပါတာန် ရှိသည်။

ကျွန်တော်က သူ့ကို ခြုလ်ဆီးတွင်ရှိသော ကလေးဆေးရုံသို့ ရောက်သွားပြီးလျှင် ထိုနေ့တစ်နေ့လုံး ကြည့်ရှု စစ်ဆေးခဲ့ကြောင်း ပြောပြသည်။ ထို့နောက် ပဲရစ်မြို့ရှိ ကလေးဆေးရုံကြီး အကြောင်းကိုလည်း ဆက်၍ ပြောပြသည်။ ထိုဆေးရုံကြီးတွင် ပြင်သစ်နိုင်ငံ တစ်ဝှန်းလုံးမှ မိဘမဲ့ကလေးများကို မွေးကျွေး ပြုစုထားကြောင်း ပြောပြသည်။

ကျွန်တော့်စကားကို ကြားသောအခါ သူသည် ကျွန်တော့်ကို အသေအချာ စိုက်ကြည့်လိုက်သည်။ ထိုအခါတွင်မူ သူ့မျက်နှာတွင် ရှိနေခဲ့သော တင်းမာ၍ အသက်မဝင်သော မျက်နှာထားသည် ပျောက်ကွယ်သွားလေတော့သည်။

ကျွန်တော် ပဲရစ်မြို့သို့ ပြန်ရောက်သောအခါ ဂျွန်သည် ကျွန်တော် ပြန်ရောက်လာသည်ကို ကျေနပ် ဝမ်းမြောက်ဟန်ရှိသည်။ သို့ရာတွင် သူ အသားမှာ သွေးရောင်နည်း၍ ဖြူဖျော့ဖျော့ ဖြစ်နေသည်။ ယခင်အတိုင်းပင် ပိန်နေသေးသည်။

နောက် ရက်သတ္တပတ် နှစ်ပတ်လောက် ကြာသောအခါ ကျွန်တော့် ဆေးခန်းသို့ ပိုလ်မှူးကြီး ရောက်လာသဖြင့် အံ့အားသင့်မိသည်။ သူ့ဇနီးက ပဲရစ်မြို့တွင် ဝယ်စရာ ခြမ်းစရာရှိ၍ လာကြကြောင်း၊ ကျွန်တော် တတ်နိုင်လျှင် သူ့ဇနီးကို ကလေးများဆေးရုံကြီး တစ်ခုခုသို့ အလည်အပတ် လိုက်ပို့စေလိုကြောင်း ပြောသည်။





ကျွန်တော်က လူနာများကို ကြည့်ရှုကုသမှုပြီးသောအခါ လိုက်၍ပို့မည် ပြောပါသည်။ လူနာများနှင့် တွေ့ချိန်လွန်လျှင် ကျွန်တော့်ကို သူ့ဇနီး လာ၍ခေါ်မည် ဆိုသည်။ သူ့ဇနီး ရောက်လာချိန်တွင် ကျွန်တော့်ဆေးခန်းမှာ လူနာများ ရှိနေလေသေးသည်။ သူသည် ခန့်ညားထယ်ဝါသော မြင်းရထားကြီးဖြင့် ရောက်လာသည်။ ကျွန်တော်လည်း ကျွန်တော့် အိမ်ဖော် ရိုဆယ်လီအား သူ့ကို ထမင်းစားခန်းတွင် စောင့်နေပါဦး၊ ကျွန်တော့် လူနာများကိစ္စ ပြီးလျှင်ပြီးချင်း လာပါမည်ဟု ပြောခိုင်းလိုက်သည်။

နောက် နာရီဝက်လောက် အကြာတွင် ကျွန်တော်လည်း လူနာကိစ္စပြီး၍ ထမင်းစားခန်းဘက်သို့ ကူးသွားရာ သူ့အား ဂျွန်ကို သူ့ရင်ခွင်တွင် ထည့်ထားသည်ကို တွေ့ရသည်။ ဂျွန်က သူ့အား ကစားစရာအမျိုးမျိုးကို ကစားပြနေသည်။ ကျွန်တော်သည် သူ့ကို တစ်ဖက်သို့ ခေါ်သွားပြီးလျှင် ဂျွန်သည် သနားစရာ မိဘမဲ့ကလေး ဖြစ်ကြောင်း၊ သူ့နောက်ကြောင်းမှာ အတော်ပင် ရင်နင့်ဖွယ်ဖြစ်ကြောင်း ပြောပြသည်။ ဂျွန်သည် ယခုဆိုလျှင် ကျွန်တော်နှင့် ရိုဆယ်လီတို့ကို ခင်မင်လာပြီ ဖြစ်ကြောင်း၊ အတော်ပင် အဆင်ပြေစေကာမူ သူ့မျက်နှာတွင် ပြုံးယောင်မပွင့်သေးသမျှ သူ့အတွက် စိတ်အေးနိုင်သေးကြောင်း၊ သူသည် သူ၏စိတ်မချမ်းမြေ့ဖွယ် အတိတ်အဖြစ်ကိုမေ့ပျောက်သွားပြီးဟုမဆိုသာသေးကြောင်း ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဒီကလေးက တစ်ခါမှ မပြုံးဘူး။ တခြားကလေးတွေဆိုရင် သူတို့ရဲ့ ကစားစရာကလေးတွေကို ထုတ်ပြတဲ့အခါမှာ ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ'ဟု အမျိုးသမီးက ပြောသည်။

ကျွန်တော်က ငယ်ရွယ်သူ လူမမည်တို့၏ အတွင်းစိတ်ကို သိနိုင်ဖို့ မလွယ်လှကြောင်း ပြောပြသည်။

'မိခင်လုပ်သူသာ သူတို့ရဲ့ အတွင်းစိတ်ကို သိနိုင်တဲ့အကြောင်း လမ်းရှာနိုင်တယ်'ဟု ဆက်၍ ပြောလိုက်သည်။

အမျိုးသမီးသည် ဂျွန်ရှိရာသို့သွား၍ နဖူးကို ငုံ့၍နမ်းလိုက်သည်။ ဂျွန်သည် သူ့ကို မော့၍ကြည့်နေသည်။ အံ့အားကြီး သင့်နေပုံရသည်။

'သူ့မှာ ဒီတစ်ခါပဲ အနမ်းခံရဖူးသေးတယ်'ဟု ကျွန်တော်က ပြောလိုက်သည်။

ရှိဆယ်လီက ကလေးကို လမ်းလျှောက် ခေါ်သွားချိန် ရောက်သဖြင့် လာ၍ခေါ်လေရာ အမျိုးသမီးက သူပင် ဂျွန်ကို ရထားဖြင့် လျှောက်လည်ပြမည်ဟု ဆိုသည်။

ထိုနေ့မှစ၍ ဂျွန်အဖို့ ဘဝသစ် ပြောင်းလေတော့သည်။ နံနက်တိုင်း အမျိုးသမီးသည် သူ့ဆီသို့ ရောက်လာသည်။ ကစားစရာ အသစ်တစ်ခုတစ်ခု ပါလာသည်။ ညနေတိုင်း သူ့ကို ရထားဖြင့်ခေါ်၍ တစ်ပတ် မောင်းပြသည်။

ရှိဆယ်လီက ကျွန်တော့်ကို ပြန်ပြောပြသည်။ ရထားစီးပြီးရာမှ ပြန်ရောက်လာသောအခါ အမျိုးသမီးက သူကိုယ်တိုင် ဂျွန်ကိုချီ၍ အပေါ်ထပ်သို့ တက်သည်။ ထို့နောက် ကလေးကို သူကိုယ်တိုင် ရေချိုးပေးသည်။ နောက်ဆုံး





ကလေးကို အိပ်ရာတွင်သိပ်၍ ကလေး အိပ်ပျော်သည့်တိုင်အောင် စောင့်နေသည်။

ဗိုလ်မှူးကြီးက သူတို့ပဲရစ်မြို့တွင် အချိန်အကန့်အသတ်မရှိ နေကြမည်ဟုဆိုသည်။ သူ့ဇနီးသည် ပဲရစ်မြို့တွင် ယခုအကြိမ် နေရသည်လောက် ဘယ်သောအခါကမျှ မပျော်ရွှင်ခဲ့ကြောင်း ပြောပြသည်။ ဗိုလ်မှူးကြီးပြောတာ မှန်ပေသည်။ သူ့ဇနီး၏ မျက်နှာ ထား သိသိသာသာ ပြောင်းသွားသည်။ သူ့မျက်လုံးများမှ အတိုင်းအဆ မရှိသော သိမ်မွေ့လှသည့် ကရုဏာရောင်များ ထွက်နေပေသည်။

ဂျွန်သည် ကောင်းကောင်းအိပ်မပျော်ချေ။ သူအိပ်မပျော်သေးခင် ကျွန်တော် တစ်ခါတစ်ခါ သူ့ကို သွားကြည့်ပါသည်။ ကလေး၏မျက်နှာမှာ သွေးရောင် ဖြာလျက်ရှိသည်ကို တွေ့ရပါသည်။ ရှိဆယ်လီက ဂျွန်သည် ညညတွင် ချောင်းခဏခဏဆိုးသည်ဟု ပြောပြသည်။ ထို့နောက် တစ်နံနက်တွင် ကျွန်တော်သည် ဂျွန်ကိုစမ်းသပ်ကြည့်ရာ သူ့လက်ယာအဆုတ်မှ ကွဲအက်သံမျိုးလို အသံကိုကြားရသည်။ ထိုအသံကို ကြားလိုက်ရတည်းက ကျွန်တော့် ရင် တွင် နင့်သွားပါတော့သည်။ နိမိတ်မကောင်းသော အသံပင်ဖြစ်၏။ ကလေး၏ ကျန်းမာရေး အခြေအနေကို အမျိုးသမီးအား အသိပေးမှ ဖြစ်မည်။ သို့ရာတွင် အမျိုးသမီးကိုယ်တိုင်ကပင် သိနှင့်ပြီး ဖြစ်ကြောင်း ပြောပြသည်။

ကျွန်တော်က ဂျွန်ကို ပြုစုရန် သူနာပြုဆရာမတစ်ယောက် ငှားမည်ပြုသောအခါ သူက မငှားပါနှင့်၊ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖိရင်ဖိ ပြုစုပါမှုစေဟု တောင်းပန်ရှာသည်။ ကျွန်တော်လည်း အနူးအညွတ် တောင်းပန်နေသည်ကို ငြင်းပယ်နိုင်စွမ်းမရှိပါ။ အလေးအဖို့ မျှော်လင့်ချက်မရှိသူလို ဖြစ်နေလေပြီ။ ကလေးသည် ကောင်းကောင်းမအိပ်တော့ဘဲ အိပ်ရာထဲတွင် လူးကာလိမ့်ကာ နေလေသည်။

နောက်နှစ်ရက် ကြာသောအခါ ဂျွန်မှာ ချောင်းဆိုးရာတွင် အနည်းငယ် သွေးပါလာသည်။ ညနေပိုင်းတွင် အဖျား သွေးကြလာသည်။ သူ့ရောဂါအရှိန်မှာ တစ်နေ့တခြား မြင့်မားလာဖို့သာ ရှိတော့သည်။

'ကလေးတော့ သက်ဆိုးရှည်မှာ မဟုတ်ပါဘူး။ အခုကတည်းက သူ့ မျက် နှာ ဟာ နတ်သားကလေးမျက်နှာလို ဖြစ်နေပြီ'ဟု ရှီဆယ်လီက မျက်ရည်စကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း ပြောပြသည်။

ညတိုင်းတွင် ဂျွန်သည် ရှီဆယ်လီ အိပ်ရာ မြင်ခိုက်တွင် သူ့ကို ပြုစုနေသော အမျိုးသမီး၏ရင်ခွင်တွင် ထိုင်၍နေလေ့ရှိသည်။ ယင်းသို့ ထိုင်ရသည့်အခါ သူသည် ရွှင်လန်းလျက်ရှိ၏။ ဂျွန်သည် အလွန်ပင်အထင်းပါးသော ကလေးဖြစ်သည်။ မျက်နှာကလေးအလည်း ချိုပေသည်။ သူသည် နဂိုကလှသော ကလေးမဟုတ်ချေ။ ယခုမှာမူ သူ့ မျက်နှာ အနေအထားသည် ပြောင်းလဲလာလေသည်။ သူ့ မျက်[illegible]များသည် ယခင်ထက် ပို၍ ကြီး၍ မျက်စိများသည် ပို၍ နက်လာပေသည်။ ယခင်ကထက် ပို၍လှလာပေသည်။ သေပန်းပွင့်သည်ဟု ဆိုရ





မလား။ သို့တည်းမဟုတ် မေတ္တာရေစင် အဖျန်းခံရ၍ပွင့်လန်းလာသည်ဟူ၍ပင် ဆိုရလေမလားမပြောတတ်ပါ။

အမျိုးသမီးက ဂျွန်ကို ချီ၍ ပါးချင်းထပ်ထားသည့်အခါများတွင် ကျွန်တော်သည် သူတို့၏ မျက်နှာနှစ်ခုကို ကြည့်မိပါသည်။ ကြည့်မိလျှင် စိတ်တွင် အတွေးသစ်များ ပေါ်လာတတ်ပါသည်။ ဤအမျိုးသမီး၏ နှလုံးသားမှ ထွက်လာသော မေတ္တာရောင်ရှိန်သည် ကလေး၏ မျက်နှာကလေးကို လွှမ်းပြီးလျှင် ကလေးမျက်နှာသည် သူ့ မျက်နှာနှင့်တူသလိုလို ဖြစ်လာလေသလားဟု တွေးမိပါသည်။ ထိုမျက်နှာ နှစ်ခုတွင် နဖူးနှစ်ခု၏ ကြည်လင်ပုံ၊ မျက်ခုံးနှစ်စုံ၏ လှပသော အကွေး၊ မျက်တောင်နှစ်စုံ၏ ရှည်သွယ်နွဲ့နှောင်းပုံ စသည်တို့မှာ တစ်ထေရာတည်း ဖြစ်နေလေသည်။ သူတို့နှစ်ယောက်၏ နှုတ်ခမ်းများသည်လည်း အတော်ပင် တူနေလေသေးသည်။

ကလေးသည် ဘယ်သောအခါမျှ မပြုံးဖူးသဖြင့် သူ့ နှုတ်ခမ်းကလေးများ၏ အလှရောင်သည် ထွက်မလာခဲ့ဖူးချေ။ သို့သော် အမျိုးသမီး၏ နှုတ်ခမ်းမှ ထွက်လာသော အပြုံး၏ အလှကိုမူ ကျွန်တော် ထိုညက မြင်လိုက်မိပါသည်။ အပြုံးပေါ်လာချိန်မှာကား ဂျွန်က သူ့ နှုတ်ဖျားမှ တစ်ခါမျှ မထွက်ခဲ့ဖူးသော စကားကို အမျိုးသမီး ကြားရသောအခါပင် ဖြစ်ပါသည်။ ယင်းစကားသည် အမျိုးသမီးတိုင်း ကြားရလျှင် ကျေနပ်လှသော စကားဖြစ်သည်။ 'မေမေ—မေမေ' ဟူသည်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးသည် ဂျန်ကို သိပ်ပြီးလျှင် သူ့အိပ်ရာဘေးနားတွင် ထိုင်စောင့်နေသည်။ ကလေးသည် တစ်ညလုံးကောင်းကောင်းမအိပ်ရ။ မိုးလင်းခါနီးမှ ငိုက်မျဉ်းသွားရှာသည်။ ကျွန်တော်လည်း အမျိုးသမီးကို မိုးမလင်းခင် အစီနာရီလောက် လှဲပါဦးဟု ပြောရသည်။ သူသည် ရှီဆယ်လီကို အစောင့်ထားပြီးလျှင် လှဲနေလိုက်သည်။ နောက်တစ်ဖန် ကျွန်တော်သည် ဂျန်၏အိပ်ခန်းသို့ ရောက်လာသောအခါ ထိုင်စောင့်နေသော ရှီဆယ်လီက သူတို့နှစ်ယောက်လုံး အိပ်ပျော်နေကြပြီဟု ပြောပြသည်။

'ကြည့်စမ်းပါ...ကလေး အိပ်မက် မက်နေတယ်နဲ့တူတယ်' ဟု ရှီဆယ်လီက ဆိုသည်။

ကလေး၏ မျက်နှာမှာ ငြိမ်သက်၍ သူ့နှုတ်ခမ်းလေးတွင် ပြုံးရောင် သမ်းလျက်ရှိသည်။ အပြုံးကလေးမှာ အလွန်လှပသည်။ ကျွန်တော်သည် ကလေး၏ ရင်ပေါ်သို့ လက်တင်၍ စမ်းကြည့်သည်။ ကလေး နှလုံးသွေးမှာ ရပ်နေချေပြီ။ ပြုံး၍ သေနေရှာသော ကလေး၏မျက်နှာကို ကြည့်ရာမှ အိပ်ပျော်နေသော အမျိုးသမီး၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ မျက်နှာနှစ်ခုမှာ အတူတူပင်ဖြစ်နေလေသည်။

နံနက်တွင် အမျိုးသမီးသည် ဂျန်ကို နောက်ဆုံးအကြိမ် ရေချိုး၍ အဝတ်သစ် အစားသစ် ဝတ်ဆင်ပေးသည်။ ထို့နောက် ရှီဆယ်လီ၏ အကူအညီကိုပင် လက်မခံဘဲ သူကိုယ်တိုင် ကလေး၏အလောင်းကို ခေါင်းထဲသို့ ထည့်သည်။ ကျွန်တော်သည် ခေါင်းအဖုံးကို ပိတ်ရာတွင် သူသည် ကျိတ်၍ငိုလေ





သည်။ ကလေးကို တစ်နယ်တမြေမှာထားပြီး သူ့နိုင်ငံသို့ ပြန်မသွားချင်ဘူးဟု ဆိုသည်။

'ဒီလိုဆိုရင် သူ့ကို ခွဲမထားခဲ့နဲ့ပေါ့၊ အင်္ဂလန်ကိုယူသွားပြီး ခင်ဗျားတို့ရဲ့ ဘုရားရှိခိုးကျောင်းဝင်းထဲက သင်းချိုင်းမှာ သင်္ဂြိုဟ်ပါလား' ဟု ကျွန်တော်က ပြောလိုက်သည်။

'ဟင်... ဒီလို ယူသွားလို့ ရသလား၊ ယူချင်လိုက်တာ' ဟု ဝမ်းသာအားရပြောကာ မျက်ရည်တွေကြားမှ ပြုံးလိုက်လေသည်။ သူ့အပြုံးမှာ သွားလေသူကလေး၏ အပြုံးနှင့် တစ်ထေရာတည်းပင်။

'ရပါတယ်၊ ကျွန်တော် အားလုံးစီစဉ်ပေးပါမယ်'

ကျွန်တော်သည် ပြောရင်းပင် ပိတ်မည်ပြုသော အဖုံးကို ပြန်၍ဖယ်ပေးလိုက်ရာ သူသည် ဝိုင်အိုလက် ပန်းခိုင်ကလေး တစ်ခိုင်ကို ကလေး၏ ပါးအနီးတွင် ချပေးလိုက်သည်။

'ကျွန်မမှာ သူ့ကိုပေးစရာ ဒီပြင် မရှိတော့ဘူး' ဟုဆိုကာ ချုံးပွဲချ၍ ငိုလေသည်။

'သူ ဒီပစ္စည်းလေးကိုလဲ သူနဲ့အတူ ယူသွားချင်ရှာလိမ့်မယ်' ဟုဆိုကာ ကျွန်တော်က စိန်ရင်ထိုးကလေးကို ကျွန်တော့် အင်္ကျီအိတ်ထဲမှထုတ်၍ ကလေး၏ ခေါင်းအုံးတွင် တွယ်ပေးလိုက်သည်။

'ဒီရင်ထိုးကလေးဟာ သူ့အမေရဲ့ ပစ္စည်းပဲ' ဟု ဆက်၍ ဆိုလိုက်ရာတွင် အမျိုးသမီးသည် သူ့ရင်သွေး၏အလောင်းကို ဖက်ရန် လက်ဆန့်လိုက်ရာမှ သတိမေ့၍ လဲသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဂျွန်၏ သင်္ချိုင်းကို မြင်ဖူးပါသည်။ အင်္ဂလန်နိုင်ငံရှိ ပန်းစုံပေါသော ဆင့်မြို့နယ်တွင် အလှဆုံး ဘုရားရှိခိုး ကျောင်းဝင်းတစ်ခုထဲတွင်ရှိသည်။ သူ့သင်္ချိုင်း ပေါ်တွင် ဝိုင်အိုလက် ပန်းကလေးများ ဝေဝေဆာဆာ ပွင့်လျက်ရှိသည်။ သစ်ကိုင်းပေါ်တွင် ငှက်ကလေးများ နားရင်း တေးဆိုနေကြသည်။ ဂျွန်၏ သင်္ချိုင်းကိုသာ ကျွန်တော် တွေ့ရသည်။ ဂျွန်၏ မိခင်ဖြစ်သော ထူးထူးခြားခြား လှပသည့် အမျိုးသမီးကိုကား ကျွန်တော် နောက်ထပ် မတွေ့ရတော့ချေ။ မတွေ့ရတာဘဲ ခပ်ကောင်းကောင်းပါလေ။





## ခေါင်းလောင်း

(ယူဂိုဆလေးဗီးယားစာရေးဆရာ ဂျီးဇက်ကောစေဆာ)

အဘွားကြီး အာနာဆူဗစ်သည် လူသူတောမှ တတ်နိုင်သမျှ ရှောင်ထွက်၍ ထူးထူးဆန်းဆန်း တစ်ယောက်တည်းနေလေ့ ရှိသည်။ သူသည် ရေတွင်းနှင့်အိမ်ကို ဆက်စပ်ထားသော အမိုးရှိသည့် စကြံတစ်လျှောက်တွင် လျှောက်၍ ရေခပ်သည်။ သူ့မီးဖိုဆောင်လေးထဲတွင် လှုပ်လှုပ်ရှားရှားလုပ်သည်။ သူ့အခန်းကလေးထဲတွင်လည်း လှုပ်လှုပ်ရှားရှား လုပ်သည်။ သူငှားထားသော အခန်း နှစ်ခန်းထဲသို့ တစ်ခါတစ်ရံ ဝင်သည်။ ထိုအခန်းငှားခသည် သူ့ဝင်ငွေဖြစ်သည်။ သူ့ဘဝရပ်တည်မှု အတွက်ဖြစ်သည်။ ယင်းတို့အားလုံးသည် သူ၏ လောကပင် ဖြစ်၏။ သူ့ဘဝသည် နုချာ၍ ငြိမ်းငွေ့ဖွယ်ရာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူသူနှင့် အဆက်အသွယ်မလုပ်ဘဲ နေနိုင်သလောက် ကြိုးစား၍နေသည်။ အခန်းငှားများနှင့် တစ်ခါတစ်ခါ အိမ်လခ တောင်းသည့်အခါ၌ လိုအပ်သော စကားတစ်ခွန်း နှစ်ခွန်း ပြောလေ့ရှိသည်။

အာနာသည် အသက်ရှစ်ဆယ်ရှိလေပြီ။ သူ့ဆံပင်သည် သန်း၍ ဖြူဖွေးနေ၏။ သူ့ခါးသည် ကုန်း၏။ အရွယ်နှင့် မလိုက်အောင် သူ့မျက်နှာသည် လှပချောမောလေသည်။ ဆောင်းဦးကာလ ကြွေခါနီး သစ်ရွက်ပမာ သူ့မျက်နှာတွင် အကြောင်းများ ထင်းထင်းပေါ်လျက် ရှိသည်။ သူ့မျက်လုံးပြာ နှစ်သွယ်သည် ရေကဲ့သို့ ကြည်လင်လျက်ရှိသည်။ အပြင်လောက တစ်ဝန်းလုံးကို အေးဆေး ငြိမ်သက်စွာ ကြည့်၍ နေတတ်လေသည်။

သူ့အိမ်နီးချင်းတို့သည် သူ့ကို ရှောင်နိုင်သလောက် ရှောင်ကြ၏။ အကြောင်းရင်းကို မသိသဖြင့် ထူးဆန်းသော သတ္တဝါတစ်ဦးသဖွယ်ပင် သဘောထားကြသည်။

'သူက ဘယ်သူ့ကိုမျှ အနှောင့်အယှက်မပေးဘူး။ ဘယ်သူကမျှလဲ သူ့ကို အနှောင့်အယှက် မပေးကြပါဘူး။ ဒါပေမယ့် သူ့ကို ကြည့်လိုက်ရင် ကြည့်တဲ့လူရဲ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ဒီလိုနေတာမျိုးကိုက ကြောက်စရာလိုလို လန့်စရာလိုလိုပေါ့' ဟု အိမ်နီးချင်းတို့က သူ့အကြောင်းနှင့်စပ်လျဉ်း၍ ဆိုတတ်ကြသည်။

အဘွားကြီးကလည်း သူ့အိမ်နီးချင်းတို့၏ သဘောထားကို ရိပ်မိသည်။ ထို့ကြောင့်လည်း သူကိုယ်တိုင်က သူတို့ကို





ရှောင်နိုင်သမျှ ရှောင်သည်။ မျက်နှာချင်း မဆိုင်မိအောင် ကြိုးစား၍ရှောင်သည်။ သို့မှသာလျှင် သူ့အကြောင်းကို သူတို့ပြောဖို့သာ မဟုတ်၊ ထည့်သွင်းစဉ်းစားဖို့ပင် အခွင့်အခါမကြုံ ဖြစ်နေပလိမ့်မည်ဟု သူ ယူဆမိလေသည်။

လူများက သူ့ကို ဘယ်သို့ သဘောထားသည်ကိုပင် သူက တွေး၍ စိတ်ခုနေခြင်းသည် ထူးဆန်းလှသော အချက်တစ်ရပ်ဖြစ်သည်။

'ဒီအဘွားဟာ တစ်ကမ္ဘာလုံးကို မုန်းအောင်' ဟု ဝတုတ်တုတ်၊ မျက်နှာနီနီနှင့် ပေါင်မုန့်ဖိုရှင်၏ လက်ထောက်က ထင်မြင်ချက် ပေးလေသည်။

တကယ်တော့ အာနာသည် ဘယ်သူ့ကိုမျှ မမုန်းပေ။ သူသည် လူအများနှင့် ရောနှောဆက်ဆံမှုမပြုဘဲ သူ့ဘာသာ သူနေပြီးလျှင် ခပ်တင်းတင်း ခပ်တည်တည် နေတတ်သဖြင့် အများအမြင်ဖြင့်သာ ပျော့ညံ့သောစိတ်ဓာတ်ရှိသည် ဆိုနိုင်သော်လည်း သူ့ကိုယ်ရေးတာကာတွင် ဒုက္ခကို သတ္တိရှိရှိ ကြိတ်မှိတ်ခံတတ်သော ပုဂ္ဂိုလ်မျိုးပင်ဖြစ်သည်။ သူ့လိုပုဂ္ဂိုလ်မျိုးသည် အသက်ရှည်ရှည်နေရ၍ ကိုယ့်ဒုက္ခကိုကိုယ် ကြိတ်၍ ခံရလေလေ၊ စိတ်ဓာတ်သည် ပို၍ခိုင်ခံ့လေလေ ဖြစ်တတ်ပေသည်။

အရောင်ဖျော့လေးတစ်စုံ၊ လက်ရာကလေး အတော် ကောင်းကောင်း ပန်းချီကား သုံးလေးခု၊ အမိုးမှာ ထွင်းထားသော အပေါက်မှ မြင်ရသည့် မိုးကောင်းကင်၊ လေကောင်း လေသန့်နှင့် အစားအသောက် အသင့်အတင့်၊ ထိုအရာတို့သာ



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူတို့လိုပုဂ္ဂိုလ်မျိုးအဖို့ ဘဝအခြေအနေ သာယာ၍ ကျေနပ်ဖွယ်ဖြစ်သည်ဟု ဆိုရပေမည်။

အဘွားကြီး အာနာသည် အများက ထင်သလို အဖော် ဆင်းမဲ့လွန်းလှသည် မဟုတ်ပေ။

အထက် ဆောင်းတောင်ထက်တွင် တစ်ခုခုရှိ၏။ ထိုတစ်ခုခု သည် အဝေးမှပင် ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား ကြားနိုင်အောင် အသံထွက်လေသည်။ အာနာသည် ထို အရုဝတ္ထုနှင့် သူ့အခန်း မည်းမှောင်မှောင်ဆလေးထဲမှနေ၍ ရင်းရင်းနှီးနှီး မိတ်ဖွဲ့လျက်ရှိသည်။ သူ့မိတ်ရင်းသည် နေရောင် ခြည်သန်း၍ နှင်းဆီရောင် ဆမ်းလျက်ရှိသော နံနက်မိုးလင်းစ အချိန်ကို နိူးလေသည်။ တစ်ဖန် သူ့အသံသည် နေ့အလယ်ကို မဆုံးနိုင်သော မျဉ်းကြောင်းပါးကလေးဖြင့် တည့်တည့်ဖြတ် လိုက်ပြီးလျှင် လွမ်းစဖွယ် ညနေစောင်း၏ ရွှေ့ပြောင်းဖြစ် လေသည်။ သူသည် စိတ်မချမ်းမြေ့ဖွယ် အခါသမယကိုလည်း ကြေညာသည်။ ယင်းသို့ ကြေညာလိုက်လျှင် သူ့အသံကို ကြားရသူအပေါင်းတို့သည် သချိုင်းမြေပုံများ၊ လက်ဝါး ကပ်တိုင်များ၊ သေခြင်းတရား၊ စိတ်မချမ်းမသာဖြစ်စေသော မသာအခမ်းအနား၊ ပန်းခွေများ၊ ရွှေစာလုံးဖြင့် ကမ္ပည်း ထိုးထားသော ခေါင်းများ အားလုံးကို ထင်မြင်လာကြ ကုန်၏။

ထို့ပြင်လည်း အခြားသော အမြင်မျိုးကိုလည်း မြင်စေ လေသေးသည်။





ငွေရောင်ဆံပင်နှင့် အဘွားကြီး အာနာ၏ မိတ်ရင်းသည် ထ၁း စိန့်စတီဖန် ဘုရားရှိခိုးကျောင်းထိပ်ရှိ ခေါင်းလောင်း စင်ကြီးတွင် အလယ်၌ ချိတ်ဆွဲထားသော ခေါင်းလောင်း အိုကြီးပင် ဖြစ်လေသည်။

အခြား ခေါင်းလောင်းများလည်း အသံ သာကြပါပေ သည်။ သို့ရာတွင် ထိုခေါင်းလောင်းကြီး၏ အသံသည်သာလျှင် အဘွားကြီး၏ အသည်းစွဲ ဖြစ်သည်။ သူ့အဖို့ ထူးခြားသော ဩဇာရှိပေ၏။

အာနာသည် အသက်ဆယ့်ငါးနှစ် အရွယ်က ဆံပင်အလွန် ကောင်းလှသည်။ သူ့အဝတ်ဖြူ ပါးပါးကလေးပေါ်တွင် ရောက်ခွန်မှုရေများ တဖွားဖွား ကျနေဘိသကဲ့သို့ သူ့ဆံပင် သည် ဖွားဖွားကျလျက် ရှိလေသည်။ အဝတ်အစား နုနယ် သည်နှင့်အမျှ သူ့ကိုယ်ကာယလည်း နုနယ်သွယ်ပျောင်း နွဲ့ နှောင်းလှပေသည်။ မိုးနတ်မယ်ကလေးသဖွယ် တင့်တယ်လေ သည်။

ထိုအခိုက်အခါသည်ကား နီနီရဲရဲ ကြေးခေါင်းလောင်း ကြီးကို ဘုရားရှိခိုးကျောင်းထိပ်ရှိ ခေါင်းလောင်းစင်ပေါ်သို့ တင်သော ခေါင်းလောင်းတင် ပွဲတော်ပင် ဖြစ်သည်။ နတ် ယ်လျှ အာနာသည် များစွာသော လူထုပရိသတ်ကြားတွင် ပ်လျက် ကြေးနီခေါင်းလောင်းကြီး အထက်သို့ တက်သွား ည်ကို မျက်လုံး ဝိုင်းဝိုင်းစက်စက်ကြီးများဖြင့် တအံ့တသြ ေးကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းကြီးကို စင်ပေါ်သို့ တင်ပြီးနောက် တစ်လအကြာတွင် ဓာနာသည် ပထမအကြိမ် အနမ်းခံရသည်။ သူ၏ နမ်းဦးရှင် သူ့အချစ်သည် ဆံပင်နီနီနှင့် မျက်လုံးပြာပြာ ရှိသော လုလင်ငယ် ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည် နွဲ့နှောင်းလှသည်။ လက်ကလေးများသည်လည်း နုနယ် သေးသွယ်လှ၏။ သူတို့နှစ်ယောက်သည် သမီးရည်းစားနှင့် မတူလှတဲ့ မောင်နှမနှင့် တူနေတော့သည်။

သူက သူ့ချစ်သူကို အနမ်းဦးပေးသည့် နေရာသည်ကား ပန်းတွေ ဝေဝေဆာဆာ ပွင့်နေသည့်(လီလက်)တမာခါ ပင်ကြီးအောက်မှာပင် ဖြစ်၏။ သစ်ပင်ပေါ်တွင် ပျားများ တဝီဝီ အုံဖွဲ့နေကြသည်။ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများသည် ညံညံစီလျက်ရှိ၏။ အသစ် တင် ထား သော ခေါင်းလောင်းကြီးမှ ထွက်လာသောအသံသည် ပတ်ဝန်းကျင်တွင် ဖြာ၍သွားကာ သူတို့နှစ်ယောက်၏ အနမ်းများကလေးနက် မှန်မြတ်စေသည်ဟု သူတို့ ထင်ကြရလေသည်။

တစ်နှစ်အတွင်းမှာပင် သူ့ချစ်ဦးသည် အသည်းရောဂါဖြင့် သေဆုံးလေသည်။

သူသည် ကျိတ်၍ပူဆွေးသည်။ သူ့ချစ်သူ၏ အသုဘအခမ်းအနားတွင် ခေါင်းလောင်းကြီး၏အသံသည် အလွန်တက်ကြွကြွ ကြေကွဲဖွယ် ဖြစ်လျက် ဘုရားရှိခိုး ကျောင်း ပရဝုဏ်တစ်လုံး ပျံ့နှံ့ လွှမ်းခြုံလေသောကြောင့် သူသည် တစ်ကိုယ်လုံး ထုံ၍ ထူးခြားသော ဝေဒနာကို ခံစားရလေသည်။





နောက်၊ သူ့မိခင်ကြီး ကွယ်လွန်သည်။ နောက် သူ့ဖခင်ကြီး သေချာသို့ လိုက်ပြန်လေသည်။ သူသည် အသုဘအခမ်းအနားတွင် အဝတ်နက်ဝတ်လျက် ခေါင်းနောက်မှ အုန်းလက်ကျိုးသဖွယ် လိုက်ပါလာလေသည်။ အဝတ်နက်၏ နောက်ကွယ်တွင် သူ၏မျက်နှာနှင့် လက်တို့သည် ဖြူဖွေး၍ အံ့ဖွယ်ကောင်းအောင် ဝင်းတောက်လျက် ရှိကြလေသည်။ သူသည် စိတ်ကို ချုပ်တည်းသော်လည်း တစ်ခါတစ်ရံ ထိန်း၍ရတော့မည်မဟုတ်သကဲ့သို့ ဖြစ်သည်။ သို့ရာတွင် ခေါင်းလောင်းသံက သူ့အသည်းနှလုံးထဲသို့ စူးဝင်သွားပြီးလျှင် အဆုံးအစမရှိသော ခံနိုင်ရည်သတ္တိကို ပေးလေသည်။ သူ့စိတ်ဓာတ်ကို မြင့်တင်ပေးလေသည်။ ထို့ကြောင့်ပင်လျှင် သူသည် ဒုက္ခအဝဝကို ကျိတ်မှိတ်၍ ခံနိုင်ရည်ရှိကာ လူ့ဘဝတွင် မယိမ်းမယိုင် နေသွားနိုင်လေတော့သည်။

လူ့လောကသည် အစဉ် တိုးတက်ဖွံ့ဖြိုးလျက် ရှိသည်။ သူသည်လည်း တဖြည်းဖြည်း အသက်အရွယ် ကြီးမြင့်အိုမင်းလာလေသည်။ သူ့အဖို့ ခေါင်းလောင်းကြီး၏ အသံသာလျှင် အသက်ရှည်ဆေး ဖြစ်သည်။ ခေါင်းလောင်းသံက ပေးသော စိတ်ဓာတ်အင်အားကြောင့် ပူဆွေးမှု ဒုက္ခအသွယ်သွယ်သည် ပေါ့ပါး ပျောက်ကွယ်ကြရသည်။ ခေါင်းလောင်းသံသည် အပြောကျယ်လှသော တောင်းကင်ပြာတစ်လွှားတွင် သူ့အဖော်ကောင်းမဲ့၍ ရှင်လန်းချမ်းမြေ့မှု တိတ် လျက် ရှိသည့် ဘဝအဆွေးသမိုင်းကို မြတ်သားသော သံနိမ့်သံမြင့်တို့ဖြင့် ရေးမှတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း ဝတ်ရွတ်ချိန်တွင်လည်းကောင်း၊ ငြိမ်သက် အေးချမ်း၍ ရောင်ထိန်လင်းသော နံနက်ခင်း၌ လည်းကောင်း အဘွားအို အာနာသည် သူ၏ဖြူဖွေးနေသောဆံပင်ကို ကျစ်၍ နေခိုက်တွင် သူ့ချစ်မိတဲ့ ခေါင်းလောင်းကြီးသည် သံမှန်ဖြင့် မြည်ဟီးနေလေတော့သည်။ ခေါင်းလောင်းသံတို့သည် အဘွားကြီး၏ ငွေရောင် ဆံပင်များနှင့် ရောထွေး လိမ်ယှက်လျက် ရှိလေသည်။ အဘွားကြီးသည် ကျေနပ် နှစ်သိမ့်လျက် သူ့ရင်ထဲမှ နှလုံးခုန်သံသည် ခေါင်းလောင်းသံနှင့် ယှဉ်ပြိုင် ရောနှောလျက် ရှိသည်ဟူ၍ အောက်မေ့ ဝမ်းမြောက်နေမိလေသည်။

လွန်ခဲ့သည့် နှစ်နှစ်လောက်က အာနာသည် ဘုရားရှိခိုးကျောင်း ခေါင်းလောင်းစင်ပေါ်သို့ အဆောက်ကြီးကြီးပမ်းပမ်း တက်၍ သူ့ချစ်သူ ခေါင်းလောင်းကြီးကို ကြည့်လေသည်။

အာနာသည် ခေါင်းလောင်းကြီးကို အချိန်အကြာကြီး ငေးကြည့်နေသည်။ ထို့နောက် သူ၏ အကြောပြိုင်းပြိုင်း လက်ကြီးများဖြင့် ခေါင်းလောင်းကြီးကို ကိုင်လျက် ရှင်တထိတ်ထိတ် ဖြစ်နေလေသည်။ အနှစ် လေးဆယ်ကျော်လောက် ကွဲကွာပြီး ပြန်တွေ့ရသော မိတ်ရင်းတစ်ယောက်ကို လက်ဆွဲ နှုတ်ဆက်ရသကဲ့သို့ပင် ဖြစ်သည်။ လီလက်ပင်ကြီးအောက်တွင် ချစ်သူနှစ်ဦး တွေ့ဆုံပြီး နမ်းဦးရသောအချိန်ကို ပြန်ပြောင်း သတိရမိလေသည်။

အဲဒီတုန်းကပေါ့၊ ပန်းတွေဝေလို့၊ ခေါင်းလောင်းသံကြီးကလဲ လှိုင်ပါတိသနဲ့





အာနာသည် ထိုအတွေးကြောင့် ထိတ်သလိုလို၊ လန့်သလိုလိုနှင့် ရှက်ဖို့မိသည်။ ခေါင်းလောင်းကြီးကများ သူ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်လေမလား ဟူသော အတွေးကလေး ရေးရေး ပေါ်လာသဖြင့် ခေါင်းလောင်းကြီးကို ကြောက်အားပို့သော အကြည့်ဖြင့် ကြည့်နေမိလေသည်။ သို့ရာတွင် ခေါင်းလောင်းကြီးအဖို့လည်း မြည်ရလွန်း၍ မောပန်း ငြီးငွေ့နေဟန်ဖြင့် ဝတ္တရားအရ မြည်တီးရသည့် အခိုက်၏ အဆုံးတွင် အနားယူသည့်အနေဖြင့် ငြိမ်သက်လျက် ရှိလေသည်။ သူ့ချစ်သူ ခေါင်းလောင်းကြီး၏ ဘေးနှစ်ဖက်ရှိ ခေါင်းလောင်းကြီးများက သူ့ကိုကြည့်၍သရော်နေကြသည်ဟု ထင်မိသည်။

သူသည် အသက်အောင့်ပြီးလျှင် ထိုးတံကို ကောက်ကိုင်၍ သူ့ခေါင်းလောင်းကြီးကို ထိုးကြည့်လိုက်မိသည်။ တွက်လာသော အသံသည် သူ့အဖို့ မြင့်မြတ်၍ အင်အားကြီးမားလှပေသည်။ စိတ်ဘက်ကြွဖွယ်ဖြစ်လေသည်။ တုန်ခါနေသော သူ့နဖူးတွင် အေးစက်စက် ချွေးပေါက်များ သီးလျက်ရှိ၏။ သူ့နှလုံးသားသည် အခုန် ရပ်သွားသည်ဟု ထင်ရ၏။ သူ့သွေးကြောထဲမှ သွေးတို့သည်လည်း ရပ်သွားသည်ဟု ထင်မိသည်။

တာဝန်ဝတ္တရား အရသာ ဆောင်ရွက်နေရသဖြင့် စိတ်၏ လှုပ်ရှားမှု လုံးဝမရှိသော ခေါင်းလောင်း ထိုးသားကြီးသည် ပေါ်ကြောင်ကြောင် အဘွားကြီးကို တစ်ချက် လှမ်း၍ ကြည့်လိုက်သည်။ သူ့လက်ထဲတွင် ရောက်နေသော အဘွားကြီးပေးသည့် ငွေစအေလေး၏ မျက်နှာကြောင့် အဘွားကြီး၏



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဇာတ်မြစ်ကို စုံစမ်းဖို့ မလိုဘဲ သူ့ စိတ်ကူးနှင့်သူ မြူးမူ ချက်ကို မစစ်ဆေးတော့ဘဲ အဘွားကြီးကို သနားကြည့် ကြည့်၍ ပြုံးနေလိုက်လေသည်။

အဖိတ်နေ့တစ်နေ့ညတွင် အာနာသည် စိတ်ချောက်ချား သဖြင့် ကောင်းစွာမအိပ်နိုင် ဖြစ်ရသည်။ အိပ်မက်များ မကောင်းဘဲ စိတ်လေးနေသဖြင့် အိပ်မပျော်ခြင်းဖြစ်သည်။ သူသည် ထိုနေ့က စိတ်အနှောက်အယှက်ဖြစ်ရသော အတွေ့ အကြုံတစ်ခုနှင့် ကြုံတွေ့လိုက်ရသည်။ သူ့ အခန်းငှား တစ် ယောက်သည် သူ့ အား အခန်းငှားခမပေးဘဲ တိတ်တဆိတ် ပြောင်းရွှေ့သွားခြင်းပင် ဖြစ်၏။ သူ့မှာ နဂိုကပင် ငွေရေး ကြေးရေး ကြပ်တည်းရသည့်အထဲတွင် ယခုကဲ့သို့ ဖြစ်ရသော ကြောင့် ပို၍ပင် ဒုက္ခရောက်ရလေသည်။

စိတ်အနှောက်အယှက် ဖြစ်သဖြင့်အိပ်မပျော်သောကြောင့် မိုးသင်းခါနီးတွင် ကြားနေကျ ခေါင်းလောင်းသံကို စောင့် မျှော်မိလေသည်။ စောင့်ရလွန်း၍ ညတာပို၍ရှည်သည်ဟုပင် သူထင်မိ၏။ နောက်ဆုံး၌ မိုးသောက်ရောင်ခြည်တို့သည် သူ့ အခန်း၏ ပြတင်းမှဝင်လာကြသည်။ ထိုအခါမှသာ ခေါင်း လောင်းသံကို ကြားရသည်။ သို့သော် အသံမှာ ထူးခြားလှ ချေ၏။ အသံမှာ၊ အသံကြမ်းကြီး ဖြစ်နေတော့သည်။ ကြမ်း တမ်းပြင်းထန် လှချေသည်။ ခေါင်းလောင်းထိုးသမား၏ မကျန်းမာကျင်မှုကို ထင်ရှားစွာ ပြလျက်ရှိသည်။ ခေါင်း လောင်းကြီးသည် အနှိပ်စက်ခံရသဖြင့် ထွက်လာသော အသံ များကို မြည်ထုတ်လိုက်ခြင်း ဖြစ်သည်။





အာနာသည် ခေါင်းလောင်းသံကို ကြားသောအခါ စိတ် မချမ်းမြေ့ ဖြစ်ရသည်။ သူ့ နှလုံးသားကို ကြိုက်လိန်လိုက် သကဲ့သို့ ပြင်းပြစူးရှသော ဝေဒနာကို ခံစားရရှာသည်။ အသံ ကြမ်းကြီးများ ထွက်လာပြီးနောက် မကြာခင်မှာပင် ခေါင်း လောင်းကြီးသည် သေမည့်ဒဏ်ရာကို ရလိုက်သကဲ့သို့ ညည်း တွားသံ ပြုပြီးလျှင် ဆိတ်ငြိမ်သွားလေတော့သည်။ အတန် ကြာ ရပ်နားပြီးလျှင် နောက် ခေါင်းလောင်းသံ တစ်ခုကို သူ့ ခေါင်းလောင်းကြီး၏ အသံအစား ကြားရလေသည်။

နံနက်မှာပင် သူသည် အဝတ်နက်ကို ဆင်မြန်းလျက်ဘုရား ရှိခိုးကျောင်းသို့ လျှောက်သွားလေသည်။ ကျောင်းထဲတွင် ဒူးထောက်၍ ဘုရားရှိခိုး ဆုတောင်းရင်း သူ့ ခေါင်း လောင်းကြီး၏အသံကို စောင့်၍ နားစွင့်နေလေသည်။ သို့ ရာတွင် သူ့ အဖို့ အချည်းနှီးပင်။ ဝတ်ရွတ်စဉ်တွင် အခြား ခေါင်းလောင်းသံများကို ကြားရ၏။ သူ့ ခေါင်းလောင်းသံ သည်ကား မပေါ်ထွက်လာချေ။

သူသည် စိုးရိမ်ကြောင့်ကြမှုဖြစ်ကာ တစ်ကိုယ်လုံးဖိန်းရှိန်း လျက် ရှိလေတော့သည်။

ဆုတောင်းခန်းမကြီးမှ ထွက်၍ ခေါင်းလောင်းထိုးသမား ကြီးကို လိုက်ရှာလေသည်။

သူ့ မိတ်ဟောင်း ခေါင်းလောင်းထိုး သမားကြီးအား သင်္ချိုင်း မြေထဲသို့ ရောက်နေရှာလေပြီ။ သူ့ နေရာတွင် တောသားလူငယ် တစ်ယောက် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ အလယ်က ခေါင်းလောင်းကြီး ဘာဖြစ်လို့ မမြည်တာလဲဟင်' ဟု သူက စိုးရိမ်တကြီးဖြင့် မေးလိုက်သည်။

လူငယ်က ပြုံးလေသည်။

'ဒီနေ့မနက်ပဲ ခေါင်းလောင်းကြီးဟာ ထိုးရင်းကွဲသွားတယ်။ ကွဲလဲ အရေးမကြီးပါဘူးဗျာ၊ ခေါင်းလောင်းကြီးက အိုလှပါပြီ၊ ခေါင်းလောင်းထိုးသမားသစ်က ခေါင်းလောင်းသစ်ကို ထိုးတာပဲ ကောင်းပါတယ်'

အဘွားကြီးသည် မျက်လုံးပြူး၍ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်သွားရှာလေသည်။

'ဟာ...ခေါင်းလောင်းကြီး သေပြီလား'

'ကျွန်တော်လဲ တတ်နိုင်သလောက်တော့ ကြိုးစားပြီးထိုးတာပဲ၊ ဒါပေမယ့် ခေါင်းလောင်းကြီးက အလယ်တည့်တည့်မှာ အက်နေတာကိုး၊ ဘယ်တတ်နိုင်မှာလဲ'

'ပြန်ပြင်လို့ မရနိုင်တော့ဘူးလား-ဟင်'

အာနာသည် အားတင်း၍ မေးလေသည်။

'ဘယ်ရတော့မှာလဲဗျ' ဟု ခေါင်းလောင်း ထိုးသမားကလေးက ပြန်ပြောပြီး ထွက်သွားလေသည်။

အဘွားကြီးသည် ထိုသူငယ်ကို ကျိန်ဆဲသော အကြည့်ဖြင့်ကြည့်၍ ကျန်ခဲ့လေသည်။ 'သူသတ်တာပဲ၊ မကောင်းဆိုးဝါးကောင်'





အာနာသည် ထိုအကြောင်းကို နေ့စဉ်နှင့်အမျှ တွေး၍ဆွေးနေလေသည်။ သူသည် သူသေသောအခါ သူ့ခေါင်းလောင်းကြီး၏ မြည်သံများ လှိုင်လှိုင် ကြွယ်နေခိုက်တွင် သင်္ချိုင်းမြေဖုံးထဲသို့ ဝင်မည်ဟု မျှော်မှန်းခဲ့လေသည်။

အဘွားကြီးသည်ဆုတောင်းခန်းမကြီးသို့ ဒရွတ်ဆွဲသလိုလိုဖြစ်လျက်ရှိသော ခြေလှမ်းများဖြင့် ပြန်သွားပြီးလျှင် သူ့ချစ်သူ ခေါင်းလောင်းကြီးအတွက် ဆုတောင်းဖို့ ကြိုးပမ်းလေ၏။ ထိုခေါင်းလောင်းကြီးသည် သူ့အဝဖြစ်စဉ် အရပ်ရပ်ကို သူ့မြည်သံများဖြင့် မှတ်တမ်းတင်ခဲ့လေသည်။ သူ့အောက်မေ့မိသမျှတို့ကိုလည်း ထိုခေါင်းလောင်းကြီး၏ မြည်သံများက ဖော်ပြန်ဟပ်ပေးခဲ့လေသည်။

ကြိုးပမ်းသော်လည်း မရနိုင်ချေ။ ဆုတောင်း၍ မဖြစ်နိုင်လောက်အောင် သူ့ရင်ထဲတွင် လေး၍ ပူလောင်လျက်ရှိသည်။ ယခုအခါ သူ့ကို အားသစ်ပေးပြီး ရွှင်လန်းချမ်းမြေ့သော အတိတ်ကာလ အဖြစ်အပျက် ကလေးများကို ပြန်လည်သတိရအောင် နှိုးဆော်ပေးမည့်ပုဂ္ဂိုလ် အဘယ်မှာ ရှိတော့မည်နည်း။ သူ့အမြတ်တနိုး ထားသော ဘဝဖြစ်စဉ်ကလေးများ ထည့်သွင်းသိုလှောင်ထားသော ဆွမ်းအုပ်ကြီးသည် ကြမ်းတမ်းသော လက်များကြောင့် ယခု ကွဲအက်သွားချေပြီ။

သူသည် တွေး၍ အသက်ရှူကျပ်လာသည်။ ထိုနောက် မကြာခင်မှာပင် ဆုတောင်းခုံရှည်ကလေး အောက်နားတွင်



www.burmeseclassic.com

www.burmeseclassic.com



ကွဲအက်သွားသော ခေါင်းလောင်းကြီးနှင့် အလားတူ ခွေခွေ အလေး သေနေရှာလေသည်။

ဘုရားရှိခိုးကျောင်း၏ နံရံများနှင့် မျက်နှာကြက်တွင် ရေးဆွဲထားသော သူတော်စင်တို့သည် အချင်းချင်း တီးတိုး စကား ဆိုနေကြဟန် ရှိလေသည်။

●



## တစ်ညတစ်ဘ၀

(အိုင်ယာလန်ဝတ္ထုရေးဆရာကြီး ရှန်းအိုဖေါလင်း)

…စ်ညတွင် အင်ဒီကိုးလ်မင်းသည် အိမ်သို့ ပြန်ရောက်လာ …သာအခါ သူ့ဖခင်၏ အတွင်းမှုတံခါး သော့ခတ်ပိတ်ထား …ည်ကို တွေ့ရသည်။ ယင်းသည် ပထမအကြိမ် မဟုတ်ချေ။ …မိခင် ကွယ်လွန်သည်မှာ ၆ လခန့် ရှိပြီ။ သူ့မိခင် မရှိတော …ည်းက သူ့ဖခင်က သူ့အပေါ် အငြိုးကြီး ငြိုးနေသည်။ …ာကြောင့်မှန်းတော့ မသိရပေ။ သူ့မိခင် မသေခင်တာ …အာင်းနေခဲ့ရသော မကျေရစိတ်များသည် သူ့မိခင်သေပြီး …ည့်နောက် ပေါက်ထွက်လာပြီးလျှင် သူ့အပေါ်သို့ သွန်း …း လေတော့သည်။

အင်ဒီသည် သူ့ဖခင်၏ မကျေရစိတ်ဟူ၍သာ သာမန်အား …ဆိုရသည်။ ဘာကြောင့် သူ့အပေါ်တွင် မလိုမုန်းထား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကိုမူ စဉ်းစား၍ မရပေ။ သူသည် မီးရထား
ဘက်တွင် အလုပ်ကလေး အစုတ်အနုတ်ကလေး တစ်ခုရရှိ
လုပ်နေသည်။ မိတ်ဆွေ အနည်းငယ် ရှိသည်။ ရည်းစားတော့
သူ့မှာ မရှိရှာချေ။ သို့ပါလျက်နှင့် သူ့ဖခင်က သူ့အပေါ်
တွင် မကျေမနပ် ဖြစ်နေသည်။ သူ လည်စည်းစည်းသည့်အခါ
ဖြစ်စေ၊ စီးကရက်ဖွာနေသည့်အခါ ဖြစ်စေ၊ လမ်းလျှောက်
ထွက်ခါနီး ဆံပင်ကိုဖြီးသည့်အခါ ဖြစ်စေ၊ ဘာပဲလုပ်လုပ်
သူ့ဖခင်မှာ မျက်စိကန့်လန့်နိုင် နေပုံရသည်။

အင်ဒီသည် အိမ်ရှေ့တံခါးကို ခပ်နာနာကလေး ခေါက်
ကြည့်သည်။

'ဘယ်သူလဲ' ဟု သူ့ဖခင် သဘောဆိုးကြီးက အိမ်အပေါ်
ထပ်မှနေ၍ မသိမသာ သဘောမျိုးဖြင့် အော်၍မေးသည်။

'ကျွန်တော်ပါ ဖေဖေ' ဟု အင်ဒီက အသနားခံသဖြင့် ပြ
ပြောသည်။

'ဒီအိမ်ကို ၁၀ နာရီမှာ ပိတ်တယ်' ဟု သူ့ဖခင်က အသံ
မာမာဖြင့် ဆိုသည်။

'အို…ဖေဖေ ဖော့လဲဗျာ၊ ကျွန်တော်ဝင်ပါရစေ' ဟု တောင်း
ပန်သံဖြင့် အင်ဒီက ဆိုသည်။

'ငါ ပြောပြီးပြီပဲ၊ ဒီအိမ်ကို ၁၀ နာရီမှာ ပိတ်တယ်လို့'

အင်ဒီသည် စိတ်ပျက်ပျက်ဖြင့် တံခါးကို ထပ်၍ခေါက
သည်။ သူ့ မိခင်သေဆုံး၍သာ သူ့မှာ ဒုက္ခမဖြစ်တန်ဘဲ ဖြစ်
သည်။ သူ့မိခင်ရှိစဉ်တုန်းက သူပြန်လာလျှင် အချိန်အခါမရွေ
အိပ်ရာမှထ၍ တံခါးဖွင့်ပေးရှာသည်။ သူ့ဖခင်လိုလူမျိုး





အဘိုးယောက်နှစ်ဆယ်က မည်မျှပင် တားစေကာမူလည်း ၎င်း
သားကို အိမ်အပြင်တွင် အိပ်စေမည် မဟုတ်ပေ။

အင်ဒီသည် စိတ်လွယ်တတ်သည်။ စမ်းသာစရာ ရှိလျှင်
စမ်းသာလွယ်သည်။ စမ်းနည်းစရာရှိလျှင်လည်း ဝမ်းနည်း
လွယ်သည်။ သူသည် မျက်နှာကိုလက်နှစ်ဖက်ဖြင့် အုပ်ပြီးလျှင်
ချုန်းမဲ့ချ၍ ငိုလေသည်။ သူ့မိခင်ကိုလွမ်းသည်။ သူ့မိခင်
ခမျာမှာ သူ့ဖခင်၏ဒဏ်ကို အမျိုးမျိုး ခံလိုက်ရရှာသည်။
စိတ်ဒုက္ခအမျိုးမျိုး ရောက်ခဲ့ရသည်။ ယင်းအဖြစ်ကို တွေးပြီး
ဝမ်းနည်းမှုဆိုးဖြစ်ကာ ငိုမိခြင်းပင် ဖြစ်၏။

အိမ်နီးချင်း အိမ်တံခါးသည် အသာပွင့်လာပြီးလျှင် မိန်းမ
တစ်ယောက်၏အသံက မေးသည်။ 'ဘာဖြစ်တာလဲ အင်ဒီ'

'ဘာမှမဖြစ်ပါဘူး၊ မစွန်ဝဲလ်' ဟု အင်ဒီက ဖြေလိုက်ပြီး
လျှင် သူ၏ကလေးဆန်သောပြုမူချက်ကို ချက်ချင်းပင်ရပ်သိမ်း
လိုက်သည်။ ရပ်သိမ်းသည်ဆိုစေကာမူ ရှုတ်တရက် ကလေးစိတ်
မကုန်သေးချေ။ ယခု တံခါး တစ်ခါနှစ်ခါ ခေါက်ရုံနှင့်
အိမ်နီးချင်း တစ်ယောက် နိုးလာလျှင် တံခါးကို အကြိမ်ကြိမ်
အခါခါ ခေါက်လိုက်လျှင် တစ်ရပ်ကွက်လုံး နိုးလာမည်ပင်။
ယင်းသို့ဖြစ်လျှင် သူ့ဖခင် သဘောဆိုးကြီးမှာ အရှက်တော်
ကွဲဖို့သာ ရှိသည်။ တံခါးဖွင့်ပေးရမည် ကောန်ပင်။ သို့သော်
အိမ်ထဲသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် သူ့ခမျာမှာ အဆဲ
မှန်ထိုင်း အတိုက်ခံရချေတော့မည်။

ထိုမျှော်လင့်ချက်က သူ့ကို မောင်းထုတ်လိုက်သည်။ သူ
သည် အိမ်ရှေ့မှ လှည့်ထွက်၍ လမ်းတစ်လျှောက်သို့ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ လမ်းတွင် တစ်ချီ ငိုလိုက်သေးသည်။ လမ်းပေါ်တွင် မိမိတို့၏ အိမ်များသို့ အသီးသီး ပြန်လာကြသော လူများကို တွေ့ရသည်။ ညမှာလည်း တဖြည်းဖြည်း ရင့်မှည့်လာလေသည်။ သူတို့မှာ ပြန်စရာ အိမ်အသီးသီး ရှိကြသည်။ သူ့မှာမူ ပြန်စရာအိမ်မရှိ ဖြစ်ရချေသည်။

အင်ဒီသည် လမ်းတွင် လူများက သူ့ကို မမှတ်မိအောင် မှောင်ကျသည့်ဘက်မှာ လျှောက်သည်။ သူ့အသိမိတ်ဆွေများ တွေ့သွားလျှင် သူ့မျက်နှာမှာ ရှိနေသော မျက်ရည်၏ အကြောင်းကို မေးနေကြချေဦးမည်။ သူတို့ထဲက တစ်ယောက်ယောက်က သူ့ကို အိမ်သို့ ပြန်ပို့ချင် ပို့လေဦးမည်။ သူ့ကို ချစ်ခင်ကြသူ များလေသည်။ သူ့ကို ခင်မင်ကြသည်မှာလည်း မထူးဆန်းလှပေ။ သူသည် လူတကာနှင့် တည့်သည်။ အားလုံးကို ဖော်ဖော်ရွေရွေ ဆက်ဆံသည်။ ယခုသို့ ဖြစ်ရပုံကို သူ ပြောပြရမှာ စိုးလှသည်။

သူသည် အိမ်မှထွက်ပြေးဖို့ စိတ်ကူးထည့်သည်။ စစ်ထဲဝင်ရ ကောင်းမလား၊ သင်္ဘောပဲ လိုက်ရကောင်းလေမလား။ သူ့ရင်ထဲက စိုးချစ်စိတ်ပျောက်မှ နှိုင်းနှိုင်းချိန်ချိန် စဉ်းစားကြည့်ရဦးမည်။ သူသည် တစ်ညလုံး လျှောက်၍ချည်းနေရ မသင့်ကြောင်းလို သတိမူမိသည်။ ခြေဦးတည့်ရာ လျှောက်နေလျှင် ရဲသားတစ်ယောက်ယောက် တွေ့မည် မုချ ဖြစ်သည်။ ရဲအဖမ်းခံရလျှင် အချုပ်ခံရမည်။ ရုံးပြင်ကန္နား ရောက်ရမည်။ နောက်နေ့ သတင်းစာထဲ ပါချေဦးမည်။ အဖမ်းမခံရအောင် အေးချမ်းစွာ လျှောက်နိုင်မည့်သော နေရာတစ်ခုရှိပေသည်။





ကမ်းနားဘက်ပင် ဖြစ်၏။ ယခုလိုအချိန်တွင် ကမ်းနားဘက်တွင် လူသူကင်းနေပေမည် ဧကန် ဖြစ်သည်။ ကုန်စည်အထုပ်အပိုးကြီးများကြားတွင် အိပ်လျှင် အနှောင့်အယှက် ကင်းပေမည်။ မိုးမရွာသည့်ည ဖြစ်သဖြင့် ကောင်းကောင်းအိပ်နိုင်မည်မှာ သေချာသည်။

အင်ဒီသည် စိတ်ဓာတ် အတော်ပင် ကျလျက် ရှိသည်။ သူသည် စိတ်လေးလေးဖြင့် မီးရောင်ခေါင်းပါးသော အမှောင်အားကြီးသော ဆိပ်ကမ်းသို့ လျှောက်သွားသည်။ အိပ်ခံသမ္ဗန်များတွင် သင်္ဘောအလေး နှစ်စင်းကိုသာ မြင်ရသည်။ သင်္ဘောများပေါ်တွင် လူရိပ်သူရိပ် မမြင်ရပေ။ သူသည် ဆက်၍ လျှောက်လေသည်။ ဂိုဒေါင်အချို့ကို လွန်၍ သွားသောအခါ မီးရောင်ဝင်းဝင်းတစ်ခုကို မြင်ရသည်။ အစောင့်မွှေးထားသော မီးဖိုမှ ထွက်လာသော မီးရောင် ဖြစ်သည်။ အစောင့်သည် သူ့မတ်တတ်တဲကလေးထဲတွင် ထိုင်နေသည်။ အစောင့်၏ အသက်အရွယ်မှာ ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ရှိသည်။ သူ့ဆံပင်မှာ ခပ်တိုတို ညှပ်ထားသည်။ နှုတ်ခမ်းမွေးပါးပါးနှင့် သူ့အသားအရောင်မှာ ဖြူပြာပြာ ဖြစ်သည်။ သူ့မျက်စိများမှ ပြာသည်။ မီးရောင်၏ အပူရှိန်ကြောင့် မျက်ကွင်းများ နီလျက် ရှိသည်။ သူသည် အင်ဒီကို မသင်္ကာသော အကြည့်ဖြင့် ကြည့်နေသည်။

အင်ဒီသည် ဖော်ရွေသော အပြုံးကလေးဖြင့် 'မင်္ဂလာညပါခင်ဗျာ' ဟု နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်သည် သူ့ကို ဆပ်၍ စူးစူးစိုက်စိုက် ကြည့်နေ
သည်။ အင်ဒီသည် လူကလေးရာတွင် ညှိသူမဟုတ်ပေ။ အစော
မှာ အတော် ခေါင်းမာသော အဘိုးကြီး ဖြစ်ရမည်ဟု ခ
မှန်းမိလေသည်။

'မင်္ဂလာညပါ'ဟု အစောင့်က ခပ်ဂည်တည် ပြန်၍ နှု
ဆက်သည်။

'ဆရာကြီး၊ ဒီညအဖို့ ကျွန်တော် ဘယ်နေရာမှာ ခေါ
ချပြီး တစ်ရေးလောက် အိပ်နိုင်မယ်ဆိုတာ ပြောစမ်းပါ'
အင်ဒီက ခပ်ဖော့ဖော့ သဘောမျိုး သက်ရောက်အောင် အ
လွှင်လွှင်ဖြင့် မေးလိုက်သည်။

'မင်းက ဘာဖြစ်လို့ အိမ်မှာ မအိပ်ဘဲ အပြင် ထွက်အိ
ရတာလဲ' ဟု အစောင့်ကြီးက ခပ်ထန်ထန် ပြန်မေးလိုက်သည်

'ကျွန်တော့်အိမ်က ကျွန်တော့်ကို ဝင်ခွင့်မပေးလို့ပါ'

'ဘာဖြစ်လို့ ဝင်ခွင့် မပေးရတာလဲ'

'အဲဒါတော့ ကျွန်တော်လဲ မသိဘူး၊ ကျွန်တော့် အမေ
ဘာဖြစ်လို့ဆိုတာ မပြောမပြဘူး'

အစောင့်ကြီးက 'မင်း အခု ဘယ်ကျောင်းမှာ နေသလဲ'
အင်ဒီ၏ အကြောင်းအရာကို သိလိုသဖြင့် မေးလိုက်သည်။

'ကျွန်တော် ကျောင်းက ထွက်လိုက်ပါပြီ။ အရင်က
ဘုန်းကြီးကျောင်းမှာ နေပါတယ်။ ကျွန်တော့် အမေ ဆုံး
ကတည်းက ကျောင်းမသွားနိုင်တော့ပါဘူး။ အခု ကျွန်
မီးရထားအကြာမှာ လုပ်ပါတယ်'





'ဒီလိုည အချိန်မတော်ကြီးမှာ မင်းလိုအရွယ်မျိုးဟာ အိမ်
အပြင်မှာ လျှောက်သွားနေဖို့ မသင့်ဘူး'ဟု အစောင့်ကြီးက
ခပ်မာမာ လေသံဖြင့် ပြောသည်။

'ကျွန်တော် ဒီလို လျှောက်လျှောက် လည်နေတတ်တာ
မဟုတ်ပါဘူး'ဟု အင်ဒီက ပြန်ပြောသည်။ သူသည် အရေး
ဆိုလျှင် စိတ်တိုတတ်သည်။ ယခုမူ သူသည် အတော်ပင်
ချုပ်တည်း၍ လေသံမှန်မှန်ဖြင့် ပြောပြနေခြင်း ဖြစ်သည်။
'ခုမှ ဆယ်နှစ်ရှိခဲ့ ရှိပါသေးတယ်'

'ဆယ်နှစ်ရှိခဲ့ဆိုတာ ညဉ့်နက်နေပြီကွယ့်။ မင်းတို့ ကောင်
လေးတွေဟာ ညအချိန်မတော်မှာ အိမ်မှာမအိပ်ဘဲ လျှောက်
သည်နေလို့ ဒုက္ခတွေကုန်ကြတာပဲ မဟုတ်လား'ဟု အစောင့်
ကြီးက ခပ်တင်းတင်း ပြန်ပြောသည်။

'ကျွန်တော် ဘယ်တော့မှ ဒုက္ခမတွေ့ပါဘူးဗျ၊ အခုလဲ
ကျွန်တော်က ညဉ့်နက်အောင် အိမ်မပြန်ဘဲနေတာ မဟုတ်ပါ
ဘူး။ ခပ်စောစောပြန်မလို့ပါပဲ။ ဒါပေမယ့် အဖော်အပေါင်း
တွေ တွေ့တော့လဲ စကားလက်ဆုံကျမိတာပဲ၊ အချိန်ကလဲ
ကုန်မှန်းမသိ ကုန်သွားတော့တာပေါ့'ဟု အင်ဒီက အလျှော့
ပေးဘဲ ဆင်ခြေပေးမိလေသည်။

'မင်း အိပ်ချင်ရင် ဟို...မြစ်အောက်ဘက်သို့သွား'

'တီဗိုလီနဲ့ မျက်နှာချင်းဆိုင် မဟုတ်လား'

'ဟုတ်တယ်၊ အဲဒီနေရာကို အိုးခြေအိမ်ခြေမဲ့တွေ သွားကြ
တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာကို အင်ဒီ သိသည်။ သူ့အမေက တနင်္ဂနွေ ညနေပိုင်းတွင် သူ့ကိုခေါ်ပြီး ထိုနေရာသို့ သွား၍ နား တတ်သည်။ ဘင်ခရာဝိုင်းနေရာမှ မြစ်ဆာမ်းနံ့ဘေး ဆီ လည်း ကောင်းသည်။ ညဆိုလျှင် အတော်ပင် တိတ်ဆိတ် နေရာ ဖြစ်သည်။

ကျွန်တော် ဒီမှာနေလို့ မရဘူးလား။ မီးဖို့ဘေးနားမှ နေပါရစေ'

'ဒီမှာ နေလို့ မရဘူး၊ ငါက အဖိုးတန်ပစ္စည်းတွေ စော ထိန်းနေရတာ။ မင်းတို့ ဒီနေရာမှာ အချိန်းအချက် လုပ် ဘယ်ဖြစ်မှာလဲ'

'ဆရာကြီးစောင့်ထိန်းနေရတဲ့ အဖိုးတန်ပစ္စည်းတွေအတွ တော့ မပူပါနဲ့။ ကျွန်တော်က လက်ဖျားနဲ့ တို့ဖို့တောင်မှ စိ မကူးမိပါဘူး။ ဒီနေရာ မီးဖိုဘေးမှာ နွေးနွေးလေးသာ ချင်တာပါ'ဟု အင်ဒီက ဟန်လုပ်ရယ်သော ရယ်သံဖြင့် မြ ပြောသည်။

'အေး.... မီးလှုံချင်လှုံ၊ ဒါပေမယ့် ဒီမှာတော့ တစ်ည နေခွင့်မပေးနိုင်ဘူး'ဟု ဆိုပြီးလျှင် အစောင့် အဘိုးကြီး ဆက်၍ ဆိုပြန်သည်။ 'မင်းဟာ အင်မတန်မိုက်တဲ့ သူငယ် မင်းအဖေစကားကို နားထောင်သင့်တယ်။ သူက မင်း ကောင်းစေလို့ ပြောတာဆိုတာ ဖြစ်မှာပေါ့။ မင်းထ သူက ပိုသိလို့ ပြောတာပေါ့။ အခုခေတ်လူငယ်တွေ အနေအထိုင် ချောင်လွန်းတော့ ရလေလိုလေ ဆို တ ဆိုသလို ဖြစ်နေတယ်။ ငါ မင်းအသက်အရွယ် တုန်းကဆို





မနက် ခုနစ်နာရီ ညနေ ခုနစ်နာရီအထိ အလုပ် လုပ်ရတယ်။ တစ်နေ့ ဆယ့်နှစ်နာရီအထိ အလုပ် လုပ်ရတယ်။ တစ်နေ့ ဆယ့်နှစ်နာရီလုပ်ရတာ၊ ရသမျှ လုပ်ခကို အမေ့ကို ပေးရ တယ်။ တစ်ပတ်လုံးအတွက် မုန့်ဖိုးဆိုပြီး ခြောက်ပဲနီပဲပြန်ပေး တယ်။ အဲဒါ အမှန်ပဲ။ အမေ့ကို တစ်ပတ်မှာ ရတဲ့ လုပ်ခ လေးသျှီလင်နဲ့ ခြောက်ပဲနီ အကုန်အပ်ရတယ်။ အခု ကလေး တွေကတော့ ဘာမဆို လွယ်လွယ်နဲ့ ရနေကြတယ်။ ရုပ်ရှင် ကြည့်ရတာနဲ့၊ စီးကရက်သောက်ရတာနဲ့ အားလုံးပဲ လိုချင်တာ ရနေကြတာ'

'ကျွန်တော် တကယ်ပြောရရင် ရုပ်ရှင်ကြည့်ဖို့ ဝါသနာ မရှိပါဘူး'ဟု အင်ဒီက ပြောရင်း စီးကရက်တစ်လိပ် ထုတ်၍ သောက်သည်။ 'သောက်ပါဦး'ဟု သူက အစောင့်ကြီးကို စီးကရက်ကမ်းသည်၊ 'ငါ ဆေးလိပ်မသောက်ဘူး'ဟု အစောင့်ကြီးက ခေါင်းယမ်းလျက် မျက်နှာတင်းတင်းဖြင့် ပြောလေသည်။

'ဆေးလိပ်သောက်တာ ဘာမှ အန္တရာယ် မရှိပါဘူး၊ မဟုတ်ဘူးလား ခင်ဗျာ....'ဟု အင်ဒီက မေးသည်။

'အန္တရာယ်ရှိတာပေါ့။ သိပ်ရှိတာပဲ၊ စီးကရက်ဈေး သိပ်ကြီးတယ်၊ လူငယ်လေးတွေ ဝယ်မသောက်နိုင်ကြဘူး၊ ကိုယ်မတတ်နိုင်တာကို ရှောင်ဖို့သင့်တယ်၊ ဒါပေမယ့် လူတွေ ဟာ အတော် လူလည်လုပ်ချင်ကြတယ်။ သူတို့ဟာ ကိုယ် မတတ်နိုင်ကြတဲ့ အရက်သောက်၊ မြင်းလောင်း၊ မိန်းမ လိုက်နဲ့၊ တစ်ခါခါမိရင် မပြတ်နိုင်ကြတော့ဘူး၊ သူတို့သစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ပညာတတ်တွေပဲပေါ့။ တစ်ညမှာ တက္ကသိုလ်က ပါမောက္ခတစ်ယောက် ဒီကိုရောက်လာတယ်။ သူ့ရဲ့ အပြော အဆို အပြုအမူကြည့်ရင်ပဲ သူဟာ ပညာတတ် ပုဂ္ဂိုလ်ကြီး တစ်ယောက်ဆိုတာ မပြောဘဲနဲ့ သိရတယ်။ အဲ... သူ အယ် သောက်ပဲ ပညာတတ်ဟာ ပျက်စီးနေတာဘဲ'

အစောင့်ကြီးသည် သူ တွေ့ကြုံခဲ့ရသော ပညာတတ် လူ တန်းစားထဲမှ ပျက်စီးနေသူတို့၏အကြောင်းကို ပြောပြနေ သည်။ ဆရာဝန်တစ်ဦး၊ ပွဲစားတစ်ဦး၊ အဆုံးပြောရလျှင် ခရစ်ယာန် ဘုန်းကြီးတစ်ပါး အားလုံးတို့သည် အင်ဒီ ယခု ပျက်စီးစပြုသလို ပျက်စီးကာ သောက်လိုက်၊ စားလိုက်၊ မိန်းမ လိုက်လိုက်နေကြောင်း ပြောပြသည်။ အင်ဒီသည် ရှိုးသသမှု အားဖြင့် ငြိမ်၍နားထောင်နေသော်သည်။ ကိုယ့်ကိစ္စကိုသာ ဂရုစိုက်သင့်ပြီး သူများအကြောင်းကိုစပ်စုနေသော အစောင့် ကြီးကို စိတ်ထဲတွင် ရယ်လျက် ရှိသည်။ အစောင့်ကြီး က လျောက်၍ပြောသည်မှာ ဘုန်းကြီးတရားဟောသလို ပျင်းစရာ ကောင်းလှသည်။ အင်ဒီသည် အစောင့်ကြီး၏ ရှည်လျား သော ဟောပြောချက်ကို ငြိမ်၍နားထောင်ရင်း အဝေးမှ နာရီထိုးသံကို အာရုံစိုက်နေသည်။ ညဉ့် နက် ကြောင်း ကို သတိပြုမိသည်။

နောက်ဆုံး၌။ အစောင့်ကြီးသည် ထိုင်ရာမှ ထလိုက်သည်။ 'ကဲ... မှောင်လဲသွားတော့၊ ငါမှာ တခြား လုပ်စရာတွေ ရှိသေးတယ်' ဟု ဆိုလိုက်သည်။





'အဲ... ဟုတ်ကဲ့... ကျွန်တော် တော်တော်ကြာရင် သွား ပါ့မယ်' ဟု အင်ဒီက ပြန်ပြောသည်။

'တော်တော်ကြာလုပ်မနေနဲ့၊ အခုပဲသွားပေတော့။ ဒီနေရာ ကို လူတွေရောက်ရောက်လာတတ်တယ်။ ရဲသားတွေ၊ ရဲကြပ် တွေ လာလိမ့်မယ်။ ငါနာမည်အပျက်မခံနိုင်ဘူး။ လူ့အဖို့မှာ နာမည်ဟာ အရေးအကြီးဆုံးပဲကွယ်'

'ကျွန်တော် ဒီမှာရှိနေတာနဲ့ ဦးကြီးမှာ နာမည်ပျက်စရာ အကြောင်းမရှိပါဘူး' ဟု အင်ဒီက ဆိုသည်။ ထိုအခိုက်ခြေသံ များကြားရသည်။ အဖော်ကောင်းများ ရောက်လာလေမလား ဟု သူက မျှော်လင့်လိုက်မိသည်။

'သွငယ်... မင်းဆီက စကား မြန်ကြားချက်တွေ ဘာတွေ ငါမလိုချင်ဘူး။ မင်းသွားမှာသာသွား' ဟု အစောင့်ကြီးက မျက်နှာကြီးရှုံ့ခေါက်ချိုးဖြင့် ပြောသည်။

'အို... သွားမှာပါ... သွားမှာပါ' ဟု အင်ဒီက လေသံအေး ဖြင့် ပြောခဲ့သော်လည်း သွားဖို့ စိတ်မကူးသေးပေ။ ခြေသံ လာရာဘက်သို့ လှမ်းကြည့်နေသည်။ အမျိုးသမီးတစ်ယောက် လျှောက်လာသည်ကို လှမ်းမြင်သောအခါ ပြုံး၍ ဦးထုပ်မ၍ နှုတ်ဆက်ဟန် ပြုသည်။

'ဟင်... မက် မဟုတ်လား' ဟု အမျိုးသမီးက အံ့အားသင့် စွာ မေးလိုက်သည်။

'ကျွန်တော် မက် မဟုတ်ပါဘူး။ ကျွန်တော့် နာမည်က အင်ဒီကိုးလ်မင်းပါ၊ ဒီမှာ ခဏနားပြီး မီးလှုံနေတာပါ' ဟု အင်ဒီက ပြန်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘုရားရေ...ကိုယ်ဖြင့် လန့်သွားတာပဲ။ ရှင် ဘယ်သူလဲ ဟင်...'

'အို...သူ ဘယ်သူပဲဖြစ်ဖြစ် အရေးမဟုတ်ပါဘူး သူလာ လမ်းကို ပြန်ဖို့ပဲ ပြောနေတယ်လေ....'ဟု အစောင့်ကြီးကဆို သည်။

'ဟာ....သူ နေချင်လဲ နေပါစေဦး၊ မက် ပြောစမ်းပါဦး၊ ဒီမှာ ဘာလုပ်နေတာလဲ'ဟု အမျိုးသမီးက အင်ဒီကို မက်ဟုပင် ခေါ်ကာ မေးလိုက်သည်။

'ကျွန်တော့်ကို အိမ်က အဝင်မခံဘူး။ အဖေက သော့ ပိတ်ထားတယ်' အင်ဒီသည် အိမ်အဝင်မခံရသည်မှာ မထူး ဆန်းဘဲ နေ့စဉ် ကိစ္စသဖွယ် အမှတ်မထင် ခပ်ပေါ့ပေါ့လေ သံဖြင့် ပြောပြသည်။

'ကဲ....ပြောစမ်းပါဦး၊ အကြောင်းစုံပြောပြလေ....မက်၊ ကိုယ်တို့လက်ဖက်ရည်ဆလေးတစ်ခွက်လောက် မသောက်ရဘူး လား'ဟု အမျိုးသမီးက အင်ဒီကို သူ့အကြောင်း ပြော ခိုင်းပြီးနောက် အစောင့်ကြီးကို လက်ဖက်ရည် ဖျော်ခိုင်း သည်။ ပြီးလျှင် သူသည် မီးဖိုအနီး သေတ္တာကြီး ပေါ်တွင် ထိုင်ချလိုက်သည်။

'အား .... ကျုပ်မှာ မင်းတို့လို ညဥ့်ငှက်တွေ အတွက် လက်ဖက်ရည် ဖျော်ပေးရတဲ့ အလုပ်ထက် ပိုအရေးကြီးတဲ့ အလုပ် ရှိသေးတယ်'ဟု အစောင့်ကြီးက ဒေါသသံဖြင့် ပြန် ပြောသည်။





'အို...ဒီသူငယ်နဲ့ နှစ်မိနစ်လောက်မှ စကားမပြောရတော့ ဘူးလား၊ ဘယ်လိုလဲ ဟင်၊ ရှင်ကြီးဟာ စောင်တော်ဆိုး တယ်၊ ကဲ ... စကားတွေရှည်မနေဘဲ လက်ဖက်ရည် ဖျော် စမ်းပါ'

အမျိုးသမီးသည် ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသူဖြစ် သည်။ ငယ်စဥ်က အတော်ပင် ရုပ်ရည်ချောမောခဲ့ပုံရသူ ဖြစ် ပေမည်။ သူ့အသံမှာကျယ်၍ ပြောပျက်နေသော်လည်း နွားဝင် မဆိုးလှပေ။ တူရိယာသံ ပေါက်နေသည်ဟုပင် ဆိုနိုင်သည်။ အစောင့်ကြီးသည် သူ့ကို ဒေါသကြောင့် တုန်လှုပ်လျက်ရှိ စဉ် မျက်လုံးမျက်ဆန်ပြူး၍ ကြည့်နေသည်။ သူ့မျက်လုံး ပြာကြီးများမှာ မကြာခင်ပင် မျက်ရည်များ လျှံကျတော့ မည့်ပုံလိုလို ဖြစ်နေသည်။ ထိုနောက် သူသည် ခေါင်းတယမ်း ယမ်းနှင့်ပင် လက်ဖက်ရည်အိုး တည်လေသည်။

'ကဲ...ပြောစမ်းပါဦး၊ မင်းရဲ့ဖြစ်ပုံ'ဟု အမျိုးသမီးက အင်ဒီကို ဆိုသည်။

'အို.... ပြောစရာရယ်လို့ သိပ်မရှိပါဘူးခင်ဗျာ.... ကျွန် တော့်အစ ဆယ်နာရီခွဲမှာ အိမ်ကိုပြန်လာတယ်။ အဘိုးကြီးက အိမ်တံခါးကို သော့ခတ်ပြီး အဝင်မခံဘူး'

'အဘိုးကြီးက သော့ပိတ်ထားတာကို အခြားတစ်ယောက် ယောက် ဖွင့်မပေးဘူးလား'

'ဖွင့်ပေးမယ့်လူရယ်လို့ မရှိပါဘူး။ ကျွန်တော်ဟာ တစ် ဦးတည်းသော သားပါ'

'မင်းအမေကောကွာ....'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် အမေဆုံးတာ လအတော်ကြာပါပြီ။ ကျွန်တော်လဲ အမေသေတော့ ကျောင်းထွက်လိုက်ရတယ်။ အဲဒီကတည်းကပါပဲဗျာ.... ကျွန်တော့် ဒုက္ခဇာတ်လမ်းစတာ'

'အင်း...မင်းအမေမရှိတော့ မင်းအဖေက သူလုပ်ချင်တာ လုပ်နိုင်ပြီပေါ့ကွယ်....'

'အို.... ဒီလိုလုပ်တာ အကြောင်းရှိလို့ ဖြစ်မှာပေါ့'ဟု အစောင့်ကြီးက ဝင်ပြောသည်။

'ရှင်ဆ ပြောလိုက်တော့ အလွယ်လေးရယ်။ အမေနဲ့ သေကွဲ ကွဲရှာတဲ့ ကလေးအဖို့တော့ အနေခက်တာပေါ့။ အဖေနဲ့နေရတော့လဲ ဒီလိုအလုပ်ခံရတယ်။ ဒီလို ရက်စက်တဲ့ လူတွေကို ကျုပ် အများကြီး တွေ့ဖူးပါတယ်'

'မင်းက ဘာမှ အကြောင်းမသိဘဲနဲ့ သူ့အဖေကို အပြစ်ဆိုမြန်ပြီ'ဟု အစောင့်ကြီးက ဒေါနှင့်မောနှင့် ပြန်ပြောသည်။

'အိမယ်.... ကျုပ်ဆ ဒီအကြောင်းမျိုး မသိဘဲနေမယ် ဟုတ်စ။ ကျုပ်ဘို့အဖေသေတော့ ကျုပ်တို့ အိမ်က ထွက်လာခဲ့ရတယ်။ မကြာပါဘူး အမေ နောက်လင်ယူတာပဲ'

'ဒါပြောတာက အကြောင်းမသိဘဲနဲ့ လူတစ်ယောက်ကို ရက်စက်တယ် ဘာတယ်လို့ အပြစ် မတင်သင့်ဘူး။ အဲဒါ မဟုတ်ဘူး၊ ယောကျ်ားတွေမှာ မင်းတို့ မိန်းမတွေ မသိတဲ့ တာဝန်ကြီးတွေ ရှိသေးတယ်'ဟု အစောင့်ကြီးက ဆိုသည်။

'အင်း.... ရှိတာပေါ့။ ကျုပ် အသိကြီးလိုပေါ့လေ....။ သူ့ရဲ့ တာဝန်ကြီးတစ်ခုကတော့ အရက်ဆိုင်ရှေ့တွေ ဝင်ထွေလျှော့မှာစိုးလို့ သားသမီးတွေကို ဝမကျွေးတဲ့ တာဝန်ဘဲ





ပေါ့။ အဲဒီတာဝန်ကြီးကိုတော့ တကယ်ပဲ လေးလေးစားစား ထမ်းဆောင်ပါပေတယ်.... ဟဲ.... ဟဲ....'ဟု အမျိုးသမီးက မြက်ရယ်ပြု၍ ပြောသည်။

'ဒီလို ကိုယ့်အဖေကို ကိုယ် မလေးမစား မပြောသင့်ဘူး' ဟု အစောင့်ကြီးက ရေနွေးထဲသို့ လက်ဖက်ခြောက်ခတ်ရင်း ပြန်ပြောသည်။

'အို.... ပြောတော့ ဘာဖြစ်သေးသလဲ။ အမှန်ပြောတာ အပြစ်လား'

'လူငယ်တွေကို သူတို့ရဲ့ အဖေတွေအကြောင်း မရိုမသေ ပြောအောင် အားပေးရာကျတော့မှာပေါ့။ အခုတောင်မှပဲ သူတို့မှာ မိဘတွေအပေါ် အရိုအသေတန်နေကြပြီ'

'အရိုအသေတန်တယ်ဆိုရအောင် ဒီမိဘလုပ်တဲ့လူကြီးတွေ ထကော ဘယ်လောက်များ ရိုမသေလေးစားထိုက်လို့လဲ။ ဒီမှာ ကြည့်ပါလား။ ဒီသူငယ်ကို သူ့အဖေက အိမ်ထဲဝင်ပြီး အိပ်ခွင့်မပေးဘူး။ ဒီသူငယ် အအေးမိပြီး သေသွားလဲ သူ့အဖေက ဂရုမှာ မဟုတ်ဘူး'

'ဟုတ်တော့ဟုတ်ပါတယ်လေ....၊ ကျုပ်အဖေလဲ အတော်ကြမ်းတာပါပဲ၊ ဒါပေမယ့် ကျုပ်တော့ အဖေ့အကြောင်း မကောင်းမပြောပါဘူး'

'ရှင်ဆ ဒီလို ကိုယ့်အဖေကို ရိုသေလို့ ရှင့်သားတွေ ရှင့်ကို ရိုသေကြလို့လား'

'အဲဒါ ပြောနေတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ဘာများ မျှော်လင့်နေသလဲ။ ရှင့်အသက်အရွယ် ရောက်မှ နောက်မယား လိုချင်သေးလို့လား'

'အို... ကျုပ် ဘာပဲလုပ်လုပ် ကျုပ် သားသမီးတွေက တော့ ကျုပ်ကို ရိုသေကြရလိမ့်မယ်။ ကိုယ့်အဖေကို ကလန် ကဆန်လုပ်တဲ့လူဟာ တစ်နေ့တော့ နှာခေါင်းကျည်ပွေ့ တွေ့ မှာပဲ' အစောင့်ကြီးက တစ်ယူသန်လျှောက်ပြောနေသည်။

'တော့ သူငယ်.... သူပြောတာကို ယုံကြည်မနေစမ်းပါနဲ့။ အင်း.... တကယ်တော့ တို့ဘဝဟာ အင်မတန် ဆင်းရဲပါ တလား။ ဘယ်လိုပဲပြောပြော မသက်သာပါဘူး။ ငယ်တုန်း အခါမှာ လူတကာက ချုန်းချကြတယ်။ ကြီးတဲ့အခါလဲ လူငယ်တွေက သူတို့တစ်တွေအရှေ့မှာ ကန့်လန့်ကန့်လန့် လုပ် မနေစမ်းပါနဲ့လို့ အဆိုခံရတယ်။ ကဲ.... မင်း အခု ဘာလုပ် မလဲ၊ ပြောစမ်း.... ပြောသာပြောပါ။ ဒီလူကြီး နားလေး နေပါတယ်'

'အင်ဒီအာ အမျိုးသမီးကို ခပ်တိုးတိုး ပြန်ပြောသည်။

'တကယ်ဆိုတော့ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ မသိပါ ဘူး၊ ဒီမှာ နောက် တစ်နာရီလောက်နေပြီး စဉ်းစားလိုက် ရင်တော့ အကြံပေါ်မှာပဲလို့ထင်တယ်'

'မင်း ငါနဲ့ ငါ့အိမ်ကို လိုက်ခဲ့မလား'

'ဟာ.... ဒီလိုဆိုရင် ကောင်းတာပေါ့'ဟု အင်ဒီအာ ရှက် စနိုးအပြုံးဖြင့် ဖြေလိုက်သည်။

'အိမ်မှာတော့ ဘာမှမရှိဘူး၊ ဒါပေမယ့် ဒီမှာထက်တော့ ကောင်းတာပေါ့'ဟု အမျိုးသမီးက ပြောပြသည်။





အစောင့်ကြီးသည် လက်ဖက်ရည်ကို ဘူးခွံ သုံးခုထဲသို့ လောင်းထည့်ပြီးလျှင် သူတို့နှစ်ယောက်သို့ တစ်ယောက် တစ် ခွက်စီ ကမ်းပေးလိုက်သည်။

'ဒီဖီ ဒီနား ရောက်မလာဘူးလား'

'မလာတာ ဆယ်ရက်လောက်ရှိပြီ'ဟု အစောင့်ကြီးက ပြန်ပြောသည်။

'နယ်ပြောင်းပေးလိုက်ပြီ ထင်ပါရဲ့၊ သူမရှိတာ နှမြော စရာတော့ ကောင်းတယ်၊ ဗြော်.... ဒီဖီဆိုတာ ရဲသား တစ် ယောက်ပဲကွယ့်'ဟု အမျိုးသမီးက အင်ဒီအာသို့ လှည့်၍ ပြောလိုက်သည်။ 'ဒီရဲသားက ဘုရားစကား၊ တရားစကား ပြောပြတာ၊ ဘယ်ဆရာတော်ကြီးက ဘယ်လို ဟောကြား တော်မူတာ၊ ဘယ်ဆရာတော်ကြီးကတော့ ဘယ်လို ဩဝါဒ ပေးတော်မူတာဆိုပြီး ငြီးစော်နံအောင် ပြောပါလိမ့်မယ်။ သူနဲ့တွေ့ရင် ဘာသာရေးမှာ စိတ်ကုန်ဖို့ အတော်ကောင်း သွားတာပဲ'

သူတို့သည် လက်ဖက်ရည် သောက်နေကြသည်။ အမျိုး သမီးက ဆက်၍ လေရှည်နေသည်။ အမှောင်သည် တဖြည်း ဖြည်း ဝါးသွားသည်။ တိတ်ဆိတ်ခြင်းသည် တိုးတက်လာ သည်၊ မြို့ပေါ်ရှိ နာရီသံများသည် ကြည်ကြည်လင်လင် မြည် လေသည်။ နောက်ဆုံး၌ အမျိုးသမီးသည် ထိုင်ရာမှ ထ လိုက်သည်။

'ကဲ.... သူငယ်လေးလာ'ဟု အင်ဒီအား လက်လှမ်းလိုက်ပြီး လျှင် ခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဘာလုပ်တာလဲ' ဟု အစောင့်ကြီးက မေးသည်။

'ဪ.... ဒီသူငယ်ကို အိမ်ခေါ်သွားမလို့ပါ။ သူ့ အလု မဆင်းခင် တစ်ရေးတစ်မော အိပ်နိုင်းမလို့'

'ဘာလဲ သူငယ်လေးကို ဖျက်ဆီးမလို့လား' ဟု အစောင့်ကြီးက ခပ်ငေါက်ငေါက် မေးလိုက်သည်။

'ဘာဖျက်ဆီးရမှာလဲ၊ ကျုပ်က အလေးကိုတစ်ရေးတစ်မော အိပ်ဖို့ခေါ်တာ၊ ရှင့်လိုတော့ ရက်ရက်စက်စက် မောင်းထုတ်တာ မဟုတ်ဘူး တော်ရေ့၊ သိရဲ့လား သဘောဆိုးကြီးရဲ့'

အစောင့်ကြီးသည်လည်း ထိုင်ရာမှ ထလိုက်ပြီးလျှင်အမျိုးသမီးကို စိုက်၍ကြည့်ကာ ခေါင်းတယမ်းယမ်း ခါနေသည်။

'အေး....သွား....သွား၊နောက်မှ ငါ့ဆီလာပြီး အကူအညီ မတောင်းနဲ့ သိလား'

'ဘာဖြစ်နေတာလဲ ဒီအဘိုးကြီးဟာ' ဟု အမျိုးသမီးက မေးလိုက်သည်။

'ဘာဖြစ်ရမှာလဲ၊ ငါ့ကိုယ်က စိတ်ပျော့ပါတယ်၊ ငါ့ အပြစ်ပါ၊ မင်းကိုတွေ့တဲ့နေ့ကစပြီး ကာကွယ် စောင့်ရှောက် လာခဲ့တယ်။ အခုတော့ ကျေးဇူးမတင်ဘဲ ခြေနဲ့ ကန်သွားပြီပေါ့'

'အို....ဒီလို မပြောပါနဲ့၊ ဘာဖြစ်လို့ စိတ်မချမ်းမသာဖြစ် နေရတာလဲ' ဟု အမျိုးသမီးက ငိုသံပါနှင့် ပြောသည်။

'သွား....သွား....သွားစမ်း....ဒီမိန်းမ'





အင်ဒီသည် အစောင့်ကြီး မျက်ရည် ကာကယ်ကျနေသည်ကို မြင်ရသောအခါ သူ့စိတ်ထဲတွင် အဘိုးကြီးအပေါ်၌ အယုံ အကြည် ပိုလာသည်။ သူ့ရင်မှာ တလှပ်လှပ် ဖြစ်နေသည်။ အဘိုးကြီးက အမျိုးသမီး လက်ကို ဆွဲ၍ သူ့ချိုင်းကြားတွင် ညှပ်လိုက်သည်။ 'လာပါကွယ်' ဟု ဆိုလိုက်သည်။

အင်ဒီသ စိတ်ဝင်စားစွာ ငေးကြည့်နေသည်၊

'အို....နေစမ်းပါ၊ တောင်ကလေး တစ်ယောက်တည်း မျက်စိလည် ငယ်နဲ့သနားစရာပါ' ဟု အမျိုးသမီးက စိတ်မရှည် ဟန်ဖြင့် ပြန်ပြောသည်။

ထိုအခိုက်တွင် ဖိနပ်သံခပ်ပြင်းပြင်းကို ကြားရသည်။ မြစ် တစ်ဖက်က လာနေသော ဖိနပ်သံပင် ဖြစ်သည်။

'လာဟေ့ သူငယ်' ဟု အမျိုးသမီးက ခေါ်သည်။

သို့သော် နောက်ကျလေပြီ၊ မီးပို့မှ အရောင်သည် ရဲသား ထူနီဖောင်းပေါ်ရှိ ကြေးကြယ်သီးများကို ဟပ်နေသည်။ ရဲ သားကြီးသည် ခပ်မှန်မှန်ခြေလှမ်းဖြင့် သူတို့ဆီ လျှောက်လာ သည်၊ သူ့ဦးထုပ်သည် နဖူးတစ်ဖက်တွင် ခပ်စောင်းစောင်း ဖြစ် နေသည်။

'ငါရှောင်တဲ့ သေနာကောင်နဲ့မှ သွားတိုးနေတယ်၊ဟောဒီ သူတော်ကြောင်ကြီးကြောင့်ပေါ့' ဟု အမျိုးသမီးက စိတ်ပျက် ဟန်ဖြင့် တိုးတိုးရေရွတ်လိုက်သည်။

'အ း လုံးဘုရားသခင်မစ တော်မူပါစေသား' ဟု ရဲသား ကြီးက လှမ်းဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှိ ရှင့်ကိုလဲ မစပါစေလို့ ဆုတောင်းပါတယ်' ဟု အမျိုးသမီးက ဆိုလိုက်သည်၊

'ဘာဖြစ်နေကြတာလဲ'ဟု ရဲသားကြီးက အစောင့်ကြီးကို ပထမ ကြည့်ပြီး အင်ဒီကို လှမ်းကြည့်လိုက်ရင်း မေးလေသည်၊

'ဘာမှ မဖြစ်ပါဘူး၊ ဒီက သူငယ်တလေးက တစ်ရေး တစ်မော အိပ်ဖို့ နေရာတောင်းနေပါတယ်'

'ကဲ ဖြည်းဖြည်းပေါ့၊ ဘာများလာနေကြတာလဲ'ဟု ဆိုကာ ရဲသားကြီးသည်သူ့ ယူနီဖောင်း အကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ပြီးလျှင် တစ်လိပ်ယူ၍ မီးညှိလိုက်သည်။ 'ညတော့ မရှည်ဘူးလား ဩော်.... ဒါနဲ့ သူက ဘယ်သူလဲ' မေးလိုက်သည်။

'ကျွန်မရဲ့ မိတ်ဆွေတစ်ယောက်ပါ'

'အင်း....မင်းရဲ့ မိတ်ဆွေဆိုရင်တော့ ကောင်းတာပေါ့၊ သူ့နာမည်က ဘယ်သူတဲ့လဲ'

'ကိုးလ်မင်းပါ၊ အင်ဒီကိုးလ်မင်းလို့ ခေါ်ပါတယ်' ဟု အင်ဒီက ဝင်၍ မရဲတရဲ ပြောလိုက်သည်။

'ကဲကွာ....ပြောစမ်းပါဦး အင်ဒီ၊ မင်းက ဒီလို အချိန် မတော်ကြီးမှာ ဒီနေရာ ရောက်နေရတာလဲ'

'သူ့အိမ်က တံခါးဖွင့်မပေးလို့ပါ' ဟု အမျိုးသမီးက ဝင်၍ဖြေသည်။

'ဘယ်သူက တံခါးဖွင့်မပေးတာလဲ'





'ဘယ်သူရှိရဦးမှာလဲ၊ သူ့အဖေကပေါ့၊ သူငယ်ကလေး က မနက်မှာ အလုပ်ဆင်းရမယ်၊ ဒါကြောင့်မို့ ကျွန်မက တစ်ရေးတစ်မောအိပ်ဖို့ နေရာရှာပေးမလို့'

'နေပါဦးလေ၊ အချိန်ကတော့ အများကြီး ရှိပါသေးတယ်။ စီးကရက် သောက်ပါဦး၊ ခဏလောက် ထိုင်ပါဦး'ဟု ဆိုကာ ရဲသားကြီးက အင်ဒီဘက်သို့ လှည့်ပြီးလျှင် 'ဘာဖြစ်လို့ တံခါးဖွင့်မပေးတာလဲ'ဟု မေးလိုက်သည်။

'ဘာအကြောင်းကြောင့်မှ မဟုတ်ပါဘူးခင်ဗျာ'ဟု အင်ဒီက ဖြေလိုက်သည်။ သူ့၌ရှိထားသော သူ့ကိုယ်သူ ယုံကြည်ချက် သည် ဒီရေကျသကဲ့သို့ တဖြည်းဖြည်း လျော့ကျလျက် ရှိသည်။ ရဲသားကြီးကို ကြောက်၍ မဟုတ်ပေ။ ရဲသားကြီးကို ကြည့် ရသည်မှာ သဘောဆိုးသူ မဟုတ်ဟု သူ ထင်မိသည်။ သို့သော် ရဲသားကြီးက သူ့အပေါ်တွင် သက်သာမကောင်း ဖြစ်နေသည် ဟူ၍ကား ထင်မိလေသည်။

'ဘာလဲ အရက်သောက်လို့လား၊ ပြောစမ်း'

'မဟုတ်ပါဘူး ရဲကြီးရယ်၊ ကျွန်တော် တစ်ခါမှ မသောက် ဖူးပါဘူး'

'ဒါဖြင့် မြစ်းလောင်းသလား'

'မလောင်းပါဘူး'

'ဒါဖြင့် နောက်အကြောင်း တစ်ကြောင်းကြောင့် ဖြစ်မှာပဲ။ အဲဒီကိစ္စကိုတော့ ရှောင်ကြဉ်ဖို့ ငါ အပြင်းအထန် တွေ့ရ လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'အင်း....ရှင်က တားဖို့ ဝင့်တဲ့ လူကြီးပေါ့'ဟု အမျိုးသမီးက ခပ်ဆတ်ဆတ် ဝင်ပြောလိုက်သည်။

'ဟုတ်တယ်လေ၊ အဲဒီကိစ္စကိုတော့ သူငယ်ကလေးတွေကို တားရမယ်၊ ဆုံးမပေးရမယ်လေ။ လီနာ လွန်ခဲ့တဲ့ အပတ်က ငါ ဘယ်သွားသလဲ၊ သိလား'

'အို....ဘယ်သိမှာလဲ'

'မြောချင် ယိုမှာ မဟုတ်ဘူး၊ ကျုပ် ကမ္ဘာ့နန်းချောင်တစ်ချောင်ကို သွားနေတာ'

'ဟို....စစ်စကား ရှမ်းချောင် မဟုတ်လား'

'မဟုတ်ဘူး၊ စစ်စကားရှမ်းချောင်မှာ ကမ္ဘာ့နန်းကျောင်းတွေ မထားဘူး၊ အခုဟာက ငရဲက လွတ်မြောက်ရေးဂိုဏ်းကွယ့် အဲဒီဂိုဏ်းက ငရဲမီးသရုပ်ဖော်ပြတာ တကယ့်ကိုကြောက်စရာ ကောင်းတယ်'

'ရှင့်အဖို့ ငရဲမီးက ကောင်းကျိုး မပြုလိုက်ဘူးလား'

'ပြုတာပေါ့၊ သိပ်ပြုတာပဲ....။ ငါတော့ ဘုရားဟောပွဲ ကောင်းကောင်းထက် ဒီလောကကြီးမှာ ကောင်းတာမရှိဘူးလို့ ထင်တယ်။ ဇာတ်ပွဲရယ်၊ ဘုရားပွဲရယ် ဒီနှစ်ခုကိုသာ ကြိုက်တယ်။ အေးလေ....ဘုရားပွဲနဲ့ ဇာတ်ပွဲ နှိုင်းလို့တော့ မသင့်ပေဘူးပေါ့။ ဪ....ဒါနဲ့ ခင်ဗျား တနင်္ဂနွေနေ့က ဇာတ်ပွဲ ရောက်သေးသလား'

'မရောက်ပါဘူး ခင်ဗျာ၊ ဘယ်နှယ့်နေသလဲ'ဟု အစောင့်ကြီးက မေးလိုက်သည်။





'ရှေ့သာဗျ'

'ဟုတ်ကဲ့၊ ကျွန်တော်လဲ ဒီလိုပဲ ကြားလိုက်ပါတယ်'

'ရှော်တာမှသိမ့်ရှော်။ ဒီလောက်ရှော်တာမတွေ့ဖူးပါဘူး။ ဘားစ် အသင်းဆိုရင် မိန်းကလေးကျောင်း ဇာတ်ပွဲမှာတောင် ဝင်ကန့်လို့ နိုင်မယ့် အသင်းမျိုး မဟုတ်ဘူး။ ကဲ....လီနာ၊ တို့ နှစ်ယောက် လမ်းလျှောက်ဖို့ စီစဉ်ထားတာ အခု သွားကြ စို့လေ....'ဟု ရဲသားကြီးက ဆိုသည်။

'ဒီလိုသုပ်တာကို ဂိုဏ်းအုပ် ဆရာတော်ကြီးတွေက ဘယ်လို အဆိုအမိန့် ပြုကြလဲ'ဟု အမျိုးသမီးက ငေါ၍ မေးလိုက်သည်။

ရဲသားကြီးကမူ ငေါသည်ကို ငေါသည်ဟူ၍ မရိပ်မိချေ။

'ဆရာတော်ကြီးတွေလဲ လူးတွပဲပေါ့၊ တို့လို လူတွေပဲပေါ့၊ ဘာသာတရားကို စော်ကား ကျူးလွန်တာ အပြစ်ကြီးသယ်။ ကိုယ်ကျင့်တရား ပျက်တာမျိုးကတော့ ဘယ်သူကောင်းမှာလဲ။ အဲ....အဲသည်လို ဆရာတော်ကြီးတစ်ပါးက မိန့်ခွန်းမှုဖူးတယ်။ ခင်ဗျား မှတ်မိသေးရဲ့လား'

'ဟုတ်ကဲ့၊ မှတ်မိပါတယ်'ဟု အစောင့်ကြီးက တော်သလို ချော်သလို ပြန်ပြောလိုက်သည်။

'ရဲကြီး၊ ကျွန်မ ရှင့်ဆီကိုပြန်လာခဲ့ပါမယ်။ ဒီသူငယ်အိပ်ဖို့ သွားပြီး စီစဉ်ပေးလိုက်ပါရစေဦး၊ မကြာပါဘူး။ ဆယ်မိနစ် လောက်ပါ'ဟု အမျိုးသမီးက အကြံရကျုပ်သည့်ဟန်ဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'အို....အင်ဒီ ဒီမှာနေတာ နေပါစေ၊ နေပေါ့ ဟုတ်လား အစောင့်ကြီးနဲ့ အင်ဒီ အဖော်ရပါတယ်'ဟု ရဲကြီးက ခ တင်းတင်း လေသံဖြင့် ပြောလိုက်သည်။

'ဟုတ်ကဲ့ ခင်ဗျား၊ မင်္ဂလာညပါ'ဟု အစောင့်ကြီးက ဆိုသည်။

'မင်္ဂလာညပါကွယ်'ဟု ရဲကြီးက ပြန်၍ နှုတ်ဆက်သည်။

အမျိုးသမီးသည် ရှုံ့မဲ့သော မျက်နှာဖြင့် ရဲကြီး၏လက် လှမ်းဆွဲ၍ သူတို့နှစ်ယောက်သား အမှောင်ထဲသို့ လျှော သွားကြရာ မကြာမီပင် ပျောက်ကွယ်သွားလေသည်။ အင် နှင့် အစောင့်ကြီးတို့သည် တစ်ယောက်ကိုတစ်ယောက် ေ ကြည့်ကာ နေကြသည်။

'ကျွန်တော်လဲ အိမ်ပြန်မှပါပဲ'ဟု အင်ဒီက အတန်ကြ မှ ဆိုလိုက်သည်။

'နေဦးလေ၊ သူတို့နှစ်ယောက် တစ်ယောက်ယောက်ေ ပြန်လာမှာပါ'ဟု အစောင့်ကြီးက ကြေကွဲသံဖြင့် ပြောသည်

'လာမှာ မဟုတ်ပါဘူးဗျာ....၊ ကျွန်တော် အိမ်ပဲပြန် တော့မယ်။ ကျေးဇူးပဲပါ'ဟု အင်ဒီက ပြောလိုက်သည်။

အစောင့်ကြီးလည်း ဘာမျှပြန်မပြောပေ၊ အင်ဒီသည် ထ ရာမှ ထ၍ မြို့ဘက်သို့ တဖြည်းဖြည်း လျှောက်သွားလေသ မိုးသောက်ရောင်သည် မြစ်တစ်ဖက်ကမ်းရှိ တောင်စောင်း ပေါ်တွင် ဖြာကျလျက် ရှိသည်။ အဆောက်အအုံများ၊ သ များသည် အရိပ်ခတွထဲမှ ထွက်လာနေကြသည်။ အင် စိတ်သည် ပေါ့ပါးသွားလေသည်။ သူ့ဖခင်နှင့် သင့်





ေ ခင် နေဖို့ အသင့်ဖြစ်နေပြီဟု သူ့ကိုယ်သူ ထင်သည်။ သွား လေသူ မိခင်ကြီးကြောင့် အိမ်တွင်းမှာချည်း နေခဲ့ရသဖြင့် အပြင်လောကကြီး၏ အခြေအနေကို မသိခဲ့ရချေ။ ယခုမှာမူ သူသည် လောကကြီးနှင့် ရင်ဆိုင်ဖို့ အသင့်ဖြစ်လေပြီ။ ■



www.burmeseclassic.com

www.burmeseclassic.com

# အကြင်နာ နည်းလှတယ်

(အိန္ဒိယစာရေးဆရာ ဘာဘနီ-ဘတ္တာချာ့ချီ)



ထိုကာလ၌ ငတ်မွတ်ခြင်း ဘေးသည် ဘင်္ဂလားပြည်တွင် လွှမ်းမိုးလျက်ရှိလေသည်။ ဆက်သွားရ ရမည့်သော အစား ရိုက္ခာ ရောက်လာမည့်အစား ဒုက္ခပွားစေသည့် ခဲယမ်း မီး ကျောက်တို့သာ ရောက်လာကြကုန်၏။ အရှေ့မိုင်းစစ်မြေပြင် သို့ပို့ရန် အစီအရီ ချထားသော အမြောက်ကြီး များသည် မျက်စိတဆုံး ဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်မမေ့နိုင်သော အချက်မှာ စက်ကိရိယာများ ပေါများခြင်းမဟုတ်၊ စစ်နှင့် မပတ်သက်သော အဖြစ်အပျက်ကလေး တစ်ခုပင်တည်း။

တစ်နေ့သောအခါ နေထွက်တစ်ပြုအချိန်၌ ကျွန်ုပ်သည် နံနက်မီးရထားနှင့် မြို့ထဲသို့သွားရန် ဘူတာရုံသို့ ရောက်ခဲ့လေသည်။ ဘူတာရုံတွင် လူမများလှသေးချေ။ ကျွန်ုပ်သည်





စကြံ တစ်လျှောက်တွင် လျှောက်နေရာ ထောင့်တစ်ထောင့် တွင် လူတစ်စု ဝိုင်း၍နေသည်ကို တွေ့ရသည်။ ရန်ဖြစ်လို့လား၊ ဆူညံဆူညံ ရှိလှသည်။ သွားကြည့်လေဦးမှပဲဟု အောက်မေ့ အာ ထိုနေရာသို့ ရောက်သွားလေသည်။

လူဝိုင်းနေသည့် နေရာအလယ်၌ လူတစ်ယောက်သည် ထင်းရှူးသေတ္တာပေါ်တွင် ထိုင်လျက် လက်တွင် စက္ကူကတ် နှင့်ခဲတံကိုကိုင်လျက် ရှိလေသည်။ မလှမ်းမကမ်းတွင် ထင်းရှူး သေတ္တာတစ်လုံး ... ။သည်။ ထိုသေတ္တာအနီး၌ မိန်းမတစ်ယောက်သည် ... ။ထိုင်၍ ရင်ခွင်တွင် ကလေးကို နို့ တိုက်နေလေ ... ။ ထိုမိန်းမ၏ ခြေတစ်ဖက်မှာ ထောင်လျက် မျက်စိမှာ မှိ... ။ကမှုသည်။ ကလေးသည် လောဘတကြီး နို့ကို ဟပ်ရှဲဟပ်ရှဲ စို့နေလေသည်။ မိန်းမမှာကား မတုန် မလှုပ်။

ကလေးမိခင်သည်ကား သေလေပြီ။ ကလေးကား နို့စို့ လျက်၊

လက်မှတ် စစ်တစ်ယောက်သည် ထိုလူနှင့် ထိုသားအမိကို တွေ့လေသည်။ လူ့အနီးတွင် ရပ်ကြည့်ရာ စက္ကူပေါ်တွင် ခဲတံနှင့် မိန်းမအရုပ်ကို ရေးခြစ်နေကြောင်း တွေ့ရလေသည်။ ဆင်းရဲဒုက္ခ ... ။ကျနေသူများအား ဘူတာရုံတွင်းသို့ ဝင်ခွင့် မပြုရချေ။ သို့သော် ထိုမိန်းမသည် မည်သည့်နည်းနှင့်မသိ၊ ဘူတာရုံစကြံပေါ်တွင် အိပ်ပျော်လျက် ရှိလေပြီ။ နင်ထုတ်ရ ပေလိမ့်မည်။ သနားစရာပဲပေါ့၊ သို့သော် အထက်အရာရှိ ... နာခံရတော့မည်။ ယင်းသို့ တွေးကာ လက်မှတ်စစ်သည်



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းရှင်း၍ မိန်းမအား အမိန့်ပေးလိုက်သည်။ မိန်းမမှာ မတုန်မလှုပ်။

'ဒီမှာ အဒေါ်ကြီး...ဗျို့ အဒေါ်ကြီး၊ ထ ထ သည်မှာ မအိပ်ရဘူး။ သွား....သွား....

သူအော်သော်လည်း တုပ်တုပ်မျှ မလှုပ်သဖြင့် မိန်းမအနီးသို့ ကပ်၍ကြည့်ခါမှ သေနေမှန်း သိတော့သည်။

'အို...သေနေပါကလား' ဟု လက်မှတ်စစ်က ပန်းချီဆရာအား လှမ်းပြောလေသည်။

'ဟီး....' ဟုသာ ပန်းချီဆရာက နှာခေါင်းမှ လေမှုတ်ထုတ်လိုက်လေသည်။

'သူသေနေတာ ခင်ဗျားသိသလား' ဟု လက်မှတ်စစ်က မေးလိုက်ရာ၊ ပန်းချီဆရာက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

'အဆိုးဆုံးရေ ... သူသိသတဲ့၊ သေနေတဲ့ အမေနို့ကို ကလေးခမျာ နို့စို့နေရှာတာကိုလဲ သူသိမှာပေါ့' ဟု မှတ်ချက်ချကာ လက်မှတ်စစ်က 'အဲဒါခက်တာပဲဗျ၊ ခင်ဗျား ဒီမိန်းမကြီး သေနေတာကို သိရက်နဲ့ ကျုပ်တို့ကိုလာပြီး အကြောင်းမကြားဘူးကို၊ ခင်ဗျားမှာ အကြောင်းကြားရမယ့် တွေ့ရှိတယ်ဆိုတာ သိရဲ့မှတ်လား၊ အခုတော့ ကြည့်ပါလား၊ အမေက သေနေပြီ၊ ကလေးခမျာမှာ နို့စို့နေတုန်း ရှိသေးတယ်...' ဟု ယူဆလေသည်။





ပန်းချီဆရာမှာ သူပြောသည့်စကားများကို နားမဝင်၊ သူ့ရှေ့၌ရှိသော ရုပ်အလောင်ကိုသာ အာရုံစိုက်၍ ပုံဆွဲနေလေသည်။

'အို.... ခင်ဗျား ဂရုမစိုက်ဘူးပေါ့' ဟု လက်မှတ်စစ်က မေးရာ ပန်းချီဆရာက ခေါင်းတစ်ချက်ယမ်းကာ ပုံဆွဲမြဲဆွဲနေလေသည်။

'ဟာ.... ဒီလူဟာ အတော် အကြင်နာနည်းတာပဲကို။ ခင်ဗျား မာနန်းတက်ဘူးလား'

ပန်းချီဆရာသည် လက်မှတ်စစ်ကို မျက်လွှာလှန်၍ ကြည့်ပြီးလျှင် 'နေစမ်းပါဗျာ၊ ကျုပ်အလုပ်ပြီးအောင် လုပ်စမ်းပါရစေ။ အေးအေးနေစမ်းပါ' ဟု ဆိုလိုက်လေသည်။

လက်မှတ်စစ်သည် ကလေးကို အနီးကပ်၍ ကြည့်လိုက်သည်။ ကလေးမှာ အင်အားနည်းပါးလွန်းလှသဖြင့် အသံထွက်၍ ငိုရန် မစွမ်းတော့ချေ။ သူ့မိခင်၏ နို့အက်တွင် ခေါင်းမှီ၍ နေလေသည်။ မိန်းမကြီးမှာကား၊ သေသည်မှာ အတန်ကြာလေပြီ။ တောင့်၍နေလေပြီ။

'ခင်ဗျားမှာသာ လူ့စိတ်ရှိရင် ကျုပ်တို့ဆီ ပြေးလာပြီး ပြောမှာပေါ့။ အခုတော့ဗျာ .... ဒီနေရာမှာ အလောင်းကို ငေးကြည့်ပြီး အလောင်းပုံကို ဆွဲနေရက်ပလေတယ်၊ အကြင်နာနည်းလှချည့်ကလား' ဟု လက်မှတ်စစ်က မျက်နှာရှုံ့မဲ့၍ ပြောလေသည်။ သူ သက်မြင်းချပုံကိုကြည့်ခြင်းအားဖြင့် အသည်းသိ ဒုက္ခိတသားအမိ အပေါ်တွင် ကရုဏာတရား ပွားများနေကြောင်း သိရပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီဆရာသည် စိတ်အနှောက်အယှက်ဖြစ်ဟန်နှင့် 'ကျုပ်ကို အာရုံထွေပြားအောင် လာမရှုပ်ပါနဲ့ဗျာ၊ တောင်းပန်ပါတယ်။ ကျုပ် အခုပုံဆွဲနေတာ အကြောင်းကြားဖို့ပဲဗျ၊ ခင်ဗျားတို့မီးရထားဘက်ကို အကြောင်းကြားဖို့မဟုတ်ဘူးဗျ၊ အိန္ဒိယပြည်ကြီး တစ်ပြည်လုံးကို အကြောင်းကြားဖို့ဗျ၊ သိပြီလား' ဟု ဆိုလေသည်။

လက်မှတ်စစ်သည် ဒေါသဖြစ်လာလေသည်။ 'သိပ်ရက်စက်တဲ့လူပဲ၊ ခင်ဗျား လူမှဟုတ်ရဲ့လား' ဟု ပြောလိုက်လေသည်။ အနီးသို့ ဝိုင်းကြည့်လာသူတို့အား အကျိုးအကြောင်းပြောရင်း ပန်းချီဆရာကို ရှုံ့ချလေသည်။ 'ဟုတ်တယ်၊ ဒီလူ အင်မတန် ရက်စက်တယ်' ဟု လူအများက ပြောကြသည်။ ပန်းချီဆရာကို အငြိုးနှင့် ကြည့်ကြသည်။ ပန်းချီဆရာအဖို့ကား မထူးခြားလှ၊ အာရုံထွေပြားခြင်း မရှိချေ။

ဝိုင်းလာသူများက ပန်းချီဆရာကို ဝိုင်း၍ ဆူကြဆဲကြ ပြောင်လှောင်ကြလေသည်။ ပန်းချီဆရာမှာမူ တစ်ခွန်းတစ်ပါဒမျှ ပြန်၍မပြော၊ ဂရုလည်းမစိုက်။ မျက်နှာထားတည်လျက်၊ မျက်လုံးများပြောင်လျက် ရှိလေသည်။ သူသည် အနီးအနားရှိလူများကို ရှိသည်ဟုပင် မအောက်မေ့တော့ချေ။ ရုပ်ပုံ၌သာ အာရုံစိုက်နေလေတော့သည်။

ထိုအခိုက် နှုယ်ခမ်းမွေးစုတ်ဖွားနှင့် လူဝကြီးတစ်ယောက်သည် ဒေါသကြီးစွာ ရှေ့သို့တိုးလာပြီးလျှင် ပန်းချီဆရာ၏ လက်မှ ခဲတံကို ဆွဲယူ၍ မီးရထားဆံလမ်းဘက်သို့ လွှင့်ပစ်လိုက်လေသည်။ ပန်းချီဆရာက အံ့အားသင့်၍ ထမည်အပြု





တွင် ထိုလူဝကြီးက ပန်းချီဆရာကို လက်သီးနှင့် ထိုးလေသည်။

ပန်းချီဆရာသည် ခုခံခြင်းမရှိဘဲ သူ့လက်ထဲ၌ရှိသော ပုံဆွဲလက်စရှိသော စက္ကူကတ်ပြားကိုသာ အင်္ကျီအိတ်ထဲသို့ထိုး၍ စုတ်ပြတ်ခြင်းမှ ကာကွယ်လေသည်။ ပါးစပ်မှလည်း 'ခင်ဗျားတို့ သိပ်ရူးကြတာပဲဗျာ' ဟု ညည်းတွား ရေရွတ်လိုက်သေးသည်။

လူထုသည် တစ်ယောက်က စ၍ ထိုးသဖြင့် အရှုံးထဲဆာ ဝိုင်း၍ ထိုးကြထုကြလေသည်။ တစ်ယောက်က သူ့လက်ထဲတွင် ရှိသေးသော အင်္ကျီအိတ်ထဲသို့ တစ်ပိုင်းဝင်နေသည့် စက္ကူကတ်ပြားကို ယူ၍ လွှင့်ပစ်လိုက်လေသည်။ ပန်းချီဆရာလည်း လက်သီးပေါင်းစုံဒဏ်ကို မခံနိုင်ရှာဘဲ၊ မြေတွင် လဲရလေတော့သည်။

ယင်းသို့ အများနှင့်တစ်ယောက် မညီမျှသော အင်အားပြိုင်မှုသည် တစ်မိနစ်ကျော် ကြာလေသည်။ လူထုသည် လက်သီးနှင့် ထိုး၍ အားမှာန်ရှိကာ တစ်ယောက်စီ ခွဲထွက်သွားကြလေသည်။

ပန်းချီဆရာမှာ ပွန်းပဲ့၍ တဟိုက်ဟိုက် မောလျက် ကျန်ခဲ့လေသည်။ သူ့အင်္ကျီလည်း စုတ်ပြဲလျက် ရှိသည်။ ကြယ်သီးများပြုတ်လျက် အတွင်းခံ စွပ်ကျယ်အင်္ကျီ ပေါ်နေလေသည်။ သူ့မျက်လုံးများအား တောက်ပလျက်ပင် ရှိပေသေးသည်။

'သိပ်မိုက်တဲ့ လူတွေပဲ။ မင်းတို့တစ်တွေ ဝါအရုပ်ကြီးကို ဆုတ်ပစ်လို့ သည်အရုပ်ကားဟာ ပျောက်ပျက်သွားရောတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးကွာ၊ ငါ့စိတ်အာရုံထဲမှာ အမြဲရှိတယ်။ ငါ အိန္ဒိယ တစ်ပြည်လုံးကို ဒုက္ခိတဖြစ်စေတာကို အစီရင်ခံမယ်၊ ရှုပ်ပုံရေး မြီး အစီရင်ခံမယ်ကွ။ တစ်ပြည်လုံးက သည်ဒုက္ခိတ မိန်းမ အလောင်းကြီးနဲ့ သနားစရာ မိတဆိုးကလေးကို မြင်ကြရ မယ်။ သိကြလားဟေ့ ’ဟု တဖျစ်ဖျစ်တောက်ကောက်နှင့် ဆိုလေ သည်။

ထိုအခိုက် ပုလိပ်တစ်ယောက် အနီးသို့ ရောက်လာသဖြင့် ကြွင်းကျန်လျက်ရှိသော လူအချို့လည်း ရှောင်ခွာသွားကြ လေသည်။ သူတို့သည် ပန်းချီဆရာ ကဲ့သို့သော အကြွင်နာ တရားခေါင်းမဲ့သူ လူဆိုးကို ဆုံးမလိုက်ရသဖြင့် ထိုနေ့အဖို့ ကျေ နပ်သွားကြဟန် ရှိလေသည်။

ကျွန်ုပ်သည် မီးရထားသံလမ်းဘက်သို့ သွား၍၊ ပြန့်ကြဲ လျက် ရှိသော ခဲတံနှင့် စက္ကူကတ်ကို ကောက်ပြီးလျှင် ပန်းချီ ဆရာအား ပြန်၍ ပေးလေသည်။

‘အခုနေအခါ စက္ကူ ရှားပါးဘီသနဲ့ဗျာ၊ သူခိုးဈေးဝယ် မှ ကောင်းကောင်းရတဲ့ခေတ်မျိုး ဖြင်နေတယ်’ ဟု ကျွန်ုပ်က ဆိုလိုက်လေသည်။

ပန်းချီဆရာသည် ကျွန်ုပ်အား ကြောင်တက်တက်နှင့် ကြည့် နေလေသည်။

‘ဆိုးတာပဲဗျာ’ ဟု ကျွန်ုပ်က စကားဆက်၍ ပြောလေ သည်။

‘သည်အကောင်တွေဟာ ဘာလုပ်လို့ လုပ်မှန်း သိကြတာ မဟုတ်ဘူး။ သူတို့လုပ်တာ အတော်နာသွားသလားဟင်....၊





ဟုတ်ပါတယ်၊ ခင်ဗျား ပြောသလိုပါပဲ။ သူတို့က ခင်ဗျား အရုပ်ဆားကို ဆွဲဆုတ်ပစ်ကြပေမယ့် ခင်ဗျား ပြန်ဆွဲနိုင်သေး သားပဲ၊ ကောင်းပါတယ်ဗျာ၊ အိန္ဒိယ တစ်ပြည်လုံး သိသွား အောင် ပြန်ဆွဲပါဦးဗျာ’ ဟု ကျွန်ုပ်က တစ်ချောက်တည်း ပြောလေသည်။

ပန်းချီဆရာက တခွန်းတစ်ပါဒမျှ ပြန်မပြောချေ။ သူသည် ကျွန်ုပ်ဘက်သို့ ငေးစိုက်နေသော်လည်း ကျွန်ုပ်ကို မြင်ဟန် မရှိ။ ဒုက္ခိတမကြီးအလောင်းနှင့် ကလေးနို့စို့နေသည်ကိုသာ မျက်စိထဲတွင် ပေါ်နေဟန် ရှိလေသည်။

‘သည်မှာ ဆရာ၊ ကျုပ်တော့ဖြင့် ခင်ဗျား အရုပ်ကား အတွက် နာမည်တပ်ဖို့ စဉ်းစားထားတယ်။ ‘မှတ်ထမ်းတင် လောက်သော အခြေအနေ’ လို့၊ ခေါ်ရရင် ထယ်နှယ်နေမလဲ ဟင်....’

ထိုအခိုက်တွင် ပန်းချီဆရာနှင့် ကျွန်ုပ်တို့သည် ဒုက္ခိတ သားအမိရှိရာသို့ မျက်စိမျှား နေ ကြသွားကြလေသည်။ ရောက် ပြီးသည့်နောက်၊ ချက်ချင်းပင် တစ်ဖက်သို့ လှည့်လိုက်ကြလေ တော့သည်။ တစ်ဦးနှင့်တစ်ဦး စကားမဆိုဘဲ နေကြသည်။ ပန်းချီဆရာသည် အတွင်းဆွေး ဆွေးသွားဟန် ရှိလေသည်။ သူ့မျက်နှာသည် ညှိုး၍လာသည်။ သူ စကားစ၍ ပြောသော အခါ၌လည်း သူ့ဧသံမှာ ကွဲအက်နေလေတော့သည်။

‘ကလေးအတွက် ဘယ်နှယ်လုပ်မလဲ၊ ကျုပ်လဲပဲ ရှေ့ရေး မျှော်တာ အမှန်ပဲဗျာ၊ အခု အချိန်တွေ အလကား ဖြုန်းပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိတယ်။ အလေးက အေးရေပေါ့၊ ခပ်စောစောစားယူပြီး သင့်တော်ရာကို ပို့လိုက်ဖို့ကောင်းတာ'

ထိုအခါ ကျွန်ုပ်က 'အမေ့သေတာက အတော်ကောင်းတဲ့ နေရာမှာ သေတာဗျ။ မီးရထားဘူတာမှာဆိုတော့ ရဲပိုင်တွေ ဘာတို့က အလေးကို ဂရုစိုက်ပြီး မိဘမဲ့ကလေးဆေးရုံကို ပို့ပေးရတော့မှာပေါ့၊ အမေကြီး အလောင်းလဲ အစိုးရ မီး သင်္ဂြိုဟ်ဘက်ဆိုင်ရာဌာနမှာ မီးသင်္ဂြိုဟ်ရမှာပဲ၊ ဒါတွေက ဟို လူတွေ အလုပ်ပါဗျာ၊ ခင်ဗျား အရုပ်ဆိုးကို ပြန်ဆွဲစမ်း ပါဦးလား' ဟု ပြောလိုက်လေသည်၊

ပန်းချီဆရာသည် အလောင်းကို ငေးကြည့်နေရင်း သက် ပြင်းကြီးစွာ ချလေသည်၊ မျက်ရည်များ ဝဲလာလေသည်။

'ဟာဗျာ....ကျုပ် မကြည့်ရက်တော့ဘူး၊ ဟုတ်ပါတယ်၊ ဟိုလူတွေ ပြောသလိုပါပဲ၊ ကျုပ်တာ အလွန် ရက်စက်တဲ့ အကောင်ပေါ့၊ အကြင်နာ နည်းတယ်ဆိုတာ အမှန်ပဲဗျို့' ဟု ဆိုကာ ကျွန်ုပ်အား လှမ်း၍ ကြည့်နေလေသည်၊

ကျွန်ုပ်ကလည်း သူ့ကို ပြန်၍ ငေးကြည့်နေတော့သည်။ ပန်းချီဆရာသည် ဥပေက္ခာဝါဒကို ရုတ်ခြည်း စွန့်လွှတ်လိုက် လေပြီ၊ လောကကို မှတ်ပုံတင်ရန် စေတနာမျိုးဖြင့် လောက အပြင်မှနေ၍ ကြည့်တတ်သော သဘောသည် တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားလေတော့ပြီ။ ပန်းချီဆရာသည် ပန်းချီ ဆရာစိတ် ပျောက်၍ လူစိတ် ဝင်လာလေပြီ၊ သူ့ရင်တွင်း၌ လူသာမန်တို့၏ သနားကြင်နာမှုအား ရှိသည့် စွဲကပ်လျက် ရှိနေ





ချေပြီ၊ ပန်းချီဆရာအစစ်တို့၏ ဥပေက္ခာတရား မရှိတော့ပြီ တကား။

ကျွန်ုပ်သည် သူ့ကိုကြည့်ရင်း ဝမ်းနည်းလာလေသည်။ အိန္ဒိယတစ်ပြည်လုံး သိအောင် မှတ်တမ်းတင်ရမည့် အရုပ် အားသည်တား ပန်းချီဆရာ၏ စိတ်မှ ပျောက်ကွယ်သွား ချေပြီ၊ ဒုက္ခိတမိန်းမသည် ပထမ သာမန်အားဖြင့်သာ သေ လေသည်၊ ယခုမှသာ အသေကြီး သေရတော့သည်တကား။

၃၀-၁၂-၆၈



www.burmeseclassic.com

www.burmeseclassic.com

## ဂျုံကြိတ်သမား

(တရုတ်စာရေးဆရာကြီး ယမ်းချင်ရှစ်)

ပူပြင်းသော နွေကာလ မွန်းလွဲချိန်၊ နေ့လည်စာစားပြီးသည့် အခါ ဖြစ်သည်။ သစ်ပင်များ၏အရိပ်တို့သည် မြေပေါ်တွင် ကျလျက် ရှိသည်။ လေတိတ်နေသည်။ လေတိတ်နေသဖြင့် အမှာမြေတစ်ဝှမ်းလုံးတွင်အသက်ရှူရပ်လျက် ရှိသည်ဟု ထင်ရ၏။ ကြောက်စရာကောင်းအောင် ပူပြင်းသော နေမင်းကြီးသည် ကောင်းကင်တွင် တဖြည်းဖြည်း တွားသွား နေလေသည်။ တစ်ကမ္ဘာလုံးမှာလည်း နေအရှိန်ကြောင့် အရည်ပျော်တော့မည့်ပုံလိုလို ဖြစ်နေသည်။ လှုပ်ရှားမှုဟူ၍ လုံးဝ မရှိချေ။ အသံဟူ၍လည်း တစ်သံမျှ မကြားရချေ။ မြက်ပင်ဆလေးများနှင့် ပန်းပွင့်ကလေးတို့သည် ဦးခေါင်းငိုက်လျက် အပူဒဏ်ကို ခံယူနေကြရသည်။ ခါတိုင်း အသံစာသော ငှက်တို့





ပင်လျှင် ဆိတ်ဆိတ်နေကြသည်။ ပုရွက်ဆိတ်များသာလျှင် အပူကို မကြောက်ကြဘဲ ပူလောင်နေသော မြေပြင်တွင် အခေါက်ခေါက် မြန်၍ အပြေးအလွှား သွားလာနေကြကုန်၏။ ပျားတို့သည်လည်း ပန်းပွင့်များတစ်ဝိုက်တွင် ဝီ ရိ ယ ကောင်းစွာ တဝီဝီ မြည်နေကြသည်။ ပန်းခြံကြီး၏ အရှေ့မြောက်ထောင့်တွင် သက်ငယ်တဲတစ်တဲ ရှိလေသည်။ ရွှေးမြည် နေ သော ဘောင်များရှိသည့် မြတင်းမှ ဂျုံကြိတ်စက်၏ တဂျုန်းဂျုန်းမြည်သံကို ကြားနေရသည်။ ထိုအသံသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် ရှိလေ၏။

အသက်သုံးဆယ်ကျော်လူတစ်ယောက် ဂျုံကြိတ်နေသည်။ သူ၏ ဝါကျင့်ကျင့် ပါးများပေါ်တွင် ချွေးသည် ချောင်းကလေးများဖြစ်ကာ စီးဆင်းနေချေသည်။ သူ့ဆံပင် ရှုပ်ခဲခဲကြီးသည် ဂျုံမှုန့်များ လိမ်းကျံလျက် ဖြူဖွေး၍နေသည်။ ဆောင်းဦးတွင် နှင်းခဲတင်နေသော မြက်ဖုတ်နှင့်တူလေတော့သည်။ ချွေးရွှဲနေသော အဝတ်ကြမ်းဖြင့် ချုပ်လုပ်ထားသော ဘောင်းဘီသည် ဒူးနားတွင် စုတ်နေသည်။ သူသည် အသက်ဆယ့်သုံးလေးနှစ်လောက်ကတည်းကပင် ဂျုံ ကြိတ် လာ ခဲ့ ရ သည်။ သူ့မိဘများ ဆုံးချိန်ကတည်းကပင်ဖြစ်သည်။ ဂျုံကြိတ်ရသည်မှာ အလွန်ပင်ပန်းသဖြင့် အစတွင် သူသည် တစ်နေ့ကုန် အလုပ်လုပ်ပြီးလျှင် မူးနောက်နောက်ဖြစ်နေခဲ့သည်။ ပင်ပန်းလွန်းလှသဖြင့် အလုပ်ချိန် တစ်နေ့တာသည် သူ့ အဖို့ ရှည်လျားလှချေသည်။ တစ်နေကုန် မတ်တတ်ရပ်နေရသဖြင့် ခြေသလုံးများ တောင့်နေသည်။ လမ်းပင်မလျှောက်နိုင်ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



ချေသည်။ နောက် ကျောင်းသား ရသွားသည်။ သူ အသုံးပြုနေသော ကြိုတ်ထုံးကြီး နှစ်တုံးကဲ့သို့ပင် သူသည်လည်း စက်သဖွယ် ဖြစ်သွားလေတော့သည်။

ကြိတ်တုံးကြီးများလည်း နေ့စဉ်နှင့်အမျှ ကြိတ်နေရသဖြင့် ထက်စအတော်များများ ပါးသွားချေပြီ။ ဂျုံ ကြိတ် သမား 'ဝမ်း'၏ ခြေသီး ခြေးပေါက်များသည်လည်း မြေသို့ အဆက်မပြတ် ကျသဖြင့် မြေတွင် တွင်းကလေးများပင် ဖြစ်သွားချေပြီ။ ကြိတ်ဆုံကို လှည့်၍ သွားနေရသဖြင့် သူ့ ခြေသွားလမ်းသည် မြေတွင် နိမ့်လျက်နေသည်။ သူ့ ပါးများတွင်လည်း ပါးမြိုင်းမွေးများပေါက်၍ သူ့ ပါးစပ်ပတ်ဝန်းကျင်တွင် ပေါင်းပင်များကဲ့သို့ ထူထပ်နေသည်။ 'ဝမ်း'သည် တစ်နေ့တခြား ကြီးမြင့်လာသည့် တိုင်အောင် အဖော်ဟူ၍ သူ့ ထံသို့ စကားကြင်းသောက်ကြင်း တောင်းလာသည့် အိမ်နီးချင်း၏ ခွေးနှင့် အေးစက်မာကျောသော ကြိတ်တုံးကြီး နှစ်တုံးတို့မှအပ မရှိချေ။

ဝင်းအရှေ့၏ ခြေရင်းတွင် ကျနေသော အရိပ်တို့သည် တဖြည်းဖြည်း ရှည်ထွက်လာလေပြီ။ သစ်ပင်တစ်ပင်အောက်တွင် လဲလျောင်းနေသော နွားမသည် သူ့ သား နွားကလေးကို လုမ်းအော်၍ ခေါ်နေသည်။ တော ကျီး ကန်း ငှက် တို့လည်းတိုင်များမော့ကာ ပါးစပ်များ အစွမ်းကုန်ကျယ်အောင်ဟ၍ မိခင်တောကျီးကန်းမကြီးက ခွံ့သောအစာကို စားရန် ဟန်ပြင်နေကြသည်။ အနောက်ဘက် တောင်တန်းများ၏ထိပ်တွင် ရောက်နေသော နေမင်းကြီးသည် ဆောင်း





ခင်၏ တစ်ဝက်ကို နီမြန်းနေစေသည်။ 'ဝမ်း'သည် အတွင်းတွင် မှောင်စပြုနေပြီဖြစ်သော တဲထဲမှ ထွက်လာပြီးလျှင် သူ့ ခါးပင်တွင် ကပ်နေသော ဂျုံမှုန့်များကို လက်ဖြင့် ပုတ်ကာ ထုတ်ကာ ဝဲဘက်တွင်ရှိသည့် ချောင်းသို့ ရေချိုးရန် သွားလေသည်။ ချောင်းကမ်းဘေးတွင်ထိုင်၍ အဖြူအနက် ပြောက်များ ခွေးနှင့် ခွေးနက်တို့ ခုန်ပေါက် ဆော့ကစားနေကြသည်ကို ကြည့်နေသည်။ ချုန်း၏ သားကလေး မောင်တိုးပွားသည် သူ့ လက်တွင် မှိုများပေလျက် သစ်ပင်တစ်ပင်နောက်ကွယ်မှ ပေါ်ထွက်လာပြီးလျှင် 'ဝမ်း'ရှိရာသို့ ပြေးလာသည်။

'မေမေက ဂျုံနည်းနည်းကြိတ်ပေးဖို့ပြောတယ်၊ နက်ဖြန်မှာ အချိန်ရမှာလား'ဟု ကလေးက မေးလိုက်သည်။

'ရပါတယ်၊ မနက်ပိုင်းမှာ သူများအရင်ကြိတ်ပေးမယ်'ဟု 'ဝမ်း'က ပြန်ပြောလိုက်ရာ ကလေးသည် ကျေနပ်ဟန်ဖြင့် ပြုံးလေသည်။

'မေမေက ကျွန်တော့်ဖို့ မုန့်လုပ်ပေးမလို့တဲ့၊ သန်ဘက်ခါဆိုရင် ခုနစ်ရက် ခုနစ်လ ပွဲတော်နေ့ပဲ'ဟု ကလေးက ပြောသည်။

(လဆန်း၊ လဆုတ်ပြက္ခဒိန်တွင် ခုနစ်လ ခုနစ်ရက်နေ့တွင် ကောင်းကင်ဘုံ၌ နွား ကျောင်း သား နှင့် ရက် ကန်း သမ ကလေးတို့ ပြန်လည်ပေါင်းသင်းရသည့် အထိမ်းအမှတ်ပွဲတော် ကျင်းပကြသည်။)

ကလေးသည် ခွေးများဆော့ကစားနေသောနေရာသို့ ပြေးသွားပြီးလျှင် ခွေးနက်၏ လည်ပင်းကိုဖက်၍ ဆော့ကစားနေသည်။ ခွေး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆောင်နှင့် တစ်ဆောင် ထစ်လှည့်စီ ထွေးထွေးလုံးလုံး စားပြီးနောက် ဟင်းရွက်ဟင်းသီးခြံဘက်သို့ ပြေးသွားလေရာ ခွေးနှစ်ကောင်ကလည်း ကလေး၏နောက်သို့ ထက်ကြပ်ပြေးလွှား လိုက်သွားကြသည်။

'ဖေဖေ့ကို ထမင်းစားဖို့ ခေါ်ရဦးမယ်'ဟု ကလေးက ပြောရင်း 'ဝမ်း'ဘက်သို့ သမင်လည်ပြန် လှမ်းကြည့်ရင်း ပြောလိုက်သည်။

မကြာခင်ပင် ချွန်းသည် သူ့ပခုံးပေါ်တွင် ပေါက်ပြား တစ်ချောင်းကို ထမ်းလျက် ဟင်းသီးဟင်းရွက်ခြံထဲမှ ထွက်လာသည်။ မောင်တိုးပွားကလေးက သူ့ဖခင်၏ရှေ့တွင် ခုန်ပေါက်၍ ပြေးလာသည်။ ကလေးသည် သူ့ဖခင်နှင့် အတန်ကွာသို့ ရောက်သောအခါ ရပ်၍စောင့်သည်။ သူ့ဖခင်အနီးသို့ ရောက်လာသောအခါ သူ့ဦးခေါင်းကလေးမော့၍ သူသိချင်သမျှ အကြောင်းကလေးများကို တတွတ်တွတ်မေးနေသည်။ မေးရင်းမြန်းရင်း သူ့ဖခင်၏ လက်ကို ဆွဲ၍ ရွာ၏ အနောက်စွန်သို့ ချွန်းနှင့်အတူ လျှောက်သွားလေသည်။

'ဝမ်း' သည် သူ၏ သားအဖကို ငေး ကြည့် နေ သည်။ ကလေး၏ ပြုံးချိုသောမျက်နှာကလေးသည် ချစ်စရာကောင်းလှ၏။ သူ၏ သွက်လက်မှုသည် သူနှင့်ကြုံတွေ့ ဆက်သွယ်သမျှ အားလုံးကို အသက်ဝင်စေသည်။ 'ဝမ်း' သည် မောင်တိုးပွားကလေးကိုကြည့်ရင်း သူ့စိတ်ကူးသည် ကွန့်မြူးလာလေသည်။ အတန်ကြာ ထိုင်နေပြီးနောက် သူ့တဲထဲသို့ ဝင်သွားသည်။ သူ့စိတ်ထဲတွင် တစ်ခုခုရှိနေသည်မှာ ထင်ရှားလှ၏။ ညစာ





ကောင်းကောင်း မစားနိုင်တော့ချေ။ သူ့အိပ်ရာပေါ်တွင် ပက်လက် လဲလျောင်းနေသည်။ မျက်လုံး အကြောခင်သား ပွင့်လျက် မတုန်မလှုပ် ငြိမ်သက်၍နေသည်။ လေသာဓာတ် တစ်ခုလုံးကို မှောင်ထုကြီး လွှမ်းခြုံလျက်ရှိသည်။ ပြတင်း အပြင်ဘက်မှလာသော ပုရစ်မြည်သံနှင့် ခပ်ဝေးဝေးက လာသော ခွေးဟောင်သံတို့မှအပ လောကကြီးသည် တိတ်ဆိတ် နေလေသည်။

ဝမ်းသည် ဂျုံကြိတ်ရုံထဲမှာပင် ရှိနေသည်ဟု ထင်မိ၏။ ဂျုံကြိတ်စက်ကိုမူ သူကိုယ်တိုင် လှည့်မနေတော့ပေ။ မြည်း တစ်ကောင် လှည့်နေသည်။ ဝမ်းက ဂျုံစေ့များကို ထည့် ပေးရုံသာ ထည့်ပေးရသည်။ ပြီးလျှင် ကျနေသော ဂျုံမှုန့် များကို ကြပ်းပြစ်မှ လှည်းပစ်ရသည်။ မျက်နှာရှည်ရှည်နှင့် မြည်းသည် ဂျုံကြိတ်စက်ကို အင်နှင့် အားနှင့် အမြန်လှည့် ပေးနေသည်။ မြည်းသည် ဂျုံကြိတ်စက် ပတ်ပတ်လည်တွင် ပြေးနေသည်။ ဝမ်းသည်လည်း မပင်ပန်းရဘဲ ဂျုံတွေ အများကြီး ထွက်လာသဖြင့် ကျေနပ်ဝမ်းသာလျက်ရှိသည်။ ထိုအခိုက်တွင် သူ့နောက်မှ အသံတစ်သံကို ကြားရသည်။

'ဖေဖေမစားတော့ဘူးလား၊ မေမေက အသင့်ပြင်ထားပြီ' ဟူသော အသံဖြစ်သည်။ ဝမ်းသည် လှည့်ကြည့်လိုက်သည်။ သူ့ရှေ့တွင် ငါးနှစ်ရွယ် သူငယ်ကလေးတစ်ယောက် ရပ်နေ သည်။ သူ့သားကလေးဖြစ်ပေသည်။ သူ့သားကလေးအား မောင်တိုးပွားထက် ပို၍ လှသည်။ ချစ်စရာကောင်းသည်။ ဝမ်းသည် သူ့သားကလေးကို ဖောက်ချီပြီးလျှင် ပါးမြှင်



www.burmeseclassic.com

www.burmeseclassic.com



ဆလေးကို နမ်းလိုက်သည်။ သူသည် သူ့အဖြစ်ကိုသူ ကျေနပ်ဝမ်းသာလွန်းလှသဖြင့် နှုတ်ခမ်းများပင် တဖျင်းဖျင်း လှုပ်နေသည်။

ဆလေးက သူ့လည်ပင်းကို ဖက်ထားရင်း 'ဖေဖေ ကျွန်တော်စားဖို့ မုန့်လုပ်ဖို့ ဂျုံကြိတ်ပေးမယ် မဟုတ်လား'ဟု မေးလိုက်သည်။

'ဟာ.... ကြိတ်ပေးမှာပေါ့၊ ဂျုံတွေ အများကြီး ကြိတ်ပေးမယ်၊ ပြီးတော့ မုန့်ကလေးတွေ သီတာအရည်ကြီးမြှည့်အောင် ချိတ်ပေးထားမယ်၊ သီတာအဖျားမှာလဲ သစ်တော်သီးတစ်လုံး ချိတ်ပေးမယ်လေ'ဟု ဝမ်းက ပြန်ပြောလိုက်ရာ ဆလေးသည် ဝမ်းသာစွာ ရယ်မောလေသည်။ ရယ်လိုက်သောအခါ သူ့သွားအလေးများသည် ဖြူဖြူ ဖွေးဖွေးနှင့် ညီညီညာညာ ရှိလှပေသည်။ ဝမ်းသည် ကလေးကို ချီ၍ ဂျုံကြိတ်တဲထဲမှ ထွက်လာခဲ့သည်။ အသက် နှစ်ဆယ်ကျော်အရွယ်ရှိသော သူဇနီးသည် ထမင်းပွဲ ပြင်နေသည်။ ရွာအနောက်ဖိုင်းမှ ဟူဝမ်း၏သမီး အကြီးဆုံးဖြစ်သည်ဟု ဝမ်းက ထင်မိသည်။ သူ့ဇနီးက ပြင်ပြီးသား ထမင်းပွဲကို လက်ညှိုးထိုးကာ 'စားကြတော့လေ.... အေးကုန်တော့မယ်'ဟု ဆိုလေသည်။ အငွေ့တထောင်းထောင်း ထွက်နေသော အမဲနှပ်နှင့် ဆန္ဓားသီးများအပြင် လတ်ဆတ်သော ပေါင်မုန့်တို့ကို စားပွဲပေါ်တွင် တွေ့ရသောအခါ ဝမ်းသည် အကြီးအကျယ် ဆာလာသည်။ စားပွဲအစွန်းတစ်ဖက်တွင် သူ့ သားကလေးသည် ပေါင်မုန့်ကိုလှမ်းယူရင်း ဟင်းရွက်ကြော်ကို ပါးစပ်ထဲ





သို့ ထည့်နေသည်။ ဝမ်းသည်ပြောမပြနိုင်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။ ဝမ်းသာလွန်း၍ မျက်ရည်များလည်လာသည်။ သူသည် မျက်ရည်ဝေနေသော မျက်လုံးများဖြင့် သူ့သားကလေးကို ကြည့်နေသည်။

ရှေ့သို့ တိုးလာသောခြေသံများကိုကြားလိုက်ရပြီးနောက် ဂျုံကြိတ်တဲထဲသို့ ချန်းဝင်လာသည်။ 'ဟဲ့....ငတုံးမွှား၊ မင်းကိုရှာလိုက်ရတာ မောနေတာပဲ၊ မင်းဆာ ဒီရောက်နေတာကိုး'ဟု ချန်းက အော်ကျယ်ဟစ်ကျယ် ပြောလိုက်သည်။ သူသည် ပြောပြောဆိုဆိုနှင့် သူ့သား မောင်တိုးပွားကို ချီ၍ တဲထဲမှ ထွက်သွားသည်။ ဆလေးက ဝမ်းဘက်သို့ လက်တစ်ဖက်ဝှေ့ယမ်းကာ 'ဟင်....ဖေဖေ၊ ကျွန်တော်မလိုက်ချင်ဘူး'ဟုငိုသံပါကြီးဖြင့် ပြောသည်။

ဝမ်းသည်အံ့အားသင့်၍ ငေးကြောင်နေသည်။ သူသည် ချန်းနောက်သို့ ပြေးသွားပြီးလျှင် ကလေးကို ပြန်ဆွဲယူမည်အပြုတွင် အိပ်ရာမှ လန့်နိုးသွားလေတော့သည်။ သူ့ရင်မှာ အကြီးအကျယ် ခုန်နေချေသည်။ အခန်းမှာ မှောင်အတိပြီး၍ တိတ်ဆိတ်နေသည်။ ခပ်ဝေးဝေးက ကြက်တွန် သံကို ကြားရသည်။ သူ့ဗိုက်ထဲမှ အစာမရှိ၍ ထနေသော လေသံတဂွီဂွီကိုလည်း ကြားရသည်။

သူသည် လဲနေသည့်အတိုင်း မလှုပ်မရှက်နေ၏။ စက္ကူကပ်ထားသော ပြတင်းတံခါးသည် အပြင် အလင်းရောင်ကြောင့် ဖြူ၍လာသည်။ သစ်ပင်ပေါ်မှ စာအောင်ချိုသည်တညည်ညည်မြည်နေကြသည်။ ထိုအခါမှ သူသည် အိပ်ရာပေါ်မှ မရှိ



www.burmeseclassic.com

www.burmeseclassic.com



မလန်းထပြီးလျှင် ဂျုံကြိတ်တုံးကြီးများကို ပတ်၍လျှောက်နေသည်။ ယနေ့သည် သူ့အဖို့ထူးခြားသည်။ သူ့စိတ်သည် လှုပ်ရှားလျက်ရှိ၏။ သူသည် ခပ်ဖြည်းဖြည်း လျှောက်သည်။ တစ်ခါတရံ ဘာဖြစ်မှန်းမသိ၊ ခြေတန့်သွားသည်။ တစ်ခါတရံလည်း ဘာဖြစ်မှန်းမသိ၊ ခြေသွက်လာသည်။ ကြိတ်တုံး၏ ကြိတ်သံမှာ ခါတိုင်းနှင့် မတူပေ။ တဂျုန်းဂျုန်းဖြင့် မှန်မှန်မမြည်ဘဲ မြန်သည့်အခါ မြန်လိုက်၊ နှေးသည့်အခါ နှေးလိုက်ဖြစ်နေသည်။ သူသည် အိပ်မက်ထဲ၌ သူ့သားကလေးနှင့်သူ့အပင်ပမ်းကို ဝေမျှခံသော မြည်းကလေးတို့ကို မြင်ယောင်နေသည်။ ထိုနေ့မှစ၍ သူသည် တစ်နေ့တခြား ပိန်၍ပိန်၍သွားလေသည်။

ဆောင်းဦးကာလ တစ်ညနေတွင် ဝင်တော့မည့် နေသည် ကြွေကျနေသော ရွက်ဝါပုံကို ရွှေပုံကြီး ဖြစ်အောင်အရောင်တင်နေသည်။ ချုံထဲက ပုရစ်တို့သည်လည်း အဆက်မပြတ် တရီရီအော်မြည်နေကြသည်။ 'ဝမ်း'သည်အိပ်ရာထဲတွင် လဲနေသည်။ သူသည် ရက်ပေါင်းများစွာ အစာမစားဘဲ နေခဲ့သည်။ တုပ်ကွေးဖျားခဲ့သွားဝင်စက သူသည် အလုပ်ကို လုပ်မြဲ ဆက်လုပ်နေခဲ့သည်။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူနေသော်လည်း ကြိတ်ဆုံကိုလှည့်နေမြဲ နေခဲ့၏။ နောက် သူ့ခြေထောက်များနှင့် ကျောကုန်းတို့သည် မခံမရပ်နိုင်အောင် နာကျင်လာသဖြင့် သူသည် သူ့အဖော် ကြိတ်တုံးကြီးများမှ ခွာခဲ့ရလေသည်။ ယခု သူသည် အိပ်ရာထဲတွင် လဲနေသည်။ သူ့ထံသို့ အစာရေစာ ချကျွေးမည့်သူဟူ၍ တစ်ဦး တစ်ယောက်မျှ





မရောက်လာချေ။ သူ့အဖော်ဖြစ်သော အိမ်နီးချင်းခွေးသည် သူ့ထံသို့ တစ်ခေါက်နှစ်ခေါက် ရောက်လာပြီးလျှင် 'ဝမ်း'၏ အိပ်ရာစွန်း အပေါ်သို့ လက်နှစ်ဖက်တင်ကာ အဖြီးနှံ့၍ နှုတ်ဆက်ပြီးနောက် ပြန်ထွက်သွားလေသည်။

'ဝမ်း'သည် မကြာခဏ မှုန်နောက်နောက် ဖြစ်နေသည်။ နောက်ဆုံး၌ တဲကလေးတွင် အလင်းရောင် လွှမ်းလာလေသည်။ သူသည် မြည်းကလေး ကြိတ်ဆုံလှည့်နေသည်ကို မြင်ရသည်။ သူ့ဇနီးသည် ထမင်းချက်နေသည်။ သူ့သားကလေးသည် အိမ်ဝင်းထဲတွင် ကစားနေသည်။ သူ့ချစ်စရာမျက်နှာကလေးပေါ်တွင် အပြုံးကလေး မြူးနေသည်။ 'ဝမ်း' ကို လက်ကလေးဝှေ့ယမ်းကာ ခေါ်နေသည်။ 'ဝမ်း'ကလည်း ပြန်၍ ပြုံးပြကာ ကလေးရှိရာသို့ တဗျာကသီထ၍ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## သုံးယောက်

(ရုရှားစာရေးဆရာ ဗလက်ဒီမီးယားနိုဗိုမဲလော့ခ်)

ကျွန်တော်တို့နှစ်ယောက်သည် မြေကြီးပေါ်တွင် လှဲ၍နေကြသည်။ တစ်ယောက်နှင့် တစ်ယောက် ပူးပူးကပ်ကပ် လှဲနေကြသည်။ မြေကြီးသည် အေးလည်းမအေးလှ၊ မာလည်း မမာလှ၊ စိုထိုင်းထိုင်းလည်း မဟုတ်ပါ။

သူနှင့်ကျွန်တော် ရည်ငံစွန်းငြိနေကြသည်မှာ ငါးလကြာလေပြီ။ သူ ကျွန်တော်တို့ တပ်သို့ ရောက်လာသည်းကပင် ဖြစ်သည်။ ကျွန်တော်က အသက် ဆယ့်ကိုးနှစ်၊ သူက ဆယ့်ရှစ်နှစ်။ ကျွန်တော်က တပ်စုမှူး၊ သူက သူနာပြုဆရာမလေး လက်ထောက်။ ကျွန်တော်တို့ နှစ်ယောက်သည် မည်သူ့ကိုမျှ အသိမပေးဘဲ တိတ်တိတ် တွေ့လာခဲ့ကြသည်။ ကျွန်တော်တို့ ချစ်နေကြကြောင်း မည်သူမျှ မသိ၊ ကျွန်တော်တို့ ယခု နှစ်





ယောက် မဟုတ်တော့ဘဲ သုံးယောက် ဖြစ်နေပြီ ဆိုသည့် အကြောင်းကိုလည်း မည်သူမှ မသိပေ။

'ယောကျ်ားလေးဖြစ်မှာပါ၊ သေချာပါတယ်'ဟု သူက ပြောသည်မှာ ဆယ်ကြိမ်ရှိလှေပြီ။ သူသည် ကျွန်တော့် အလိုကို အလွန်လိုက်သည်။ ကျွန်တော့် အကြိုက်ကိုလိုက်ဖို့ အလွန်စိတ်ထက်သန်သည်၊ 'သားကလေးအဖော့ မှောင်နဲ့ တစ်ထေရာတည်း နေမှာပါပဲ' ဟု သူက ဆိုသည်။

'အကြောင်းအလှည့် မသင့်လို့တစ်ခုခုများ ဖြစ်ရင်တော့ မင်းနဲ့တူတဲ့ သမီးကလေးမွေးတာပဲကြိုက်တယ်'ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။ ပြော၍သာ နေရသည်။ ကျွန်တော့် အတွေးများမှာမူ အဝေးသို့ ရောက်နေကြချေသည်။

မီတာ ငါးရာ အကွာလောက်တွင် ကျွန်တော့် ရဲဘော်တပ်သားများသည် ဗုန်းခိုကျင်းများထဲတွင် အိပ်ပျော်နေကြသည်။ ထိုထက် လွန်၍ မြင့်တက်သွားပြီး ရှေ့တန်း ဆင်းစခန်း ကျော်လျှင် အမှတ် ၁၆၂ တောင်ကုန်းရှိသည်။ ထိုတောင်ကုန်းကို ဂျာမန်တို့က တစ်ခါသစ်ခါ မီးကျည်ချတတ်ကြသည်။ ယခုညမှုကား မှောင်အတိ ငြိမ်းလျက် ရှိ၏။ နံနက်မိုးသောက်ချိန်တွင် ကျွန်တော့် တပ်စုသည် ထိုတောင်ကုန်းကို အရတိုက်ရလိမ့်မည်။ အခြား တပ်စု တစ်စုက ကြိုးစားခဲ့သည်မှာ တစ်ပတ်ကြာလှေပြီ။ မအောင်မြင်ချေ။ သို့အကြောင်းကို တပ်ရင်းမှူးက ဆင့်ခေါ်ခြင်း ခံရသော အခါရှိ ငါးဦးမှအပ မည်သူမျှ မသိသေးပေ။ တပ်ရင်းမှူးက သူ



www.burmeseclassic.com

www.burmeseclassic.com



ရှုံးစိုက်ရာဗုံးခိုကျင်းသို့ ညွှန်နေစေခြင်းအား ထိုငါးဦးကိုခေါ်၍ အမိန့်ဖတ်ပြသည်။ ပြီးလျှင် ကျွန်တော့်ဘက်သို့ လှည့်၍....

'ထချူရှားတို့အား မီးကျည်ပစ်တာနဲ့ တစ်ပြိုင်နက် မစီးရဲ့ တပ်စုက ရှေ့ချီပြီး လိုက်ပေတော့ ကြားလား၊ မင်းတို့ရဲ့ အနားက တပ်စုတွေက မင်းတို့နောက်က လိုက်ပြီး တိုက်ကြလိမ့်မယ်။ မင်းတို့က ရှေ့ဆုံးကနေပြီး တောင်ကုန်းကို သိမ်းကြရလိမ့်မယ်'

ကျွန်တော်တို့ နှစ်ယောက် ဖက်၍ နေကြသည်။ သူ့ကို နမ်း နေ ခိုက် တွင် ကျွန်တော်သည် နံနက် တိုက်ရမည့် စစ်ပွဲအကြောင်းကို တွေးမနေနိုင်တော့ပါ။ သို့ရာတွင် ကျွန်တော်သည် သူ့အတွက်သာ ပူပန်ပါသည်။ ဘယ်သို့ စီမံရမည်ကို တွေးမရနိုင်တော့ပါ။

'အခုဆိုရင် ကျွန်မတစ်ယောက်တည်းအတွက် အိပ်ရတာ မဟုတ်တော့ဘူး၊ နှစ်ယောက်အတွက်အိပ်နေရတယ်၊ သိလား' ဟု သူက မြောက်ပိုင်းသူပီပီ ခပ်စဲစဲဖြင့် ကျွန်တော့်ကို တိုးတိုး ပြောလိုက်ပါသည်။

'ကျွန်မတော့ တစ်ခါတစ်ခါ တွေးမိတယ်၊ ညအိပ်လိုက်ပြီး မနက် မိုးလင်းလို့ နိုးလာရင် ဒီစစ်ကြီး ပြီးသွားတာများ တွေ့ရမလားပေါ့လေ....။ ဒီဗုံးခိုကျင်းတွေ၊ သေနတ်တွေ၊ သေတာတွေအားလုံး စခန်းသိမ်းသွားမှာပဲလို့ တွေးထင်မိတယ်။ အခုဆို နှစ်နှစ်တောင် ရှိသွားပြီ၊ စစ်ဖြစ်တာအမြဲတမ်းတော့ စစ်ဖြစ်နိုင်မှာ မဟုတ်ပါဘူး နော်....၊ မနက်မိုးလင်းလို့ နေ





သာသာမှာ စစ်ကြီးပြီးသွားပြီဆိုရင် ဘယ်လိုများ နေမှာလဲ— ဟင်' ဟု သူက ဆက်၍ ပြောနေသည်။

ကျွန်တော်သည် သူ့ခေါင်းအုံးထားသော ကျွန်တော့် လက်မောင်းကို ရုတ်ပြီးလျှင်၊ မထိတတ်ရပ်လိုက်သည်။ 'ငါ အခုပဲ ဗိုလ်မှူးဆီ သွားမယ်၊ ပြီးတော့ ငါတို့နှစ်ယောက် အကြောင်း အကုန်ဖွင့်ပြောလိုက်မယ်၊ မင်းကိုချက်ချင်း အိမ်ပြန်ပို့ပေးဖို့ တောင်းပန်မယ်' ဟု ကျွန်တော်က ပြောသည်။

'ဟင်....မောင်ကလဲ ဘာဖြစ်သွားတာလဲ၊ စိတ်မှန်ရဲ့လား၊ ဗိုလ်မှူးက မောင့်ကို အရှင်လိုက် အရေခွာပစ်လိုက်မှာသိလား' ဟု သူကဆိုရင်း ကျွန်တော့်လက်ကို ဆွဲ၍ သူ့အနီးတွင် ပြန်ထိုင်ခိုင်းသည်....။

ထို့နောက် သူက ဗိုလ်မှူး၏ပြင်းထန်မာကျောသော အသံကို တု၍ ဆိုပြ၏။

'လက်အောက်ငယ်သားတွေနဲ့ ရှုတ်ရှက်ရက်ရက် လုပ်တာဟာ တပ်စုရဲ့တိုက်အားကို လျော့ပါးစေတယ်၊ အရာရှိရဲ့ သိက္ခာ ကျဆင်းစေတယ်ဆိုတာ မသိဘူးလား၊ ဒီလိုယာမျိုး ဖြစ်လာရင် ငါတော့ တပ်က ထုတ်ပစ်မှာပဲ၊ ပြီးတော့ ကြီးလေးတဲ့ အပြစ်ဒဏ် ပေးရလိမ့်မယ်၊ ပထမ စစ်ကို နိုင်အောင် တိုက်၊ စစ်နိုင်ပြီးရင် မင်းကြိုက်ချင်တဲ့သူ ကြိုက်၊ ယူချင်တာယူ၊ အခုတော့ ငါ တားတယ်၊ နားလည်လား'

သူသည် ယင်းသို့ တုပြောလိုက်ရသဖြင့် သူ့ဘာသာသူ ကျေနပ်သဘောကျတာ အသံမကြားအောင် ရယ်မောနေသေးတော့သည်။ ကျွန်တော်တို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ် ...



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ကို လူသိမခံဝံ့ချေ။ သူပြောတာမှန်ပါသည်။ ဗိုလ်မှူးက အလွန်ပြင်းထန် တင်းကြပ်သည်။ စစ်အတွင်း၌ အချစ်စခန်းဖွင့်နေဖို့ အကြောင်းမရှိဟု ယုံကြည်ထားသူဖြစ်လေသည်။

'အို... ဖြစ်ချင်တာဖြစ်ပေါ့၊ ဝါတော့ သွားပြီး ဖွင့်ပြောလိုက်တော့မယ်'

'ရှီး.... တိတ်တိတ်နေ'ဟုဆိုကာ၊ သူ့ပါးကို ကျွန်တော့်ပါးနှင့် ဖိကပ်ထားတာ ခဏမျှ ငြိမ်၍နေလေသည်။

အတန်ငယ်ကြာသော် သူက သက်ပြင်းတစ်ချက် ချပြီးနောက် တိုးတိုးလေးပြောသည်။

'ကျွန်မအတွက်မပူနဲ့၊ ကျွန်မကိုယ်ကျွန်မ စောင့်ရှောက်သွားမယ်၊ ဒီကိစ္စမှာ ကျွန်မ အားလုံး စဉ်းစားပြီးပါပြီ။ မောင်ဟာ အလေးအဖေ မဖြစ်စေရပါဘူး'

'ဘာ.... ဘာပြောတယ်ကွ။ ဝါ အလေးအဖေ မဖြစ်စေရဘူးဆိုတာ ဘာအဓိပ္ပာယ်လဲ'ဟု ကျွန်တော်က ဒေါသပါပါဖြင့် မေးလိုက်သည်။

'အာ–လိုက်တာလဲ လွန်ပါရော'ဟုဆိုကာ သူသည် တခစ်ခစ် ရယ်မောလေ၏။

'မောင်ဟာ ကလေးရဲ့အဖေမှ အစစ် ရှေမရောဘူး။ သားသားသေးလဲ မောင်နဲ့တူမှာ သေချာတယ်။ ဘာလုပ် မတူရမှာလဲ၊ ဒါပေမယ့် ကျွန်မ ကြည့်ပြီး စီစဉ်မှာပေါ့။ မွေးတော့ အလေးအဖေအဖြစ် မှတ်ပုံတင်တာကတော့ မောင့်နာမည်နဲ့





ပေါ့။ ဒါပေမယ့် အခု ဗိုလ်မှူးမေးရင် ကျွန်မတော့ တစ်မျိုးလှည့်ပြောလိုက်မယ်'

သူသည် အမြဲတမ်းပင်ရိုးသားသည်၊ ပွင့်လင်းသည်။ ဘယ်သောအခါကမျှ မမှန်တာကို မပြောခဲ့ဖူးချေ။ ယခု ဗိုလ်မှူးကို လှိုးလွှဲပြောမည် ဆိုသံ ကြားရသောအခါ ကျွန်တော် အံ့အားသင့်သွားသည်။

'ကလေးအဖေဘယ်သူလို့ မင်းက ပြောမှာလဲ'

'အို.... ကျသွားတဲ့ ရဲဘော် တစ်ယောက်ယောက်ရဲ့ နာမည် ပြောလိုက်မှာပေါ့။ ဆိုပါတော့ ရဲဘော် ဗိုင်းစောဇ်လို့ ပြောလိုက်မယ်'

'သေတဲ့လူတွေကို နာမည်ပျက်အောင်တော့ မလုပ်နဲ့ဟေ့။ ဘယ်ကောင်းမှာလဲ'

'ဒီလိုဆိုရင်လဲ တပ်ကြပ်ကြီးဒရက်ဗိုလို့ ပြောလိုက်မယ်'

တပ်ကြပ် ကြီးဒရက်ဗိုသည် ရုပ်ရည် ချောသလောက် အကျင့်တန်သည်၊ တစ်နေ့ကပင် ခိုးမှုဖြင့် တပ်မှ ထုတ်ပယ်ခြင်း ခံလိုက်ရသည်။

ကျွန်တော်သည် စိတ်အတော်ထိခိုက်သွားသဖြင့် သူ့ကို ဆွဲ၍ ကျွန်တော့် အပြင် ကုတ်အင်္ကျီကြီးထဲသို့ သွင်း၍ ဖက်ထားလိုက်သည်။

'လျှော့ပါဦး မောင်....။ ကျွန်မတို့နှစ်ယောက်လုံး မောင်ဖက်တာ ညှပ်ပြီး ဒုက္ခရောက်နေကြပါဦးမယ်။ မောင်ဟာလေ.... အင်မတန် ကံကောင်းတယ်။ ကျွန်မလို မိန်းမမျိုးနဲ့ တွေ့တာ ကံကောင်းလို့ပေါ့။ တခြားဟာမတွေ့ဆိုရင် မောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဂျောက်ချကြမှာ။ ကျွန်မတော့ မောင့်သိက္ခာ ထိခိုက်အောင် ဘယ်တော့မှ မလုပ်ဘူး။ ခံစရာရှိ ကျွန်မတစ်ယောက်တည်းပဲ ခံလိုက်မယ်’

သူသည် ပြောပြီးနောက်၊ ရယ်မောလေ၏။ ကျွန်တော့်မှာတော့ မရယ်သာချေ။ ရယ်ချင်စိတ် လုံးဝ မရှိပေ။

‘ဒီမှာ၊ နားထောင်စမ်း.... မင်းအခုပဲ ပိုလ်မှူးဆီသွားပြော’

‘ညဉ့်နက်သန်းခေါင်ကြီးမှာ သွားပြောရမယ်လား’

‘ငါခေါ်သွားမယ်၊ ဗိုလ်မှူးကိုပြော၊ အားလုံးဖွင့်ပြောပြီး မင်း ဒီမှာနေလို့ မဖြစ်တော့ဘူးလို့ပြော’

‘နေလို့မဖြစ်တာမှ မဟုတ်ဘဲ’

‘ပြောပါကွာ၊ မင်း ဒီမှာဆက်နေဖို့မသင့်ဘူး၊ နက်ဖြန်ဆိုပါတော့ တိုက်ပွဲရှိမယ်ဆိုရင် မင်းအတွက် ခက်သေးတယ်’

‘နက်ဖြန်ခါ တိုက်ပွဲဖြစ်မှာ အမှန်ပဲလား....ဟင်’

‘အင်း.... ဟုတ်တယ်’

သူသည် စိတ်အနှောက်အယှက်ဖြစ်သည့်အနေဖြင့် အတန်ကြာ ငြိမ်နေရင်း သက်ပြင်းရှူ၍နေသည်။

‘ကဲလေ.... တိုက်ပွဲဆိုတာ၊ ထွက်ပြေးရတာမျိုးမှ မဟုတ်ဘဲ၊ ပြီးတော့လဲ ချက်ချင်းကြီး တပ်က ထွက်လို့ရမှာလဲမဟုတ်ဘူး၊ ဆေးအဖွဲ့က စစ်ဆေးရဦးမယ်၊ ပြီးတော့ တပ်ရင်းကို အစီရင်ခံပြီး ထွက်ခွင့်တောင်းရဦးမယ်၊ အခုမှဖြင့် မထူးပါဘူးလေ၊ ဒါပေမယ့် မောင် ပြောစေချင်ရင် ကျွန်မ





နက်ဖြန်ပဲ ဗိုလ်မှူးကို ပြောပြပါ့မယ်၊ ဟုတ်လား၊ ကျေနပ်ပြီလား....’

ကျွန်တော်လည်း ထပ်၍ ပြောစရာမရှိတော့သဖြင့် ဘာမျှ မပြောဘဲ နေလိုက်သည်။

‘ဗိုလ်မှူးကိုပြောဖို့ဆိုတာ မောင့်အလိုလိုက်ပြီး ပြောရမှာ နည်းနည်းမှ ပြောချင်တာမဟုတ်ဘူး၊ ဒီဗိုလ်မှူးက အင်မတန် အပေါက်ဆိုးတာ၊ ဟဲ့.... ငေးမနေနဲ့ ဖျတ်ဖျတ်လတ်လတ်လုပ်စမ်းလို့ ခဏခဏပြောတယ်၊ ကျွန်မကလဲ နွေးကျွေးနေတာမှ မဟုတ်ဘဲ’ဟု သူက ဆိုသည်။

သူသည် တံတွေးကို မျိုချပြီးနောက် တစ်ဖက်သို့ လှည့်ကြည့်နေသည်။ ထို့နောက် သူ့အင်္ကျီ လက်ဖျားပေါ်တွင် မျက်နှာတင်လျက် ရှိုက်၍ ရှိုက်၍ ငိုနေသည်။ ကျွန်တော်လည်း သူ့ကို အတင်းဖက်ပြီး သူ့ပါးစပ်အလေးနှင့် ပါးပြင်၊ မျက်လုံးတို့ပါမကျန် နမ်းနေသည်။

‘ကျွန်မပြန်ပါရစေတော့၊ မောင် လိုက်ပို့ပေးမယ် မဟုတ်လားဟင်’ဟု သူက ကျွန်တော့်ရင်ခွင်မှထွက်၍ ဆိုလိုက်သည်။

ကျွန်တော်တို့သည် သူ့စခန်းရှိရာသို့ မှောင်မည်းနေသော လျှိုမြောင်ကြားကိုဖြတ်၍ လျှောက်သွားကြသည်။ ကျွန်တော်က သူ့ခါးကိုဖက်၍ သွားသည်။ သူ့ခါးတလေးမှာလည်း ကိုယ်ဝန်ကြောင့် အနေတော်ပင် တုတ်၍နေလေပြီ။ မှောင်ထဲတွင် သူ ခြေချော်လဲမှာစိုး၍ သူ့လက်နှစ်ဖက်လုံးကို ကျွန်တော့် လက်များဖြင့် ဆုပ်ကိုင်ပြီး ခေါ်သွားရသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



မှောင်ထဲတွင် လဲမှာကိုသာ ကျွန်တော် စောင့်ကြည့်နိုင်သည်။ စစ်ဘေးမှ အကာအကွယ်မပေးနိုင်ချေ။ နက်ဖြန် ဆိုလျှင် တိုက်ပွဲတွင် ဒဏ်ရာရသော ရဲဘော်များကို သူက တာဝန်အရ ပစ်ခတ်နေသည့်ကြားထဲတွင် တွဲ၍ခေါ်ကာ သူနာပြုစခန်းသို့ ပို့ရလိမ့်မည်။ ထိုတာဝန်နှင့် ဘေးမှ စောင့်ရှောက်ပေးဖို့ ကျွန်တော့်မှာ သတ္တိမရှိချေ။

အခုဆိုလျှင် ဆယ့်ငါးနှစ်ကြာခဲ့လေပြီ၊ သို့သော် ကျွန်တော်သည် မနေ့တစ်နေ့ကပင် ဖြစ်ပျက်သကဲ့သို့ သတိရနေတော့သည်။ ကချေသည်တစ်ဖွဲ့က နံနက် မိုးလင်းလျှင် လင်းချင်း၊ မီးကျည်များ ချပေးလိုက်သည်။ ထို့နောက် အမြောက်တွေ၊ မော်တာတွေ၊ စက်သေနတ်တွေ ဆူညံသွားတော့သည်။ အစိမ်းရောင် မီးကျည်ကြီးများလည်း တစ်မိုးလုံး ထိန်ထိန်လင်းနေတော့သည်။

နေတက်ချိန်တွင် ကျွန်တော်သည် မကျဆုံးဘဲ ကျန်ခဲ့သော ကျွန်တော့်တပ်စု ရဲဘော်များနှင့်အတူ တောင်ထိပ်ကို သိမ်းလိုက်နိုင်ပေသည်။ နောက်နာရီဝက် ကြာသောအခါ ရန်သူ ဂျာမန်တို့လုပ်ထားသော ခိုင်ခံ့လှသည့် ဗုံးခိုကျင်းထဲတွင် တပ်ရင်းမှူးက ကျွန်တော့်အား ချီးကျူး နှုတ်ဆက်သည်။ နောက်လည်း အခြားသူများက နှုတ်ဆက်ကြသေးသည်။ ကျွန်တော့်မှာအား သစ်တုံးကြီးသဖွယ် ဖြစ်နေသည်။ ဘာမျှမကြား ဘာမျှ ခံစားမှုမရှိ။

တက်လာသောစနေ့ကို ပြန်စဉ်းစားချင်တော့သည်။ နံနက် မိုးသောက်ချိန်ကို ပြန်ခေါ် ယူလိုက်ချင်လှ၏။ လွန်ခဲ့





သော နှစ်နာရီလေးစက်ကပင်လျှင် ကျွန်တော်ရယ်၊ သူရယ်၊ သူ့ဝမ်းတွင်း လွယ်လျက် ရှိသော ကျွန်တော်၏ ရင်သွေးအလေးရယ် ကျွန်တော်တို့သုံးယောက် အတူတကွ ရှိကြသေးသည်။

တက်လာသောနေကို တားဆီး၍ မရနိုင်စွမ်းချေ။ နေသည် တဖြည်းဖြည်း တက်၍ တက်၍ လာလေသည်။ ကျွန်တော်လည်း တောင်ကုန်း ထိပ်တွင် ရပ်နေ၏။ သူ.... သူကတော့ နောက်မှာ ကျန်ခဲ့လေပြီ။ ကျွန်တော် လှမ်းမြင် နေရသော ကျဆုံးသူတို့၏ အလောင်းများကို စုပေါင်း၍ မြုပ်နှံလျက်ရှိသော ရဲဘော် တစ်စုတို့၏ တူးပြီးဖြစ်သော ကျင်းကြီးထဲတွင် အခြားသော အလောင်းများနှင့် အတူ ကျန်ခဲ့လေပြီ။

ကျွန်တော်တို့ နှစ်ယောက် ချစ်ကြိုက် ရည်ငံကြသည်ကို ယခုထက်တိုင် ဘယ်သူမျှမသိပေ။ ကျွန်တော်တို့နှစ်ယောက်သာလျှင် နှစ်ယောက်မှ သုံးယောက် ဖြစ်တော့မည့် အခြေအနေကို သိကြသည်။

ရုရှား စာရေးဆရာ VALADIMAR BOGOMOLOV ရေး First Love ကို တက်တိုးမြန်မာပြန်သည်။

●



www.burmeseclassic.com

www.burmeseclassic.com

## မြတဲ့မေတ္တာ

(ဟွန်ဂေရီစာရေးဆရာကြီး တီဗော့ဒ်ရီ)

ထောင်ခန်းတံခါး ပွင့်လာပြီးလျှင် အစောင့်က တစ်ခုခုကို ပစ်သွင်း လိုက်သည်။

'ဖမ်းလိုက်' ဟု သူက ဆိုသည်။

နံပါတ်ရိုက်ထားသော အိတ်ကြီး တစ်ခုသည် အကျဉ်းသား ရွှေ ကြမ်းပြင်ပေါ်သို့ ကျလာသည်။ 'ဘီ' သည် မတ်တတ်ရပ် လိုက်ပြီးလျှင် သက်ပြင်း တစ်ချက် ချ ပြီး နောက် အစောင့်ကို ငေးကြည့်နေသည်။

'အဲဒါ မင်းပစ္စည်းတွေပဲ၊ ဝတ်ပေတော့၊ သူတို့ မင်းကို မိုတ်ဆိုတ် ရိတ်ပေးကြလိမ့်မယ်'

အိတ်ထဲတွင် အဝတ်အစားများနှင့်ဖိနပ်ပါရှိသည်။ ယင်း တို့ကို 'ဘီ' သည် လွန်ခဲ့သော ခုနစ်နှစ်က ချွတ်ပေး လိုက်ခဲ့





သည်။ အဝတ်အစားများသည် ကြေနေသည်။ ဖိနပ်မှာလည်း မှိုတက်နေသည်။ သူသည် မှိုတက်နေသော ရှပ်အင်္ကျီကို လက် ဖြင့် ဖိ၍ ဖြန့်နေသည်။ အဝတ်အစား ဝတ်ပြီးသည့်နောက် ထောင် ဆတ္တာသည် လာ၍ သူ့ကို မုတ်ဆိတ် ရိတ်ပေးလိုက် သည်။

နောက်တစ်နာရီကြာသောအခါ သူတို့က သူ့ကို ထောင်မှူး ခန်းဆောင်လေးသို့ ခေါ်သွားကြသည်။ အပြင် အဝတ် အစား ဝတ်ထားသော သူ့လို လူကိုးယောက် ဆယ်ယောက်လောက် မှူးခန်းဝင်ကြိုအဆောင်လေးတွင် ရပ်စောင့်နေကြသည်။ သို့ရာတွင် သူ့ကို အရင်ဆုံး ခေါ်သည်။

တပ်ကြပ် တစ်ယောက်သည် စားပွဲတွင် ထိုင်နေသည်။ အခြားတစ်ယောက်မှာ သူ့ဘေးနားတွင် ရပ်နေသည်။ ဗိုလ်ကြီး တစ်ယောက်မှာ အကျဉ်းခန်းဆောင်လေးထဲမှ ပင် တဖြည်းဖြည်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

စားပွဲတွင် ထိုင်နေသော တပ်ကြပ်က 'ဒီလာခဲစမ်း၊ နာမည် ပြော၊ အမေ့နာမည်၊ ဘယ်သွားမလဲ' ဟု မေးလေသည်။

ဘီက 'ကျွန်တော်မသိပါဘူး' ဟု ဆိုသည်။

'ဘာ....ဘာမသိတာလဲ၊ အခု မင်း ဘယ်ကို သွားမယ်ဆို တာ မသိဘူး၊ ဟုတ်လား'

'ဟုတ်ပါတယ်၊ သူတို့ကျွန်တော့်ကို ဘယ်ခေါ်သွားမယ် ဆိုတာ ကျွန်တော် မသိပါဘူး' ဟု ဘီက ပြန်ပြောသည်။

တပ်ကြပ်တမဲ့၍ 'ဟဲ့....သူတို့ မင်းကို ဘယ်မှ ခေါ်မသွား ပါဘူး၊ မင်းအိမ်မင်းပြန်ပြီး မင်းမိန်းမက ကျေးဇူးတင်စရာ



www.burmeseclassic.com

www.burmeseclassic.com



စားပြီး မိန်းမနဲ့ အတူ အိပ်ပေါ့ကွ၊ သိပြီလား’ ဟု ပြောပြသည်။

အကျဉ်းသားက ဘာမျှ ပြန်မပြောပေ။

‘ကဲ…ပြောစမ်း၊ ဘယ်အရပ်ကို သွားမှာလဲ’

‘ဇီးလဗြားလမ်း အမှတ် ၁၇’

‘ဘူဒါပက်မြို့ရဲ့ ဘယ်နယ်လဲ’

‘အမှတ်(၂)နယ်မြေပါ၊ နေပါဦး၊ အခု ကျွန်တော့်ကို ဘာဖြစ်လို့ လွှတ်မှာလဲ’

‘မင်းနားမလည်ဘူးလား၊ အချိန်ခံ့လို့ပေါ့ကွ၊ မင်းက ဒီက ထွက်သွားရမှာ မကြိုက်ဘူးလား’

သူပိုင်ပစ္စည်းလေးများကို တစ်ဖက်ခန်းမှ ထုတ်ယူလာသည်။ ယင်းတို့မှာကား အပေါစား လက်ပတ်နာရီတစ်လုံး၊ ဖောင်တိန် တစ်ချောင်း၊ ဟောင်းနွမ်း နေသော စိမ်းညိုညို ပိုက်ဆံထည့် သားရေအိတ်၊ ထိုအိတ်သည် သူ့ဖခင် မကွယ်လွန်ခင်က ကိုင်သော အိတ်ဖြစ်သည်။ အိတ်ထဲတွင် ပိုက်ဆံ တစ်ပြားတစ်ချပ်မျှ မရှိချေ။

‘ဒီမှာ လက်မှတ်ထိုး’ ဟု တပ်ကြပ်က ဆိုသည်။

ထိုပစ္စည်းများ ရရှိကြောင်း ပြေစာလက်မှတ် ဖြစ်သည်။

‘ဒါလဲ ထိုးဦး’

ထောင်တွင်း လုပ်ခ ငွေတစ်ရာ့လေးဆယ့်ခြောက် ဖော့ရင့် ရကြောင်း ပြေစာလက်မှတ် ဖြစ်သည်။ ငွေကိုရေ၍ စားပွဲပေါ်တွင် ချပေးသည်။

‘ကဲ…ယူလိုက်’ ဟု တပ်ကြပ်က ပြောသည်။





အကျဉ်းသားသည်ပိုက်ဆံအိတ်ကိုထုတ်၊ ငွေစက္ကူများကို သွတ်ထည့်သည်။ အကြွေများကိုလည်း ထည့်သည်။ ပိုက်ဆံအိတ်က မို့စော်နံနေသည်။ နောက်ဆုံး ၎င်းအား ဆမ်းလိုက်သည်မှာ ထောင်မှလွှတ်လိုက်ကြောင်း အမိန့်စာရွက်ပင် ဖြစ်သည်။ ထိုစာရွက်တွင်ပါသော ‘လွှတ်လိုက်သည့်အကြောင်း’ ဆိုသည့်စာကြောင်းတွင် ဘာမျှမရေးဘဲ ချန်လှပ်ထားသည်ကို တွေ့လိုက်ရသည်။

သူသည် ထောင်ရုံးအနီးစကြံ့တွင်တစ်နာရီခန့်ငေးကြောင်ကြောင်လုပ်၍ နေလေသည်။ ထိုနောက် သူနှင့် အတူ တခြားအကျဉ်းသား သုံးယောက်တို့ကို ထောင်ဝင်း တံခါးမကြီးရှိရာသို့ အစောင့်များက ခေါ်သွားကြသည်။ တံခါးမကြီးသို့ ရောက်ခါနီးလောက်မှာ တပ်ကြပ်တစ်ယောက် အပြေးလိုက်လာပြီးလျှင် သူတို့ထဲမှ တစ်ယောက်ကို ပြန်ခေါ် သွားလေသည်။ အခေါ်ခံရသူ၏ မုတ်ဆိတ်ကျင်စွယ်ပြောင်အောင် ရိတ်ထားပြီး မျက်နှာသည် ချက်ချင်း ဝါကျင့်ကျင့်ဖြစ်သွားလေတော့သည်။ သူ့မျက်လုံးများသည်လည်း ကြောင်တောင်တောင် ဖြစ်သွားလေသည်။

ကျန်သုံးယောက်သည်တံခါးမကြီးသို့ ဆက်၍သွားကြသည်။ အစောင့်က ဘီကို ‘ခုတ်ရတာ ပြေးနေတယ်၊ စီးသွားပေတော့’ ဟု နောက်ဆုံးအနေဖြင့် သူ့ကိုယ်ကို ရှာဖွေပြီးနောက် ထောင်လွှတ်အမိန့် စာရွက်ကို ပြန်ပေးရင်း ပြောလိုက်သည်။

ဘီသည် ငုံ၍ ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟေ့....ဘာလုပ်နေတာလဲကွ'ဟု အစောင့်က မေးသည်။ ဘီသည်လည်း ငေးမြငေးသည်။

'သွားလေ...သွားလေကွာ၊ တဆတဲမှာပဲ၊ ဘာလို့ငေးနေရတာလဲ'ဟု အစောင့်က ဆိုသည်။

'ဟုတ်ကဲ့....ကျွန်တော်သွားပါမယ်၊ ကျွန်တော်သွားနိုင်ပြီလားခင်ဗျာ'ဟု ဘီက မေးလိုက်သည်။

အစောင့်က ဘာမျှ ပြန်မဖြေတော့ချေ။ ဘီသည် ထောင်လွတ်အမိန့်စာရွက်ကို အင်္ကျီအိတ်ထဲသို့ ထည့်ပြီးလျှင် တံခါးပေါက်ကြီးမှထွက်၍ အပြင်သို့ လျှောက်သွားလေသည်။

ခြေလှမ်း အနည်းငယ်မျှ လျှောက်ပြီးနောက် သူသည် နောက်သို့ ပြန်ကြည့်ချင်၏။ သို့သော် မကြည့်မိအောင် ထိန်းလိုက်ပြီးလျှင် ဆက်၍ လျှောက်သွားသည်။ နောက်မှလိုက်လာသော ခြေသံများကို ကြားရလေမလားဟု စိုးရိမ်စိတ်ဖြင့် နားစွင့်နေသည်။ 'ခတ်ရထားရပ်တဲ့နေရာအထိ နောက်ကငါ့ပခုံးကို လာဆွဲပြီး ငါ့နာမည်ကို မခေါ်ဘူးဆိုရင် ငါတကယ်လွတ်ပြီ၊ အင်း....လွတ်ပြီလို့ ထင်တာပဲ'ဟု သူ့စိတ်ထဲတွင် ရေရွတ်နေမိသည်။

ဓာတ်ရထားရပ်သည့်နေရာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် နောက်သို့ရုတ်ခြည်းလှည့်ကြည့်လိုက်ရာ သူ့နောက်သို့ တစ်ဦးတစ်ယောက်မျှ မလိုက်လာကြောင်း တွေ့ရသည်။ သူ့နှုတ်ခမ်းတွင် သီးနေသော ချွေးပေါက်များကို သုတ်ပစ်ရန် လက်ကိုင်ပဝါကို အင်္ကျီအိတ်များထဲတွင် ရှာပါသော်လည်း လက်ကိုင်ပဝါကို မတွေ့တော့ချေ။ ထိုအခိုက်တွင် တဝုန်းဝုန်းမြည်၍ ဆိုက်





ရောက်လာသော ဓာတ်ရထား တစ်စင်းပေါ်သို့ တင်လိုက်သည်။ နောက်မှ ဆိုက်လာသော ဓာတ်ရထားပေါ်မှ ဆင်းလာသော ကျောက်ပေါက်မာနှင့် ထောင်စောင့်ကို သူက လှမ်းမြင်လိုက်သည်။ ထောင်စောင့်တလည်း သူ့ကိုမြင်၍ ခြေဆုံးခေါင်းဆုံး ကြည့်သည်။ သို့သော်လည်း သူ့အား ထောင်စောင့်ကို အရိပ်အခြေမပေးပေ။ သူတက်စီးသော ဓာတ်ရထားလည်း စ၍ ထွက်သွားသည်။

ထောင်စောင့်ကို ယခင်ကလို ဂရုစိုက်အရေးပေး၍ နှုတ်မဆက်သည်၏ အခြားမဲ့အာလဉ္ဈ သူ့အဖို့ လောကကြီးသည် အသံများ ဆူညံ၍ ပွင့်ထွက် လာလေတော့သည်။ ရုပ်ရှင်ပြသရာတွင် စက်ဦး တစ်ခုခု ချွတ်ယွင်းသွားခိုက် အသံမထွက်ဘဲ အရုပ်တားများသာ လှုပ်ရှားနေရာမှ ဖြုန်းခနဲ အသံထွက်လာသဖြင့် ရုပ်ရှင်တားပေါ်ကြင် စကားပြောနေသော ဇာတ်ဆောင်၏စကားကို အလယ်မှဖြတ်၍ ကြားရသည့်နည်းတူ ဖြစ်သွားလေ၏။ ယင်းသို့ ရုပ်ရှင်ပြသရင်း အသံပျောက်သွားရာမှ ပြန်ပေါ်လာသောအခါ နဂိုအတိုင်းထက် ပို၍ မြည်ဟည်းသွားသည်ဟု ထင်ရသည်။ ထိုနည်းတူပင် သူ့ပတ်ဝန်းကျင်တွင် အသံများစုပြုံ မြည်ဟည်းလျက် ရှိသည်။ အရောင်များ ဝေလျံလျက်ရှိသည်။ တစ်ဖက်မှ မောင်းလာသော ဓာတ်ရထားသည် 'ဘီ'တစ်ခါဖူးမျှ မမြင်ဖူးသည့်အဝါရောင်မျိုးဖြင့် လှမ်းခြုံလျက်ရှိသည်ဟု ထင်ရ၏။ ဓာတ်ရထား၏ ပြေးနှုန်းအရှိန်သည်လည်း မောင်းသူ ထိန်းမရလေဘဲ အောင်ပင် မြန်သည်ဟု ထင်မိသည်။ လမ်းဘေးရှိ အမိုးနိမ့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်တလေး၏ အရောင်မှာလည်း ပြောင်လက်လျက် ရှိသည်။ လမ်းထစ်ဖက်မှလာနေသော မြင်းရထားတစ်စင်းကို ဆွဲသော မြင်းနှစ်ကောင်၏ အရောင်သည်လည်း ပေါ်ပီပန်းရောင်ကဲ့သို့ တောက်ပြောင်သော အနီရောင်ဖြစ်သည်။ ရထားပေါ်တွင် မောင်းသူတစ်ဦးသာ ပါလာသည်။ မြင်းခွာသံများ၏တူရိယာသံကြောင့် ငွေပြာရောင် မိုးကောင်းကင်တွင် မိုးနတ်မယ်သဏ္ဌာန်ရှိသောတိမ်ဖြူတလေးများသည် အနေကြလေသည်။ အစိမ်းငုံရောင်ဖန်ဘူးပြောင်ပြောင် နှစ်လုံးတွင် ပန်းများဝေဝေဆာနေသည်။ ပြတင်းတံခါးလည်း ပွင့်နေသည်။ သူသည် ခေတ်ရထားပြေးရင်း လှမ်းမြင်ရ၏။ လမ်းဘေးစင်္ကြံများပေါ်တွင် အရုပ်ဝတ် အရုပ်စားနှင့် လူပေါင်းသိန်းသန်းတို့သည် လှုပ်လှုပ်ရွရွ သွားလာနေကြသည်။ သူတို့ကား တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြပေ။ အားလုံး ချစ်စရာကောင်းသည်။ တစ်ယောက်ကို ကြည့်ပြီး ချစ်စရာ ကောင်းလိုက်တာဟု ဆိုလိုက်မှပင် နောက်တစ်ယောက်က ပို၍ ချစ်စရာကောင်းကြောင်း တွေ့ရပြန်သည်။ ခေတ်ရထားပေါ်မှ လှမ်းကြည့်ရသော ကြောင့် လူများသည် ငယ်နေသည်ဟု ထင်ရသည်။ ပြီးတော့လည်း မိန်းမတွေ....။ အားလုံး ချစ်စရာ ကောင်းကြသည် ချည်းပင်။

'ဘီ'သည် မျက်လုံးများ ပြာဝေလာသဖြင့် ခေတ်ရထား အတွင်းခန်းဘက်သို့ ဝင်၍ လက်မှတ်ဝယ်ပြီးလျှင် ထိုင်လိုက်သည်။ လက်မှတ်ရောင်းသော အမျိုးသမီး၏ အသံသည် သာလှပေသည်။ ကရုဏာသံ နှောလျက်ရှိ၏။ ယုယ ကြင်နာသံ





ပေါ်လွင်နေ၏။ 'ဘီ'သည် သူ့အာရုံများကို ပိတ်၍ ချုပ်တည်းနေလေသည်။ ဆက်၍သာ အာရုံတွေကို ခံယူနေပါမူ သူ့အဖို့ ချုပ်တည်း၍ ရနိုင်ဖွယ်ရာအကြောင်း မမြင်တော့ပေ။ ထိုအခိုက်တွင် သူသည် အရက်ချက်ရုံ ဝင်းတံခါး ဝ၌ ယောက်ျားတစ်ယောက်က မိန်းမငယ်တစ်ဦး၏ပခုံးကို ယုယုယယ ကိုင်နေသည်ကို လှမ်း၍ မြင်လိုက်ရသည်။ သူ့နဖူးတွင် သီးလာပြန်သော ချွေးပေါက်များကို သုတ်ရန် လက်ကိုင်ပဝါကို အိတ်ထဲထွင် နှိုက်၍ ရှာသော်လည်း လက်ကိုင်ပဝါကို မတွေ့ရချေ။ သူနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် အလုပ်သမား တစ်ယောက်သည် ဘီယာခြောက်ပုလင်း ထည့်ထားသော သားရေအိတ်ကြီးနှင့် ထိုင်နေသည်။

လက်မှတ်ရောင်းသော အမျိုးသမီးက ရယ်မောသည်။

'ဘယ့်နှယ်လဲ၊ မများလွန်းဘူးလား'ဟု မေးလိုက်သည်။

အလုပ်သမားကြီးက 'ညီမရေ၊ ကျုပ်တော့ အိမ်ထောင်သည်ပျ။ ကျုပ်ရဲ့ဇနီးက သူ့ရှေ့မှာ ကျုပ် သောက်တာကို ကြိုက်တယ်'

လက်မှတ်ရောင်း အမျိုးသမီးက ရယ်ပြန်သည်။

'သောက်တာကို ကြည့်ရုံ ကြည့်နေတာပဲလား'

'ဒါပေါ့....'

'ဒီ–ဘီယာက အညိုပါလား'

'ဟုတ်တယ်'

'အဖြူက ပိုကောင်းတယ် မဟုတ်လား'

'ကျုပ်ဇနီးက အညိုမှ ကြည့်လို့ကောင်းသတဲ့'



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရောင်း အမျိုးသမီးက ရယ်မောပြန်လေသည်။

'တစ်ပုလင်းလောက် ထားခဲ့ပါ'

'ဘာလုပ်ဖို့လဲ'

'ကျွန်မ ခင်ပွန်းကို ပေးဖို့ပေါ့'

'သူ့အဖ အဖြူကြိုက်တာ၊ အညို ယူသွားလို့ ဘယ်တော်င်းမလဲ....'

လက်မှတ်ရောင်း အမျိုးသမီးက ရယ်ပြန်သည်။ မော်တော်ရထား ရပ်သဖြင့် 'ဘီ'လည်း ဆင်းသွားပြီးလျှင် အငှား မော်တော်ကားတစ်စင်းကို လှမ်းခေါ်လေသည်။ ကားမောင်းသမားက သူ့ရှေ့တွင် တပ်ထားသော အလံဖြူကလေးကို လှဲလိုက်သည်။

'ဘယ်လဲ ဆရာ'

'ဘီ'က ဘာမျှ မပြောဘဲ ငေးနေသဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

'ဘူတာအပိုင်းဘက်ဆီကို မောင်းပါ'

တက်ဆီ ကားမောင်းသမားက သူ့ကို လှမ်း၍ ကြည့်နေသည်။

'ဘယ်တံတားက သွားရမှာလဲ'

'ဘီ'သည် ဘယ်တံတားမှ သွားခိုင်းရမှန်း ရုတ်တရက် မပြောတတ်အောင် ဖြစ်သဖြင့် ငေးနေမိသည်။

'ခင်ဗျား ဗီမြို့က မဟုတ်ဘူးလား'ဟု ကားမောင်းသမားက မေးသည်။





'မားဂျစ် တံတားဘက်က မောင်းပါ'ဟု သူက ပြန်ပြောလိုက်သည်။

ကားလည်း စ၍ထွက်သည်။ 'ဘီ'သည် ထိုင်ခုံတွင် ခေါင်းမတ်မတ်ကြီးနှင့် ထိုင်နေသည်။ နောက်သို့ မမှီချေ။ ကားတံခါးပေါက်များထဲသို့ နေရောင် ထိန်လင်းနေသော လှမ်းများမှ လာသော ဖုန်မှုန့်နံ့များနှင့် ခတ်ဆိမ့်များ ဝင်လာကြသည်၊ နေသည် ကျဲကျဲကြီး ပူနေ၏။ လမ်းသွားလမ်းလာတို့၏ အရိပ်များကြောင့် လမ်းတွင် နဂို စည်ကားသည်ထက် ပို၍ စည်ကားနေသည်ဟု ထင်ရ၏။ အချိုအချဉ်ရောင်းသော ဆိုင်ကလေး၏ အမိုးသည် တိုက်နံရံကို မှီနေသော လိမ္မော်ရောင်နှင့် အဖြူကြား ရှက်ထည်မိုး ဖြစ်သည်။ နေရောင်ကြောင့် ဆိုင်ထဲတွင် ထိုင်၍ ဆေးလိပ်သောက်နေသော မိန်းမပျို၏ အပေါ်တွင် ရွှေဝါရောင် ဟပ်လျက်ရှိသည်။ လမ်းထောင့်တွင် ဝက်သစ်ချပင်ကလေးသည် အပွင့်များ ဝေဆာနေသဖြင့် သစ်ပင်အောက်တွင် ဇာချည်ဖြင့် ရက်ထားသကဲ့သို့သော အရိပ်ထင်လျက် ရှိလေသည်။

'တစ်နေရာရာမှာ ရပ်ပြီး စီးကရက် ဝယ်ရရင် ကောင်းမှာပဲ'ဟု 'ဘီ'က ကားသမားကို ပြောသည်။

ကားသည် သုံးအိမ်ကျော်တွင် ရပ်သည်။ 'ဘီ'သည် ကားတံခါးပေါက်မှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်ရာ မုန့်လာဥနီများ၊ ဆလတ်ရွက်များ၊ သစ်တော်သီးနီများ စုပုံ၍ထားသော ဆိုင်အလေးကို မြင်ရသည်။ ထိုဆိုင်ကလေး၏ ဘေးမှ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းထဲသို့ ဝင်သွားလျှင် ဆေးလိပ်ဆိုင်ကို ရောက် နိုင်သည်။

'ကျွန်တော် သွားဝယ်ပေးပါ့မယ်၊ ဘယ်စီးကရက်မျိုး ဝယ်မှာလဲ'ဟု ကားသမားက မေးလိုက်သည်။

'ဘီ'သည် မုန့်လာဥနီများကိုသာ ငေးကြည့်နေမိသည်။ သူ့လက်များသည် တုန်လျက်....

'ကော့ဆုစီးကရက်ပဲ ကောင်းပါလိမ့်မယ်'ဟု ကားသမားက အကြံပေးသည်။

'အင်း....ကောင်းသားပဲ၊ မီးခြစ်တစ်ဘူးလဲ ဝယ်ခဲ့ပါ'ဟု သူက ဆိုလိုက်သည်။

ကားသမားသည် ကားထဲမှ ထွက်လိုက်သည်။ 'ပိုက်ဆံထုတ်မနေပါနဲ့ဦး၊ ကားခပေးမှ ရောပေးတာပေါ့၊ တစ်ဘူးဆို တော်ပြီလား'

'ဟုတ်ကဲ့....'

ကားသမားပြန်လာသည်။ 'ကဲ-အခုပဲ တစ်လိပ်ညှိသောက်လေ၊ ကျွန်တော့် ယောက်ဖလဲ ထောင်နှစ်နှစ်ကျတာပဲ၊ ထောင်က ထွက်လာတာခနဲ့တစ်ပြိုင်နက်စီးကရက်ကိုဆွဲတာပဲ။ အိမ်မပြန်ခင် ကော့ဆုစီးကရက် နှစ်လိပ်ကို တစ် လိပ် ပြီး တစ် လိပ် သောက်လိုက်တယ်'

'ခင်ဗျားက ကျွန်တော် ထောင်က ထွက်လာတယ်ဆိုတာ ဘယ်လိုလုပ် ပြောနိုင်ရတာလဲ'

'ဒါကတော့ မုံပန်းကြည့်ပြီး ပြောနိုင်တာပေါ့။ ကျွန်တော့် ယောက်ဖ ထွက်လာတုန်းကလဲ အသားအရေ ညှင်းဆိုး





ဆိုးနဲ့ပေါ့၊ ဆေးရုံကဆင်းလာလဲ အသားအရေ ညှင်းဆိုးဆိုးဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဆေးရုံက ဆင်း လာ တဲ့လူရဲ့ အဝတ်အစားဟာ ကြေမနေဘူးဗျ။ ခင်ဗျား ဘယ်လောက်ကြာခဲ့သလဲ'

ဘီက 'ခုနစ်နှစ်'ဟု ပြောလိုက်သည်။

ကားသမားက အံ့အားသင့်သွားဟန်ဖြင့် လေချွန်လိုက်သည်။ 'နိုင်ငံရေး မဟုတ်လား'

'ဟုတ်ပါတယ်၊ ပထမတစ်နှစ်ခွဲက အလုံ ထောင်ထဲမှာနေရတယ်'

'ဩော်... အခုတော့ လွတ်လိုက်ရောလား'

'ဒီလိုဖြစ်မှာပေါ့၊ လွတ်လာခဲ့တာပဲ'

ကားသမားက ပခုံးကိုတွန့်လိုက်ပြီးလျှင် 'ခုနစ်နှစ်တောင်ပဲနော်၊ ခင်ဗျားပုံပန်းကိုကြည့်ရတော့လဲ ဒီလောက်ကြာကြာနေခဲ့ရမှာပဲလို့ မှန်းနိုင်ပါတယ်၊ အံ့သြစရာ မဟုတ်ပါဘူး'ဟု ဆိုလေသည်။

ဘီသည် ဘူတာရုံရှေ့သို့ ရောက်သောအခါ ကားပေါ်မှ ဆင်း၍လျှောက်သည်။ သူသည် သူ့ဇနီးနှင့်မတွေ့ခင် ခြေဆန့်လက်ဆန့် လှုပ်လှုပ်ရှားရှားလုပ်လိုသည်။ ကားသမားက သူပေးသော အပိုကြေးကို မယူပေ။ ကားခကိုသာ ယူသည်။

'ကျွန်တော့်ကို အပိုပေးမနေပါနဲ့၊ ခင်ဗျားမှာ ငွေလိုလိမ့်မယ်။ ငွေကိုလဲ ကျန်းမာရေးအတွက်ဆလွဲလို့ ဘာအတွက်မျှ သုံးမပစ်ပါနဲ့ဗျာ၊ နေ့တိုင်း အမဲသားစားပါ။ ပိုင်အရက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုသင်းလောက်လဲ သောက်ပေး၊ ဒါမှ ခင်ဗျားရဲ့ ကျန်းမာရေး ကောင်းလာမယ်’ဟု အားသမားက ပြောသည်။

ဘီအ အားသမားကို ကျေးဇူးတင်ကြောင်းပြောပြီးလျှင် နှုတ်ဆက်လိုက်သည်။

လမ်းတစ်ဖက်တွင်ရှိသော အဝတ်အစားရောင်းသောဆိုင် ရှေ့ရှိ မှန်ကြီးရှေ့တွင် ခဏရပ်၍ သူ့ရုပ်ရည်ကို သူပြန်ကြည့်သည်။ ပါဆရေး လမ်းမကြီးတွင် လူအသွားအလာ အလွန်များသည်။ ထို့ကြောင့် သူသည် လမ်းသေးသွယ်ကလေးမှ တင်းနစ်ကွင်းကို ဖြတ်၍ ယာမင်း အော်တို လမ်း ဘက် သို့ လျှောက်သွားသည်။ ထိုလမ်း၏ မျက်နှာချင်းဆိုင်အရပ်တွင် ကွက်လပ်ကြီးများရှိသည်။ ခပ်လှမ်းလှမ်းတွင် တောင်ကုန်းများရှိသည်။ သူသည် မှုးမိုက်လာသဖြင့် မြက်ခင်းပေါ်တွင် ထိုင်လိုက်သည်။ သူ့ဇနီးက သူသွားမည့်အကြောင်းကို ကြိုတင်၍ သိထားသည်မဟုတ်သဖြင့် ကသုတ်ကယက် သွားဖို့ မလိုပေ။ မြက်ခင်းပေါ်တွင် နာရီဝက်လောက် ထိုင်၍ နားနေနိုင်သေးသည်။ သူနှင့် မျက်နှာချင်းဆိုင်တွင် ခြံ တစ်ခြံ ရှိသည်။ ခြံအတွင်းတွင် သစ်တော်ပင်သည် အပွင့်တွေ မွှိုင်ဆိုင်နေသည်။ ‘ဘီ’သည် သစ်တော်ပင်ကို အတန်ကြာငေးစိုက်ကြည့်နေပြီးမှ ခြံဘက်သို့ လျှောက်သွားသည်။ နှင်းခဲများကဲ့သို့ ဖြူဖွေးအိနေသော ပန်းပွင့်များကို အောက်မှ လှမ်းကြည့်လိုက်သည်တွင် ပန်းများသည် နှင်းခဲကြီးသဖွယ်ဖြစ်နေ၍ ပြာ၍ ကြည်လင်သော တောင်းကင်ကို မမြင်နိုင်ဘဲ ပိတ်ဆို့နေလေသည်။ ပန်းပွင့်တိုင်းတွင် အလယ်၌ အဝါရောင် သန်းလျက်ရှိသည်။





နူးညံ့သိမ်မွေ့၍ စင်ကြယ်သော လက္ခဏာကို ဆောင်လျက်ရှိပေသည်။ ပျားများသည် တဝီဝီမြည်လျက် ပန်းဝတ်မှုန်များကို စုပ်ယူနေကြသည်။ သူတို့သည် လေထဲတွင် စုပြုံပျံသန်းနေကြလေသောကြောင့် လှမ်းကြည့်သူ၏ အမြင်မှာ ပန်းဆိုင်းပန်းထွေးများအပေါ်တွင် ဝတ်ရုံလွှမ်းထားသည့် ပုံဆန်ကာနှင့် ဖြစ်နေလေသည်။ ‘ဘီ’သည် ရပ်၍ နားစွင့်နေသည်။ သူသည် သစ်ကိုင်းကြီး နှစ်ကိုင်းကြားထဲမှ ကောင်းကင်ကို လှမ်းကြည့်လိုက်သည်။ ကောင်းကင်တွင် ဖြူလွလွ တိမ်တိုက်ဖြူတစ်ခုကို မြင်ရသည်။ ထိုတိမ်တိုက်သည်လည်း ပန်းပွင့်များ စုခဲနေသကဲ့သို့ပင်ဖြစ်ပေသည်။ ‘ဘီ’သည် မြေပေါ်ရှိ ပန်းစိုင်နှင့် ကောင်းကင်က ပန်းစိုင် ထိုအစိုင်အခဲနှစ်ခုတွင် တစ်ခုက လှမ်းချူရရှိနိုင်သည်။ တစ်ခုက မချူသာနိုင် အဖြစ်၌ရှိသည်။ ထိုအခြေအနေ နှစ်ခုကို နှိုင်းယှဉ်ကြည့်နေရင်းပင် မိုးချုပ်၍ မှောင်သွားလေတော့သည်။

သူသည် လက်ပတ်နာရီကို သော့ပေးရမှာ မေ့သွားသဖြင့် အားပေါ်မှဆင်းလာသည်မှ ယခုအချိန်အထိ မည်မျှကြာသွားပြီကို မသိစွမ်းနိုင်ချေ။ သူသည် ဆက်လက်၍ ငေးမောမနေတော့ဘဲ အိမ်ဘက်သို့ လျှောက်သွားလေသည်။ အတန်ငယ် လျှောက်မိသောအခါ ချုံထလေးတစ်ခုကို တွေ့၍ ချုံကွယ်ပြီးလျှင် အနီးပစ်လိုက်သည်။ အနည်းလိုက်မှ ပေါ့သွားသည်။ နာရီဝက်မျှ တောင်ကုန်းများပေါ်ရှိ သစ်ပင်တွေကြား၌ရှိသော ကျဉ်းသော လမ်းသေးလမ်းသွယ်များကို လျှောက်ပြီးသည့်နောက်တွင် သူနေသော အိမ်သို့ ရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ပထမအထပ်တွင် နေကြသည်။ အဆောက်အအုံ လှေကားရင်း အဝင်၌ ပန်းအိုးနှစ်အုံ တစ်ဖက်စီမှာရှိသည်။ သူသည် လှေကားမှ တက်သွားသည်။

သူတို့အခန်းသို့ ရောက်သောအခါ ဆွဲလာ ခေါင်းလောင်းကလေးကို နှိပ်သော်လည်း အခန်းထဲမှ မည်သူမျှ ထွက်မလာချေ။ အခန်းတံခါးတွင်လည်း အခန်းရှင်၏ အမည်ပြား ထပ်မထားပေ။ ထို့ကြောင့် သူသည် အောက်ထပ်သို့ဆင်းပြီး အဆောက်အအုံအစောင့်၏ အခန်းသို့သွား၍ တံခါးကို ခေါက်သည်။

အခန်းတံခါးကို ဖွင့်ပေးသော မိန်းမကြီးကို သူက နှုတ်ဆက်လိုက်သည်။ မိန်းမကြီးသည် ယခင်ကနှင့်မတူ အတော်ပိန်သွားသည်။ အိုလည်း အိုသွားချေသည်။

'ရှင် ဘယ်သူ့ကို တွေ့ချင်လို့လဲ'ဟု မိန်းမကြီးကမေးလိုက်သည်။

'ကျွန်တော် 'ဘီ'ပါ၊ ကျွန်တော့်မိန်းမ ဒီတိုက်မှာ နေသေးသလား'

'ဘုရား ခရဲ'ဟု မိန်းမကြီးက အော်လိုက်သည်။

'ဘီ'သည်လည်း ခေါင်းငုံ့ရင်း 'ကျွန်တော့်မိန်းမ ဒီမှာ နေသေးသလား'ဟု ထပ်၍ မေးလိုက်သည်။

မိန်းမကြီးလည်း အခန်းတံခါးဘုကို ကိုင်ထားသော လက်ကို ပြန်ရုပ်သိမ်းလိုက်ပြီးလျှင် တံခါးတိုင်ကို မှီလိုက်သည်။ 'ဩော်.... အင်း.... ရှင်ပြန်လာပြီကိုး။ ဘုရား.... ဘုရား— ဟုတ်ပါတယ်၊ ရှင့်မိန်းမ ဒီမှာပဲနေပါတယ်၊ ရှင်ပြန်လာမယ် ဆိုတာ သူမသိဘူးလား၊ ဘုရား.... ဘုရား.... ဟုတ်ပါတယ်၊ သူ ဒီမှာပဲနေပါတယ်'ဟု စကားလုံးများ ထပ်၍ ထပ်၍ ပြောလေသည်။

'ကျွန်တော့်သားကလေးကော'ဟု 'ဘီ'က မေးသည်။

'ရှင့်သားကလေး ကျန်းမာပါတယ်၊ သန်သန်စွမ်းစွမ်းနဲ့ အတော်ပဲ ကြီးနေပြီ'ဟု မိန်းမကြီးက ပြောပြသည်။

'ဘီ'က ဘာမျှ ပြန်မပြောတော့ပေ။

'အထဲဝင်ပါဦး.... ဝင်ပါလေ၊ ရှင့်မှာ ဘာဖြစ်မှုမျှ မရှိဘူးဆိုတာ ကျွန်မသိပါတယ်၊ တစ်နေ့နေ့ လွှတ်လာလိမ့်မယ်လို့လဲ သိပါတယ်''

'ကျွန်တော့်အိမ်သားတွေ ဘယ်ရောက်နေကြပါလိမ့်၊ ကျွန်တော် ဆွဲလာခေါင်းလောင်းနှိပ်တာ သုံးခါလောက်မှာပဲ၊ ဘယ်သူမှ ထွက်မလာကြဘူး'

'အထဲဝင်ပါဦး၊ ရှင့်အိမ်သားတွေ ဒီအိမ်မှာ မရှိကြပါဘူး၊ ဟိုတခြားလူတွေလဲ မရှိကြဘူး'

'ဘီ'လည်း ဘာမျှမပြောဘဲ ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

'ရှင့်မိန်းမက အလုပ်ဆင်းတယ်၊ ဂျူရီ ကသား အတော့ကျောင်းတက်တယ်၊ မွန်းလွဲတော့ သူတို့ ပြန်လာကြပါလိမ့်မယ်၊ အထဲဝင်ထိုင်နေပါဦး'ဟု မိန်းမကြီးက ပြောသည်။

'အခန်းမှာ တခြားလူတွေ နေကြသေးသလား'ဟု 'ဘီ'က မေးလိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ရှည်ရှည်မွှန်မွှန်တွေပါ၊ ရှင့်မိန်းမနဲ့လဲ သင့်သင့်မြတ်မြတ်ရှိကြပါတယ်၊ ဘုရား.... ဘုရား.... ရှင်ပြန်ထွက်လာပြီကိုး'

'ဘီ' သည် ဘာမျှပြန်မပြောချေ။

'ရှင်တို့အခန်းသော့ ကျွန်မမှာရှိပါတယ်၊ အခန်းထဲဝင်ပြီး နားနေချင်မှာပဲနော်၊ ရှင့်မိန်းမ ပြန်မရောက်ခင် နည်းနည်း အနားယူလိုက်ပါဦးလား'

မိန်းမကြီးသည် နံရံတွင်ချိတ်ထားသော သော့နှစ်ချောင်းအနက် တစ်ချောင်းကို ယူပြီးလျှင် အခန်းတံခါးကို ပိတ်လိုက်သည်။

'အပေါ်ထပ်တက်ပြီး နားနေချင်တယ် မဟုတ်လားဟင်' ဟု မိန်းမကြီးက မေးသည်။

'ဘီ' သည် သူ့ခြေထောက်များကို ငုံ့ကြည့်ရင်း 'ခင်ဗျား လဲ လိုက်ခဲ့ဦးမယ် မဟုတ်လား' ဟု ပြန်၍မေးလိုက်သည်။

'လိုက်မှာပေါ့၊ ရှင့်မိန်းမနေတဲ့ အခန်းကို လိုက်ပြမယ်လေ' ဟု မိန်းမကြီးက ပြောသည်။

'သူက ဘယ်အခန်းမှာ နေတာလဲ' ဟု ဘီက မေးသည်။

'ဒီလိုလေ အခန်းငှားတဲ့ လူတွေက ၄ ယောက်၊ သူတို့က နှစ်ခန်းယူထားတယ်၊ ရှင့်မိန်းမနဲ့ သားကလေးက အိပ်ဖော်မနဲ့နေတဲ့ အခန်းကို ပြောင်းနေကြတယ်၊ ဒါပေမယ့် မီးဖိုနဲ့ ရေချိုးခန်းကိုတော့ အားလုံး အတူတူသုံးကြတယ်'

'ဘီ' ဘာမျှ ပြန်မပြောချေ။





'ကဲ....အပေါ်ထပ် တက်ကြရအောင်၊ ဒါမှ မဟုတ်ချင်လဲ ရှင် ကျွန်မတို့အခန်းထဲမှာပဲ သူပြန်လာတဲ့အထိ စောင့်နေမှာလား၊ အိမ်ရှေ့ခန်းက ဆိုဖာပေါ်မှာ လှဲနေလဲ ရပါတယ်'

'သူတို့မီးဖိုနဲ့ ရေချိုးခန်းကို အတူတူ သုံးကြသလား'

'ဟုတ်တာပေါ့၊ ရှင်ရေချိုးချင်လဲ ချိုးလေ၊ ရှင့်အခန်းမဲ့ဟာ၊ ရှင်ရေချိုးချင်ရင် ကျွန်မ ရေနွေးအိုး တည်ပေးမယ်၊ ဆောင်းတွင်းက ထင်းကျွန်ကလေး ရှိပါသေးတယ်၊ ဒါပေမယ့် အပေါ်ထပ်က ရှင်တို့အခန်းက ရေချိုးခန်း ကိုတော့ သူတို့သော့ပိတ်သွားတယ် ထင်တယ်'

ဘီသည် ဘာမျှ ပြန်မပြောချေ။ ငုံ့၍သာ နေသည်။

'အပေါ်ထပ်တက်မလား၊ ဒီမှာပဲ နေမလား၊ ဒီမှာနေချင်နေပါ၊ ကျွန်မ မီးဖိုခန်းထဲမှာ အလုပ်လုပ်နေမှာပါ၊ ရှင် ဆိုဖာပေါ်မှာလှဲပြီး တစ်ရေးလောက် အိပ်နိုင်ပါတယ်၊ အနှောင့်အယှက် မဖြစ်ပါဘူး'

'ကျေးဇူးပါပဲ၊ ကျွန်တော် အပေါ်ထပ် တက်နေပါမယ်' ဟု 'ဘီ' က ပြောလိုက်သည်။

* * *

အိမ်ဖော်နေသော အခန်းသည် ကျဉ်းသည်။ မြောက်ဘက်သို့ မျက်နှာမူလျက် ရှိသည်။ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်လျှင် အပွင့်တွေ ဝေနေသော သစ်ပင်တစ်ပင်ကို မြင်ရမည်။ တစ်ဖက်တွင် ထင်းရှူးတော ပုံးနေသောတောင်



www.burmeseclassic.com

ကုန်းတစ်ခုကိုလည်း မြင်ရမည်။ ပြတင်းအနီးရှိ သစ်ပင်ကြောင့် အခန်းကလေးသည် မှောင်တောင်တောင် ဖြစ်နေသည်။ သူတစ်ယောက်တည်း အခန်းထဲတွင်ကျန်ခဲ့ပြီးအပေါ်ထပ်သို့ တက်ရသဖြင့် မောနေခဲ့သည်မှ အသက်ရှူ မှန်လာသောအခါဝယ် သူ့ဇနီး၏ အနံ့ကို သူသိလေသည်။ သူသည် ပြတင်းပေါက်အနီးဝင် ထိုင်ပြီးလျှင် သက်ပြင်းတစ်ချက်ရှူလိုက်၏။ အခန်းကလေးထဲတွင် ဗီရိုဟောင်းကလေးတစ်လုံး၊ သံခုတင်တစ်လုံး၊ စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးမျှသာရှိသည်။ အိပ်ချင်လျှင် ကုလားထိုင်ကိုတစ်ဖက်သို့ တွန်းပစ်လိုက်ရပေမည်။ သူသည်ခုတင်ပေါ်တွင် မလှဲသေးဘဲထိုင်၍ သက်ပြင်းရှူနေသည်။ စားပွဲပေါ်တွင် စာအုပ်များ၊ အဝတ်အစားများ၊ အစားစရာများစုပုံလျက်ရှိ၏။ လက်ကိုင်မှန်ကလေး တစ်ချပ်လည်း ရှိသည်။ သူသည် မှန်ကိုကောက်ယူပြီး ကြည့်လိုက်သည်။ အထည်ဆိုင်က မှန်တွင်မြင်ရသော သူ့ရုပ်ပုံကိုပြန်၍ မြင်ရသည်။ သူသည် မှန်ကိုမှောက်၍ ပြန်ချထားလိုက်သည်။ သူ့ဇနီး၏ ပစ္စည်းများကို အထားအသို ပျက်မှာစိုးသဖြင့် မကိုင်ပေ။ ဆေးလိပ်ပြာခွက်ထဲတွင် အနီခြောက်ကလေးများ ပါသော ကလေးရော်ဘာ ဘောလုံးကလေး တစ်လုံးရှိသည်။ သူ့ဇနီး၏ အနံ့သည် စားပွဲပေါ်တွင် စွဲဟင်လျက် ရှိလေသည်။

သူထိုင်နေခိုက်တွင်တိုက်စောင့်မိန်းမကြီးကကော်ဖီဘူးကြီးတစ်လုံးနှင့် ပေါင်မုန့် အချပ်ကြီး နှစ်ချပ်ကို ယူလာသည်။ သူသည် မိန်းမကြီး ပြန်ထွက်သွားလျှင် သွားချင်းပင် အကုန်စားသောက် ပစ်လိုက်သည်။ မကြာခင်မှာပင် အောက်ထပ်





ခန်းက မိန်းမလည်း ကော်ဖီ၊ ပေါင်မုန့် ထောပတ် သုတ်၊ စက်အူချောင်းနှင့် လမ်းက ဆိုင်ကလေးတွင် တွေ့ခဲ့ရသော သစ်တော်သီးနီကြီးမျိုး တစ်လုံးတို့ကို ယူလာသည်။ ထိုမိန်းမသည် သူယူလာသော ဗန်းကလေးကို စားပွဲပေါ်ချပြီး ခဏထိုင်သည်။ သူ့မျက်လုံးများတွင် မျက်ရည်စိုလျက် ခဏကြာသော် ပြန်ထွက်သွားလေသည်။ 'ဒါ' သည်လည်း ပေးလာသော အစားအသောက်များကို အကုန် စားပစ်လိုက်သည်။ နာရီသော့ မပေးရသေးသဖြင့် သူ ပြတင်းပေါက် နားတွင် ထိုင်နေ သည်မှာ ဘယ်လောက် ကြာမှန်း မသိတော့ချေ။ နောက်ဖေး ပန်းခြံထဲတွင် လူတစ်ယောက်မျှ မရှိတော့ပေ။ သစ်ရွက်များလည်း လေထဲတွင် တရွဲ့ရွဲ့မြည်၍ လှုပ်နေသည်။ ညနေစောင်း နေရောင်သည် အခန်းကလေး၏ ထုံးသုတ်ထားသော နံရံပေါ်တွင် ထိုး၍ အခန်းကလေးကို ထိန်လင်းနေစေသည်။

သူ့ဇနီး၏ အနံ့ကို ရှူရှိုက် ရဖန်များသဖြင့် အနံ့သည် တဖြည်းဖြည်း ပြယ်သွားလေပြီ။ သူသည် အခန်းမှ ထွက်၍ လမ်းဘက်သို့ လျှောက်သွားသည်။ ဥယျာဉ်တံခါးဝနားတွင် ရပ်နေစဉ် သူ့ဇနီးသည် ကလေးလေး ငါးယောက်နှင့် တစ်ဖက်ထောင့်မှ ချိုးဝင်လာသည်။ ဝင်းတံခါးဘက်သို့ အလာတွင်သူ့ဇနီး၏ခြေလှမ်းများသည် အရှိန်လျော့သွား၏။ ခဏကလေးမျှ ရပ်လိုက်ပြီးနောက် သူ့ ထံ သို့ ပြေး လာသည်။ သူလည်း သူ့ဇနီးထံသို့ မရည်ရွယ်ဘဲနှင့် ပြေးသွားမိ၏။ အနီးသို့ ရောက်သောအခါ သူ့ဇနီးက ခဏမျှ ငေးကြောင်ကြည့်

ပြီးလျှင် သူ့ထံသို့ ပြေးလာသည်။ သူသည် အဖမ်းမခံရခင် အလေးတွင်မှ သူဝယ်ပေးသော သိုးမွေးဆွယ်တာ အညိုရောင် အလေးကို သူ့ဇနီးဝတ်ထားသည်ကို တွေ့ရသည်။ သူ့ဇနီးသည် သူ့မျက်စိထဲတွင် အလွန် လှပ တင့်တယ်လျက် ရှိ၏။ ၇နှစ်လုံးလုံး ထောင်ထဲတွင် သူအမြဲတမ်း သတိရ မြတ်နိုး နေခဲ့သည့်မှာ သူ့ဇနီးသာလျှင် ဖြစ်ပေသည်။

ဖက်ပြီးနောက် ကိုယ်ချင်းခွာပြီးလျှင် 'ဘီ' သည် ဝင်းခြံကို မှီနေလိုက်သည်။ သူ့ဇနီး နောက်မှ အံ့အားသင့်သောမျက်နှာထား၊ ကိုယ်စီနှင့် လိုက်လာကြသော ကလေးများသည် ခြောက်နှစ်၊ ခုနစ်နှစ် အရွယ်များ ဖြစ်ကြသည်။ ကလေးလေးငါးယောက်ဟုဆိုခဲ့သည်။ စင်စစ် ကလေးလေးယောက်သာဖြစ်သည်။ 'ဘီ' သည် ကလေးတို့၏မျက်နှာကို တစ်ယောက်ပြီး တစ်ယောက် ကြည့်နေသည်။

'ဘယ်ဟာ ကိုယ့်သားလဲ' ဟု သူက မေးလိုက်သည်။

ထိုသို့မေးလိုက်ခါမှ သူ့ဇနီးလည်း ချုံးပွဲချ ငိုလေတော့သည်။

'အပေါ် တက် ကြ ရ အောင်' ဟု သူ့ဇနီးက ငိုရှိုက်ပြော၏။

'မငိုပါနဲ့ကွာ'

'လာပါ အပေါ် တက်ကြရအောင်'

'မငိုပါနဲ့၊ ငါ့သား ဘယ်ဟာလဲ'

သူ့ဇနီးသည် ခြံတံခါးကို ဆွဲဖွင့်ပြီးလျှင် အပေါ်ထပ်သို့ တက်ပြေးသည်။ သူသည် သူ့ဇနီး၏ လုံးကျစ်သော





ကိုယ်ကာယကို လှမ်းကြည့်ရင်း သူနှင့် မခွဲခင်က အတိုင်းပင် လုံးလုံးကျစ်ကျစ်ကလေးနှင့် အသွားအလာ သွက်လက် ဖျတ်လတ် နေပေသေးသည်ဟူ၍ အမှတ်ပြုမိ လေသည်။ အပေါ်ထပ်သို့ 'ဘီ' ရောက်သွားသောအခါ၌ သူ့ဇနီးသည် အငို တိတ်၍ သွားလေပြီ။ သို့ရာတွင် သူ၏ အပျိုစင်သဖွယ် ရင်သားများသည်ကား ဆွယ်တာထဲမှာ မြင့်လိုက် နိမ့်လိုက် ရှိနေသေး၏။ မငိုတော့သော်လည်း မျက်လုံးများမျက်ရည်စို့လျက် ရှိသဖြင့် မျက်ရည်သုတ်နေသည်။

'မောင်...မောင်' ဟု ခပ်တိုးတိုး ခေါ်နေ၏။

'ကဲ...အထဲဝင်ကြရအောင်' ဟု 'ဘီ' က ဆိုသည်။

'တခြားလူတွေလဲ အခန်းမှာ နေကြတယ်'

'ကိုယ်သိပါတယ်၊ လာပါ၊ အထဲဝင်ကြရအောင်'

'အထဲရောက်ပြီးပြီလား'

'ရောက်ပြီးပြီ၊ ကိုယ့်သား ဘယ်ဟာလဲ'

အခန်းထဲသို့ရောက်သည်နှင့် သူ့ဇနီးသည် ကြမ်းပေါ်တွင် ဒူးထောက်၍ သူ့ရင်ခွင်ထဲသို့ ခေါင်းထိုးပြီးလျှင် ငိုလေသည်။

'မောင်ရယ်၊ မောင့်ကို စောင့်နေခဲ့တယ်'

'ဘီ' သည် သူ့ဇနီး၏ခေါင်းကို လက်ဖြင့် သပ်ပေးနေသည်။

'စောင့်ရတာ ခက်ခဲသလား'

သူ့ဇနီးအား 'မောင်' ဟူ၍သာ တိုးတိုးခေါ်နေသည်။

'ဘီ' လည်း သူ့ဇနီး၏ဆံပင်များကို သပ်၍ပေးနေသည်။

'ကိုယ် အတော်အိုသွားသလားဟင်....'

www.burmeseclassic.com



သူ့ဇနီးသည် သူ့ဒူးများကိုဖက်၍ 'မောင် အရင်တုန်းကလိုပါပဲ'

'ကိုယ် အိုသွားသလား'

'မအိုပါဘူးမောင်ရယ်၊ ကျွန်မတော့ မောင့်ကို တစ်သက်လုံး ချစ်သွားမှာပဲ'

'တကယ်ပဲ ချစ်သွားမှာလားကွယ်'

သူ့ဇနီးသည် တုန်၍လာသည်။ ရှိုက်ကြီးတငင် ငိုလေတော့သည်။

'ဘီ' သည် ဆံပင်ကို သပ်နေသော လက်ကို ရုပ်လိုက်သည်။

'မင်း ကိုယ့်ကို အရင်တုန်းကလိုဆက်ဆံနိုင်မှာလားဟင်....'

'ကျွန်မ မောင့်ကိုသာ တစ်သက်လုံးချစ်တာ၊ ဘယ်သူ့ကိုမှ မချစ်ပါဘူး၊ မောင့်ကိုပဲ အမြဲတမ်းချစ်ပါတယ် မောင်ရယ်'

'မင်း ကိုယ့်ကို စောင့်နေတယ်နော်'

'ဟုတ်ပါတယ် မောင်၊ မောင်သွားကတည်းက တစ်နေ့မှ မောင့်ကို သတိမရတာ မရှိပါဘူး၊ နေ့စဉ်နဲ့အမျှ မောင့်ကိုပဲ သတိရနေပါတယ်။ မောင် တစ်နေ့တော့ ပြန်လာမယ်ဆိုတာ သိပါတယ်။ မောင်ပြန်မလာရင်လဲ ကျွန်မတော့ တစ်ကိုယ်တည်းနေပြီး သေမှာပါ။ မောင့်သားကလေးကိုပဲ မောင့်ကိုယ်စား ချစ်ရမှာပါ'

'မင်း ကိုယ့်ကို ချစ်တယ်နော်'

'ဒီပြင် ဘယ်သူမှ မချစ်ပါဘူး မောင်ရယ်၊ မောင် ဘယ်လောက်ပဲ အိုသွား အိုသွား မောင့်ကိုပဲ ချစ်နေမှာပါ'





'အင်း.... ကိုယ် အိုသွားတယ်နော်၊ ရုပ်ပြောင်းသွားတယ်နော်'

သူ့ဇနီးသည် တရှိုက်ရှိုက်ငိုရင်း သူ့ကို ပို၍ဖိ၍ ဖက်ထားသည်။ သူလည်း သူ့ဇနီး၏ ဆံပင်ကို သပ်ပေးနေသည်။

'ကျွန်မတို့ နောက်ထပ် ကလေးတစ်ယောက် ရနိုင်သေးတယ်နော်'

'အင်း.... မင်း ငါ့ကို ချစ်သေးရင် ရနိုင်သေးတာပေါ့။ ထ,လေ ,ထ,ထ'

သူ့ဇနီးလည်း ထ,လိုက်လေသည်။

'သားကလေးကို ခေါ်လိုက်ရမလား'

'မခေါ်ပါနဲ့ဦး.... ကိုယ် မင်းနဲ့အတူ ခဏ နေချင်ပါသေးတယ်၊ ကလေးလဲ သူ့အဖေကို မှတ်မိမှာမဟုတ်ဘူး၊ စိမ်းနေဦးမယ်၊ အခု အခု သူ့ပန်းခြံထဲမှာ မဟုတ်လား'ဟု 'ဘီ'က ဆိုလေသည်။

'နောက်ဆင်းပြီး သူ့ကို ပြောထားလိုက်ဦးမယ်'

သူ့ဇနီး သူ့သားထံမှ ပြန်ရောက်လာသောအခါ သူသည် ပြတင်းပေါက်တွင်ရပ်၍ အခန်းတွင်းကို ကျောပေး ထားသည်။ သူ့ကျောသည် ကုန်း၍ စောင်းနေသည်။ သူသည် ပြန်၍ မလှည့်သေးပေ။ သူ့ဇနီးလည်း အခန်းတံခါးဝတွင် ခေတ္တရပ်နေသည်။ 'ကလေးကို ဖေဖေ့ဖို့ ပန်းတွေ ခူးခဲ့ဖို့ မှာခဲ့တယ်'ဟု ပြောပြသည်။ သူ့အသံမှာ အစ်တစ်တစ် ဖြစ်နေသည်။ 'ပန်းတွေ သိပ်ပွင့်တာပဲ၊ သူ့အဖေအတွက် ပန်းခိုင်ကြီးကြီး ခူးခဲ့လို့ ပြောခဲ့တယ်'ဟု ဆက်၍ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘီ'က 'မင်း ငါ့ကို ချစ်ရဲ့လား' ဟု မေးမြန်းသည်။

သူ့ဇနီးက သူ့ပခုံးကို ပြေးဖက်ပြီးလျှင် ခေါင်းကို မှီထားလိုက်သည်။ 'မောင့်တစ်ယောက်တည်းသာ ချစ်တာပေါ့ မောင်ရယ်' ဟု ဆိုသည်။

'မင်း ငါ့ကို အရင်တုန်းကလို ဆက်ဆံလို့ဖြစ်ပါ့မလား' ဟု မေးမြန်းလေသည်။

'မောင်သွားကတည်းက နေ့ရော ညရော မောင့်ကိုသာ သတိရနေတာပဲမောင်ရယ်၊ နေ့တိုင်းလဲ မောင့်သားနဲ့ မောင့်အကြောင်းကိုချည်းပဲ ပြောနေကြတာ'

'ဘီ'သည် လှည့်၍ ဇနီးကို ဖက်လိုက်ပြီးလျှင် မျက်နှာကို စေ့စေ့ကြည့်သည်။ ဝင်ခါနီး နေရောင်သည် သူ့ဇနီး၏ မျက်နှာပေါ်သို့ ကျလျက်ရှိသည်။ သူ့ဇနီးလည်း သူ့လိုပင် အိုသွားပြီဆိုသည့်အချက်ကို မြင်တွေ့ရသဖြင့် စိတ်ကျေနပ်မှု ရသလိုလို ဖြစ်သွား၏။ ရင့်သွားသော်လည်း ခုနစ်နှစ်ပတ်လုံး သူ့စိတ်ကူးထဲတွင် အမြဲတွေ့နေရသော သူ့ဇနီး၏ ရုပ်ရည် အတိုင်းပင် လှပနေသေးကြောင်း တွေ့ရသည်။ သူ့ဇနီးသည် မျက်လုံးများ မှိတ်ထားပြီးလျှင် နှုတ်ခမ်းကို ခပ်ဟဟ လုပ်ထားသည်။ သူ့ထွက်သက် လေပူသည် 'ဘီ'၏ ပါးပြင်ကို ရိုက်ခတ်လျက်ရှိ၏။ မျက်ရည်စို့နေသော မျက်လုံးများကို မျက်ခွံတောင်ထူထူများက အုပ်လျက်ရှိသည်။ သူ့ဇနီးသည် သူ့ရင်ခွင်တွင် နှိမ့်ချခြင်း၏သရုပ်ကို ဆောင်လျက်ရှိပေသည်။ သူသည် ဇနီး၏မျက်လုံးများကို နမ်းလိုက်ပြီးလျှင် ယုယစွာ ကိုယ်ချင်းခွာလိုက်သည်။





'ကျွန်မတို့ရဲ့ သားကလေးကိုလဲ ချစ်ကြရအောင်နော်' ဟု ဇနီးက မျက်လုံးများမှိတ်လျက်ပင် ပြောလိုက်လေသည်။

'အင်း.... သူ့ကို ခင်အောင် လုပ်ရဦးမယ်'

'သူဟာ မောင့်သားပဲလေ....'

'ကိုယ့်သားချည်း ဘယ်ဟုတ်မလဲ၊ မင်းသားလဲပဲပေါ့' ဟု ဘီ'က ဆိုလိုက်သည်။

သူ့ဇနီးက သူ့လည်ကိုဖက်ရင်း 'ကျွန်မမောင့်ကို ရေပတိုက်ပေးမယ်' ဟု ဆိုသည်။

'ကောင်းသားပဲ'

သူသည် အဝတ်အစားများကို ချွတ်လိုက်သည်။ ဇနီးအိပ်ရာကို ပြင်ပြီးလျှင် သူ့ခင်ပွန်း၏ လုံးတီးကိုယ်ကို ခဲလျှောင်းစေသည်။ ထိုနောက် ရေနွေး သံပုံးတစ်ပုံးနှင့် ဆပ်ပြာ ကိုယ်သုတ်ပဝါ နှစ်ထည်တို့ကို ယူလာသည်။ ကိုယ်သုတ်ပဝါ တစ်ထည်ကို ရေဆွတ်ပြီး ဆပ်ပြာနှင့်ပွတ်ပြီးလျှင် သူ့ခင်ပွန်း၏ကိုယ်ကို ခေါင်းဆုံး ခြေဆုံး ပွတ်တိုက်ပေးသည်။ ရေနှစ်ခါလဲ၍ တိုက်သည်။ 'ဘီ'သည် ကိုယ်ကို လှန်၍ ခံနေသည်။ သူ့မျက်နှာတွင် အကြည် ဓာတ် ဆိုက်နေ၏။

'အင်း ငါ့ကို အရင်အတိုင်း ဆက်ဆံမှာပေါ့နော်'

'အို.... မောင်ကလဲကွယ်'

'ဒီည ကိုယ်နဲ့အတူ အိပ်မယ်နော်'

'အိပ်မှာပေါ့'

'နို့.... ကလေးကော ဘယ်မှာ သိပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကြမ်းပေါ်မှာ အိပ်ရာခင်းပေးပါမယ်၊ မောင့်သားအား အိပ်လိုက်ရင် တုံးပဲ'

'မင်း ကိုယ်နဲ့ တစ်ညလုံး အိပ်မယ်နော်'

'တစ်ညလုံး၊ ည တိုင်း၊ အသက်ထက်ဆုံး အိပ်မှာပေါ့ မောင်ရယ်'။ ။

၂၂-၇-၆၀

## ချောင်းနွေး

(အစမရှိကန်တွဲရေးဆရာကြီး အား စဆောင်းကျောလိပ်၌ သွ်)

အားမောင်းသမားက ကြိုးတံတားထိပ်တွင် အားရပ်ပြီးလျှင် ကျွန်တော့်အား ချောင်းတစ်ဖက်ကမ်းရှိ အိမ်ကို လက်ညှိုးညွှန်ပြသည်။ ကျွန်တော်လည်း သူ့အား နှစ်ဆယ့်ငါးဆင့်ကို နှစ်မိုင်ဝေးသော ဘူတာရုံမှ စီးလာသော အားခအဖြစ် ပေးပြီးလျှင် အားပေါ်မှ ဆင်းသည်။ အားထွက်သွားသောအခါ ကျွန်တော်သည် အေးစိမ့်စိမ့် ညဦးတွင် တောင်ကြားထဲ၌ ရှိသော အိမ်များမှ မီးတလက်လက်ဖြင့် ကြယ်များ တောက်နေသလို ရှိခြင်းနှင့် ကျွန်တော့်ခြေရင်းတွင် ရှိသော စိမ်းညို ရောင် ချောင်းကြီး၊ တသွင်သွင် စီးဆင်းနေခြင်းတို့နှင့်အတူ ကျန်ခဲ့သည်။ မှောင်ရှိလာသောညအခါတွင်ကျွန်တော်၏သား





www.burmeseclassic.com

www.burmeseclassic.com



ပတ်လည်တွင် တောင်တန်းကြီးများသည် မည်းမှောင်သော တိမ်တိုက်ကြီးများသဖွယ် ရှိနေသည်။ အထက်ကောင်းကင်သို့ မော်ကြည့်လိုက်ခါမှ မိုးကုပ်စက်ဝိုင်းအနီးတွင် တိမ်တောက်နေသည်ကို မြင်လိုက်ရသလို ရှိလေတော့သည်။

ကြိုးတံတားသည် ကျွန်တော် လျှောက်သွားသော အရှိန်ကြောင့် အချက်မှန်မှန် ယိမ်းလေရာ ကျွန်တော့် ခြေလှမ်းထက်ပင် ယိမ်းချက်က ပို၍ များလာလေတော့၏။ ခပ်သုတ်သုတ် လျှောက်နိုင်မှသာလျှင် ယိမ်းချက်နှင့် ကိုက်ညီပေလိမ့်မည်။ တစ်ဖက်ကမ်းသို့ ရောက်သောအခါဝယ် တောင်ကြီးများသည် ရုတ်တရက် စောက်ဆင်းပြီးလျှင် ဝှမ်း နွေး သော ချောင်းကြီးထဲသို့ တိုးဝင် ငုပ်လျှိုးသွားသည်ကို တွေ့ရသည်။ ကျွန်တော်လည်း ခရီးဆောင်သားရေအိတ်ကို တအား ဆုပ်ကိုင်ပြီးနောက် သုတ်ခြေတင်လေသည်။

ကျွန်တော့် ခြေထောက်များက ကျောက်စရစ်လမ်းပေါ်တွင် တဂျိုဂျို မြည်အောင် လျှောက်သွားနေသည့်အခါမှာပင် ကျွန်တော်သည် ကြောက်နေ၏။ ကြိုးတံတားကို ညအခါ လျှောက်ရာတွင် ကျွန်တော့်အဖို့ ကြောက်စရာမရှိမှန်း သိပါ၏။ သို့သော် တစ်ခါမျှ မရောက်ဖူးသောနေရာတွင် တောင်ကြီးများ ဦးခေါင်းပေါ်တွင် မိုးရှိနေပြီး၊ ခြေအောက်တွင် တသွင်သွင် စီးနေသော ရေနွေးချောင်းကြီးကြောင့် ကျွန်တော့် လက်များသည် တုန်နေခဲ့၏။ ရင်သည်လည်း တုန်နေခဲ့လေသည်။





ကျွန်တော်သည် အိမ်ကို အလွယ်ပင် တွေ့ပါသည်။ အိမ်ကို တွေ့သည့်အခါဝယ် ကျွန်တော့်ကိုယ်ကို ကျွန်တော် ရယ်သွမ်းမိ၏။ ကြိုးတံတားမှ အပြေးသွားစရာ အကြောင်းမရှိ၊ တံတားထိပ်မှာပင် အိမ်ရှိနေသောကြောင့် ရယ်ရခြင်း ဖြစ်သည်။ အဖယ်၍ အိမ်မှူးသွားဦးတော့ ဂရက်ချန်းက ကျွန်တော့်ကို လှမ်းခေါ်မည် အမှန်ပင်။ သူသည် ဆင်ဝင်တွင် ရပ်၍ ကျွန်တော့်ကို စောင့်နေသည်။ ကျွန်တော့်နာမည်ကို လှမ်းခေါ်လိုက်သော သူ့အသံဆလေးကို ကြားလိုက်ရသောအခါ တောင်ကြီးတွေနှင့် ချောင်းကြီးတို့ကြောင့် ပေါ်ပေါက်ရသော ကြောက်စိတ်မှာ ရှက်စရာပင် ဖြစ်တော့သည်။

ဂရက်ချန်းသည် ကျောက်စရစ်လမ်းပေါ်သို့ ပြေးဆင်းလာပြီးလျှင် ကျွန်တော့်ကို ဆီးကြိုလေသည်။

'ကြိုးတံတား လျှောက်ရတာ လန့်သလား....ရစ်ချတ်' ဟု သူက ကျွန်တော့်ကို လှပ်ရှားသောလေသံဖြင့် မေးပြီးနောက် ကျွန်တော့် လက်မောင်းကို သူ့လက်နှစ်ဖက်ဖြင့်ကိုင်၍ အိမ်ဘက်သို့ သွားရာလမ်းသို့ ညွှန်ဆောင်သွားလေသည်။

'ဟုတ်တယ် ဂရက်ချန်း၊ ကိုယ်တော့ ပြေးတာ အိမ်ကို လွန်သွားတယ်လို့တောင် ထင်မိသေးတယ်'

'ဒီလိုပါပဲ၊ ကြိုးတံတားကို ပထမ လျှောက်တဲ့လူတိုင်း တံတားထိပ်ရောက်ရင် ခပ်မြန်မြန် ပြေးဆင်းသွားချင်ကြတာ ချည်းပါပဲ။ ကြိုးတန်းလျှောက်သလိုပေါ့။ ကျွန်မတော့ သိပ်ငယ်တ ကြိုးတန်းလျှောက် ကျင့်ဖူးတယ်။ ရစ်ချတ်ကော



www.burmeseclassic.com

www.burmeseclassic.com



မကျင့်ဖူးဘူးလား။ စပါးကျီခင်းကြမ်းပေါ်မှာ ကြိုးတန်းသွယ်ပြီး အလျှော်ကျင့်ကြတယ်'

'ဟာ...ကိုယ်လဲ အလျှော်ကျင့်ဖူးတာပေါ့၊ ဒါပေမယ့် ငယ်ငယ်က လုပ်ခဲ့တာမို့ အခု ကျင့်သားမရတော့ဘူး။ မေ့သွားပြီ'

ကျွန်တော်တို့ နှစ်ယောက်သည် ဆင် ဝင် သို့ ရောက်ကြသည်။ ဂရက်ချန်းက ကျွန်တော့်ကို တံခါးသို့ ခေါ်သွားသည်။ အိမ်ထဲမှာ တစ်ယောက်က မီးအိမ်တစ်ခုကို အခန်းမကြီးထဲသို့ ယူလာနေသည်။ ထိုမီးအိမ်မှ မီးရောင်ကြောင့် တံခါးဝတွင် ရပ်နေသော ဂရက်ချန်း၏ ညီမနှစ်ယောက်ကို မြင်ရသည်။

'ဒါက ကျွန်မရဲ့ ညီမငယ်လေး အယ်နီပေါ့၊ ဒါကတော့ ညီမ မေရီပါ'ဟု ဂရက်ချန်းက မိတ်ဆက်ပေးသည်။

ကျွန်တော်လည်း သူတို့နှစ်ယောက်ကို မမှောင့်တမှောင် အလင်းရောင်ထဲတွင် စကားပြောနေသည်။ ပြီးလျှင် အခန်းမကြီးထဲသို့ ဝင်ကြသည်။ ဂရက်ချန်း၏ ဖခင်သည် မီးအိမ်ကို ကိုင်ကာ စားပွဲတစ်ခုအနီးတွင် ရပ်နေသည်။ သူသည် မီးအိမ်ကို မြှောက်၍ ကျွန်တော့် မျက်နှာကို မီးရောင်အောက်တွင် ကြည့်လေသည်။ ကျွန်တော်လည်း သူ့ကို တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးချေ။

'ဒါ...ကျွန်မ ဖေဖေပါပဲ၊ ဖေဖေက ရှင်...ကျွန်မတို့အိမ်ကို ညကြီးမင်းကြီးမှာ ရှာလို့တွေ့မှ တွေ့ပါ့မလားလို့ ပူနေတယ်'

'ကျုပ်က မီးအိမ်ယူပြီး တံတားထိပ်က ကြိုမလို့ပါဘဲ





ဂရက်ချန်းက လွယ်လွယ်နဲ့ အိမ်ကို ရှာနိုင်မှာပါဆိုတာနဲ့ မကြိုရတာပါ။ ဘယ့်နှယ်လဲ၊ အိမ်မှားသွားသေးသလား။ ကျုပ် မီးအိမ်နဲ့ တံတားထိပ်က ကြိုရမှာ ဝန်မလေးပါဘူး'

ကျွန်တော်သည် ဂရက်ချန်း၏ဖခင်နှင့် လက်ဆွဲနှုတ်ဆက်ကာ အိမ်ရှာရ လွယ်ကူကြောင်း ပြောပြပါသည်။

'ကားမောင်းသမားက အိမ်ကို သေသေချာချာ ပြတာ၊ ကျွန်တော်ကလဲ အိမ်ကမီးရောင်ကို စူးစူးစိုက်စိုက် ကြည့်လာတာ၊ တကယ်လို့သာ အိမ်က မီးရောင်ကို သေသေချာချာ မကြည့်ဘဲနဲ့ ရမ်းသမ်း လျှောက်မြေးရင် ချောင်းထဲတောင် ကျချင်ကျသွားမှာ'

ဂရက်ချန်း၏ ဖခင်က ကျွန်တော်၌ ရေကြောက်တတ်သည်ဆို ရယ်မောသည်။

'ရေထဲကျလဲ ကိစ္စမရှိပါဘူး မောင်ရာ...၊ ဒီချောင်းက ရေနွေးချောင်းပါ၊ ဆောင်းတွင်းမှာ နေရာတကာ နှင်းတွေခဲနေတာတောင်မှပဲ၊ ဒီချောင်းကရေက နွေးနေတယ်၊ ချိုးလို့ အိပ်ကောင်းတာပဲ၊ ကျုပ်တို့တော့ ဒီချောင်းထဲဆင်းပြီး ရေချိုးရတာ အကြိုက်ဆုံးပဲပေါ့'

'ရစ်ချက် ချောင်းထဲမကျနိုင်ပါဘူး၊ ကျွန်မ ရှင့်ကို အားပေါ်က ဆင်းကတည်းက လှမ်းမြင်လိုက်တာပဲ၊ တစ်ချက် လောက် လမ်းမှားသွားရင် ကျွန်မက ရှင့်ကို ပြေးခေါ်မှာပေါ့'ဟု ဂရက်ချန်းက ကျွန်တော့်လက်ထဲတွင် သူ့လက်ကို ညှိထားရင်း ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဂရက်ချန်းကို ကျေးဇူးတင်စကားပြောမည် ဟန်ပြင်ထားရှိသေးသည်၊ သူက အပေါ်ထပ်တက်သော လှေ ကားပေါ်တွင် ရောက်နေနှင့်ပြီးပြီ၊ ကျွန်တော့်ကို လှမ်းခေ နေသည်။ ကျွန်တော်လည်း ခရီးဆောင်သားရေအိတ်ကိုဆွဲပြီး လျှင် သူ့နောက်က လိုက်လေသည်။ အပေါ်ထပ် အခန်းများ အဆုံးတွင် စားပွဲပေါ်၌ မီးလျှော့ထားသော မီးအိမ်တစ်ခု တွေ့ရသည်။ ဂရက်ချန်းသည် ထိုမီးအိမ်ကို ကောက်ယူပြီး နောက် ရှေ့ပိုင်းတွင် ရှိသော အခန်းတစ်ခန်းထဲသို့ ဝင်သွား သည်။

အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက် ကိုတစ်ယောက်ကြည့်ပြီး ပြုံးနေကြသည်။

'ရစ်ချတ်၊ ရေအေးအေး ဒီမှာ၊ နောက် ဘာလိုချင်သေးလဲ လိုတာကို ကျွန်မ ပြောပါ၊ လိုလေသေး မရှိအောင်တော့ လု ထားတာပဲ'

'ကိစ္စမရှိပါဘူး ဂရက်ချန်းရယ်၊ ဘာမှမလိုပါဘူး၊ မင်း တွေ့ရတာ ကျေနပ်ပါပြီ၊ ဒီ့ပြင် ဘာမှမလိုချင်ဘူး'

သူသည် ကျွန်တော့် မျက်နှာကို ပြုံးခနဲ လှမ်း ကြည့် လိုက် ပြီး မနောက် မျက် လွှာ ချ လိုက် သည်။ ကျွန် တော် နှစ်ယောက်လည်း နောက်ထပ် စကား မဆိုကြဘဲ အတော် ကြာ နေကြသည်။ ကျွန်တော်က သူ့ကို သူနှင့်တစ်ညမျှ အတူ နေရသည့်အတွက်ကိုပင် ဝမ်းသာကျေနပ်နေကြောင်း ပြော ပြချင်၏။ သို့သော် ကျွန်တော့်နှုတ်မှ စကားတစ်ခွန်းမျှမထွက် နိုင်သေးချေ။ နောက်မှ ပြောတော့မည်ဟု စိတ်တွင်အောက်မေ





မိ၏။ ဂရက်ချန်းကလည်း ကျွန်တော်ဘာကြောင့်လာသည်ကို သိပါသည်။

'ကဲ...ရစ်ချတ်၊ နေခဲ့ပေတော့၊ ဆင်ဝင်တစောင့်နေမယ်၊ မျက်နှာသစ် အဝတ်လဲပြီး ဆင်းခဲ့နော်'

ကျွန်တော်က သူ့ကိုလှမ်းကာ အထိ မီးအိမ်ကိုင်၍ လိုက် ပို့မည်ကြံသည့်အတိုင်း မီးအိမ်ကိုကိုင်ကာ ရှိသေးသည်။ ဂရက် ချန်းသည် လှေကားမှ ဆင်းသွားနှင့်လေပြီ။

ကျွန်တော်လည်း အခန်းထဲသို့ ပြန်ဝင်ပြီးလျှင် တံခါးကို ပိတ်လိုက်သည်။ ပြီးလျှင် မျက်နှာသစ်၊ လက်ဆေး၊ မီးရထား ပေါ်မှ ပါလာခဲ့သော ဖုန်မှုန့် အညစ်အကြေးတို့ကို ဆပ်ပြာ ဖြင့် တိုက်၍ ဆေးကြော သုတ်သင် ရသည်။ တန်းပေါ်တွင် လက်ဖြင့်ပန်းထိုးထားသော မျက်နှာသုတ် ပဝါလေးများ အစီအရီလှန်းထားသည်။ ကျွန်တော်လည်း တစ်ထည်ကို ယူ ပြီးလျှင် သုတ်လေသည်။ ထို့နောက် ဆံပင်ဖြီးသည်။ သားရေ အိတ်ထဲမှ လက်ကိုင်ပဝါသစ် တစ်ထည် ထုတ်၍ ကိုင်သည်။ ပြီးလျှင် တံခါးဖွင့်၍ အောက်ထပ်က ဂရက်ချန်းရှိရာသို့ ဆင်း လာခဲ့သည်။

ဂရက်ချန်း အဖေသည်ဂရက်ချန်းနှင့်အတူ ဆင်ဝင်အောက် တွင် ထိုင်နေသည်။ ကျွန်တော် ရောက်လာသောအခါ သူ့ အဖေကထ၍ သူနှင့် သူ့သမီးကြားရှိ ကုလားထိုင်ကို ထိုင်ဖို့ ပေးသည်။ ဂရက်ချန်းလည်း သူ့ကုလားထိုင်ကို ကျွန်တော် နှင့် ကပ်သည်ထက်ကပ်အောင် တိုး၍ထိုင်သည်။ သူ့လက်က ကျွန်တော့်လက်မောင်းကို ထိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရစ်ချက်၊ ဒီဟာ–ဒီဒေသကို ရောက်တာ ပထမအကြိမ်ပဲလား' ဟု သူ့ဖခင်က ကျွန်တော့်ဘက်သို့ လှည့်၍ မေးသည်။

'ကျွန်တော် ဒီနေရာကိုမဆိုနဲ့၊ ဒီနေရာနဲ့ မိုင်တစ်ရာလောက်ဝေးတဲ့ နေရာကိုတောင် မရောက်ဖူးပါဘူးခင်ဗျား၊ ဒီနေရာဟာ ကျွန်တော့်အဖို့တော့ ထူးထူးခြားခြားပဲ၊ ဦးတို့ဆီလဲ ကျွန်တော်တို့ရဲ့ ကမ်းရိုးတန်း ဒေသကို ထူးထူး ခြားခြား လို့ပဲ ထင်မှာပေါ့'

'မဟုတ်ဘူး၊ ရစ်ချက်။ ဖေဖေ နေ့ာဖွိဒ်မှာ နေဖူးပါတယ်။ နေဖူးတယ် မဟုတ်လား ဖေဖေ'

'အေး....ငါ သုံးနှစ်နီးပါးလောက် နေဖူးတယ်'

သူသည် ကျွန်တော်တို့ကို နောက်ထပ် ဆက်လက်၍ ပြောချင်ဟန်ရှိသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်သည် နှုတ်ဆိတ်၍ စောင့်ဆိုင်းနေကြ၏။

'ဖေဖေက မီးရထားဘက်မှာ စက်ပြင်ဆရာ လုပ်တာ' ဟု ဂရက်ချန်းက ကျွန်တော့်ကို တိုးတိုး ပြောသည်။

'အေး....ငါနေဖူးတဲ့ နေရာတွေကတော့ အများကြီးပါပဲကွယ်၊ ဒါပေမယ့် ငါတော့ ဒီနေရာမှာပဲ နေချင်တယ်'

အဘိုးကြီးက ထိုစကားကို ပြောလိုက်တော့ ကျွန်တော်က သူဘာကြောင့် ထိုနေရာကို နှစ်သက်သလဲ....၊တောင်တွေကြား ဒေသကို တခြားဒေသတွေထက် ပိုပြီး နှစ်သက်သည့် အကြောင်းကို မေးလိုက်ချင်ပါ၏။ သို့သော် သူနှင့်သူ့သမီး





ဂရက်ချန်းတို့သည် တူးဆန်းစွာ ငြိမ်သက် နေကြကြောင်းကို ရုတ်တရက် သတိမူမိသဖြင့် မမေးဘဲ ငေးနေမိလေသည်။

အတန်ကြာခါမှ အဘိုးကြီးက စကား ဆက်လေသည်။ သို့ရာတွင် သူသည် ကျွန်တော့်ကိုလည်း မပြော၊ သူ့သမီးကိုလည်းမပြော၊ မှောင်ထဲတွင်ရှိသော အခြား တစ်ယောက်ကို ပြောနေဟန်ရှိသည်။ ကျွန်တော်လည်း သူ့စကားကို အထူးဂရုစိုက်၍ နားထောင်နေမိသည်။

ဂရက်ချန်းသည် ကျွန်တော့်ဘက်သို့ ထပ်၍ တိုးလာသည်။ သူ့လှုပ်ရှားပုံသည် သိမ်မွေ့လှ၏။ ချောင်းမှလာသော ရေနွေးငွေ့သည် ချမ်းအေးသော ညတွင် စောင်ခြုံပေးလိုက်သကဲ့သို့ ရှိလေသည်။

'ဂရက်ချန်းနဲ့ သမီးလေးနှစ်ယောက်တို့ သူတို့အမေဆုံးကြရပြီးတဲ့နောက်၊ ကျုပ်လဲ ဒီတောင်ပေါ်ဒေသကို ပြန်လာပြီးနေတော့တာပဲ၊ အရင်တုန်းက သူတို့အမေ ရှိတုန်းကတော့ နော့ဖွိဒ်တို့ ဘောလ်တီးမိုးတို့မှာ နေလို့ရတယ်။ သူမရှိတော့တဲ့နောက်မှာ ကျုပ်တော့ ဒီနေရာကလွဲလို့ ဘယ်နေရာမှာမှ နေလို့မရတော့ဘူး။ ဂရက်ချန်းကတော့ သူ့အမေကို မှတ်မိနိုင်ပါသေးရဲ့။ ကျန်တဲ့ ကလေးမနှစ်ယောက်ကတော့ ငယ်လွန်းလို့ ကောင်းကောင်းမမှတ်မိကြတော့ပါဘူး။ သူတို့အမေဆုံးတော့ ကျုပ်မှာ ဘယ်လောက် ဒုက္ခခံစားရတယ် ဆိုတာကို မင်းတို့လို လူငယ်တွေသိနိုင်ကြမှာ မဟုတ်ဘူး။ ဂရက်ချန်းတို့အမေနဲ့ ကျုပ်တို့ဟာ ဒီတောင်ပေါ်ဒေသမှာ မွေးကြပြီးတော့ အနှစ်နှစ်ဆယ်လောက် အတူတူနေကြတာ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အော့တဲ့နောက်မှာ ကျုပ်လဲ စိတ်ရှုးပေါက်ပြီး ရောက်ရာ လျှောက်သွားပြီး နေကြည့်တာပဲ။ သူ့ကို မေ့လို့မေ့ငြားပေါ့၊ ဘယ်မေ့မှာလဲကွယ်၊ ဘယ်သူမဆို ကိုယ်ချစ်တဲ့ဇနီးကို ဘယ်နေရာပဲရောက်နေနေ ဘယ်မေ့နိုင်မှာလဲ၊ ကလေးတွေရဲ့ အမေကို ဖမ့်မရနိုင်တဲ့အတွက်ကြောင့် သူနဲ့အတူ တစ်သက်လုံး နေလာခဲ့တဲ့ သူ့မွေးဇာတိ၊ ကျုပ်ရဲ့ မွေးဇာတိဖြစ်တဲ့ ဒီမြို့ အလေးကိုပဲ ပြန်ပြီး အမြဲတမ်း နေရတော့တာပဲ'

ဂရက်ချန်းသည် ကျွန်ုပ်တော်ဘက်သို့ ကပ်သည်ထက်ကပ်၍လာသည်။ ကျွန်တော်လည်း မှောင်မည်းမည်းတွင် သူ၏ မျက်နှာတစေ့င်းကို စိုက်ကြည့်နေမိ၏။ ချောင်းကြီးမှလည်း အသံဆို၍ တစ်ချက်တလေမျှပင်မကြားရ။ သို့သော် ရေခွန်းငွေအ ကျွန်တော်တို့ကို ခြုံလွှမ်းပေးလျက် ရှိသည်ကိုမူ သိနေရသည်။

ဂရက်ချန်း၏ ဖခင်ကြီးသည် ရှေ့သို့ငိုက်၍ ထိုင်နေသည်။ သူ့လက်များသည် သူ့ဒူးပေါ်တွင် ကျနေ၏။ သူသည်ချောင်း တစ်ဖက်ကမ်းရှိ တောင်တန်းကြီးပေါ်က တစ်စုံတစ်ယောက်ကို လှမ်း၍ ကြည့်နေသည့်ဟန် ပြုနေသည်။ သူ့မျက်လုံးများသည် ငေးစိုက်နေကြ၏။ အိမ်တွင်းမှ တံခါးကြားကို ဖြတ်ကျော်၍လာသော အလင်း ရောင်ခြည်တန်း တစ်ခုသည် သူ့မျက်လုံးများအပေါ်သို့ ကျရောက်နေသည်၊ သူ့မျက်လုံး များမှ သူ့လက်ပေါ်သို့ တစ်ပေါက်ချင်းကျသော မျက်ရည် ပေါက်များသည် ကြယ်တလေးများ ကြွေသကဲ့သို့ပင်။





သူသည် နောက်ထပ်၍ စကားတစ်လုံးမျှ မဆိုတော့ဘဲ ထိုင်ရာမှ ထပြီးလျှင် အိမ်ထဲသို့ဝင်သွားလေသည်။ အိမ်ထဲသို့ ဝင်သွားရာတွင် သူ၏ကြီးမားလှသောအရိပ်သည် ကျွန်တော် နှင့် ဂရက်ချန်းတို့အပေါ်သို့ ကျလာသည်။ ကျွန်တော်လည်း သူ့ကိုငေးစိုက်၍ ကြည့်နေမိ၏။ သူအိမ်ထဲသို့ ရောက်သွား သည့်တိုင်အောင် ကျွန်တော်သည် သူဝင်သွားသော တံခါး ပေါက်ကို ငေးစိုက်လျက်ပင် ရှိချေသေးသည်။

ဂရက်ချန်းသည် ကျွန်တော့်အနီးသို့ တိုးကပ်လာပြီးလျှင် ကျွန်တော့်လက်ကို သူ့လက်ကလေးဖြင့် ဆုပ်ကိုင်ထား ပွတ် ပေးနေသည်။ သူ့ပါးများကိုလည်း ကျွန်တော့် ပခုံးနှင့် ပွတ်လျက်ရှိ၏။ သူ့မှာလည်း မျက်ရည်စမ်းစမ်းနှင့်၊ သူ့ ဖခင်ကြီး၏ခြေသံသည် တဖြည်းဖြည်း ဝေးသွားလေသည်။

ကျွန်တော်တို့နေရာနှင့် ခပ်လှမ်းလှမ်း အောက်ပိုင်းနေရာ တစ်ခု ဖြစ်သော ချောင်းတေးနားမှ အမြန်မီးရထားတစ်စင်း တောင်ကြားလမ်းထဲသို့ တဂျုံးဂျုံး ခုတ်မောင်း၍ ဝင်သွား သံကို ကြားလိုက်ရ၏။ မီးရထားခေါင်းတွဲရှေ့ မီးမောင်း ကြီးထိုးလိုက်ရာတွင် မီးရောင်ကို လျှပ်ပြက်သည့်နှယ် မှောင် ပတ်ဝန်းကျင် ရှုတ်ခြည်း လင်းသွားသည်ကိုလည်း မြင်လိုက် ရသည်။

ဂရက်ချန်းသည် ကျွန်တော့်လက်ကို တင်းကျပ်စွာ ဆုပ် ထားသည်။ သူ့လက်ချောင်း ဖျားလေးများသည် ဆတ် ဆတ်တုန်လျက်။



www.burmeseclassic.com

www.burmeseclassic.com



'ရစ်ချတ်၊ ရှင် ကျွန်မကို ဘာဖြစ်လို့ လာတွေ့ရတာလဲ ဟင်...'

ဂရက်ချန်း၏အသံနှင့် မီးရထား အသံတို့သည် လုံးပေါင်း ရောထွေးသွားလေတော့သည်။

ကျွန်တော်က သူ့ ထိုအမေးကို မေးပြီးလျှင်ကျွန်တော့်ကို မျှော်လင့်ချက် ရောင်ခြည်သန်းသော မျက်နှာဖြင့် မော်၍ ကြည့်နေမည်ထင်ခဲ့၏။ သို့သော် ကျွန်တော်လှည့်၍ ကြည့်သော အခါ ချောင်းဘက်သို့လှမ်းငေးနေသော သူ့မျက်နှာကို မြင် ရလေသည်။

ကျွန်တော် ဘာ့ကြောင့် လာသည်ကို သူသိပါသည်။ ကျွန် တော့်က ဖွင့်ပြောမှာကိုလည်း သူမလိုလားပေ။

ယခု သူအဖွင့်မေးလိုက်ခါမှ ကျွန်တော်လည်းဘာကြောင့် လာသည်ကို တကယ်တမ်း မသိတော့သည့်အခြေသို့ ဆိုက် သွားချေသည်။ ကျွန်တော်သည် ဂရက်ချန်းကို ကြိုက်ခဲ့၏။ အခြားသော အမျိုးသမီးများထက်ပို၍ သူ့အပေါ်တွင် ဆန္ဒ ရှိခဲ့၏။ သို့သော်လည်း ကျွန်တော်သူ့ကို ချစ်နေပြီဟုမပြော နိုင်ပါ။ အထူးသဖြင့် သူ့ဖခင်ကြီးပြောသော ချစ်ခြင်းမေတ္တာ စကားကို ကြားရပြီးသည့်နောက်၊ ကျွန်တော် မပြောနိုင် တော့ပါ။ သူ့ဖခင်ကြီးက သူ့မိခင်ကို မည်မျှချစ်ခင်သည် ဆိုသည့် အကြောင်းကို ကြားသိရပြီးသည့်နောက် ကျွန်တော် သည် ဂရက်ချန်းကို တကယ်တမ်းမချစ်ဘဲ သူ့ကိုလိုချင်သော ကြောင့် ဤမျှဝေးလံသောခရီးသို့ လာခဲ့ခြင်းအတွက် စိတ် မကောင်းဖြစ်မိတော့သည်။ ဂရက်ချန်းအမှု ကျွန်တော့်ကို





ချစ်ရှာသည်။ ကျွန်တော်ကတော့ သူ့အပေါ်တွင် ရမ္မက်ဆန္ဒ သာ ရှိခဲ့၏။ ကျွန်တော် ယခုလာခဲ့ခြင်းသည်လည်း ထိုဆန္ဒ ကြောင့်သာဖြစ်သည်။ သူက ကျွန်တော့်ကို အချစ် ပေးသော် လည်း ကျွန်တော်က သူ့ကို ဘာမျှပြန်မပေးနိုင် ဖြစ်ရသည့် အတွက် ဝမ်းနည်းမိ၏။

ဂရက်ချန်းသည် လှပချောမောသူလေး ဖြစ်၏။ အခြား သော အမျိုးသမီးများစွာတို့ထက် ပိုမို လှပ တင့်တယ်ပေ သည်။ ကျွန်တော်သည်း သူ့ရုပ်ရည်ကို စွဲမက်၍ ဆန္ဒကြီးစွာ ဖြစ်မိ၏။ ထို့ကြောင့်လည်း ကျွန်တော် သူ့ထံသို့ ရောက် လာခြင်းပင် ဖြစ်ချေသည်။ ယခုမူ ကျွန်တော် သူ့ကို ရမ္မက်ဆန္ဒ အပေါ်၌သာတည်၍ မစဉ်းစားနိုင်တော့ပေ။

'ဘာဖြစ်လို့ လာတာလဲဟင်'

'ဘာဖြစ်လို့....'

'အင်း....ပြောစမ်းပါ၊ ဘာဖြစ်လို့ ကျွန်မဆီကို အပင်ပန်း ခံပြီး လာခဲ့တာလဲ'

ကျွန်တော်သည် သူ့အမေးကို မဖြေတတ်သလို ဖြစ်နေသ ဖြင့် မျက်စိမှိတ်၍နေမိသည်။ မှိတ်ထားသော မျက်စိထဲတွင် မီးရောင်ကြယ်ပွင့်တွေ ဝေနေသော တောင်တန်းတောင်ကြား ပတ်ဝန်းကျင် ဒေသကို မြင်မိ၏။ ရေနွေးချောင်းကြီး တသွင် သွင် စီးနေသည်ကို မြင်မိ၏။ ကျွန်တော့် လက်မောင်း ကို ဆုပ်နယ်နေသော သူ့လက် နုနု၏ အတွေ့ကို ခံစားရ မိ၏။

'ပြောပါ ရစ်ချတ်၊ ပြောစမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်မသိဘူး ဂရက်ချန်။ ... ကိုယ်တကယ် မသိဘူး'

'ကျွန်မ ရှင့်ကို ချစ်သလို ရှင် ကျွန်မကို ချစ်ရင် တော့၊ ဘာကြောင့် လာတယ်ဆိုတာ ရှင်သိမှာပဲ'

သူ့ လက်ချောင်း ကလေးများသည် တုန်နေသည်။ သူ ကျွန်တော့်ကို ချစ်မှန်း ကျွန်တော်ကောင်းစွာ သိပါ၏။ အစ ကတည်းက သိပါသည်။ ဂရက်ချန်းသည် ကျွန်တော့် ကို တကယ် ချစ်သည်။

'တကယ်တော့ ကိုယ် ဒီကိုမလာသင့်ဘူး၊ ကိုယ် မှားတာ ပါ'

'အခုလာတာလဲ ဒီတစ်ည အိပ်ချဲ့ပဲမဟုတ်လား၊ နက်ဖြန် မနက်ပြန်မယ် မဟုတ်လားဟင်၊ ဒီလို ခဏလေး ရောက်လာ ရတာ ဝမ်းမနည်းဘူး မဟုတ်လား ချစ်ချစ်'

'ငါ မှားတာပါကွာ၊ ဒီရောက်အောင် လာခဲ့မိတော့ မှား တာပဲ၊ ငါမလာသင့်ဘူး။ ဘာဖြစ်လို့ လာခဲ့မိမှန်း မသိပါ ဘူးကွယ်၊ တကယ်တော့ ငါမင်းဆီကို လာဖို့ အခွင့်အရေး မရှိပါဘူး၊ တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြမှသာ အခုလိုလာဖို့ အခွင့်အရေး ရှိသင့်တယ်'

'ကျွန်မကို နည်းနည်းလောက်တော့ ချစ်တယ်မဟုတ်လား ဟင်၊ ကျွန်မက ရှင့်ကို ချစ်သလောက်တော့ ရှင်ကျွန်မကို ဘယ် ချစ်မှာလဲ။ ဒါပေမယ့် နည်းနည်းကလေးလောက်တော့ ချစ် တယ်လို့ ကျွန်မကို မပြောနိုင်ဘူးလား ချစ်ချစ်ရယ်၊ အဲဒီလိုသာ ပြောပြနိုင်မယ်ဆိုရင် ရှင်ပြန်သွားတဲ့အခါမှာ ကျွန်မဟာ သိပ် ပြီး ဝမ်းသာကျေနပ်နေခဲ့မှာပဲကွယ်'





'ကိုယ်မပြောတတ်ဘူးကွာ' ဟု ကျွန်တော်က အသံ တုန် တုန် ယင်ယင်နှင့် ဆိုလိုက်သည်။

'ချစ်ချစ်ရယ်၊ ဒီလောက်ကလေးတော့ ပြောစမ်းပါလား ကွယ်....'

သူသည် ကျွန်တော့် လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထား ပြန်သည်။ ကျွန်တော့် စိတ်မှာ နင့်ခနဲ ဖြစ်သွားချေသည်။ သူ့ဖခင်၏ စကားများသည် ကျွန်တော့် ထံသို့ ကြည်လင်ပြတ် သားသော အဓိပ္ပာယ်ကို ဆောင်၍ ပြန်လာကြသည်။ သူ့ စကားကို မကြားရခင်က ကျွန်တော်သည် ယောကျ်ားကမိန်းမ ကို ချစ်သည်ဆိုသော အချစ်မျိုး ရှိသည်ဟု မထင်မိခဲ့ချေ။ ယောကျ်ားများက မိန်းမများကို ချစ်သည်ဆိုရာ၌ ဆန္ဒကိုသာ မှီသည်သည်ဟု ထင်ခဲ့မိ၏။ မိန်းမများက ယောကျ်ားများ အပေါ်တွင် ထားရှိသော လေးနက်ခိုင်မြဲသော မေတ္တာ မေ တနာမျိုး ယောကျ်ားများ၌ ရှိနိုင်သည်ဟူ၍ ကျွန်တော် နား မလည် သဘောမပေါက်မိခဲ့ချေ။ ယခုမှသာ ဂရက်ချန်း၏ဖခင် ကြီး ကျေးဇူးကြောင့် ချစ်မေတ္တာဟူသည် နှစ်ဖက် နှစ်လမ်း ရှိနိုင်သည်ဆိုသည့် အချက်ကို သိနားလည်မိပါတော့သည်။

ကျွန်တော်တို့ နှစ်ယောက်သည် တစ်ယောက်၏ လက်ကို တစ်ယောက် မြဲခိုင်စွာ ဆုပ်ကိုင်ကာ ငြိမ်သက်၍ အတော်ကြာ ထိုင်နေကြသည်။ သန်းခေါင်ကျော်သွားပြီ။ တောင်ကြား ထဲရှိ အိမ်များမှမီးရောင်များလည်း ငြိမ်းကြလေပြီ။ သို့ရာတွင် ကျွန်တော်တို့ နှစ်ယောက် အဖို့ အချိန် ကုန် လွန် ခြင်းသည် အရေးမဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ဂရက်ချွန်းသည် ကျွန်တော့်ကို ညင်သာစွာ ဖက်တွယ်လျက်ရှိ၏။ သူ့ပါးကလေးကိုလည်း ကျွန်တော့် ပခုံးပေါ်တွင်တင်ထား ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေသည်။ သူသည် ကျွန်တော့် အဖို့ ဖြစ်သည်။ လင်သည် မယားကို ပိုင်သကဲ့သို့မင် ကျွန်တော်သည် သူက ကျွန်တော့်ကို လုံးဝ ပိုင်အပ်သော်လည်း သူ့ အချစ်ကို အလွဲ သုံးစားဖို့ မပြုရက်ပေ။ ကျွန်တော်က သူ့ကို ချစ်သလောက် မချစ်မှန်းသိနေသောကြောင့်ပင်၊ ကျွန်တော်လာခဲ့သည့် အကြောင်းရင်းမှာ သူ့ကို နာရှိအနည်းငယ်မျှ ပွေ့ဖက် မွှေ့လျော်ပြီးလျှင် ထွက်သွားရန်ပင် ဖြစ်သည်။ နောင်တွင်လည်း သူ့ကို မြန်တွေ့မည်ဟု မရည်ရွယ်။ သူ့ကို အမြဲတမ်း မေ့ပစ်မည်သာ။

အိမ်ထဲသို့ ဝင်ခါနီးတွင် ကျွန်တော်သည် ထိုင်ရာမှထ၍ သူ့ကို ဖက်လိုက်သည်။ သူသည် တုန်တုန်ယင်ယင် ဖြစ်နေ၏၊ ကျွန်တော့်ကို အတင်းအကျပ် ဖက်ထားသည်။ သူ့နှလုံးသားသည် ကျွန်တော့်ရင်ကို တဒုန်းဒုန်း ခိုက်နေသည်။ သူ့နှလုံးသား ရိုက်ချက်တို့သည် ကျွန်တော့် ရင်တွင်းသို့ တစ်ချက်ပြီး တစ်ချက် အပ်လျှိုသလို ရိုက်သွင်းလျက် ရှိလေသည်။

'ရစ်ချတ်၊ မသွားခင် နမ်းစမ်းပါ'

ထို့နောက် သူသည် အိမ်ထဲသို့ ပြေး ဝင် သွား ပြီး လျှင် တံခါးရွက်ကို ဟ့ပေးသည်။ ပြီးလျှင် မီး ခိုင် ကို ယူ၍ လှေကားသို့ သူ့ရှေ့မှ သွားသည်။

'ဂွတ်ဒ်....နိုက်တ်....ဂရက်ချွန်း'

'ဂွတ်ဒ်....နိုက်တ်....ရစ်ချတ်'





ကျွန်တော်လည်း သူ့မီးအိမ်မှ မီးခိုး ထွက်နေ သော ကြောင့် မီးစာကို အနည်းငယ် လျှော့ချပေးလိုက်သည်။ သူသည်လည်း သူ့အခန်းဘက်သို့ လျှောက်သွားလေသည်။

'မနက်တော့ ကျွန်မ နိုးမယ်၊ မီးရထားအချိန်မီ ထနိုင်အောင် ကြိုပြီး နိုးပါမယ်'

'ကောင်းပြီ....ဂရက်ချွန်း၊ မနက် ခုနစ်နာရီခွဲ မီးရထားထွက်တာမို့ အိပ်ရာက နောက်ကျမှာစိုးတယ်'

'စိတ်ချ အိပ်ပါ၊ ကြိုပြီး နိုးပါမယ်'

သူ့အခန်းဟခါး ပိတ်သွားသည်။ ကျွန်တော်လည်း ကျွန်တော့် အခန်းဘက်သို့ ပြန်လျှောက်လာသည်။ အခန်းထဲသို့ ရောက်သောအခါ တံခါးကို ပိတ်ပြီးလျှင် အဝတ်အစားတဖြည်းဖြည်း လဲသည်။ ပြီးလျှင် မီးမှုတ်၍ အိပ်ရာထဲတွင် အိပ်မပျော်ဘဲ စိတ်ထဲက တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေသည်။ အိပ်မပျော်နိုင်တော့ကြောင်း ကိုယ့်ကိုယ်ကို သိပါသည်။ ထို့ကြောင့်ပင် ကျွန်တော်လည်း အိပ်ရာမှ လူးလဲထပြီးလျှင် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ဖွာနေသည်။ ပြတင်းပေါက်မှ အပြင်သို့ ငေးကြောင် ကြည့်နေသည်။ ဂရက်ချွန်း၏အခန်းမှ ခပ်အုပ်အုပ် အသံများကို ၁ စ်စွန်းတစ်စ ကြားရ၏။ သို့သော် ဘာသံများဟူ၍ သေချာစွာ မသိရပါ။

ကျွန်တော်သည် အိပ်ရာအစွန်းတွင် ထိုင်နေလိုက်သည်မှာ မည်မျှကြာသွားသည်ကို မခန့်မှန်းနိုင်ပါ။ ငေးကြောင်ပြီး တောင့်တောင့်ကြီးထိုင်ရင်း ဂရက်ချွန်း အကြောင်းကို စဉ်းစားနေခဲ့သည်။ ထို့နောက် ရုတ်တရက် ခုန်၍ထပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို ဖွင့်ပြီးနောက် ဂရက်ချွန်း၏ အခန်းဘက်သို့ ပြေးသွားမိ၏။ ၎င်းခန်းတံခါးကို စေ့ရုံ စေ့ထားကြောင်း ကျွန်တော် ကြို၍ သိပါသည်။ ကျွန်တော်လည်း တံခါးဘု အလေးကို အသာအယာ လှည့်ပြီး အသံမမြည်အောင် ဖွင့်လိုက်ပါသည်။ တံခါးကို ဖွင့်လိုက်သည်တွင် အတွင်းမှ အလင်းရောင်သည် အပြင်သို့ တန်း၍ ထွက်လာသည်။ တံခါးကို ပို၍ ဟအောင်ဖွင့်ဖို့ မလိုပါ။ ကျွန်တော်သည် ဂရက်ချွန်းကို ကောင်းစွာ မြင်နိုင်သောကြောင့်ဖြစ်သည်။ ကျွန်တော် လှမ်း၍ ကိုင်လိုက်လျှင် ရနိုင်လောက်အောင်ပင် ဂရက်ချွန်းသည် တံခါးနှင့် နီးကပ်လျက် ရှိသည်။ ကျွန်တော်လည်း မျက်စိကို စုံမှိတ်ပြီး နေလည်းက ရထားပေါ်တွင် တွေးသော အတွေးမျိုးဖြင့် သူ့ကို တွေးကြည့်မိပါသည်။

ဂရက်ချွန်းကမူ ကျွန်တော် သူ့အခန်းတံခါးကို ဖွင့်သည်ကို မသိပါ။ ကျွန်တော် ရောက်နေမှန်းလည်း မသိပါ။ သူ့အခန်းထဲက မီးအိမ်သည် ထိန်ထိန်လင်းနေပါသည်။

ကျွန်တော်သည် သူ့ကို အိပ်ပျော်နေမည်ဟု ထင်မိခဲ့၏။ ယခု သူ့ကို အိပ်ရာဘေးနားတွင် ဒူးထောက်၍ အိပ်ရာကိုမှီပြီးလျှင် တရှိုက်ရှိုက် ငိုနေကြောင်း တွေ့ရလေသည်။

ဂရက်ချွန်း၏ ဆံပင်ယိုဖဲကြိုးပြာကလေးဖြင့် စည်းထားသည်။ သူ့ညဝတ်အင်္ကျီသည် အဖြူရောင် ပိုးထည် ဖြစ်သည်။ ဇာနုနုကလေး ကွပ်ထားသည်။ လည်ပင်းကော်လာသည် ပွင့်နေ၏။





ယခုကဲ့သို့ ကပိုကရို အနေမျိုးကို မြင်တွေ့ရမှ ဂရက်ချွန်း မည်မျှ လှပသည်ကို ကျွန်တော် သိရပါသည်။ အစကတော့ ချစ်စရာကောင်းသည်ဟူ၍ပင် သာမန်အားဖြင့် သိထားပါ သည်။ ယခုတော့ ဂရက်ချွန်းလိုလှသော အမျိုးသမီးမျိုးကို ကျွန်တော့်ဘဝတွင် တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူး ကြောင်းကို သိရပါတော့သည်။

သူသည် ကျွန်တော် ရောက်နေမှန်း မသိပေ။ အိပ်ရာဘေး တွင် ဒူးထောက်၍ လက်ကလေးတို့ သူ့မျက်နှာရှေ့တွင် ဆုပ်ဆာ ငို၍နေလေသည်။

ပထမ သူ့အခန်းတံခါးကို ဖွင့်စဉ်က ကျွန်တော် သူ့ကို ဘာလုပ်မည်ဟူ၍ မသိပါ။ ယခု သူ ဒူးထောင်ပြီး နှုတ်မှ တတွတ်တွတ်ဖြင့် ဆုတောင်းနေသည်ကို တွေ့ရသောအခါဝယ် ကျွန်တော့်စိတ်တွင် သူ့အပေါ်၌ ကြီးမားသော မေတ္တာ လှိုင်းများ လှမ်းလာကြောင်း သိရပါလေတော့သည်။ ထို အချိန်အခါ မတိုင်မီက ကျွန်တော် သူ့ကို ချစ်နေမှန်း မသိ မိပါ၊ မယုံကြည်မိပါ။ ယခုမှသာ အလင်းရောင် ရပါတော့ သည်။

ကျွန်တော်လည်း သူ့အခန်းတံခါးကို အသာအယာ ပြန် ပိတ်ပြီးလျှင် ကျွန်တော့်အခန်းသို့ ပြန်ခဲ့သည်။ ထို့နောက် ကုလားထိုင်ကို ဆွဲပြီးလျှင် ပြတင်းတံခါးအနီးတွင် ထိုင်နေ သည်။

ကျွန်တော်လည်း ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်ရင်း ပွင့်လင်းလာတော့မည့် နေ့ကာလကို စောင့်မျှော်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ ခပ်လှမ်းလှမ်းက တောင်ကြား၏ ခြေရင်း၌ စီးဆင်းနေသော ရေနွေးချောင်းကြီးကိုလှမ်းမျှော်ကြည့်မိသည်။ ကျွန်တော့် မျက်လုံးများလည်း အမှောင်ကို ကျင့်သားရသည့် အနေဖြင့် ပို၍ ကြည်လင်လာသည်။ ရေနွေးချောင်းကြီးသည်လည်း ကျွန်တော်နှင့် နီးသည်ထက် နီးကပ်လာပြီးလျှင် ကျွန်တော်က လက်လှမ်း၍ ကိုင်လိုက်လျှင် နွေးသောရေကို ကိုင်မိတော့မည့် ပုံလိုလို ဖြစ်လာသည် ထင်မိ၏။

တဖြည်းဖြည်း မိုးလင်းခါနီးလေပြီ။ ဂရက်ချန်း၏အခန်းမှ လှုပ်ရှားသံများကို ကြားရသည်။ နောက်မကြာခင် တစ်ယောက်ယောက် အလယ်ခန်းမထဲတွင် လျှောက်နေသည်ကို သိရ၏။ ကျွန်တော့် အခန်းအနီးသို့ ရောက်လာသည်ကိုလည်း သိရသည်။

တောင်တန်းကြီးပေါ်မှ နေဝန်းကြီးတက်လာသောအခါဝယ် ကျွန်တော်လည်း ထိုင်ရာမှ ထ၍ အဝတ်အစားလဲသည်။ ဂရက်ချန်း သူ့အခန်းမှ ထွက်၍ အောက်ထပ်သို့ ဆင်းသွားသည်ကို သိလိုက်ရ၏။ ကျွန်တော် ဘူတာရုံသို့မသွားမီ စားသွားဖို့ နံနက်စာ ပြင်နေကြောင်းကို ရိပ်မိပါသည်။ နောက် ဆယ့်ငါးမိနစ်လောက်ကြာသောအခါ သူ လှေကားပေါ်သို့ တက်လာသံကို ကြားရ၏။ ကျွန်တော့် နာမည်ကို သုံးလေးခွန်း ခေါ်သံကိုလည်း ကြားရသည်။

တံခါးဖွင့်ပေးလိုက်သောအခါ၊ သူသည် ကျွန်တော် အိပ်ရာမှ ထ,ပြီး အဝတ်အစား လဲပြီးသည်အထိ ဖြစ်နေကြောင်း





ကို တွေ့ရသဖြင့် အံ့အားသင့်နေသည်။ သို့သော် သူက ဘာမျှ မပြောချေ။

ကျွန်တော် သူ့လက်ကို ဆွဲကိုင်လျက် စ၍ ပြောရသည်။

'ဂရက်ချန်း၊ ကိုယ့်အတွက် အရေးတကြီး ပြင်ဆင်မနေပါနဲ့ကွယ်။ ကိုယ် ဒီနေ့မနက် မပြန်သေးဘူး။ ညက ဘယ်လိုဖြစ်တယ် မပြောတတ်ပါဘူး။ ကိုယ် အခုမှဘဲ မင်းကို ချစ်မှန်း သိရတယ်'

'အို....ရက်ချတ်ကလဲ ညက ပြောတာက'

'ဟုတ်ပါတယ်၊ ညက ကိုယ်ပြောတာက တစ်မျိုးပါ။ ဒီနေ့မနက်ပဲ ပြန်မယ်လို့ ပြောခဲ့တယ် ဂရက်ချန်း။ အခုတော့ ကိုယ် မင်းမပါဘဲနဲ့ ဘယ်တော့မှ မပြန်ဘူး။ ဒီအကြောင်းကို မင်း နားလည်အောင် မနက်စာ စားပြီးမှ စုံစုံလင်လင် ပြောပြပါမယ်လေ။ အခု ကိုယ်လုပ်ချင်တာကလေး တစ်ခုရှိတယ်။ အဲဒါက ဒီရေနွေးချောင်းကြီး တမ်းနားကို ဘယ်လမ်းက ဆင်းသွားရတယ်ဆိုတာကို ပြစမ်းပါ။ ကိုယ်ချောင်းကမ်းနားကိုဆင်းသွားပြီး နွေးနေတဲ့ရေကို လက်နဲ့ ကိုင်ကြည့်စမ်းချင်လို့ပါ'။

၂၂-၆-၆၀



www.burmeseclassic.com

www.burmeseclassic.com

## မျောက်မကလေး

(ရုရှားစာရေးဆရာကြီး
နိုက်ကယ်လ်ဗေဒဲ့ရှ်ချင်းကို၊)

တောင်ပိုင်းဒေ မြို့တစ်မြို့တွင် တိရစ္ဆာန် ဥယျာဉ် တစ်ခု ရှိသည်။ ကြီးမားသော တိရစ္ဆာန် ဥယျာဉ်မဟုတ်ချေ။ ကျားတစ်ကောင်၊ မိချောင်းနှစ်ကောင်၊ မြွေသိုးကောင်၊ မြင်းကျားတစ်ကောင်၊ သစ်ကုလားအုပ်တစ်ကောင်နှင့် မျောက်တစ်ကောင်သာ ရှိလေသည်။ ငှက်ကလေးများ၊ ငါးကလေးများ၊ ဖားအလေးများစသည့် တိရစ္ဆာန်လောကမှာမလောက်လေး မလောက်စား အသေးအမွှားအကောင်များတော့လည်း ရှိပါ၏။ သို့သော် စာရင်းတင်ဖြစ်ဖို့ မလိုပါ။

စစ်ဖြစ်စဉ်က ဖက်ဆစ်တို့သည် ထိုမြို့ကို ဗုံးကြဲကြသည်။ ဗုံးတစ်လုံးသည် တိရစ္ဆာန်ဥယျာဉ်ပေါ်သို့ တည့်တည့်ကျသည်။





ဗုံးကျသံသည် နားကွဲလုမတတ် ပြင်းထန်သဖြင့် တိရစ္ဆာန်အားလုံးသည် အံ့အားကြီး သင့်ကြရ၏။

မြွေသိုးကောင် တစ်ခါတည်း သေသွားသည်။ သစ်ကုလားအုပ်လည်း သေရှာသည်။ စမ်းနည်းဖွယ်ပင်။

အခြား တိရစ္ဆာန်တို့ကား သေဘေးမှ လွတ်ကင်းကြ၏။ သို့သော် အကြီးအကျယ် လန့်ထိတ်ကြကုန်၏။

သူတို့ထဲတွင် မျောက်မကလေးသည် အလန့်ဆုံး ဖြစ်၏။ ဗုံးလေဟုန်ကြောင့် သူ့အိမ်သည် တင်ထားသော အုတ်ခုံမှ လွင့်ကျသွားသည်။ မျောက်အိမ်ဘေးတစ်ဖက် ပွင့်ထွက်ပြီး မျောက်မကလေး သည်လည်း လှောင်အိမ်မှ စဉ်ထွက်၍ ဥယျာဉ်တွင်းရှိ လမ်းကလေး တစ်ခုပေါ်သို့ ကျသွားလေသည်။

သူသည် ဗုံးလေဟပ်ခံရသူများကဲ့သို့ ဗုံးအကြောင်းကိုနားလည်သည့် အလျောက် မလှုပ်မရှက် မနေပေ။ ချက်ချင်းပင် ထ၍သစ်ပင်ပေါ်သို့ ခုန်တက်သွားဘည်။ သစ်ပင်မှတစ်ဖန် ခြံစည်းရိုးပေါ်သို့ ခုန်သည်။ ခြံစည်းရိုးမှတစ်ဖန် အပြင်လမ်းပေါ်သို့ ခုန်ချသည်။ ထို့နောက် တချိုးတည်း သုတ်၍ပြေးလေတော့သည်။

ပြေးရင်း စဉ်းစားမိသည်။ 'ဒီနေ့တွေဟာ ဒီလိုသာ ဗုံးတွေ ကြဲကြဲနေကြရင်တော့ ငါမကြိုက်ဘူး' တွေးရင်းပြေးရင်း မြို့ပေါ်ရှိ လမ်းများစွာကို လျှောက်၍ ပြေးလေသည်။

ပြေးလေသည်မှာ တစ်မြို့လုံး ထုတ်ချင်းပေါက်... ထိုမြို့ကို ဖြတ်ပြီးလျှင် ခရီးဝေးသွား လမ်းကြီးတစ်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် လျှောက်၍ ပြေးပြန်လေသည်။ မျောက်သည် လူမဟုတ်ပေ။ အာကို ဘာမှန်းမျှ မသိချေ။ မြို့ထဲတွင် နေရကောင်းမှန်း မသိသောကြောင့်သာ အရမ်းလျှောက်ပြေးနေခြင်း ဖြစ်ချေသည်။

ပြေးရသည်မှာ အချိန် အတော်ကြာလေသောကြောင့် ပင်ပန်းမောဟိုက်လာသည်။ ထို့ကြောင့် သစ်ပင်တစ်ပင်ပေါ်သို့ တက်၍ ယင်ကောင်တစ်ကောင်နှင့် တီနှစ်ကောင်တို့ကိုဖမ်းစား၍ အားဖြည့်ပြီးနောက် သစ်ကိုင်းပေါ်မှာပင် အိပ်ပျော်သွားလေတော့သည်။

ထိုအခိုက် စစ်မော်တော်ကား မောင်းသမားသည် ထိုလမ်းတစ်လျှောက်တွင် ကားမောင်းလာ၏။ မျောက်ကလေးကို မြင်သော် အံ့အားသင့်သွားသည်။ သစ်ပင်ပေါ်သို့ အသာတက်၍ သူ့အပြင်အင်္ကျီဖြင့် အုပ်၍ဖမ်းပြီးလျှင် ကားထဲတွင် ထည့်၍ မောင်းသွားလေသည်။ 'ဒီမှာ အရွှေ့အမှီ [illegible] ပြီးခါသနေမယ့်အစာ၊ မျောက်ဆက်ဆောင်လိုချင်တဲ့ မိတ်ဆွေ တစ်ယောက်ယောက်ကို ပေးရတာ ကောင်းပါလိမ့်မယ်' ဟု ကားသမားက တွေးမိလေသောကြောင့်ပင်။

သူသည် ဘော်ရစ်ဆော့မြို့ ရောက်သောအခါ မျောက်ကလေးကို ကားထဲတွင်ထားခဲ့ပြီးလျှင် လုပ်စရာ ကိုင်စရာများကိုသွား၍ လုပ်ကိုင်သည်။ မသွားခင် သူက 'မျောက်ကလေးကို ငါ အခုပဲ ပြန်လာမယ်၊ ဘယ်မှမသွားနဲ့နော်' ဟု မှာထားခဲ့လေသေးသည်။





သို့ရာတွင် မျောက်ကလေးသည် ကား၏ ခေါင်းမြှတင်း တံခါးပေါက်ရှိ ကွဲနေသောမှန်ချပ်ကြားမှ တွား၍ ထွက်ပြီးလျှင် လမ်းပေါ်တွင် အပျော်တမ်း လမ်းလျှောက်လေသည်။

မျောက်မကလေးသည် အစိုးကလေးများကဲ့သို့ပင် လမ်းပေါ်တွင် အမြီးကိုထောင်ကာ ဟန်ပါပါလျှောက် နေသည်။ မြင်တွေ့ရသူတွေက မျောက်ကလေးကို ဖမ်းချင်ကြ၍ လိုက်ကြသည်။ သို့သော် မျောက်ဖမ်းရသည်မှာ မလွယ်လှပေ။ မျောက်သည် လျင်မြန်ဖျတ်လတ်၏။ ပြေးနိုင်ခုန်နိုင်စွမ်းရှိ၏။ လူအများက ဖမ်း၍မမိနိုင်သည် မှန်၏။ သူ့ခမျာမှာလည်း လူတွေလက်ထဲက လွတ်အောင် အစိမ့်ပွားယံမရှိ ပြေးရလွှားရလေတော့ကြောင့် မောပန်းရလေတော့သည်။

မျောက်မလေးသည် မောပန်းရာမှ ဆာလာလေသည်။ ဆာလျှင် ဘယ်မှာစားရမည်နည်း။ လမ်းထဲမှာသည် စားစရာအရာဟူ၍မရှိ၊ သူ့လို အမြီးနှင့် သတ္တဝါလည်း အစားအသောက်ဆိုင်ထဲသို့ ဝင်၍မဖြစ်။ [illegible] ဆိုင်ထဲသို့လည်း ဝင်၍ရမည် မဟုတ်။ အမြီးကြောင့်လည်း မဟုတ်။ သူ့မှာ ပိုက်ဆံမရှိ။ ရာရှင်လက်မှတ်လည်းမရှိ၊ ဒုက္ခကြီး လှလှ ရောက်နေချေပြီ။

သို့ပင် မြစ်ဖြူးလည်း သူ့ခမျာ မတွက်နိုင်ရှာပေ။ သူမ [illegible] မယ ဆိုင်ဟု ဆိုသဲ့သို့ ဝင်သွားရတော့သည်။ ဆိုင်ထဲမှာ [illegible] စရာ တစ်ခုခု ရှိကောင်းရှိရဲ့ဟု ယူဆမိသည်။ သူထင် [illegible] သည့်အတိုင်းပင် ဆိုင်ထဲတွင် ပြည့်သူလူထုအား [illegible]

www.burmeseclassic.com

www.burmeseclassic.com



မုန့်လာဥနီ၊ ဖြူများ သခွားသီးများ ရှိသည်။ ဖြန့်ချီနေခိုက်လည်း ဖြစ်သည်။

မျောက်မကလေးသည်ဆိုင်ထဲသို့ စွပ်ဝင်သွားသည်။ တန်းစီရအောင်းမှန်း မသိရှာချေ။ ကောစီတာရှေ့သို့ အမြန်ရောက်အောင် လူများကို တိုးရအောင်း မှန်း လည်း မသိရှာချေ။ သူသည် တန်းစီနေသော လူတို့၏ ဦးခေါင်း များ ပေါ်တွင် စကြွ လျှောက်၍ ဆိုင်ရောင်းစာရေးမှ ရှိရာသို့ သွားလေသည်။ ရောက်လျှင် ကောင်တာပေါ်သို့ ခုန်ချလိုက်ပြီးလျှင် မုန့်လာဥတစ်ပိဿာ ဘယ်လောက်လဲဟု မေးရကောင်းမှန်းလည်း မသိချေ။ သူ စားချင်သော မုန့်လာဥများကို သုတ်၍ လစ်လေသည်။ သူ အဖို့တော့ အင်္ဂတေပြဿနာ ဖြေရှင်းနိုင်ပြီဖြစ်သဖြင့် သမ္မဝါယမဆိုင်မှ ရသော မုန့်လာဥများကို ကိုင်၍ ကျေနပ်လျက် ပြေးထွက် သွားသည်။ မျောက်မကလေးပေကိုး။ ဘယ်မှာ နားလည်မှုရှိမှာလဲ။ ဘာကိုဘာမှမှန်းသိတာမှ မဟုတ်ဘဲ။ အစားအသောက်မရ၍ မစားဘဲ နေရသည်ဆိုသော အသိမျိုး အဘယ်မှာလျှင် ရှိပါမည်နည်း။

ဆိုင်ထဲမှာတော့ ဆူညံသွားလေတော့သည်။ မုန့်လာဥနီကို ချိန်တွယ်နေသော ဆိုင်ရောင်းစာရေးမကလေးသည် အံ့အားသင့်ပြီး မူးမေ့သွားခမန်း ဖြစ်သည်။ အံ့အားသင့်မည်ဆိုလျှင် သင့်ပေမည်ပင်။ တန်းစီ၍ ဝယ်နေသူများ ခေါင်းပေါ်မှ မြူနီးခနဲ အမွေးထူထူ သတ္တဝါတစ်ကောင်က မုန့်လာဥများကို ပိုက်ဆံမပေးဘဲ ဆွဲယူ ထွက်ပြေး သွားလျှင် အံ့အားသင့်မည် အမှန်ပင်။



သမဝါယမဆိုင်ထဲက လူ များ သည် မျောက်မ ကလေးနောက်သို့ အပြေး လိုက်ကြသည်။ မျောက်မ ကလေး ဘာသည် မုန့်လာဥကို ဝါးရင်း ပြေးရသည့် သူ့ခမျာ ဘာဆိုဘာမှ မသိရှာချေ။

သူ့နောက်မှ အပြေးလိုက်သူများတွင် လူငယ်များက ရှေ့တန်းက ဖြစ်သည်။ လူကြီးများကတော့ နောက်က ဖြစ်၏။ နောက်ဆုံးကတော့ ရဲသား ဖြစ်သည်။ ရဲသား က ခရာကို တစီစီမှုတ်လျက် ပြေးလိုက်သွားသည်။

ဖြုန်းခနဲဆို တစ်နေရာမှ ခွေးတစ်ကောင်သည် လူများ ရှေ့မှလွှား၍ခုန်၍ ပြေးလိုက်လေသည်။ သူကတော့ မျောက်မကလေးနောက်မှ အပျော်တမ်းလိုက်နေသူ မဟုတ်ပေ။ တကယ်တမ်း အမိဖမ်း လို သူ ပင် ဖြစ်သည်။ ထို့ကြောင့် ထောင်၍ဟိန်း၍ ပြေးလိုက်ရင်းပင် မျောက်ကို ပါးစပ်ဖြင့် ကိုက်ဖမ်းရန် လှမ်း၍ ဟပ်သည်။

မျောက်မကလေးက ပို၍အပြေးမြန်သည်။ ပြေးရင်းတွေးမိလေသည်။ 'အဲ…ဝါ တိရစ္ဆာန် ဥယျာဉ်က ထွက်ပြေးလာတာ မှားတာပဲ၊ လှောင်အိမ်ထဲမှာ နေရတာ ပိုပြီး အသက်ရှူချောင်တယ်။ ငါတော့ ပြန်နိုင်တာနဲ့ တစ်ပြိုင်နက် တိရစ္ဆာန်ဥယျာဉ်ကို အရောက် ပြန်မှပဲ…'

သူသည် မြန်နိုင်လျှမြန်အောင် ပြေးသည်။ ခွေးသည်လည်း အပြေးမခေလှပေ။ သူ့ကို လှမ်းကိုက်နိုင်ခါနီးဖြစ်သွား၏။

စါနိုးအောင်စေဒေ

www.burmeseclassic.com



မျောက်ကလေးသည် ခြံစည်းရိုးတစ်ခုပေါ်သို့ လှမ်းခုန်လိုက်ရာ ခွေးက သူ့ခြေထောက်ကို လှမ်းဆွဲတွင် သူက လက်တွင်ရှိသော မုန့်လာဥဖြင့် ခွေး၏နှတ်သီးကို အားရိုက်ချလိုက်သည်။ ခွေးသည်လည်း နာလှန်းသဖြင့် အူပြီးလျှော် သွေးရဲရဲသံရဲရဲ နှတ်သီးနှင့် အိမ်ဘက်သို့တပ်ခေါက်ပြေးရလေသည်။ ပြေးရင်း ခွေးကတွေးတောင်းတွေးပေမည်။ 'မြည်သူတို့.. သင်တို့အတွက် မျောက်ကို လိုက်ဖမ်းပေးရင်း သည်မျှလောက် ဒုက္ခနှင့် တွေ့ကြုံရမည့်အစား အိမ်မှာပင် အေးချမ်းစွာ နေခြင်းက ပို၍ကောင်းပေမည်'

ခွေးပြေးပြီးနောက် မျောက်လည်း အိမ်ဝင်းတစ်ခုထဲ ခုန်ဆင်းသွားသည်။

အိမ်ဝင်းထဲတွင် ပေါ်ပေါ်အမည်ရှိသော သူငယ်တစ်ယောက် ထမင်းစားပေါက်နေသည်။ ထင်းပေါက်နေခိုက်တွင်မျောက်ကလေး တစ်ကောင် ရုတ်တရက် သူ့ရှေ့တွင်ပေါ်လာလေရာ သူ့တစ်သက်လုံးက မျောက်ကိုနှစ်သက်၍ မျောက်တစ်ကောင် မွေးချင်သော ဆန္ဒသည် မမျှော်လင့်ဘဲ ပြည့်ရလေတော့ သည်။

ပေါ်ပေါ်သည် အိမ်နောက်ဖေးရင်းတွင် ကြောက်အား ငုံ၍ နေသော မျောက်ကလေးကို သူ့အပြင်အကျီဖြင့် အုပ်၍ ချီယူပြီးလျှင် အိမ်ထဲသို့ ဝင်သွားလေသည်။ သူသည် မျောက်ကလေးကို အစာကျွေးသည်၊ လက်ဖက်ရည် တိုက်သည်။ မျောက်ကလေးကလည်း ကျေနပ် ဝမ်းမြောက်သည်။ သူ ဝမ်းသာရသည်မှာလည်း လွတ်လွတ်လပ်လပ် မဟုတ်လှပေ။





ပေါ်ပေါ်၏အဘွားက သူ့ကို မြင်လျှင်မြင်ချင်း မုန်းလေ သည်။ သူ့ကိုဆော်သည်။ ရိုက်မောင်းပုတ်ပေါက်လုပ်သည်။

အဘွားကြီးက သူ့ကို ချဉ်သည့်အကြောင်းမှာ အခြား မဟုတ်၊ လက်ဖက်ရည်သောက်နေကြစဉ် အဘွားကြီးက ကိုက်ပြီး ပန်းကန်ပြားပေါ်မှာချထားသော သကြားခဲကို မျောက် ကလေးက ကောက်ယူ၍ သူ့ပါးစပ်ထဲသို့ ထည့်လိုက်သော ကြောင့်ပင်ဖြစ်သည်။ မျောက်ပေကိုး။ လူမှမဟုတ်ဘဲ။ လူသာ ဆိုလျှင် အဘွားရှေ့မှာ ဤသို့ ပြုမူမည်မဟုတ်ပေ။ မျောက် ကတော့ လူမှ မဟုတ်လေသောကြောင့် လူကြီးကို ရိုသေရ ကောင်းမှန်း မသိချေ။ မျောက်ကလေးက ထိုသို့ မရိုမသေ လူကြီး၏ အစားအစာကို ကောက်ယူစားလိုက်သဖြင့် အဘွား ကြီးက အရိုအသေ တန်ရန်ကောင်းပါ ဆိုကာ မျက်ရည်များ ဝဲလာသည်အထိ ဝမ်းနည်းပက်လက် ဖြစ်လေတော့သည်။

အဘွားကြီးက 'မျောက်လို အမြီးကြီးနဲ့ တိရစ္ဆာန်မျိုးနဲ့ တော့ တစ်ခန်းတည်းနေလို့ မဖြစ်ဘူး။ သူဟာ လူမှမဟုတ် ဘဲ။ သူ့ကိုကြည့်ရတိုင်း ငါ လန့်ဖျပ်နေတော့မှာပဲ။ ကြည့် ပါလား။ မရိုမသေ မလေးမစားနဲ့ ငါ့ သကြားခဲကို ကောက်စားလိုက်သေးတယ်။ ငါတော့ မျောက်နဲ့ တစ်ခန်း တည်းမနေဘူး။ ဒါပဲ။ တစ်ခန်းတည်းပဲ၊ မျောက်နဲ့ အတူနေလို့မဖြစ်တော့ တစ်ဦးဦးကတော့ တိရစ္ဆာန်ဥယျာဉ်ကို ပြောင်းနေရလိမ့်မယ်။ ဒါပဲ ပြောင်းနေရမှာလား။ အဲဒါပဲ။ ငါတော့ တိရစ္ဆာန်ဥယျာဉ် ပြောင်းမနေချင်ဘူး။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မျောက် မပြောင်းနေပါစေ။ ငါ့အခန်းထဲမှာ ငါ ဆက်နေမယ်' ဟု ဆိုလေသည်။

ပေါ်ပေါ်က သူ့အဘွားကို ပြောသည်။ 'မဟုတ်ပါဘူး ဘွားဘွားရယ်၊ ဘွားဘွားတော့ တိရစ္ဆာန်ဥယျာဉ်ပြောင်း နေလို့ ဘယ်ဖြစ်မှာလဲ၊ မနေစေရပါဘူး။ ကျွန်တော့်မျောက် ဟာ ဘွားဘွားရဲ့ အစားအစာတွေကို ခေါက်မစားစေပါ ဘူးလို့ အာမခံပါတယ်။ ကျွန်တော် သူ့ကို လူလို မွေးမြူ ပြုစုပါမယ်။ ဇွန်းနဲ့ခပ်ပြီး စားဖို့ရယ်။ ဖန်ခွက်နဲ့သောက်ဖို့ ရယ် ကျွန်တော် သူ့ကို သင်ပေးပါမယ်၊ စိတ်ချပါ၊ ခုန် တာ လွှားတာနဲ့ပတ်သက်လို့ ကျွန်တော်အာမ မခံပါရစေနဲ့။ မျောက်ဆိုတော့ ခုန်ချင် လွှားချင်မှာပဲ။ ဒီတော့ ကျွန်တော့် မျောက်မကလေးဟာ ဒီမီးအိမ်ပေါ် ခုန်တက်ချင် တက်ပေ လိမ့်မယ်။ မီးအိမ်ပေါ်ကနေပြီး ဘွားဘွားရဲ့ခေါင်းပေါ်ကို ခုန်ချချင်ချမယ်။ အဲဒီလို ခုန်ချရင်တော့ ဘွားဘွား မလန့်ပါနဲ့။ မျောက်ကလေးက အယဉ်ကလေးပါ။ သူတို့ အမျိုးဟာ အာဖရိကတောကြီးထဲမှာ နေတုန်းက ခုန်လိုက် လွှားလိုက်နဲ့ အမြဲတမ်းလုပ်နေတာမို့ သူတို့အဖို့ ခုန်တာ လွှားတာဟာ အကျင့်ပဲ'

နောက်နေ့တွင် ပေါ်ပေါ်သည် ကျောင်းတက်ဖို့ သွားခါ နီး၌ သူ့အဘွားအား မျောက်ကလေးကို ကြည့်ထားဖို့ မှာခဲ့ သည်။ သူ့အဘွားကတော့ မှာခဲ့သည်ကို ဂရုမထားပေ။ 'ငါက ဘာလို့ ဒီ မကောင်းဆိုးရွားကောင်ကို ကြည့်ထား ရမှာလဲ။ မကြည့်နိုင်ပေါင်' အဘွားကြီးသည် ယင်းသို့ တွေး





ရင်းပင် ကုလားထိုင်ပေါ်မှာ အိပ်ပျော်သွားလေသည်။ သူ့ မြေးကို အရွဲ့တိုက်လိုသောသဘောဖြင့် တမင်သက်သက် အိပ် လိုက်ခြင်းဖြစ်သည်။

မျောက်မကလေးသည် ပြတင်း မှန်လယ်ပေါက်မှ တွားရှိ ထွက်ပြီးလျှင် လမ်းမပေါ်သို့ ခုန်ချလိုက်သည်။ ပြီးလျှင် နေသာသည့်ဘက်သို့ လျှောက်သွားသည်။ နေသာသာတွင် အပျင်းပြေ လမ်းလျှောက်ခြင်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ဆိုင်တစ်ဆိုင်တွင်သူ လိုချင်တာကလေးများကို ဝယ်ချင် ခြမ်း ချင်၍လည်း ဖြစ်နိုင်၏။ သို့သော် သူ့မှာ ပိုက်ဆံမရှိပေ။

ထိုအခိုက်တွင် လူမမာ အဘိုးကြီး ဂုက်ဗရစ်သည် လမ်း လျှောက်လာလေသည်။ သူသည် ရေချိုးဌာနသို့သွား၍ ပေါင်း အင် ရေချိုးလိုသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် သူ့ လက်တစ်ဖက်တွင် ဆပ်ပြာနှင့် ရေလဲအဝတ်ပါသည့် တောင်း ငယ်တစ်ခုကို ကိုင်ထားသည်။

သူသည် မျောက်ကို မြင်လိုက်စဉ်က တကယ့်မျောက်ဟု မထင်မိချေ။ ရေချိုးခန်းသို့ ထွက်မလာခင် ကလေးတွင်က ဘီယာတစ်ခွက် သောက်လာသောကြောင့် ရီဝေဝေ ဖြစ်နေ သည်။ ထိုကြောင့်ပင် မျောက်ကလေးကို တကယ့် မျောက်ဟု မထင်၊ စိတ်ထင်နေခြင်းမျှသာ ဖြစ်သည်ဟု ထင်မိ၏။

သူသည် မျောက်ကို အံ့အားသင့်ပြီး ကြည့်နေသည်။ မျောက်မလည်း သူ့ကို ပြန်၍ကြည့်နေသည်။ 'တောင်းကြီး လက်ကဆွဲလို့၊ ဘယ်လို စပ်ချောက်ရုပ်ကြီးမျိုးပါလိမ့်' ဟု မျောက်မကလေးက တွေးမိနေဟန် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးသည် မျောက်ကို စိုက်ကြည့်ရင်းက တကယ့် မျောက်မှန်း သိလာသည်။ စိတ်ထင်၍ မဟုတ်၊ တကယ့်မျောက် ဖြစ်ကြောင်း သိလာလေပြီ။ ထိုအခါ သူက တွေးမိသည်။ 'ငါ ဒီမျောက်ကလေးကို ဖမ်းပြီး ဈေးမှာ ရောင်းမယ်။ ရှာတယ် တစ်ရာတော့ ရမှာပဲ။ ရတဲ့ပိုက်ဆံနဲ့ ဘီယာခွက်ကြီး ဆယ်ခွက် ဝယ်သောက်မယ်'

ယင်းသို့ တွေးပြီးသည့်နောက်တွင် သူသည် မျောက်ကလေး ကို 'ပူစီ…ပူစီ…လာလာ' ဟု ချော့ခေါ်သည်။

သူသည် မျောက်ကို ပူစီ မခေါ်ရမှန်း သိ၏။ သို့သော် အဘယ်သို့ခေါ်ရမှန်း မသိသဖြင့် ခပ်လွယ်လွယ် ခေါ်လိုက်ခြင်း ပင် ဖြစ်သည်။ ခေါ်၍မရတော့မှ သူက မျောက်ကို ကြောင် နာမည်ဖြင့် ခေါ်ခြင်းသည် မှားကြောင်း သိသည်။ မျောက် သည် တိရစ္ဆာန်လောကတွင် အဆင့်အတန်း အမြင့်ဆုံး၊ လူ ထက် တစ်ထစ်သာ အောက်ကျသော တိရစ္ဆာန် ဖြစ်သဖြင့် ကြောင်နှင့် ဥပမာသည်ကို မျောက်ကလေးက နှစ်သက်ဟန် မရှိ ဟု ရိပ်မိသွားမိလေသည်။ ထိုအခါကျမှ အဘိုးကြီးက အိတ်ထဲ မှ သကြားခဲတစ်ခဲကို ထုတ်၍ မျောက်ကလေးကို ဦးညွှတ်၍ ပြရင်း 'လူမျိုးချော မျောက်မကလေး ခင်ဗျား၊ ကျွန်တော် လက်ထဲမှာနေတဲ့ သကြားခဲကို လက်ခံပါရန် မေတ္တာ ရပ်ခံပါတယ် ခင်ဗျား' ဟု ရိုရိုသေသေ လေးစားသော လေသံဖြင့် ဆိုလေသည်။

မျောက်မကလေးက 'ကောင်းပါပြီရှင်၊ ကျေးဇူးတင်ပါ တယ်' ဟု ဆိုဖို့သင့်သော်လည်း ဘာမျှမဆိုဘဲ သကြားခဲကို





ဆွဲ၍ယူပြီးလျှင် ပါးစပ်ထဲသို့ ထည့်လိုက်လေသည်။ မျောက် ဆိုတာ လူမှ မဟုတ်ဘဲ၊ ဘယ်မှာ ယဉ်ကျေးမှု ရှိနိုင်မှာတဲ့လဲ။

အဘိုးကြီးသည် မျောက်မကလေးကို လှမ်းယူလိုက်ပြီးလျှင် သူ့ကောင်းထဲသို့ ထည့်လိုက်သည်။ မျောက်မကလေးက ခုန် မချဘဲ လိုက်ပါသွားသည်။ 'ဒီအဘိုးကြီးက ခပ်တုံးတုံးပဲ။ ငါ့ကို ကောင်းထဲ ထည့်ပြီး ခေါ်သွားတော့ ငါက ကြိုက်တာ ပေါ့။ လမ်းလျှောက်ရ သက်သာသေး။ မျော်လဲ မျော်ရာ ကောင်းတယ်' ဟု တွေးထင်ဟန် ရှိသည်။

အဘိုးကြီး ဂရုစိုက်သည် မျောက်မကလေးကို အိမ်သို့ ပြန်၍ ထားမည် ကြံသော်လည်း အိမ်ပြန်လျှောက်ရမည်ကို ပျင်းသဖြင့် မျောက်ကလေးကို ကောင်းထဲမှာထည့်၍ ရေချိုး ခန်းသို့ ဆက်သွားလေသည်။ 'ရေချိုးခန်းကို ခေါ်သွားတာပဲ ကောင်းတယ်။ ဟိုမှာ ရေချိုးပေးမယ်။ ဒီတော့ သန့်သန့် ရှင်းရှင်းဖြစ်ပြီး ရောင်းမန်းလှမယ်။ လည်ပင်းမှာ လည်ပတ် ကလေးတောင် စည်းပေးလိုက်ဦးမယ်။ ဒါမှ မြန်မြန်စွမှာ' ဟု အဘိုးကြီးက တွေးမိသည်။

အဘိုးကြီးသည် ရေချိုးခန်းတွင် မျောက်မကလေးကို ရေ ချိုးပေးသည်။ အခန်းထဲတွင် ရေငွေ့များဖြင့် ပူအိုက် လျက် ရှိသည်။ မျောက်မကလေးသည် အာဖရိကတိုက်နှင့် ရာသီ ချင်း တူသောကြောင့် မျိုးရိုးကိုလိုက်၍ အပူအအိုက်ကို နှစ် သက်မိလေသည်။ အိုက်သည်ကို ကြိုက်ပါ၏။ သို့သော် အဘိုး ကြီးက ဆပ်ပြာတိုက်ပေးသည်ကိုမူ မနှစ်သက်ချေ။ ဆပ်ပြာ မြုပ် ပါးစပ်ထဲဝင်သွားရာ ဆပ်ပြာက အရသာ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မကြိုက်ချေ။ အော်ကြီးဟစ်ကြီး လုပ်လောက်အောင်တော့ အရသာ မဆိုးလှပေ။ မျောက်မလေးသည် ပါးစပ်ထဲက ဆပ်ပြာကို ထွေးပစ်လိုက်သည်။ သို့ရာတွင် မျက်စိထဲ ဆပ်ပြာဝင်တော့ သူသည်းမခံနိုင်တော့ပေ။ အကြီးအကျယ် စိတ်ဆိုး၍ အဘိုးကြီး၏လက်ကို ကိုက်ပြီးလျှင် ရေချိုးခန်းထဲမှ ခုန်ထွက်ပြေးလေသည်။

သူသည် ရေချိုးခန်းထဲမှ ရေချိုးလာသူများ အဝတ်လဲသော အခန်းထဲ ရောက်သွားရာ အဝတ်လဲနေသော သူတို့သည် ထိတ်လန့်တကြား ဖြစ်ကြသည်။ မည်သူမျှ သူ့ကို မျောက်မှန်း မသိကြချေ။ အားလုံးက ဆပ်ပြာမြှုပ်တွေ ဖုံးအုပ်ထားသော လုံးလုံးကြီးကို မြင်ကြသည်။ ထိုလုံးလုံးကြီးသည် ပထမ ခုတင်ပေါ်သို့ ခုန်တက်သည်။ ခုတင်မှ ရေနွေးတည်ထားသော မီးဖိုပေါ်သို့ ခုန်တက်သည်။ ထိုမှ ချက်ချင်းပင် လူတစ်ယောက်၏ ခေါင်းပေါ်သို့ ခုန်တက်လေသသည်။

ရေချိုးသူတို့သည် ဟစ်အော်၍ အောက်ထပ်သို့ တသောကပြော ဆင်းပြေးကြသည်။ မျောက်မဏလေးတလည်း လူတွေနှင့်အတူ ဆင်းပြေးသွားသည်။

လှေကားအောက်တွင် အခန်းကလေးတခု၌ ငွေကိုင်စာရေးမ ဝဝကြီးတစ်ယောက် ထိုင်နေသည်။ မျောက်မဏလေးသည် ထိုအခန်းထဲသို့ ဝင်နေရလျှင် အနှောင့်အယှက် ကင်းလိမ့်မည်ဟု ထင်မိသဖြင့် ခုန်ဝင်လိုက်သည်။ စာရေးမ ဝဝကြီးက လန့်၍ 'အမလေးတော်၊ ကျုပ်အခန်း ဗုံးကျပါပြီ' ဟု အော်လျက် ဒရောသောပါး ထွက်ပြေးသွားလေသည်။





မျောက်မဏလေးလည်း လူတွေ အော်ကြဟစ်ကြနှင့် အလကား သက်သက်မဲ့ဆူညံနေသည်ကို အော့နှလုံးနာသဖြင့် ငွေကိုင်စာရေးမကြီး၏ အခန်းကလေးထဲတွင် ဆက်၍ မနေတော့ဘဲ လမ်းပေါ်သို့ ခုန်၍ လမ်းတစ်လျှောက် ပြေးလေသည်။

သူ၏ ဆပ်ပြာမြှုပ်တွေနှင့် စိုစိုစွတ်စွတ်ကြီး ရှေ့က ပြေး၊ လူတွေက သူ့နောက်က လိုက်၊ ထုံးစံအတိုင်းပင် လိုက်ကြရာတွင် လူငယ်များက ရှေ့က၊ လူကြီးတွေက နောက်က၊ နောက်ဆုံးတွင် ရဲသား၊ ရဲသား၏နောက်တွင်မှ အဘိုးကြီး ဂဏ်မရစ် ဖြစ်လေသည်။ အဘိုးကြီးသည် အပေါ်ပိုင်း အဝတ်များ ချွတ်ထားပြီး ဖြစ်သည်။ သူ့လက်မှာ သူ့ဖိနပ်ကြီးကို ကိုင်လျက် မောမောပန်းပန်း ပြေးလိုက်ရရှာသည်။

တစ်နေရာတွင် ခွေးတစ်ကောင် ခုန်ထွက်၍ လိုက်လာသည်။ ယင်းသည်ကား အခြား မဟုတ်၊ ယမန်နေ့က လိုက်သော ခွေးပင် ဖြစ်သည်။ ခွေးသည် အကြောင်းသိ ဖြစ်နေသဖြင့် မျောက်နောက်သို့ ဆက်မလိုက်တော့ချေ။ 'မြို့သူမြို့သားတို့ ခင်ဗျား၊ ကျွန်တော်တော့ ပါးသွားပါပြီ' ဟု ဆိုဟန်ရှိသည်။

သူသည် ပြေးနေသော မျောက်ကို ကြည့်ရင်း သူ့နှုတ်သီး နာသလိုလို ဖြစ်သွားသည်ဟု ထင်မိ၏။ သူက 'ကျုပ်မှာ မျောက်ကိုလိုက်ဖို့ နှုတ်သီးအပို မရှိဘူး' ဟု ဆိုဟန်ရှိသည်။ သို့ရာတွင် သူတသာ ပြေးမလိုက်၊ သူများ ပြေးလိုက်သည်ကို အားပေးသည့် အနေဖြင့် ဟောင်လိုက်လေသည်။ လိုက်သာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပေတော့ ကိုယ့်လူတို့ရေ၊ ကျုပ်ကတော့ ခပ်အေးအေးပဲ။

ထိုအချိန်တွင် ပေါ်ပေါ်သည် ကျောင်းမှ ပြန်လာသည်။ အိမ်တွင် သူ့မျောက်ကလေးကို မတွေ့ရတော့သဖြင့် ဝမ်းနည်းကြေကွဲ၍ မျက်ရည်အသွယ်သွယ် ကျရသည်။ ငိုကျွေးခိုက်တွင် လူများပြေးနေသည်ကို လှမ်းမြင်လိုက်၏။ ကောင်း၊ ရန်သူ လေယာဉ်ပျံများလာ၍ ဥသြဆွဲသဖြင့် ပြေးကြခြင်း ဖြစ်သည်ဟု ထင်မိသည်။ ယင်းသို့ တွေးဆဲတွင် သူ့မျောက်ကလေးကို မြင်လိုက်ရသဖြင့် သူသာ အိမ်မှပြေးထွက်၍ မျောက်ကလေးကို ဖမ်းချီ လိုက်သည်။ လူများလည်း အပြေးရပ်၍ သူငယ်ကလေးကို ဝိုင်းကြည့်နေကြသည်။

လူထုထဲမှ အဘိုးကြီး ဂက်ဗရီစီ ထွက်လာပြီးလျှင် 'မြို့သူမြို့သား အပေါင်းတို့၊ ဒီမျောက်ကလေးဟာ ကျုပ်မျောက်ကလေးပါ၊ ကျုပ်နက်ဖြန် ဈေးမှာရောင်းဖို့ ယူထားတာပါ၊ ကျုပ်လက်ကို ကြည့်ပါ၊ ဒီ လက်ကို ကြည့်ခြင်းအားဖြင့် ဒီမျောက်ဟာ ကျုပ်မျောက်ဖြစ်ကြောင်း သိသာပါတယ်' ဟု ဆို၏။

ပေါ်ပေါ်က 'ဒီမျောက်ကလေးဟာ သူ့မျောက် မဟုတ်ပါဘူး၊ ကျွန်တော့်မျောက်ပါ၊ ကျွန်တော် အခုဖမ်းပြီး ချီထားလိုက်တော့ ကျွန်တော့်လက်ပေါ်မှာ အသာစာကြည့်နေပါတယ်။ ထွက်မပြေးပါဘူး၊ ဒါကြောင့် ကျွန်တော့် မျောက် ဆိုတာ ထင်ရှားပါတယ်' ဟု ဆိုသည်။



လူထုထဲမှ လူတစ်ယောက် ထွက်လာ၍ပြန်ဆိုသည်။ 'အခြားမဟုတ်၊ စစ် မော်တော်ကား မောင်းသမားဖြစ်သည့် သူ့ကာ ဒါသူငယ်ရဲ့မျောက်လဲ မဟုတ်ပါဘူး၊ ဟို အဘိုးကြီးရဲ့ မျောက်လဲ မဟုတ်ဘူး၊ ကျုပ်ရဲ့ မျောက်ဗျ၊ ကျုပ် လမ်းမကြီးက သစ်ပင် တစ်ပင်ပေါ်က ဖောက်ယူလာတဲ့ မျောက်ကလေးပါ၊ ဒါပေမဲ့ ကျုပ်က တာဝန်နဲ့ နက်ဖြန်ပဲ ခရီးပြန်ထွက်ရမှာမို့ ဒီမျောက်ကလေးကို မွေးမထားနိုင်ပါဘူး၊ ဒီမျောက်ကို ရောင်းမယ်ဆိုတဲ့ အဘိုးကြီးကိုတော့ မပေးခဲ့ဘူး၊ ယုယုယယနဲ့ မွေးတဲ့ သူငယ်ကလေးကိုပဲ ပေးခဲ့မယ်။ မျောက်က သူငယ်လေးပိုင် ဖြစ်သွားပြီ' ဟုဆိုလေသည်။

ထိုစကားကိုကြားရသော လူထုက ကောင်းချီးဩဘာပေးကြကုန်၏။ ပေါ်ပေါ်လည်း ဝမ်းသာလွန်းသဖြင့် မျောက်ကလေးကို ရင်ခွင်တွင် ထည့်ဖက်ထားပြီးလျှင် အိမ်သို့ အောင်မြင်စွာ ပြန်ခဲ့လေသည်။

လက်ကိုမျောက်ကိုက်ခံရအောင် အဘိုးကြီးလည်း သူ့လက်အနာကို ယုယစွာ ကိုင်တွယ် ရင်း ရေချိုးခန်း သို့ ပြန်လေသည်။

ထိုအချိန် ထိုအခါမှစ၍ မျောက်မကလေးသည် သူငယ်ကလေးနှင့်အတူ နေလေသည်။ ယခုထက်တိုင်ပင် နေလျက် ရှိသည်။ ကျွန်တော် မကြာခင်က ဘော်ရစ်ဆော့မြို့သို့ ရောက်သဖြင့် သူ့ အိမ်သို့ဝင်၍ မျောက်မ တလေး မာပါလေ့ ရှိ သာပါလေ့စ ဟု မေးခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

တက်တိုး၊ မြန်မာပြန်

လိုက်ပေမျှော်ကိမ အလေးသည် ထွက်မပြေးတော့ပေ။ အလွန်ယဉ်ကျေးလိမ္မာ၍ နေသည်။ ပြောစကားနားထောင်သည်။ နှပ်သုတ်လျှင် လက်ကိုင်ပဝါဖြင့် သုတ်သည်။ သူတစ်ပါး၏သကြားခဲကို လု၍ မစားခဲ့တော့ပေ။ အဘွားကြီးအလည်းမျောက်မထလေးအပေါ်တွင် မပြုံးပြင်တော့ဘဲ ကျေနပ်နေလေသည်။ တိရစ္ဆာန်ဥယျာဉ်ကို သူ သွားရမလား၊ ဝါသနာရှိမလားဟု မဆိုတော့ပေ။

ကျွန်တော် ပေါပေါ၏ အခန်းထဲသို့ ဝင်သွားသောအခါ မျောက်မအလေးသည် စားပွဲတွင် ရုပ်ရှင်ရှိလက်မှတ် ရောင်းစာရေးမစာလေးကဲ့သို့ ဂိုက်ကျကျနှင့်ထိုင်၍ ဆန်ပြုတ်ကို ဇွန်းဖြင့် ယူစားနေလေသည်။

'ကျွန်တော် သူ့ကို လူလို မွေးလာတယ်၊ အလေး ရော လူကြီးရော သူ့ကို အတူယူနိုင်အောင် စံပြ အဖြစ် မွေးမြူပြုစု လာခဲ့တာပဲ' ဟု ပေါပေါက ပြောပြလေသည်။

တက်တိုး

၂၀-၆-၆၀

BURMESE CLASSIC .com

ပါဒိုးအောင်စာပေ

www.burmeseclassic.com